

ငေါ်တက်ဒေါင်
စဝ်ရန်နိုင် နှင့်
မတူရာငွေခါးပတ်

### ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ဥုံမဏိပဒ္မေဟုံ

စီစဉ်သူ

**ပိုး နှ အိ**

# ဇော်ထက်အောင်

## စပ်ရန်နိုင် နှင့် မဟူရာငွေခါးပတ်

အသစ်စက်စက် စ/ဆုံး လုံးချင်းဝတ္ထု

တမူခွင့်ပြုချက်အမှတ် ၅၀၁၄၀၁၀၆၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၅၅၀၆၁၁။ ၂၀၀၇ခု၊ ဇန်နဝါရီလ – ဖေဖော်ဝါရီလ၊ ပထမအကြိမ် အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၉၀၀၊ မျက်နှာဖုံးပန်းချီ Kဘသက်း၊ ကာလာခွဲ မြကျွန်းသာ၊ စာအုပ်ချုပ် – မောင်မောင်၊ ဒေါ်မိုးကေခိုင် (ဝ၁၆၉၂)၊ ချိုတေးသံစာပေ – ရေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် – ၃၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်ခင်စီ (ဝ၂၅၀၇)၊ ပြည်ဦးဘောပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းစာပေမှ တင်ဆက်ပါသည်။ ဖုန်း – ၇၀၅၄၈၃

## အခန်း - ၁

နွေဦးရာသီ၏ ညတစ်ည. . .။

ငွေစန္ဒာလမင်းသည် ကောင်းကင်ယံ၌ ရွှန်းမြတင့်တယ်စွာ သာ၍နေပေသည်။

ပြောင်လက်တောက်ပနေသည့် အနက်ရောင် မာစီဒီးကားတစ်စီးသည် ဗဟိုရုံလမ်းမကြီးမှ သဇင်နီလမ်းထဲသို့ ချိုးကွေ့၍ ဝင်လာသည်။ ဥသျှစ်ဈေးကြီးသို့ဦးတည်၍နေသည့် လမ်းကျဉ်းတစ်ခု၏ ထိပ်၌ ရပ်တန့်လိုက်သည်။

မှုန်ပျပျ လင်းနေသော မာတ်တိုင်တစ်ခု၏ ဘေး၌ နံကြောင်ကြောင် ဆံပင်တိုတိုနှင့် မိန်းမပျိုတစ်ဦး ခပ်ဆွဲ့ဆွဲ့ရပ်၍ နေ၏။

သူမထံမှ မိတ်ကပ်နံ့ နှုတ်ခမ်းနီနံ့ ရေမွှေးနံ့တို့က လေထဲ၌ ဝေ့ဝဲ၍နေသည်။

လေလွင့်နေသော ညဉ့်ပျော်ငှက်ကလေးတစ်ဦး။

ရပ်လာသော မာစီဒီးကားအနီးသို့ မိန်းမပျိုက ချဉ်းကပ်သွားသည်။ ကားတွင်းမှ နဖူးပြောင်ပြောင်၊ ခပ်ပုပုနှင့် လူတစ်ဦးက တစ်စုံတစ်ရာပြောသည်။ မိန်းမပျိုက ခေါင်းညိတ်၍ ကားတံခါးဖွင့်ပြီး အထဲသို့ဝင်လိုက်သည်။

ကားမောင်းသူက ကားကို မောင်းထွက်လာသည်။

ကားထဲ၌ ထိုင်နေသည့် ခပ်ပုပုလူကြီးက သူမကို မကြည့်ဘဲ မေးလိုက်သည်။

"မြကတ္တီပါကလပ် ဘယ်မှာရှိတယ်ဆိုတာ မင်းသိနိုင်ပါ့မလား"

မိန်းမပျိုက ခပ်သွက်သွက် ခေါင်းညိတ်ပြသည်။

"တန်ရာတန်ကြေးပေးမယ်ဆိုရင် အဲဒီကလပ်ကို ကျွန်မ လိုက်ပို့ပေးပါ့မယ်"

"ကောင်းပြီ၊ ငါ့ရဲ့ အဖိုးတန်တဲ့အချိန်တွေကိုတော့ မဖြုန်းတီးပစ်ရဘူး၊ မြကတ္တီပါကလပ်ကို လိုက်ပို့ပေး၊ အဲဒီ အတွက် မင်းကို ငွေတစ်ထောင်ပေးမယ်"

မိန်းမပျိုက ခပ်မြန်မြန်ပင် ပြောသည်။



"နှစ်ထောင်တော့ပေးပါ အန်ကယ်"

"မင်းအနေနဲ့ ဘာမှမပင်မပန်းဘဲနဲ့ ရတဲ့ငွေပဲ၊ တစ်ထောင်ပဲတန်တယ်လို့ ငါသတ်မှတ်တယ်"

"ကျွန်မသိထားတဲ့ ဗဟုသုတအတွက် ထပ်ပြီးတောင်းတာပါ"

ခပ်ပုပုလူကြီးက သဘောကျစွာရယ်မောလိုက်သည်။

"မင်းက အတော်လေး ပါးရည်နပ်ရည်ရှိတာပဲ၊ မင်းပြောတာ မဆိုးပါဘူး၊ ကဲ မင်းပြောသလို ငါပေးပါ့မယ်"

ထိုလူကြီးက မိန်းမပျို၏ မျက်နှာကို စူးစိုက်၍ ကြည့်လျက် လေသံခပ်တိုးတိုးဖြင့် မေးလိုက်သည်။

"ဒီဗွဆိုတဲ့ လူကိုကော မင်း သိသလား ကောင်မလေး"

မိန်းမပျို ထိုလူကြီးကို စူးစမ်းသလို ပြန်၍ကြည့်ရင်း. . .

"အန်ကယ်က ဒီဗွရဲ့အကြောင်းကိုပါ သိချင်တာ ကိုး . . ."

ခပ်ပုပုလူကြီးက သူ၏ အပေါ်ကုတ်အင်္ကျီအိတ်ထဲသို့ လက်တစ်ဖက်ကို နှိုက်၍ ပြန်ထုတ်လိုက်သည်။

လရောင်အောက်၌ ထိုလူကြီး၏ ညာဘက်လက်ချောင်း၌ ဝတ်ဆင်ထားသော စိန်လက်စွပ်ကြီးမှ လက်ခနဲ အရောင်ထွက်၍လာသည်။

ထိုလူကြီး၏ လက်ထဲ၌ ငွေစက္ကူတစ်ထပ်။

"ဒီဗွအကြောင်း၊ ငါ ပြည့်ပြည့်စုံစုံ သိချင်တယ်။ မင်း သိတယ်ဆိုရင် မင်းအတွက် ငါ ထိုက်ထိုက်တန်တန်ပေးမယ်"

မိန်းမပျိုမှာ ခေတ္တမျှ တွေ၍သွားသည်။

ထိုလူကြီး၏လက်ထဲမှ ငွေမှာ မနည်းလှပေ။ ထိုငွေကို သူမ လိုချင်သည်မှာ အမှန်ပင်။

မိန်းမပျိုက လေသံခပ်ဆိုင်းဆိုင်းဖြင့် . . .

"ဒီဗွက သူ့အကြောင်း လူသိမခံချင်ဘူး၊ စပ်စုတာလဲ မဲကြိုက်ဘူး၊ သူနဲ့ ပတ်သက်လာရင် သတိထားမှဖြစ်မယ်"

လူပုပုက ငွေစက္ကူ နှစ်ရွက်ကို ပေးလိုက်သည်။

"မင်းလက်ထဲ ငွေရောက်လာရင် မင်းကိုယ်မင်း ပိုပြီး ယုံကြည်လာမှာပါ၊ မင်း ဘာလုပ်ရမယ်ဆိုတာ နားလည်လာမှာပါ"

မိန်းမပျိုက လူပုပု၏ လက်ထဲမှ ငွေစက္ကူကို လျင်မြန်စွာ လှမ်းယူ၍ သူမ၏ လက်ကိုင်အိတ်ထဲသို့ ထည့်သည်။

မိန်းမပျိုက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဟုတ်ကဲ့၊ ဒီဗွကို ကျွန်မသိပါတယ်"

"မြကတ္တီပါကလပ်ခေါ်တာ သူပိုင်တဲ့ ကလပ် မဟုတ်လား"



သူဟာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ အဲဒီကလပ်နဲ့ ပတ်သက်လို့ နည်းနည်း ပါးပါးလောက် ငါ့ကို ပြောပြပါလား"

"ဒီမြို့ပေါ်မှာ မြကတ္တီပါကလပ်က သိပ်ဈေးကြီးတယ်၊ အသင်းဝင်ထားတဲ့လူတွေကိုပဲ ဝင်ခွင့်ပြုတယ်၊ အသင်းဝင် မထားရင် ဝင်ခွင့်ရဖို့ မလွယ်ဘူး"

လူပုပုကြီးက ငြိမ်သက်စွာ ထိုင်၍ နေ၏။

သူ၏ အမူအရာက တည်ငြိမ်အေးဆေးလှသည်။

မိန်းမပျိုက ငြိမ်သက်၍နေသည်။

လူပုပုက. . .

"မင်းပြောစရာရှိတာ ဆက်ပြောပါ"

"အဲဒီနေရာမှာ စားချင်တာတွေ လိုတာရနိုင်တယ်၊ သောက်ချင်တာမှန်သမျှလဲ ရတယ်၊ ဒါပေမယ့် ဈေးကြီးတာ တစ်ခုပဲ ပြောစရာရှိတယ်"

"ဒီအချက်တွေက ရိုးစင်းလွန်းပါတယ်၊ ငါကိုယ်တိုင် အဲဒီကလပ်ကို ဖုန်းဆက်လိုက်ရင် သိနိုင်တယ်၊ မင်းလိုချင်တဲ့ငွေကို ငါက အလွယ်တကူတော့ မပေးနိုင်ဘူး၊ ဒီကလပ်နဲ့ ပတ်သက်တဲ့ တခြားအချက်တွေ အများကြီးရှိသေးတယ်၊ လူတိုင်း

မသိနိုင်တဲ့ အချက်တွေပေါ့၊ အဲဒီအချက်တွေက ဘာတွေလဲ"

သူမ ငြိမ်၍ စဉ်းစားနေပေသည်။

တစ်မိနစ်ခန့်ကြာမှ ပြောသည်။

"ဒီဗွက ကူညီတတ်တဲ့လူတစ်ယောက်ပါ၊ လိုအပ်တဲ့ ပစ္စည်းတွေကို ရအောင် သူဝယ်ပေးနိုင်တယ်၊ သူမှာ အဖွဲ့ဝင် တွေရှိတယ်၊ သူ့ရဲ့ကလပ်မှာ 'ဒီဂျမ်း' လို့ ခေါ်တဲ့လူတစ်ယောက် ရှိတယ်၊ သူ့ကိုတော့ ကျွန်မလဲ သိပ်ကြောက်တယ်၊ သိပ်ရက် စက် ကြမ်းကြုတ်တဲ့လူ၊ လူတွေက သူ့ကို လူသတ်ကောင်လို့ သတ်မှတ်ထားကြတယ်၊ ကျွန်မသိတာကတော့ ဒါလောက်ပါပဲ"

အရပ်ပုပုနှင့်လူကြီးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဒီဗွက ရာဇဝတ်မှုနဲ့ မကင်းတဲ့အလုပ်တွေ လုပ်တယ်၊ ဒုစရိုက်သမားတွေဆီက ပစ္စည်းကိုလက်ခံပြီး ဈေးပေါပေါနဲ့ဝယ် တယ်၊ ဒီလိုပြောချင်တာလား"

မိန်းမပျိုက ခပ်သွက်သွက် ခေါင်းညိတ်လျက်. . .

"ဟုတ် . . . ဟုတ်ပါတယ်"

"ငါ ကောင်းကောင်းနားလည်ပါပြီ"

အရပ်ပုပုနှင့် လူက အပြင်ဘက်သို့ ငေးစိုက်၍ကြည့် လျက်မှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီဗွကို ငါတွေ့ချင်တယ်၊ သူနဲ့ မတွေ့လို့မဖြစ်ဘူး"



မိန်းမပျိုက ခေါင်းခါယမ်းလျက်. . .

"သူ့ရဲ့ ကလပ်ထဲကို အန်ကယ် လွယ်လွယ်ဝင်လို့ရမှာ မဟုတ်ဘူး၊ သူတို့ကလပ်က သိပ်ပြီး စည်းကမ်းကြီးတယ်"

အရပ်ပုပုနှင့်လူကြီးက သူမ၏စကားကို အလေးအနက် မထားပေ။

ကားမောင်းသူဘက်သို့ လှည့်၍. . .

"ကားကို ပထမနေရာအထိ ပြန်လှည့်မောင်း"

မာစီဒီးကားကြီးမှာ လမ်းတစ်ဖက်သို့ ချိုးကွေ့၍ မောင်းနှင်လိုက်သည်။ မိနစ်အနည်းငယ်မျှ ကြာသောအခါ ဥသျှစ်ဈေးကြီးသို့သွားသည့်လမ်း၏ ထိပ်ဘက်၌ ပြန်၍ ရပ်တန့် လိုက်၏။

အရပ်ပုပုနှင့်လူကြီးက ကားထဲမှ ထွက်လိုက်သည်။

"ငါ့ကို မြကတ္တီပါကလပ်အထိ ရောက်အောင်သာ လိုက် ပို့ပေးပါ"

မိန်းမပျိုနှင့် အရပ်ပုပုလူကြီး အမှောင်ရိပ်ထဲသို့ တိုးဝင် ပျောက်၍ သွားကြသည်။

* * *

## အခန်း - ၂

ဒိဗ္ဗ. . . ။

သူသည် အသက်ငါးဆယ်ကျော်အရွယ်ရှိသူ ဖြစ်သည်။

အရပ်ခြောက်ပေနီးပါးမျှရှိပြီး တုတ်ခိုင်၊ ထွားကျိုင်းသူ တစ်ဦးဖြစ်သည်။ ဝမ်းဗိုက်ပြင်တွင် အဆီများစု၍ ပူထွက်နေ၏။ ခြေ၊ လက်များတွင် အသားပိုများ ဖုထစ်၍ ထွက်နေပေသည်။

သေးငယ်ကျဉ်းမြောင်းသော မျက်လုံးအစုံ ရှိသည်။

ထိုမျက်လုံးအစုံက. . .

စဉ်းလဲကောက်ကျစ်ခြင်း၊ သူတစ်ပါးကို ဒုက္ခပေးတတ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ အပျော်အပါး မက်မော တွယ်



တာခြင်း စသည့် စိတ်ဓာတ်များဖြင့် ထာဝရပြောင်းလဲလှုပ်ရှား လျက်ရှိနေပေသည်။

သူ၏ တုတ်ခိုင်ကြီးမားသောလက်ချောင်းများက အမြဲတစေ လှုပ်ရှား၍နေတတ်သည်။

မြကတ္တိပါကလပ်ကို ပိုင်ဆိုင်သူ "ဒိဗ္ဗ"နှင့် ပတ်သက်၍ ဒိဗ္ဗ၏ လှုပ်ရှားမှုများကို မည်သူမျှ တိကျစွာမသိကြပေ။

ဒိဗ္ဗသည် ရာဇဝတ်မှုနှင့် မကင်းသောလုပ်ငန်းများအားလုံး လုပ်ကိုင်သည်ဟုသာ ပြောနိုင်ကြသည်။ ခိုးဝှက်ယူဆောင်လာသည့် ပစ္စည်းများကို ဒိဗ္ဗက ဝယ်သည်။ ထုခွဲရောင်းချပေးသည်။

အခြားသော အရောင်းအဝယ်လုပ်ငန်းများကလည်း ဒိဗ္ဗ၏ အကြီးမားဆုံး စီးပွားရေးလုပ်ငန်း ဖြစ်သည်။ ထို့ပြင် ငွေမြောက်မြားစွာယူ၍ ကြေးစားလူသတ်ပေးသော အလုပ်မျိုးကိုပင် လုပ်ကိုင်ပေးတတ်သည်ဟု အချို့က ပြောဆိုကြသည်။

သို့သော် မည်သူမျှ တိကျစွာ မသိကြပေ။

မြကတ္တိပါကလပ်သည် ထူးခြားသော သီးသန့်ကလပ် တစ်ခုဖြစ်သည်။ အသင်းဝင်ပေါင်း ရာနှင့်ချီ၍ရှိသည်။

ထိုအသင်းဝင်များထဲ၌ အလွှာပေါင်းစုံမှ လူမျိုးစုံ ပါဝင်ကြသည်။

အကျင့်ပျက်သူများ၊ ခိုးဝှက်သူများ ခပ်တည်တည်ဖြင့် လိမ်လည် လှည့်ဖြားတတ်သူများ၊ ပစ္စည်းတုပြုလုပ်သူများ၊ ရာဇဝတ်မှုနှင့် မကင်းသည့် လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေသူများ၊ အပျော်အပါး မက်မောသော အမျိုးသမီးများနှင့် ဒုစရိုက်သမား များ. . .

ထိုလူများသည် မြကတ္တီပါကလပ်၌ ကျင်လည် ကျက် စားသူများ ဖြစ်ကြသည်။

'ဒိဗ္ဗ'သည် ထိုလူများအားလုံး၏ ခေါင်းဆောင်ပင် ဖြစ် သည်ဟု ဆိုရပေမည်။

မြကတ္တီပါကလပ်၏ အဝင်ဝ လှေကား၌ စောင့်သူမှာ 'ဒီဂျမ်း'ဆိုသူဖြစ်သည်။ ဒီဂျမ်းသည် အရပ်မြင့်၍ ပိန်ပိန်ပါးပါး၊ ဆံပင်ရှည်ရှည်နှင့် ဖြစ်သည်။

အနီရောင်ဝတ်စုံကို အမြဲဝတ်ဆင်တတ်သူ ဖြစ်သည်။

မျက်နှာအနေအထားမှာ လူသေကောင် တစ်ကောင် ၏ အေးစက်သောမျက်နှာမျိုးဖြင့် နေတတ်သူလည်း ဖြစ်သည်။

ထို့ကြောင့် "ဒီဂျမ်း"ကို မကောင်းဆိုးဝါး သတ္တဝါတစ် ကောင်ဟုလည်း ကွယ်ရာ၌ခေါ် လေ့ရှိကြသည်။

နံရံကိုမှီ၍နေလေ့ရှိပြီး 'ဒိဗ္ဗ'၏ စိတ်ချရသော လူယုံ တစ်ဦးဖြစ်သည်။ ဒိဗ္ဗက တွေ့ဆုံလိုသူဖြစ်ပါက သူက ခေါင်း ညိတ်၍ ဝင်ခွင့်ပေးမည်။ 'ဒိဗ္ဗ'နှင့် မပတ်သက်သူ၊ မတွေ့လိုသူ ဖြစ်က ခေါင်းခါ၍ ငြိမ်းခြောက်၊ မောင်းနှင်လွှတ်မည်ဖြစ်သည်။



'ဒိဗ္ဗ'က သူ၏ ရုံးခန်း၌ ထိုင်နေလေ့ရှိသည်။

သူ၏ ဘေး၌ 'ဂျူးဂျူး'။

ဒိဗ္ဗ၏ ရုံးခန်းအတွင်းသို့ ဝင်လာသူအား သူမက တောက်ပြောင်စူးရှသော မျက်လုံးအစုံဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်ပေလိမ့်မည်။

ဂျူးဂျူးသည် ကပြားစပ်တစ်ဦးဖြစ်သည်။ အရပ်မြင့်၍ ကိုယ်လုံးကိုယ်ထည် ပြည့်တင်းသူဖြစ်သည်။ တောက်ပြောင် သော အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်တတ်သည်။ သူမ ၏ ခန္ဓာကိုယ် အနေအထားနှင့် အသွင်အပြင်က မြင်ရသူ ပုရိသဖိုသတ္တဝါတို့အား စိတ်ဆန္ဒ လှုပ်ရှားတက်ကြွစေပေသည်။

'ဂျူးဂျူး'သည် 'ဒိဗ္ဗ'၏ အချစ်တော်ဖြစ်သည်။

'ဒိဗ္ဗ'က စားပွဲတွင်ထိုင်၍ အစီအစဉ်များ ရေးဆွဲခြင်း၊ တိုင်ပင်ညှိနှိုင်းခြင်းများ၊ ငွေကြေးကိစ္စများ၊ ကာလပ်နှင့် ပတ်သက် သည့် ကိစ္စရပ်များ ပြုလုပ်နေချိန်၌ ဂျူးဂျူးက နောက်ဘက်၌ ရပ်၍ ငြိမ်သက်စွာ နားထောင်နေတတ်သည်။

ဒိဗ္ဗထံသို့ လာရောက်ဆွေးနွေးသူ ရုံးခန်းတွင်းမှ ထွက် သွားသောအခါ၌ 'ဒိဗ္ဗ'က ပခုံးတစ်ချက်တွန့်မည်။ ထို့နောက်

'ဂျူးဂျူး'ဘက်သို့ လှည့်လိုက်မည်။

ထိုအခါတွင် ဂျူးဂျူးက ဒိဗ္ဗထံသို့ လာရောက်တွေ့ဆုံ ဆွေးနွေးသူနှင့် ပတ်သက်၍ ပြောပြပေလိမ့်မည်။ ထိုလူသည် ရိုးသားမည်၊ ကောက်ကျစ်မည်၊ လိမ်လည်မည်၊ စိတ်ချရမည် ဟူ၍ သူမက ထပ်မံ၍ ပြောဆိုပေလိမ့်မည်။

'ဂျူးဂျူး'သည် လူကဲခတ်ကောင်းသူဖြစ်သည်။

အထူးသဖြင့် ဗိုသတ္တဝါယောကျ်ားများနှင့် ပတ်သက်၍ အကဲခတ်ရာတွင် ပို၍ တော်သူဖြစ်သည်။

ဤနည်းဖြင့် သူမသည် ဒိဗ္ဗအား အကူအညီများစွာ ပေးနိုင်ခဲ့သည်။ သတိလည်း ပေးနိုင်ခဲ့သည်။

ဒိဗ္ဗအား လွယ်ကူစွာ လှည့်စားရန် မလွယ်ကူချေ။

ထို့ကြောင့်လည်း ဒိဗ္ဗသည် သူ့အား လှည့်စားရန် ကြံစည်ခဲ့သူများအား နတ်မိကျောင်းမြစ်ထဲသို့ ပစ်ချနိုင်ခဲ့သည်သာ ဖြစ်သည်။

* * *

ယနေ့ ညပိုင်း၌ ဒိဗ္ဗသည် မျက်ကပ်မှန်ဘီလူးကို မျက်လုံး တစ်ဖက်တွင် တပ်ဆင်ထားသည်။ ပါးစပ်၌ ဆေးပြင်းလိပ် တစ်လိပ်ကို ခဲထားသည်။



ရင်ထိုးတစ်ခုကို လက်ထဲ၌ ကိုင်လျက် သေချာစွာ ကြည့်ရှုနေ၏။

ရင်ထိုး၌ တပ်ဆင်ထားသော ကျောက်မျက်ရတနာများမှာ စားပွဲတင် မီးရောင်အောက်၌ တဖျပ်ဖျပ် အရောင်လက်၍နေ၏။

ဂျူးဂျူးက နောက်မှနေ၍ ကြည့်နေသည်။

သူမ အသက်ရှူနှုန်း မြန်လာသည်။ ရင်ထိုးကို လိုချင်မက်မောစိတ်များ အထပ်ထပ်ဖြစ်နေမိသည်။

ဒိဗ္ဗက ကျေနပ်စွာ အသံတစ်ချက်ပြုသည်။ မျက်လုံး၌ တပ်ဆင်ထားသော မှန်ဘီလူးကို အသာချွတ်လိုက်သည်။ ထိုင်ခုံ နောက်ကျောကို မှီလိုက်ပြီး. . .

"ချစ်ထွန်းကို ချက်ချင်းပဲ အလုပ်လုပ်ခိုင်းရမယ်၊ နောက်တစ်နေ့ မနက်မှာ ဒီရင်ထိုးက ပစ္စည်းတွေ တစ်နေရာကို ရောက်မှဖြစ်မယ်"

ဂျူးဂျူးက သဘောမတူဟန်ဖြင့် ခေါင်းခါလျက် ပြောသည်။

"ဒီရင်ထိုးကို ကျွန်မ ကြိုက်တယ်၊ ဒီပစ္စည်းကို ဖျက်ဆီးမပစ်ပါနဲ့။ ကျွန်မတို့မှာ အလောတကြီး ငွေမလိုပါဘူး"

ဒိဗ္ဗက ရင်ထိုးကို ကတ္တီပါစ အနီရောင်ခံထားသော

ဘူးလေးတစ်ခုအတွင်းသို့ ညင်သာစွာ ထည့်လိုက်သည်။

"အင်း. . . မင်းက ရတော်တော်လေးကို နားမလည်နိုင်သေးပါလား"

"ဘာဖြစ်လို့လဲ"

"ငါတို့လက်ထဲမှာ ဒီပစ္စည်းကို တွေ့သွားရင် မင်းကော၊ ငါကော သံတိုင်တွေနောက်မှာ သွားနေကြရလိမ့်မယ်"

ဒိဗ္ဗက ရင်ထိုးထည့်သည့် ဘူးကို စာအိတ်တစ်လုံးထဲသို့ ထည့်လိုက်သည်။

ထိုစဉ်မှာပင်. . .

စားပွဲပေါ်မှ မီးနီလေးတစ်ပွင့် လက်၍လာသည်။

ဒိဗ္ဗက မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး. . .

"အပေါ်ကို လူတစ်ယောက် တက်လာနေပြီ"

အံဆွဲကိုဖွင့်၍ စာအိတ်ကို အံဆွဲအတွင်းသို့ ထည့်လိုက်သည်။ လှေကားအတိုင်း တက်လာသော ခြေသံကို ကြားရသည်။ တံခါးခေါက်သံ ပေါ်၍လာသည်။

အခန်းထဲသို့ 'ဒီဂျမ်း'ဝင်လာသည်။

ထုံးစံအတိုင်း 'ဒီဂျမ်း'သည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ဒိဗ္ဗက မျက်မှောင်ကြုတ်လျက်. . .



"ဘာကိစ္စလဲ ဒီဂျမ်း"

"ဆရာ့ကို လူတစ်ယောက်က တွေ့ချင်လို့တဲ့. . ."

'ဒီဂျမ်း'၏ စူးရှသောအကြည့်က 'ဂျူးဂျူး'ထံ တစ်ချက် ရောက်သွားသည်။

ထို့နောက် ဒိဗ္ဗကိုကြည့်၍ ဆက်ပြောသည်။

"အဲဒီလူကို ကျွန်တော် တစ်ခါ မမြင်ဖူးဘူး။ ကျွန်တော်တို့ ကလပ်အသင်းဝင်လဲ မဟုတ်ဘူး"

"သူက ဘာလိုချင်လို့လဲ"

"ကျွန်တော် မေးပေမယ့် သူက ဘာမှမပြောဘူး"

ဒိဗ္ဗက ခေါင်းခါလျက်. . .

"ငါ့မှာ တွေ့စရာအကြောင်း မရှိဘူး"

ဒီဂျမ်းက အိတ်အတွင်းမှ စာအိတ်တစ်အိတ် ထုတ်ယူလိုက်ပြီး. . .

"အဲဒီလူက ဆရာ့ကို ဒီစာအိတ်လေး ပေးလိုက်ပါလို့ ပြောတယ်"

ဒိဗ္ဗ အနည်းငယ်စိတ်ဝင်စားသွားသည်။ စာအိတ်ကို လှမ်းယူ၍ ဖွင့်လိုက်သည်။

စာအိတ်အတွင်း၌ ငွေစက္ကူတစ်ထပ်။

စုစုပေါင်း ငါးသောင်းတိတိဖြစ်သည်။

ဒိဗ္ဗက ကျေနပ်စွာပြုံး၍ ခေါင်းညိတ်သည်။

"အင်း. . . တော်တော်ကောင်းတဲ့ လိပ်စာကဒ်ပြား တစ်ခုပဲ၊ အဲဒီလူက ဘယ်သူလဲ၊ သူ့ရဲ့ပုံစံကကော. . ."

ဒီဂျမ်းက မပြုံးမရယ် မျက်နှာပေးဖြင့် ပြောသည်။

"လူကတော့ ခပ်ပုပု။ အသက် ငါးဆယ်ကျော်အရွယ်ပဲ။ အဖိုးတန် အကောင်းစားဝတ်စုံကို ဝတ်ထားတယ်။ လက်မှာဝတ်ထားတဲ့ စိန်လက်စွပ်တစ်ကွင်းကတင် တန်ဖိုးမနည်းလှဘူး။ တော်တော်ကြီး ချမ်းသာတဲ့ပုံပဲ"

ဒိဗ္ဗက ငွေစက္ကူများကိုယူ၍ သူ၏ အပေါ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ကောင်းပြီလေ၊ အဲဒီလူနဲ့ ငါတွေ့မယ်၊ ငါ အချက်ပေးလိုက်ရင် သူ့နောက်ကနေ မင်းနောက်ယောင်ခံပြီး လိုက်သွား၊ သူ ဘယ်သူလဲဆိုတာကိုပါ မင်း သေသေချာချာ စုံစမ်းလာခဲ့"

ဒီဂျမ်း ခေါင်းညိတ်ပြပြီး အခန်းထဲမှ ထွက်သွားသည်။

ဒိဗ္ဗက ဂျူဂျူဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။

ဂျူဂျူက မျက်တောင် တဖျတ်ဖျတ်ခတ်လျက်. . .

"ဒီလူ ဘာလိုချင်တာလဲဆိုတာ ကျွန်မ စဉ်းစားကြည့်နေတယ်၊ အဖြေတော့ မပေါ်သေးဘူး. . ."

ဒိဗ္ဗက သူ၏ လက်နှစ်ဖက်ကို ပွတ်သပ်လိုက်ပြီး. . .



"စောင့်ကြည့်ကြရတာပေါ့"

မကြာခင်မှာပင်. . .

အခန်းထဲသို့ ဒီဂျမ်း ဝင်၍လာသည်။

"ဆရာ ဧည့်သည်ရောက်လာပါပြီ"

ဒီဂျမ်းက ဘေးသို့ ကပ်ပေးလိုက်၏။

ဒီဂျမ်း၏ နောက်မှပါလာသည့် မာစီဒီး အနက်ရောင်စီးလာသူ လူပုပု အခန်းထဲသို့ ဝင်လာသည်။

ဒိဗ္ဗမှာ စိတ်ဝင်စားသော်လည်း စိတ်ဝင်စားဟန် မပြဘဲ စိုက်၍ကြည့်နေသည်။

လူပုပုက. . .

"ကျွန်တော့်နာမည် လှိုင်ဘွားဖေပါ၊ ခင်ဗျားနဲ့ ကျွန်တော် အေးအေးဆေးဆေး တွေ့ချင်ပါတယ်"

ဒိဗ္ဗက ထိုင်ရာမှ ထ၍ ရပ်လိုက်သည်။

"မင်္ဂလာညချမ်းပါ ဦးလှိုင်ဘွားဖေ၊ ခင်ဗျားလာပြီး မိတ်ဆွေဖွဲ့တာ အင်မတန် တန်ဖိုးကြီးလှပါတယ်၊ ထိုင်ပါခင်ဗျာ ထိုင်ပါ"

'ဂျူဂျူ'က မလှုပ်မယှက်ရပ်၍နေ၏။ သူမ၏ အကြည့်က ဦးလှိုင်ဘွားဖေထံသို့ ရောက်နေ၏။

ဒိဗ္ဗက. . .

"ကျွန်တော့်ကို တွေ့ချင်တဲ့ ကိစ္စလေး ပြောပြပါ"

ဦးလှိုင်ဘွားဖဲက ဂျုံးဂျုံးထံသို့ တစ်ချက်ကြည့်လိုက်ပြီး

"ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ကူညီနိုင်မယ်လို့ ထင်ပါတယ်"

ဒီဗွက ပခုံးတစ်ချက်တွန့်လျက်. . .

"လူတွေကို ကျွန်တော် အကူအညီ မပေးတတ်ပါဘူး"

"ခင်ဗျားပေးမယ့် အကူအညီကို ကျွန်တော်က ထိုက်တန်တဲ့ ငွေကြေးနဲ့ ဝယ်ယူမှာပါ"

"ဒီလိုဆိုရင်တော့ အဆင်ပြေနိုင်ပါတယ်"

"ကျွန်တော်တို့ အခုပြောမယ့် စကားအတွက် ယုံကြည်စိတ်ချရဖို့ လိုတယ်"

"ကျွန်တော့်ဘက်က စိတ်ချရပါတယ်"

ဦးလှိုင်ဘွားဖဲသည် စားပွဲမျက်နှာပြင်ကို မမှိတ်မသုန်စိုက်၍ကြည့်နေပေသည်။

အတန်ကြာမှ. . .

"နရဏီ ယောဂကျင့်စဉ်ကို ခင်ဗျားသိသလား"

ဒီဗွ စိတ်လှုပ်ရှား၍သွားသည်။ စားပွဲပေါ်၌ သူ၏လက်နှစ်ဖက်ကို ထောက်လျက်. . .

"နရဏီယောဂကျင့်စဉ်အကြောင်း ကျွန်တော် နားမလည်ဘူး"



ဦးလှိုင်ဘွားဖဲက. . .

"နရဏီယောဂကျင့်စဉ်နဲ့ ပတ်သက်လို့ နားလည်ကျွမ်းကျင်တဲ့ လူတစ်ယောက်နဲ့ ကျွန်တော် တွေ့ချင်တယ်၊ အဲဒီလူကို ရှာပြီး တွေ့ပေးနိုင်ရင် ခင်ဗျားကို ငွေပေးနိုင်ပါလိမ့်မယ်"

ဒီဗွ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

နရဏီယောဂကျင့်စဉ်ကို သူ့အနေဖြင့် ကြားဖူးရုံမျှသာရှိသည်။ သူနှင့် ပတ်သက်သော အသိုက်အဝန်းမှ လူများအဲနေနှင့်လည်း ကြားဖူးချင်မှ ကြားဖူးကြပေလိမ့်မည်။

ဤကိစ္စသည် သူ လုံးဝမသိသော၊ နားမလည်သော ကိစ္စတစ်ခု ဖြစ်နေပေသည်။ သို့သော် ဤကိစ္စတွင် များပြားသောငွေများ ပါဝင်နေသဖြင့် ဒီဗွအနေဖြင့် မပစ်ပယ်နိုင်ပြန်ပေ။

ဒီဗွက လေသံ ခပ်ဆိုင်းဆိုင်းဖြင့် ပြောသည်။

"အင်း. . . ကျွန်တော် မသိနိုင်တဲ့ ကိစ္စဆိုလို့ မရှိနိုင်ပါဘူး၊ ဒါပေမယ့် ခင်ဗျားဘက်က အသေးစိတ်ပြောပြရင် ပိုကောင်းပါလိမ့်မယ်"

ဦးလှိုင်ဘွားဖဲက လေသံခပ်ပြတ်ပြတ်ဖြင့်. . .

"ကျွန်တော် ခပ်ရှင်းရှင်းပဲပြောမယ် ဦးဒီဗွ၊ ခင်ဗျား

အနေနဲ့ နရဏီယောဂကျင့်စဉ်နဲ့ ပတ်သက်ပြီး သူ့ရဲ့ ထုံး
အစဉ်အလာအတိုင်း လုပ်ကိုင်ပေးနိုင်တဲ့လူကို ခင်ဗျား
သလား၊ မသိဘူးလား။ ခင်ဗျားသိခဲ့ရင် ချက်ချင်းပြောပါ၊
အတွက် ထိုက်တန်တဲ့ ငွေပေးမယ်၊ ခင်ဗျားဘက်က ဒီကိ
မသိဘူးဆိုရင်တော့ အချိန်တွေ ဖြုန်းတီးသလို ဖြစ်နေလိမ့်မ

ဒိဗ္ဗက. . .

"နရဏီယောဂကျင့်စဉ်ဆိုတာ ဒီဒေသမှာရှိတဲ့ အ
အလာတစ်ခု မဟုတ်ဘူး၊ ခင်ဗျားက ဘာဖြစ်လို့ ဒီကျင့်စ
ပတ်သက်တဲ့ လူကို လိုချင်ရတာလဲ၊ အဲဒီအချက်ကို ကျွန်
သိမှဖြစ်မယ်"

ဦးလှိုင်ဘွားဇံက ခပ်တင်းတင်းပင် ဆက်၍ပြောသ

"ခင်ဗျားကို ငွေဆယ်သိန်းပေးမယ်၊ ဒီကိစ္စနဲ့ ပတ်သ
လို့ ဘာမှ မေးစရာမလိုဘူး။ ကဲ. . . ခင်ဗျားဘက်က ဘယ်
ဆုံးဖြတ်မလဲ"

ဒိဗ္ဗမှာ အံ့အားသင့်၍သာ နေမိသည်။

သူ၏ အံ့အားသင့်မှုကို ထိန်းချုပ်လျက်. . .

"ခင်ဗျားပေးတဲ့ငွေက ထိုက်တန်ပါတယ်၊ ခင်ဗျား
ချင်တာ ကျွန်တော် ရှာဖွေပေးနိုင်မယ်လို့ ထင်ပါတယ်"

"ဒါဆိုရင် အဲဒီလူရဲ့ အမည်နဲ့ လိပ်စာကိုသာ ပေး



ားကို ကျွန်တော်ပြောထားတဲ့ငွေ ပေးမယ်"

နရဏီယောဂကျင့်စဉ်ကို သိနားလည်ထားသူ၏ နာ
နှင့် လိပ်စာကို သိရှိပါက ငွေရရန် လွန်စွာ လွယ်ကူပေ
ဒိဗ္ဗ၏ စိတ်ထဲမှ ကျိတ်ပြီး တွေးလိုက်မိသည်။

ဒိဗ္ဗသည် အခြေအနေကို အဆင်ပြေ ချောမွေ့သွားစေ
ချိန်ဆလိုက်သည်။

"ခင်ဗျားသိချင်တဲ့ နရဏီယောဂကျင့်စဉ်ကို သိနား
ထားတဲ့ လူတစ်ယောက်တော့ ရှိပါတယ်၊ အဲဒီလူက ထူး
တဲ့အလုပ်တွေ လုပ်ပြထားဖူးတယ်"

ဦးလှိုင်ဘွားဇံက စိတ်ဝင်စားစွာဖြင့်. . .

"အဲဒီလူက ဘာတွေလုပ်ပြဖူးသလဲ၊ ဘယ်လို အကောင်
ည်နဲ့ ပုံဖော်ပြီး လုပ်ပြတာလဲ"

ဒိဗ္ဗ တွေဝေ၍ သွားသည်။

အမှန်စင်စစ် သူသည် နရဏီယောဂကျင့်စဉ်နှင့် ပတ်
၍ လုံးဝ သိသူမဟုတ်ပေ။ ဦးလှိုင်ဘွားဇံ မေးလာသော
ခွန်း၏ အဓိပ္ပာယ်ကိုပင် သူကောင်းစွာ နားမလည်နိုင်ဘဲ
သွားသည်။

ဒိဗ္ဗက ဝေဝေဝါးဝါး ပြောလိုက်သည်။

"အဲဒီလူက သူ့ရဲ့ ကျင့်စဉ်နဲ့ လုပ်ဆောင်ချက်တွေကို

တခြားလူတွေကို ပြန်ပြောရင် သဘောမကျဘူး၊ ဒါပေမယ့် အဲဒီလူကို ကျွန်တော်ပြောရင် ခင်ဗျားကို အကူအညီပေးနိုင်မယ်လို့ ထင်ပါတယ်"

"အဲဒီလူရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

ဒိဗ္ဗက. . .

"အဲဒီလူနဲ့ ကျွန်တော် အရင်ဆုံး စကားပြောကြည့်ပါဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက သူ့နာမည်ကို ထုတ်ပြောလိုက်ရင် သဘောကျချင်မှ ကျလိမ့်မယ်"

ဦးလှိုင်ဘွားဖံ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

ခေါင်းကို ခါယမ်းလိုက်ပြီးမှ. . .

"အင်း. . . ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ကောင်းပြီလေ၊ ခင်ဗျား အဲဒီလူနဲ့ တွေ့ပြီး စကားပြောထားလိုက်ပါ၊ နောက်ထပ်တစ်ခေါက် ခင်ဗျားဆီ ပြန်လာခဲ့ပါ့မယ်"

ဦးလှိုင်ဘွားဖံ ထိုင်ရာမှ မတ်တတ်ရပ်လိုက်သည်။

ဒိဗ္ဗက မော့၍ကြည့်လိုက်ပြီး. . .

"အဲဒီလူက ဘာလုပ်ပေးရမလဲဆိုတာကို ပြောပါဦး"

"ယောဂကျင့်စဉ်ရဲ့ အစဉ်အလာအတိုင်း လုပ်ပေးရမှာပါ၊ ဒီကိစ္စကို ကျွန်တော့်အနေနဲ့ အထူး လျှို့ဝှက်ထားစေချင်တယ်၊ ဒီကိစ္စမှာ 'ဝိညာဉ်ခေါ် မှော်ပညာ'လဲ အရေးကြီးတဲ့



နေရာက ပါဝင်ရလိမ့်မယ်၊ ကျွန်တော် အခုပြောတဲ့အတိုင်းပဲ အဲဒီလူကို ပြောလိုက်ပါ၊ ဒါလောက်ဆို အဲဒီလူ နားလည်သဘောပေါက်ပါလိမ့်မယ်၊ ဒီကိစ္စအတွက် ငွေကြေးများများစားစား ပေးပါ့မယ်"

ဒိဗ္ဗက မှတ်စုစာအုပ်ကို ထုတ်ယူလျက် စာအုပ်ထဲ၌ 'ဝိညာဉ်ခေါ် မှော်ပညာ'ဟူသော စကားလုံးကို ရေးမှတ်လိုက်သည်။

"အဲဒီကိစ္စကို လုပ်ဆောင်နိုင်မယ့်လူအတွက် ခင်ဗျားက ငွေဘယ်လောက်ပေးမလဲဆိုတာ ပြောထားပါ"

ဦးလှိုင်ဘွားဖံက စူးစူးစိုက်စိုက်ကြည့်လျက် ပြောသည်။

"သိန်းနှစ်ရာ တိတိပေးမယ်"

ဒိဗ္ဗ၏ ရင်ထဲ၌ လှုပ်ရှား၍သွားသည်။

ဦးလှိုင်ဘွားဖံက ဆက်၍ပြောသည်။

"လုပ်ငန်းပြည့်စုံ အောင်မြင်သွားတော့မှ ကျွန်တော်ပြောတဲ့ငွေကို အပြည့်ရမယ်"

ဒိဗ္ဗ၏ မျက်လုံးများ အရောင်တောက်၍နေသည်။ သူ့အနေဖြင့် ဦးလှိုင်ဘွားဖံဟုခေါ်သော လူထူးလူဆန်း၏ ကိစ္စအဝဝကို ဆောင်ရွက်ပေးရန် ဆုံးဖြတ်ချက်ချပြီးသား ဖြစ်သွားသည်။

ဒိဗ္ဗက ခေတ္တမျှ စဉ်းစားလိုက်ပြီးမှ. . .

"ခင်ဗျား ဗုဒ္ဓဟူးနေ့ ညဘက် ဒီအချိန်လောက်ပဲ ကျွန်တော့်ဆီလာခဲ့ပါ၊ ဟိုလူနဲ့ ကျွန်တော် ဆွေးနွေးကြည့်လို့ သူက သဘောတူလက်ခံရင် သူ့ကိုပါ ကျွန်တော် ခေါ်ထားပါ့မယ်"

"ကောင်းပြီ ခင်ဗျားက အဲဒီလို ဆက်သွယ်ပေးတဲ့ အတွက် ခင်ဗျားကို ငွေဆယ်သိန်းပေးမယ်၊ ခင်ဗျားပြောတဲ့လူကို အလုပ်ကိစ္စပြီးပြတ်၊ အောင်မြင်တာနဲ့ သိန်းနှစ်ရာပေးမယ်၊ ကဲ. . ခင်ဗျား သဘောပေါက်ပြီလား"

ဒိဗ္ဗက ခေါင်းညိတ်လျက်. . .

"ကျွန်တော် သဘောပေါက်ပါတယ်"

ဦးလှိုင်ဘွားဇံက မသိမသာပြုံးလျက် သူ၏ လက်တစ်ဖက်ကို ဆန့်တန်းလိုက်သည်။

"စောစောကပေးလိုက်တဲ့ ကျွန်တော့်ရဲ့ လိပ်စာကတ်ပြားလေး ပြန်ရနိုင်ပြီမဟုတ်လား၊ ဒါလေးကို သုံးရတာက ခင်ဗျားဆီက လွယ်လွယ်နဲ့ ဝင်ခွင့်ရအောင်လုပ်ရတာပါ"

ဒိဗ္ဗက တုံ့ဆိုင်းနေခြင်းမရှိဘဲ သူ၏အိတ်ထဲ၌ခေါက်၍ အထပ်လိုက်ထည့်ထားသော ငွေငါးသောင်းကို ဦးလှိုင်ဘွားဇံအား ပြန်၍ ပေးလိုက်သည်။

ဦးလှိုင်ဘွားဇံဆိုသောလူအနေဖြင့် သူ့အပေါ်၌ယုံ



ကြည်စေရန် လုပ်ဆောင်မှုဖြစ်ပေမည်။ သူ့အပေါ် ယုံကြည်မှုရှိပါမှ သူ့ထံသို့ ဒုတိယအကြိမ် ပြန်ရောက်လာမည် ဖြစ်သည်။

ဒိဗ္ဗအနေဖြင့် ဦးလှိုင်ဘွားဇံနှင့် ထပ်မံ၍ တွေ့ချင်ပေသေးသည်။

တံခါးကို တွန်းဖွင့်၍ ဦးလှိုင်ဘွားဇံ အပြင်သို့ ထွက်သွားသည်ကို ဒိဗ္ဗ ငေးစိုက်၍ကြည့်နေမိသည်။

ဒိဗ္ဗက ဂျူးဂျူးဘက်သို့ လှည့်လိုက်သည်။

ဂျူးဂျူးက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်သည်။

"အဲဒီလူပုကြီးပြောတဲ့စကားတွေကို ရှင်က ယုံကြည်နေသလား၊ သူ့ရဲ့မျက်လုံးတွေကို ရှင်သတိထားမိရဲ့လား၊ အဲဒီလူပုကြီးက စိတ်နှပုံမရဘူး၊ အရူးကြီးတစ်ယောက် ဖြစ်ဖို့များတယ်"

ဒိဗ္ဗ သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

သူ၏ မျက်လုံးထဲ၌မူ သိန်းပေါင်းများစွာသော ငွေစက္ကူများကိုသာ မြင်ယောင်နေမိသည်။

ဒိဗ္ဗက အလိုက်သင့် ပြန်ပြောလိုက်သည်။

"အင်း. . . မင်းပြောတာ သိပ်မဆုံးပါဘူး၊ ဒါပေမယ့် ဒီလူက ငါထင်ထားတာထက် အများကြီးချမ်းသာတဲ့လူဖြစ်နေတယ်"

ဒိဗ္ဗသည် စားပွဲပေါ်ရှိ ခလုတ်တစ်ခုအား သူ၏ လက်မ

ဖြင့် နှစ်ကြိမ် ဖိနှိပ်လိုက်၏။

အောက်ဘက် ခပ်လှမ်းလှမ်းမှ ခေါင်းလောင်းသံ ပေါ်လာသည်။

'ဒီဂျမ်း'ကို အချက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

***

## အခန်း - ၃

ကုံကော်မြိုင် ရိပ်သာလမ်း

ယဉ်မင်းသူ လမ်းထဲမှ ထွက်လာသည်။

လမ်းထောင့်၌ရပ်လိုက်၏။

မီးပွိုင့်၌ အနီရောင်မီးလင်း၍လာသည်။ ယဉ်မင်းသူ လမ်းတစ်ဖက်သို့ ဖြတ်ကူးလာသည်။

လမ်း၏ ထောင့်ဘက်ရှိ ပိတ်ထားသော ဆိုင်တစ်ဆိုင်၏, အောက်ဘက် အမှောင်ရိပ်ထဲမှ လေချွန်သံတစ်ချက်နှင့် အတူ အမျိုးသားတစ်ဦး၏ အသံ ပေါ်လာသည်။

"ဟော့ တစ်ယောက်တည်းလား၊ ကိုယ်ပါ အဖော်လိုက်ခဲ့မယ်လေ"

သူမ လှည့်မကြည့်ဘဲ ခပ်သွက်သွက် ဆက်၍ လျှောက်

သွားသည်။ ရင်ထဲ၌ ဒေါသများ အဆက်မပြတ် ဖြစ်နေမိသည်။

မှောင်ရိပ်ထဲမှ လူသည် သူမ၏ နောက်မှလိုက်ပါလာသည်။

ယဉ်မင်းသူနှင့် ခြေလှမ်းသိပ်မကွာလှ။

လှည့်မကြည့်ဘဲနှင့် နောက်မှလိုက်ပါလာသည့် ခြေသံကို သူမ ကြားနေရသည်။ လမ်းပေါ်၌ သွားလာ လှုပ်ရှားနေသူများ ရှိနေသေးသဖြင့် သူမအနေနှင့် မကြောက်မိပေ။ သို့သော် စိတ်ထဲ၌မူ အနှောင့်အယှက်ဖြစ်မိသည်။ ဒေါသဖြစ်မိသည်။

မည်သည့်နေရာ၌မဆို မိန်းမသားတစ်ဦး၏ ဘဝမှာ လုံခြုံမှုမရှိနိုင်သေးကြောင်း တွေးလိုက်မိသည်။

ဆက်၍လျှောက်လာခဲ့ရင်းမှ သူမ၏ အဖြစ်ကို တွေးနေမိသည်။

မိန်းမသားတစ်ဦးအနေဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်အောင်၊ ကလေးသိက္ခာ မယိုယွင်းအောင် ထိန်းသိမ်းနေထိုင်ခဲ့သည့် သူမ၏ ဘဝ. . .။

ရှေ့ဘက်မှ လမ်းတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်လိုက်သည်။

နောက်မှ ခြေသံက ခပ်မှန်မှန်လိုက်ပါလာသည်။

လမ်းထဲ၌ မှောင်ရိပ်များ ရှိသည်။



သူမကိုယ် သူမ ကျိတ်၍ အပြစ်တင်လိုက်မိသည်။

ခြေလှမ်းကို ပို၍ မြန်မြန်လှမ်းသည်။

လမ်းအလယ်လောက်၌ဖွင့်ထားသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ကို တွေ့ရသည်။ နီယွန်ဆိုင်းဘုတ် တပ်ထားသော်လည်း နာမည်ကို သူမ သတိထား၍မကြည့်မိတော့။

ဆိုင်ထဲသို့ ဝင်လိုက်သည်။

ဆိုင်တွင်း၌ရှိသူများ၏ အကြည့် သူမထံသို့ ရောက်လာသည်။

ဆိုင်တွင်း၌လည်း လူပြည့်၍နေသည်။ စားပွဲလွတ်မရှိ။

ထောင့်စွန်းတစ်နေရာ၌မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဂရုမစိုက်ဘဲ တစ်ဦးတည်း ထိုင်နေသူတစ်ဦး ရှိသည်။

ထိုစားပွဲ၌ သူမ ဝင်ထိုင်လိုက်မိသည်။

ထိုင်နေသူမှာ သူမကို မော့မကြည့် ဂရုမစိုက်။

ထိုလူသည် 'Twenty Four Colour Stars' ဂျာနယ်ကို ဖြန့်၍ ဖတ်နေသည်။

စားပွဲထိုးအမျိုးသမီးတစ်ဦး ရောက်လာသည်။

ဆံပင်ကောက်ကောက် မျက်နှာနီစပ်စပ်နှင့် ဖြစ်သည်။ စူပုပ်နေသော မျက်နှာထားဖြင့်. . .

"ဆိုင်ပိတ်တော့မယ်။ ဘာမှ မရတော့ဘူး"

ယဉ်မင်းသူ စားပွဲထိုးအမျိုးသမီးကို တစ်ချက်ကြည့်လျက်. . .

"ကျွန်မ လက်ဖက်ရည်တစ်ခွက်လောက် သောက်ချင်လို့ပါ"

"မရတော့ဘူး။ ဆိုင်ပိတ်ချိန်ရောက်နေပြီ"

သူမ သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်မိသည်။

ချက်ချင်း ဆိုင်ပြင်သို့ထွက်ရန် မဖြစ်သေး။ သူမ၏နောက်မှ လိုက်ပါလာသူသည် ဆိုင်အပြင်ဘက်၌ စောင့်၍ နေပေဦးမည်။

ထိုအချိန်မှာပင်. . .

ဂျာနယ်ဖတ်နေသူက အေးတိအေးစက်လေသံဖြင့် တစ်လုံးခြင်းပြောလိုက်သည်။

"ဆိုင်ပိတ်ဖို့ နှစ်ဆယ့်သုံးမိနစ်လိုပါသေးတယ်။ သူလိုချင်တဲ့ လက်ဖက်ရည်တစ်ခွက်နဲ့ မုန့်ချပေးလိုက်ပါ"

စားပွဲထိုးအမျိုးသမီး၏ မျက်နှာမှာ ရှုံ့မဲ့၍သွားပေသည်။ သူမသည် ဆိုင်ပိတ်ရန် စိတ်စောနေသူ ဖြစ်သည်။ မည်သူ့ကိုမျှ ထပ်၍ ရောင်းချင်ပုံ မပေါ်ပေ။

ဂျာနယ်ဖတ်နေသူက စားပွဲထိုးအမျိုးသမီးကို စူးရှသေးသွယ် တောက်ပြောင်သည့် မျက်လုံးအစုံဖြင့် ပင့်၍ကြည့်လိုက်သည်။



စားပွဲထိုးအမျိုးသမီးသည် ကောင်တာဘက်သို့ ထ,၍သွားသည်။

လက်ဖက်ရည်တစ်ခွက်နှင့် မုန့်ပန်းကန်ယူလာပြီး စားပွဲပေါ်သို့ ဆောင့်၍ ချပေးပြီး ထွက်သွားသည်။

ယဉ်မင်းသူက သူမအား အကူအညီပေးလိုက်သူကို ကျေးဇူးတင်စွာ ကြည့်သည်။ ထိုလူက သူမအား ထပ်၍မကြည့်ပေ။ စိတ်ဝင်စားပုံလည်း မပြပေ။ ထိုလူ ဝတ်ဆင်ထားသည်မှာ အဖိုးတန်ဝတ်စုံနှင့် ဖြစ်သည်။ ဦးခေါင်းတွင် ဦးထုပ်တစ်လုံးဆောင်းထားသည်။ ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆွဲချ၍ ဆောင်းထားသည်။

ထိုလူ၏ မျက်နှာကို ယဉ်မင်းသူ တစ်ချက်မြင်လိုက်ရသည်။ ထိုလူ၏ အသက်မှာ နှစ်ဆယ့်ငါးနှစ်ခန့်မျှသာ ရှိပေဦးမည်။ ကိုယ်လုံးကိုယ်ထည်က ခပ်သေးသေးဖြစ်သည်။

ထိုလူကို ကျေးဇူးတင်စကားပြောမည်ဟု စိတ်ကူးပြီးမှ မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။

လက်ဖက်ရည်တစ်ငုံစာမျှ သောက်ပြီး လက်ကိုင်အိတ်ကို ဖွင့်လိုက်သည်။ လက်ကိုင်အိတ်ထဲမှ စာတစ်စောင်ကို ထုတ်

လိုက်သည်။

စာရွက်ကို ဖြန့်၍ဖတ်သည်။

. . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . .

စာထဲ၌ ပါသည့် အကြောင်းအရာများမှာ စိတ်ထိခိုက်စရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာ အကြောင်းများချည်းသာ ဖြစ်သည်။

စာကိုဖတ်ရင်းမှ သူမ၏ မျက်လုံးများ ဝေဝါး၍လာသည်။

စာလုံးများကို မမြင်ရတော့။

သူမ၏ ပါးပြင်ပေါ်၌မျက်ရည်စများ စီး၍ကျနေ သည်။ လက်ကိုင်ပဝါဖြင့် မျက်ရည်များကို ကမန်းကတန်း သုတ်လိုက်သည်။ သူမကို ဂရုစိုက်၍ ကြည့်နေသူများ ရှိနေမလားဟု တွေးမိ၍ ဆိုင်တွင်းသို့ အကဲခတ်ကြည့်သည်။ မည်သူကမျှ သူမကို ဂရုတစိုက် ကြည့်နေခြင်းမျိုး မရှိပေ။

ယဉ်မင်းသူ သက်ပြင်းချလိုက်သည်။

သူမ၏ အလုပ်ပိုင်ရှင်ဖြစ်သူထံမှ လုပ်ငန်းရပ်ဆိုင်းသွားပြီဖြစ်ကြောင်း အကြောင်းကြားစာကို ရရှိထားပြီးပြီ ဖြစ်သည်။

ဂျာနယ်ဖတ်နေသူက သူမကို မော့၍ကြည့်သည်။



"ခင်ဗျား ဘာတွေ ဖြစ်လာတာလဲ ဆိုတာတော့ ကျွန်တော် မမေးတော့ပါဘူး၊ ဒါပေမယ့် . . ."

"ကျွန်မကို ဘာမှ အခုအချိန်မှာ မပြောပါနဲ့"

ယဉ်မင်းသူက မျက်နှာလွှဲ၍ထားသည်။

ထိုလူက ထိုင်ခုံကို ရှေ့သို့ အနည်းငယ်မျှ ရွှေ့သည်။ လေသံကို နှိမ့်လျက်ဖြင့် သူမကို ပြောသည်။

"ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေလို့ ခင်ဗျားအနေနဲ့ အကူအညီပေးနိုင်မလား'

ယဉ်မင်းသူက မျက်မှောင်ကြုတ်လျက် . . .

"ရှင် ဘာတွေ လာပြောနေတာလဲ"

"ကျွန်တော်ပြောတာ သေသေချာချာနားထောင်ပါ၊ ခင်ဗျားဟာ ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ မြင်ရုံနဲ့ ကျွန်တော် ခန့်မှန်းနိုင်ပါတယ်၊ ခင်ဗျားမှာ စိတ်ထိခိုက်စရာ၊ ကြေကွဲစရာတွေနဲ့ ကြုံနေရတယ်ဆိုတာလဲ သိပါတယ်၊ ဒါပေမယ့် ဒီခံစားချက်တွေ မကြာခင်မှာ ပျောက်ပျက်သွားမှာပါ"

စားပွဲပေါ်၌ တင်ထားသော လက်ကိုင်အိတ်ကို သူမ ကောက်ယူလိုက်သည်။

"ကျွန်မ လူစိမ်းတစ်ယောက်နဲ့ ထိုင်ပြီး စကားမပြော

နိုင်ဘူး"

သူမရှေ့မှ လူက မသိမသာပြုံးလိုက်ပြီး ...

"ကျွန်တော်ပြောတာ ခဏလောက် နားထောင်ပါ၊ ဒီဆိုင်ခန်းရဲ့ ဟိုဘက်အစွန်က ခုံမှာ လူတစ်ယောက်ထိုင်နေတယ်၊ အကျီအနီ ဝတ်ထားတယ်၊ အဲဒီလူ အခုရှိသေးသလား"

သူမ နောက်ဘက်သို့ မသိမသာကြည့်လိုက်သည်။

ဆိုင်ခန်း၏ ညာဘက်အစွန်ရှိ စားပွဲတစ်လုံး၌ရှုပ် အကျီ အနီဝတ်ထားသူ တစ်ဦး ထိုင်၍နေ၏။ အနက်ရောင် ဦးထုပ်ကို ဆောင်းထားသည်။ ထိုလူက အေးစက်သောမျက်လုံးများဖြင့် သူတို့ဘက်သို့ လှမ်း၍ကြည့်နေသည်ကို သတိပြုလိုက်မိသည်။

"ရှင်ပြောတဲ့လူ ရှိတယ်"

"အဲဒီလူ ကျွန်တော့်နောက်ကနေ တကောက်ကောက်နဲ့ နောက်ယောင်ခံပြီးလိုက်နေတယ်"

ယဉ်မင်းသူက တုန်လှုပ်သောလေသံဖြင့် . . .

"အဲဒီကိစ္စက ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

လက်ဖက်ရည်ခွက်ကိုကိုင်၍ သူမ သောက်သည်။ မုန့် တစ်ခုကိုယူ၍ ခပ်မြန်မြန်စားသည်။

ဂျာနယ်ကို ကွယ်၍ ထိုင်နေသူသည် မာစီဒီး အနက် ရောင်ကို မောင်းနှင်သူဖြစ်သည်။



ထိုလူက သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"ကျွန်တော်ပြောသလိုလုပ်ရင် ခင်ဗျား စိတ်ထိခိုက်နေ တာတွေ ပျောက်သွားပါလိမ့်မယ်၊ အဲဒီအကျီအနီနဲ့လူ ဘယ်သူ လဲဆိုတာ ကျွန်တော်သိချင်တယ်၊ အဲဒီလူရဲ့ နောက်ကနေလိုက် ပြီး ခင်ဗျား စုံစမ်းပေးနိုင်ပါ့မလား"

ယဉ်မင်းသူ အံ့အားသင့်စွာဖြင့် ထိုလူကို ငေးစိုက်၍ ကြည့်လိုက်မိသည်။

"ခင်ဗျားအနေနဲ့ သူ့နောက်ကို လိုက်ပြီး စုံစမ်းတယ်လို့ သူ လုံးဝထင်မှာမဟုတ်ဘူး၊ ခင်ဗျားအတွက် စိတ်လှုပ်ရှားစရာ အလုပ်ကလေးတစ်ခု လုပ်ရတာပါ၊ အဲဒီအတွက် ထိုက်တန် တဲ့ငွေပေးပါ့မယ်"

ထိုလူက အိတ်ထဲမှ ငွေစက္ကူတစ်ထပ် ဆွဲထုတ်လိုက်ပြီး သူမဘက်သို့ တွန်း၍ပေးလိုက်သည်။

"ခင်ဗျားအတွက် ခက်ခဲတဲ့အလုပ်မျိုးမဟုတ်ပါဘူး"

"ရှင်ရူးနေလား၊ ဒီလိုအလုပ်မျိုး ကျွန်မ လုပ်နိုင်မယ်လို့ ထင်နေသလား၊ လူတစ်ယောက်နောက်ကို လိုက်တဲ့အလုပ်မျိုး ကျွန်မ တစ်ခါမှမလုပ်ခဲ့ဖူးဘူး"

"မခက်ပါဘူး သူ့မှာကားပါလာတယ်၊ သူ့ကားက လိမ္မော် ရောင် ပစ်ကပ်ကား၊ ကားနံပါတ်က (. . . . .)၊ ဒီလမ်းထိပ်

မှာ သူ့ကားကို ရပ်ထားတယ်၊ ခင်ဗျားလုပ်ရမှာက သူ့ကား နောက်ဘက်ကို ဝင်ပြီး ကော်ဇောကိုခြုံပြီး အသာလေးလိုက် သွားရုံပဲ၊ ကားနောက်ဘက်ထဲမှာ ကော်ဇောတစ်ချပ် ရှိတယ်၊ ကျွန်တော့်ရဲ့ မော်တော်ကားနောက်ကို သူလိုက်လာပြီးမှ ဥသျှစ် ဈေးကို ပြန်သွားလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော်ထင်တာ လွဲ ချင် လွဲနေနိုင်တယ်၊ ဒါကြောင့် ဒီလူနဲ့ ပတ်သက်ပြီး သေသေ ချာချာ ကျွန်တော်သိချင်တယ်"

သူမ ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ကျွန်မကို အဲဒီလူ မြင်သွားနိုင်တယ်၊ အဲဒီလို မြင်သွားရင် ကျွန်မ ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာကို ရှင် နားလည်ရဲ့လား၊ ပြီးတော့ အဲဒီလူရဲ့ပုံစံကို ကြည့်ရတာ သဘောမကျဘူး"

"ကျွန်တော်လဲ အဲဒီလူကို သဘောမကျပါဘူး၊ ခင်ဗျား စိတ်မပူပါနဲ့၊ ကားနောက်ဘက်မှာ ငြိမ်ငြိမ်လေးဝပ်ပြီး လိုက်လာ တဲ့ ခင်ဗျားကို သူ ဘယ်နည်းနဲ့မှ မြင်နိုင်မှာမဟုတ်ဘူး"

သူမ ရင်ခုန်၍နေသည်။

သူမအတွက် ထိုက်တန်သော ငွေကြေးရသည့် အလုပ် တစ်ခုပင်. . .။

ရုတ်တရက် သူမက မေးလိုက်သည်။



"ရှင်က ဘယ်သူလဲ၊ အကျႌအနီနဲ့လူကကော ဘယ်သူ လဲ၊ ရှင့်နောက်ကို ဘာဖြစ်လို့ သူက လိုက်နေရတာလဲ"

"အခု အချိန်မရှိဘူး၊ ခင်ဗျား သူ့ရဲ့နောက်ကိုလိုက်ပြီး လို့ ကျွန်တော်တို့နှစ်ယောက် ပြန်တွေ့ကြတဲ့အချိန်ကျမှ ခင်ဗျား ကို ပြောပြပါ့မယ်"

ထိုလူက ငွေစက္ကူများကို ရှေ့သို့တိုးပေးသည်။

"ခင်ဗျား စိတ်သန့်သန့်နဲ့ ဒီငွေတွေကိုယူပြီး သုံးနိုင်ပါ တယ်၊ ခင်ဗျားအလုပ်တစ်ခုရလို့ ထိုက်တန်တဲ့ငွေရတယ်လို့ပဲ သဘောထားပါ"

အလုပ်တစ်ခု ရရန်မလွယ်ကူနိုင်ကြောင်း သူမ သိ သည်။

ထိုလူပေးသော ငွေမှာ သူမအတွက် တစ်လစာခန့် အသုံးဝင်နိုင်ပေသည်။

အကျႌအနီနှင့် လူဘက်သို့ သူမ လှမ်းကြည့်သည်။

ထိုလူသည် သူမတို့ဘက်သို့ မကြည့်ဘဲ စီးကရက် တစ် လိပ်ကို မီးညှိ၍နေသည်။ ထိုလူ၏ မျက်နှာမှာ ရက်စက်ကြမ်း ကြုတ်သော ပုံစံမျိုးရှိပြီး လူကောင်းတစ်ဦး၏ လက္ခဏာမျိုး လုံးဝ မရှိဟု သူမထင်သည်။

သူမ စဉ်းစားပြီး ဖြည်းညင်းစွာ ခေါင်းညိတ်သည်။

"ကောင်းပြီလေ၊ ရှင့်ရဲ့အလုပ်ကို ကျွန်မ လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ မနက်ဖြန်ကျမှ ခင်ဗျားနဲ့ ကျွန်တော် ထင်းရှူးရိပ်သာတည်းခိုခန်း အနားက တောင်ကုန်းမှာ ဆုံကြမယ်၊ မနက် ကိုးနာရီလောက်ပေါ့၊ တွေ့နိုင်ပါ့မလား"

သူမ ခေတ္တမျှ စဉ်းစားသည်။

သူမ၌ အလုပ်မရှိတော့ပြီဖြစ်၍ အလုပ်ရှာဖွေရဦးမည်။ မွန်းလွဲပိုင်း အချိန်ကျမှ အလုပ်ကိစ္စ သွားရောက်စုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ၊ နက်ဖြန် မနက်ကိုးနာရီမှာ တွေ့ကြတာပေါ့"

"လိမ္မော်ရောင် ပစ်ကပ်ကား၊ ကားနံပါတ်က (. . . . .) လမ်းထိပ်မှာ ရပ်ထားတယ်၊ ကားနောက်ဘက်မှာ ကော်ဇော တစ်ချပ်ရှိတယ်၊ ခင်ဗျားအတွက် ငါးမိနစ် အချိန်ပေးမယ်၊ ခင်ဗျား ထွက်သွားပြီးလို့ ငါးမိနစ်ကြာမှ ကျွန်တော် ဆိုင်ပြင်ကို ထွက်မယ်၊ ဒီလူ ကျွန်တော့်နောက်ကို ကျိန်းသေလိုက်လာမှာပဲ"

ယဉ်မင်းသူက စားပွဲပေါ်မှ ငွေစက္ကူများကို ယူ၍ သူမ၏ လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်သည်။

ထိုင်ရာမှ ထ,၍ရပ်ပြီး ကောင်တာဆီသို့သွားသည်။



လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုဖိုး ထုတ်၍ပေးသည်။

ယဉ်မင်းသူ နောက်ဘက်သို့ တစ်ချက်ကြည့်လိုက်သည်။

ထိုလူက ဂျာနယ်ကို ကွယ်လျက် ထိုင်၍နေ၏။

အကျႌအနီနှင့်လူက ပျင်းရိသည့် အမူအရာဖြင့် ကိုယ်ကို အညောင်းဆန့်နေသည်။

ထူးခြားသည့် အနေအထားမျိုး လုံးဝမရှိပေ။

ဆိုင်တံခါးကို တွန်းဖွင့်လျက် လမ်းပေါ်သို့ ထွက်လာသည်။

ပလက်ဖောင်းပေါ်၌ ခေတ္တမျှ သူမ ရပ်လိုက်သည်။

သူမ၏ ရင်ထဲ၌လှုပ်ရှား၍နေမိသည်။ ထို့နောက် လမ်းထိပ်ဘက်ဆီသို့ ဦးတည်၍ သူမ လျှောက်သွားသည်။

လိမ္မော်ရောင် ပစ်ကပ်ကားကို သူမ ရှာဖွေရပေဦးမည်။

* * *

## အခန်း - ၄

ဒီဂျမ်း. . .။

သူ၏ အခြားအမည်တစ်ခုမှာ 'မိုက်ခဲ'ဟူ၍ဖြစ်သည်။

သူသည် နှုတ်ခမ်းဖျား၌ စီးကရက်ကို ခဲထားသည်။

အမှောင်ထု လွှမ်းနေသည့် မြစ်ကမ်းနဖူးပေါ်၌ ကားကို မောင်းနှင်နေသည်။

နာရီကို ကြည့်လိုက်သည်။

စောစောပိုင်းက ကလပ်တွင် ဂျူးဂျူးကို မသိမသာ အချက်ပြခဲ့သည်။ ဂျူးဂျူး နားလည်ပေလိမ့်မည်။

ဒီဂျမ်း ကျေနပ်စွာ လေတစ်ချက်ချွန်လိုက်သည်။

ဂျူးဂျူးအကြောင်း သူစဉ်းစားမိသည်။



ဂျူးဂျူးသည် ဖြတ်ထိုးဉာဏ်ကောင်းသည်။ သွက်လက်ထက်မြက်၍ ပါးနပ်သူဖြစ်သည်။ အရိပ်အကဲ နားလည် သုံးသပ်ဆင်ခြင်တတ်သူဖြစ်သည်။

သူမ၏ ဘဝတိုးတက်ရေးကို အဓိက ဦးစားပေးသူဖြစ်သည်။

တစ်ဆက်တည်းမှာပင်. . .

မြကတ္တီပါကလပ်ရှိ တီးဝိုင်းမှ ဒရမ်မာသမား 'ထွန်းထက်'အကြောင်းကိုပါ စဉ်းစားမိသည်။

သူ၏နှုတ်ခမ်းအစုံမှာ တင်းတင်းစေ့၍သွားသည်။

ထွန်းထက်ကို အပြတ်ရှင်းပစ်ချင်သည်။ သို့သော် ဤဒေသ၌ စိတ်ထင်သလိုလုပ်၍ မဖြစ်ကြောင်း ဒီဂျမ်း သိထားသည်။

ထွန်းထက်အကြောင်းတွေးမိလျှင် ဒီဂျမ်း၏ စိတ်ထဲ၌ မကျေမနပ်ဖြစ်မိသည်။ ဘဝင်မကျ ဖြစ်မိရသည်ချည်းပင် ဖြစ်သည်။

ထို့နောက်. . .

ဒိဗ္ဗအကြောင်း စဉ်းစားမိပြန်သည်။

ဂျူးဂျူးက ဒိဗ္ဗကို လွန်စွာဦးစားပေးသည်။ ရှိသေလေးစားသည်။ ဒိဗ္ဗကလည်း ထိုအချက်ကို လွန်စွာဂုဏ်ယူသည်။

ဒီဂျမ်း မျက်နှာကို မဲ့ပစ်လိုက်သည်။

ရယ်စရာ အလွန်ကောင်းလှပေသည်။

ဒီဂျမ်း၏ ချစ်သူ ဂျူးဂျူးတစ်ယောက်တည်းသာ ရှိသည်ဟူသော ပုံသေကားချ အတွေးအခေါ် အယူအဆမျိုး လုံးဝ မထားပေ။

ဒီဂျမ်းသည် လွန်စွာပါးနပ်လိမ္မာသူဖြစ်သည်။

ဂျူးဂျူးနှင့်သူ ပတ်သက် ဆက်နွှယ်နေသော်လည်း ဒိဗ္ဗနှင့် ပတ်သက်မှုများ၊ ပိုင်ဆိုင်မှုများအကြောင်းကိုမူ ဖွင့်ဟ၍ မေးမြန်းပြောဆိုခြင်း မရှိခဲ့ပေ။

ဒိဗ္ဗသည် သူ၏စားပွဲ၌မျက်နှာသေကြီးနှင့် ထိုင်နေလျှင် ဒိဗ္ဗတစ်ယောက် ကြောက်ရွံ့နေပြီဟု မှတ်ထင်ကြပေလိမ့် မည်။

သို့သော် နောက် ရက်အနည်းငယ်အတွင်း၌ငြိမ်နေသော အဆိပ်ပြင်းမြွေကြီးတစ်ကောင်ကဲ့သို့ ထ,၍ ပေါက်လေတော့သည်။ မြွေကြီး ဒိဗ္ဗက မည်ကဲ့သို့ ပေါက်လိုက်သည်ဟူသော သတင်းသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားကြရပေလိမ့်မည်။

ဒိဗ္ဗအား လူလည်ကျသွားသူ၊ တစ်ပတ်ရိုက်သွားသူသည် တစ်လအတွင်းမှာပင် အကြီးအကျယ် ဒုက္ခရောက်သွားကြရသည်သာ ဖြစ်သည်။



ဒိဗ္ဗကား ဤလိုလူစားမျိုးဖြစ်သည်။

ဒိဗ္ဗနှင့် ဒီဂျမ်း။

ဒီဂျမ်းအနေဖြင့် ဒိဗ္ဗကို လှည့်စားရခြင်း၊ တစ်ပတ်ရိုက်ရခြင်းမျိုးနှင့် ကြုံလာလျှင် လွန်စွာမှ ကျေနပ်အားရလှသည်။

ဒိဗ္ဗသည် လွန်စွာအဆိပ်ပြင်းသော မြွေဆိုးကြီး တစ်ကောင်နှင့် တူလှသူဖြစ်သည်။ ဒီဂျမ်းသည် ထိုမြွေဆိုးကြီးနှင့် လှည့်ပတ်၍ ကစားနေရခြင်းကို သဘောကျနေသူဖြစ်သည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖို ခံစားရခြင်းကို နှစ်ခြိုက်နေမိသူ ဖြစ်သည်။

ဒီဂျမ်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ထွန်းထက်အကြောင်း စဉ်းစားလိုက်မိပြန်သည်။

ထွန်းထက်သည် လွန်စွာတော်သည့် ဒရမ်မာသမားတစ်ဦး ဖြစ်သည်ကို သူကောင်းစွာသိသည်။

ဒီဂျမ်း အံကို တင်းစွာကြိတ်လိုက်မိသည်။

ဂျူးဂျူးအနား၌ ထွန်းထက် ကပ်နေသည်ကို တွေ့ရပါက သူ စိတ်ထိန်းနိုင်မည်မဟုတ်ပေ။ ထွန်းထက်ကို တစ်ခုခုလုပ်မိပေလိမ့်မည်။

ဂျူးဂျူးနေသောလမ်းထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်။

ဂျူးဂျူး၏ အိမ်ရှေ့၌ ကားကို ရပ်တန့်လိုက်သည်။

ဂျူးဂျူးရှိသည့် အခန်းကို မော့ကြည့်သည်။ ကန့်လန့်ကာများကြားမှ မီးရောင်ကိုတွေ့ရသည်။ ဂျူးဂျူးရှိနေကြောင်း သိရသဖြင့် ဒီဂျမ်း ကျေနပ်သွားသည်။

ကားဟွန်းကို အသာဖိနှိပ်လိုက်သည်။

နောက်ထပ် တစ်ကြိမ်. . .

အပေါ်ထပ် ပြတင်းပေါက်မှ ကန့်လန့်ကာ ပွင့်၍သွားသည်။ ခေတ္တမျှနေပြီးမှ ပြန်၍ပိတ်သွားသည်။ ဂျူးဂျူးတစ်ဦးတည်းရှိနေကြောင်း အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။

ဒီဂျမ်းသည် အောက်ထပ် ကားရုံတံခါးကို ဆင်း၍ ဖွင့်သည်။ ထို့နောက် သူ၏ကားကို ကားရုံထဲသို့ ညင်သာစွာမောင်း၍ ဝင်သွားသည်။ ကားကို စက်ရပ်လိုက်ပြီး ကားရုံတံခါးကို ပြန်ပိတ်သည်။

လှေကားထစ်များအတိုင်း ဂျူးဂျူး၏ အခန်းသို့ တက်၍လာသည်။

ဂျူးဂျူး၏အခန်းမှာ သပ်ရပ်သစ်လွင်၍ လှပသည်။ နေချင့်စဖွယ်ကောင်းသည်။

ထူထဲသည့် နီညိုရောင်ကော်ဇော ခင်းထားသည်။

အဝင်ဝရှိ စင်မြင့်တစ်ခုပေါ်၌အရုပ်တစ်ရုပ်ရှိသည်။



ထိုအရုပ်မှာ သတ္တုဖြင့်ပြုလုပ်ထားပြီး လက်ရာ အလွန်ကောင်းသည်။

ဒီဂျမ်း ဧည့်ခန်းဘက်သို့ ဝင်လာသည်။

ဧည့်ခန်းအတွင်းရှိ ဆိုဖာထိုင်ခုံရှည်တစ်ခုပေါ်၌သူမထိုင်၍နေ၏။ ရှေ့ဘက်ရှိ စားပွဲခုံပုကလေးပေါ်၌ ဝိုင်အနီတစ်ခွက် ချထားသည်။

သူမက စ,၍မေးသည်။

"ဒီည ဘာတွေထူးခြားသေးလဲ"

"ဒိဗ္ဗခိုင်းလို့ ဟိုလူပုပုနောက်ကို လိုက်သွားတာ"

"အဲဒီလူက ဘယ်သူတဲ့လဲ"

ဒီဂျမ်းက မျက်လုံးကို မှေးစင်းလျက် သူမကိုကြည့်ပြီး ဖြေသည်။

"အဲဒီလူကြီးက အတော့်ကိုချမ်းသာတယ်၊ လုပ်ငန်းတွေအများကြီးပိုင်တဲ့ သူဌေးကြီး ဦးလှိုင်ဘွားဖဲ့ပဲ"

ဂျူးဂျူးက နှုတ်ခမ်းတွန့်၍ ပြုံးသည်။

"ဒါဆို ဦးဒိဗ္ဗဆိုတဲ့လူကြီးက သဘောကျမှာ သေချာတယ်"

ဂျူးဂျူးက ဝိုင်အနီခွက်ကို ကောက်ယူ၍ အနည်းငယ်မျှသောက်လိုက်သည်။

ဂျူးဂျူးက မသိမသာ ခေါင်းယမ်း၍. . .

"ဒါပေမယ့် အဲဒီလူပုကြီးက စိတ်မနှံ့တဲ့လူ ဖြစ်နေတယ်၊ ရူးနေတယ်လို့ပဲ ပြောရမယ်၊ သူ့ရဲ့မျက်လုံးကို ကြည့်လိုက်ရုံနဲ့ သိသာတယ်"

"ဒါဆို မင်းရဲ့စိတ်ထဲမှာ ဘာတွေရှိနေသလဲ ဂျူးဂျူး"

သူမက မပွင့်တစ်ပွင့်ပြုံး၍. . .

"ဦးလှိုင်ဘွားဖဲ လေ"

ဒီဂျမ်းက စိတ်မရှည်သည့်လေသံဖြင့်. . .

"ဒီဗွဆီကို ဦးလှိုင်ဘွားဖဲက ဘာကိစ္စနဲ့ လာရတာလဲ"

"ရှင် ဦးဒီဗွနဲ့တွေ့တုန်းက ဘာဖြစ်လို့မမေးတာလဲ"

"မရူးစမ်းနဲ့ ဂျူးဂျူး၊ ငါ့ကို ဘာဖြစ်လို့ လျှို့ဝှက်ထားချင်ရတာလဲ။ ပြောစမ်းပါ၊ ဦးလှိုင်ဘွားဖဲက ဘာအတွက်ရောက်လာရတာလဲ"

"အဲဒီလူကြီးက စိတ်မှန်ပုံမရဘူး၊ နရဏီယောဂကျင့်စဉ်ကို သိချင်တယ်တဲ့၊ ကျွန်မတော့ နားမလည်ဘူး၊ သေသေချာချာလဲ ဂရုစိုက်ပြီး နားမထောင်မိဘူး"

ဒီဂျမ်းက ပြုံးလိုက်သည်။

"မင်း ဘာတွေစဉ်းစားနေတာလဲ၊ ဘာတွေကျိတ်ပြီး ကြံစည်နေတာလဲ၊ မင်းက ဘာတစ်ခုကိုမှ အလွတ်မပေးတတ်တဲ့ လူစားမျိုးပဲ"



"အဲဒီလူကြီးက စိတ်မမှန်ဘူးလို့ ရှင့်ကို ကျွန်မပြောပြီးပြီပဲ၊ ဒီလိုတွေရဲ့ စကားကို ကျွန်မအနေနဲ့ စိတ်ဝင်စားစရာမရှိဘူး"

ဒီဂျမ်းက. . .

"မင်း စိတ်မဝင်စားပေမယ့် ငါက စိတ်ဝင်စားတယ်၊ မင်းပြောတာ ဘာလဲ ပြန်ပြောစမ်းပါဦး"

ဂျူးဂျူးက ရယ်လိုက်ပြီး. . .

"နရဏီယောဂကျင့်စဉ်လေ၊ လက်တွေ့လုပ်ပြရမယ့်ကိစ္စတစ်ခုပါ"

ဒီဂျမ်း ခေါင်းခါလိုက်သည်။

"ငါ နားမလည်ဘူး၊ ငါ့ကို ရှင်းပြစမ်းပါ"

"စိတ်ကူးယဉ်ပြီး သဘာဝကို လွန်ဆန်လုပ်ရမယ့် ကိစ္စတစ်ခုပဲ ဖြစ်လိမ့်မယ်၊ ဒီဗွကတော့ လက်လွှတ်ခံမယ်မထင်ဘူး၊ ဒီလူကြီးက သိပ်ပါးနပ်တယ်၊ သိပ်လျင်တယ်၊ အခုကိစ္စ အောင်မြင်သွားရင် စုစုပေါင်း ငွေ သိန်းနှစ်ရာ့တစ်ဆယ် ရနိုင်တယ်"

ဒီဂျမ်း ပို၍ စိတ်ဝင်စားသွားသည်။

"အင်း. . . ငွေက အများကြီးပါလား၊ ဒီဗွကတော့ နရဏီယောဂကျင့်စဉ်ကို အရမ်းစိတ်ဝင်စားနေမှာ သေချာ

တယ်"

ဂျူးဂျူးက မှန်တင်ခုံရှိရာဘက်သို့ လျှောက်၍သွားသည်။

"ဟုတ်တယ်၊ သူ စိတ်ဝင်စားသလို ကျွန်မလဲ စိတ်ဝင်စားတယ်"

"ငါတို့နှစ်ယောက်အတွက်ကော ငွေရနိုင်ပ့ါမလား"

"ဒါတော့ ကျွန်မ မပြောတတ်ဘူး"

"ဒီကိစ္စကို မင်းအနေနဲ့ ကြိုပြီးစဉ်းစားထား"

ဂျူးဂျူးက ဒီဂျမ်းဘက်သို့ လှည့်၍. . .

"အခုအလုပ်က ကျွန်မတို့ လုပ်လို့ မဖြစ်နိုင်ဘူး"

ဒီဂျမ်းက မဝေခွဲနိုင်သည့် အမူအရာဖြင့်. . .

"မင်းပြောတာ သေချာရဲ့လား"

ဂျူးဂျူးက ခေါင်းညိတ်လျက်. . .

"သေချာပါတယ်၊ ဒီကိစ္စမျိုးကို ဦးဒိဗ္ဗပဲ လုပ်နိုင်လိမ့်မယ်၊ ရှင်လဲ လုပ်နိုင်မှာမဟုတ်ဘူး"

ဒီဂျမ်း ငြိမ်၍ စဉ်းစားနေသည်။

ခေတ္တမျှကြာမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ဒိဗ္ဗက ဒီကိစ္စကို စ,တယ်ဆိုတာ



ငါတို့ပါ ဝင်ပြီးပါလို့ရရင် သိပ်ကောင်းမှာပဲ၊ အင်း. . . ငွေ
သိန်းနှစ်ရာနဲ့တစ်ဆယ် ရနိုင်ရင် ပိုတောင်ကောင်းလိမ့်ဦးမယ်"

ဂျူးဂျူးက နှုတ်ခမ်းကို တစ်ချက်တွန့်လိုက်သည်။

"ကျွန်မတို့ အချိန်ယူပြီး စိတ်ရှည်ရှည်နဲ့ စောင့်ဖို့တော့
သိမယ်ထင်တယ်"

ဒီဂျမ်း၏ ရင်ထဲ၌ သက်ာမကင်းစိတ်များ ဖြစ်ပေါ်လာ
သည်။ ဂျူးဂျူးအနီးသို့ တိုးကပ်၍သွားသည်။

"မင်းစိတ်ထဲမှာ တစ်ခုခု ကြံစည်ပြီးသား ရှိနေတယ်
ဟုတ်လား၊ ငါ့ကို လှည့်စားဖို့ ကြံစည်နေတာလား"

"ဘာလဲ ရှင်က ကျွန်မအံပေါ် သက်ာမကင်းဖြစ်နေတာ
ဟား"

ဒီဂျမ်း၏မျက်နှာ မသိမသာ တင်းမာ၍လာသည်။

"မင်း နားလည်ဖို့ ကိစ္စတစ်ခုကို ငါပြောမယ်၊ ဒိဗ္ဗဆီ
ကနေ တစ်ချိန်ချိန်မှာ ခါခွဲထွက်ရလိမ့်မယ်၊ အဲဒီအချိန်မှာ ငါ့
နောက်ကို မင်းလိုက်ခဲ့ရလိမ့်မယ်၊ ငါ့ကို လှည့်စားဖို့ကြံရင်တော့
မင်းအတွက် အခြေအနေ မကောင်းနိုင်ဘူး ဖြစ်သွားလိမ့်မယ်
ဂျူးဂျူး"

ဂျူးဂျူးက မလှုပ်မယှက် အမူအရာဖြင့် ဒီဂျမ်းကို စိုက်
၍ ကြည့်လိုက်သည်။

"ကျွန်မအပေါ် မှာ မယုံသင်္ကာစိတ်ထားဖို့ မလိုပါဘူး

ဒီဂျမ်း အေးစက်စွာပြုံးလိုက်သည်။

လှေကားခြေရင်းဘက်၌ဝပ်၍ အသံများကို နားထော

နေသူမှာ ယဉ်မင်းသူ ဖြစ်သည်။

အခန်းတွင်းမှ ကြမ်းတမ်းစွာ လှုပ်ရှားသံများကို သူမ

ထပ်မံ၍ ကြားလိုက်ရသည်။

ယဉ်မင်းသူ လေးလံစွာ သက်ပြင်းတစ်ချက်ချ၍ လှေ

ကားရင်းမှ ဆုတ်ခွာ၍ သွားမိလေတော့သည်။

***

## အခန်း - ၅

နံရံရှိ ကြေးဝါပြားခုံပေါ်၌တပ်ဆင်ထားသည့် လူခေါ်

ခေါင်းလောင်းကို ဒေါက်တာပြည့်စုံ နှိပ်လိုက်သည်။

ခေါင်းလောင်းမြည်သံနှင့် မရှေးမနှောင်းမှာပင် တံခါး

ပွင့်၍လာသည်။

ဒိဗ္ဗ၏ လူတစ်ဦးဖြစ်သော ဦးစန်းမောင်က ဒေါက်တာ

ပြည့်စုံကို ကြည့်၍ အံ့အားသင့်ဟန်ဖြင့် . . .

"စောလှချည်လား ဒေါက်တာ"

"ဟုတ်တယ်၊ မင်းတို့ဆရာက ခေါ်ထားလို့ လာတာ"

"ဒေါက်တာ အပေါ်ထပ်ကို တက်သွားပါ"

"သူ အခုဘာလုပ်နေလဲ၊ အိပ်ရာထဲမှာပဲလား"

"မနက်စာ စားနေပါတယ်"

ဒေါက်တာပြည့်စုံ အပေါ်ထပ်သို့ လှေကားအတိုင်း တက်၍သွားသည်။

တံခါးဖွင့်၍ ဝင်လိုက်လျှင် နံနက်စာစားနေသော ဒိဗ္ဗကို တွေ့လိုက်ရသည်။

"ကြွပါ ဒေါက်တာ၊ ကော်ဖီသောက်ပါဦးလား"

"ကျေးဇူးတင်ပါတယ်၊ ကျုပ် ကော်ဖီသောက်ပြီးသွားပါပြီ"

"ကဲ. . . ထိုင်ပါ ဒေါက်တာ၊ ပြောစရာတစ်ခုရှိလို့ပါ"

ထိုင်ခုံတစ်လုံး ယူ၍ ဒေါက်တာပြည့်စုံ ထိုင်လိုက်သည်။

ဒေါက်တာပြည့်စုံမှာ အရပ်ပုသည်။ ဦးခေါင်းကြီးမား သည်။ နှုတ်ခမ်းများက ပါးလှပ်၍နေပြီး မျက်လုံးများက စူးရှ တောက်ပြောင်၍နေ၏။ ပါးရိုးကားပြီး မေးစေ့က လေးထောင့် ပုံသဏ္ဌာန်ရှိသည်။

ယခု ဒေါက်တာပြည့်စုံ၏ အသက်မှာ (၆၃) နှစ်ရှိနေ ပေပြီ။

ဒေါက်တာပြည့်စုံအတွက် လိုအပ်သမျှ ဒိဗ္ဗက ကူညီ ထောက်ပံ့ထားသည်။ သူသည် မြကတ္တီပါကလပ်၏ သမားတော် အဖြစ် တာဝန်ယူထားရသည်။ ထို့ပြင် ဒိဗ္ဗအတွက် လွန်စွာ



အသုံးဝင်သူတစ်ဦးလည်း ဖြစ်သည်။ ဒိဗ္ဗအနေဖြင့် သင်ကြား၍ မရနိုင်သော၊ မသိရှိသေးသော ဗဟုသုတများ၊ အကြောင်းအရာ များကို ဒေါက်တာပြည့်စုံက ဒိဗ္ဗကို ကူညီပြောပြပေးနိုင်စွမ်းရှိ သည်။

ဒေါက်တာပြည့်စုံတွင် အားလပ်ချိန် များစွာရှိသည်။

ထိုအချိန်များ၌ သူ့အတွက် အခြားဗဟုသုတများ၊ သိ မှတ်စရာများ ရရန် ရှာဖွေသည်။ လွန်ခဲ့သော နှစ်လကျော်က သူသည် မြကတ္တီပါကလပ်၏ အသင်းဝင်များအကြောင်းကို ပြည့် စုံစွာ လေ့လာခဲ့သည်။ ထိုလေ့လာထားချက်များကို ဒိဗ္ဗအား ပေးခဲ့သည်။ ဒေါက်တာပြည့်စုံ ပေးသည့်အချက်များမှာ ဒိဗ္ဗ အတွက် လွန်စွာတန်ဖိုးရှိလှပေသည်။

ယခုအချိန်၌ သူသည် ဒိဗ္ဗအတွင်းလူများ၊ ကလပ်၌ အလုပ်လုပ်နေသူများအကြောင်းကို တိတ်တဆိတ် လေ့လာ စုံစမ်း၍နေသည်။

သူ လေ့လာတွေ့ရှိချက်များမှာ မယုံကြည်နိုင်လောက် အောင်ပင် အံ့သြစရာကောင်းလွန်းနေပေသည်။ သူတွေ့ရှိထား သည့် အချက်အလက်များကို ဒိဗ္ဗအား ပြောမပြရန် ဆုံးဖြတ်ထား သည်။

သူ၏ တွေ့ရှိချက်များနှင့် ပတ်သက်၍. . .

ကြမ်းကြုတ်ရက်စက်၍ သွေးအေးသော 'ဒီဂျမ်း'နှင့် ရ ဆိုင်ရသောအခါတွင်လည်းကောင်း. . .

မက်မောတွယ်တာစရာကောင်းသည့် ဂျူးဂျူးနှင့် တွေ ကြုံရသည့် အခါမျိုး၌ လည်းကောင်း. . .

သူသိထားသောအချက်များသည် လျှို့ဝှက်နိုင်ဖဲချပ်များ အဖြစ် အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရှိထားပေသည်။

ဒီဂျမ်းနှင့် ဂျူးဂျူးတို့ နှစ်ဦးသည် ဒိဗ္ဗအပေါ်၌ ကတုံးပေါ် ထိပ်ကွက်၍ လှည့်စားနေသူများဖြစ်ကြောင်း ဒေါက်တာပြည့်စုံ သိရှိထားပြီးဖြစ်ပေသည်။ သို့သော် ထိုအချက်ကို ဒိဗ္ဗအား ဖွင့် ဟပြောခြင်း လုံးဝမရှိခဲ့ပေ။ ပြောလည်း မပြောရဲဟု ဆိုခြင်းက ပို၍ မှန်ပေလိမ့်မယ်။

သူ့ကို ဒိဗ္ဗ တွေ့လို၍ ခေါ်ခြင်းဖြစ်ကြောင်း သိရစဉ်က ဒိဗ္ဗ ဘာများ ကြို၍ သိထားလေသနည်းဟု တွေး၍ ပူပင်နေမိ ပေသည်။

သို့သော် ဒိဗ္ဗ ဦးစွာမေးလိုက်သည့် မေးခွန်းကြောင့် စိတ်သက်သာရာ ရသွားမိသည်။

"ဒီမှာ ဒေါက်တာ၊ နရဏီယောဂကျင့်စဉ်နဲ့ ပတ်သက်လို့ ခင်ဗျား ဘာတွေသိထားသလဲ"

ဒေါက်တာပြည့်စုံ ခေတ္တမျှ အံအားသင့်သွားမိသည်။



စဉ်းစားဟန်ပြုပြီးမှ. .

"အရှေ့ပိုင်း ဝှက်ပြာကျွန်းစုမှာနေတဲ့ ကျွန်းသားတချို့ရဲ့ ရှေးဟောင်းပညာရပ်တစ်ခုပါ၊ အယူသီးတဲ့ ပညာရပ်တစ်မျိုး လို့လဲ ခေါ်နိုင်ပါတယ်၊ မှော်ပညာနဲ့လဲ သက်ဆိုင်နေပါတယ်"

ဒိဗ္ဗ၏မျက်လုံးများ အရောင်လက်၍သွားသည်။

အံ့ဩချီးကျူးသည့် အမူအရာဖြင့် ဒေါက်တာပြည့်စုံကို စိုက်၍ကြည့်လိုက်သည်။

ကျေနပ်အားရသော လေသံဖြင့်. . .

"ဒီအကြောင်း ဒေါက်တာသိမယ်လို့ ကျွန်တော် ကြိုပြီး တွက်ထားမိပါတယ်၊ ဒေါက်တာ မသိတဲ့ အကြောင်းအရာဆိုလို့ သိပ်မရှိဘူးလေ"

သူ၏ ထူးခြားသော အတွေ့အကြုံ၊ ဗဟုသုတများ၊ ပညာရပ်များဖြင့် ဒိဗ္ဗ အံ့ဩသွားအောင် လုပ်နိုင်ခဲ့သည့်အကြိမ် ပေါင်း မနည်းတော့ပေပြီ။

ဒိဗ္ဗက ဆက်၍မေးသည်။

"ဝိဉာဉ်ခေါ် မှော်ပညာဆိုတာကိုကော ဒေါက်တာ သိသလား"

"လူသေကို အသက်ပြန်သွင်းတဲ့ မှော်ပညာ"

မည်သည့်ရည်ရွယ်ချက်ဖြင့် ဒိဗ္ဗ မေးနေသနည်းဟု

ဒေါက်တာပြည့်စုံ တွေးမိသည်။ စိတ်ထဲ၌လည်း ဘဝင်မကျမိပေ။

ဒိဗ္ဗသည် ခပ်ငေးငေးအမူအရာဖြင့် ရှေ့ဘက်သို့ ကြည့်ရင်း ပါးစပ်မှ ရေရွတ်လိုက်သည်။

"လူသေကို အသက်ပြန်သွင်းတဲ့ မှော်ပညာ"

. . . . . . . . . . .

အတန်ကြာမှ ဒိဗ္ဗက. . .

"အဲဒါက ဘယ်လိုဟာမျိုးလဲ ဒေါက်တာ"

"ဒါက နရဏီယောဂကျင့်စဉ်ရဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ ငှက်ပြာကျွန်းသားတချို့ကတော့ အဲဒီလိုလုပ်ရင် ဖြစ်နိုင်မယ်လို့ ယုံကြည်ကြတယ်၊ ဒါပေမယ့် ဘယ်လိုမှ မဖြစ်နိုင်တဲ့ အဓိပ္ပာယ်မရှိတဲ့ ကိစ္စတစ်ခုပါ"

"ကျွန်တော့်ကို ရှင်းပြပါ ဒေါက်တာ"

"ငှက်ပြာကျွန်းမှာ အကြာကြီးနေခဲ့ဖူးတဲ့ ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်က ပြောပြဖူးတယ်၊ သူကတော့ ကိုယ်တိုင် ကြုံခဲ့တယ်လို့တော့ ပြောတာပဲ၊ သေသွားတဲ့လူသေကို ပြန်ဖော်ပြီး မှော်ပညာနဲ့ အသက်ပြန်ရှင်စေတယ်၊ ဒါပေမယ့် မသိစိတ် လုံးဝမရှိတဲ့ လူသေအလောင်းတစ်ခုလိုပါပဲ၊ အဲဒီလူသေကို အသက်ရှင်စဉ်ကအတိုင်း လမ်းလျှောက်ခိုင်း၊ လုပ်ရှားခိုင်းတာပါပဲ"

ဒိဗ္ဗ၏မျက်နှာကြီးမှာ အံ့အားသင့်မှုကို လုံးဝ မဖုံးကွယ်နိုင်ဘဲ ဖြစ်သွားရသည်။



ဒိဗ္ဗကိုကြည့်၍ ဒေါက်တာပြည့်စုံ ကျေနပ်စွာပြုံးမိသည်။

"ဒါပေမယ့် ဒါတွေဟာ မဖြစ်နိုင်တာတွေ၊ အဓိပ္ပာယ်မဲ့တဲ့ဟာတွေပါလို့ ကျုပ် ပြောပြီးပြီပဲ၊ အယူသီးတဲ့ ရှုးသွပ်မှု တစ်မျိုးပါပဲ"

ဒိဗ္ဗ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း. . . ဒီအပိုင်းမှာတော့ ကျွန်တော် ဉာဏ်မမီနိုင်တော့ဘူး"

ဒိဗ္ဗ မျက်လုံးမှိတ်၍ စဉ်းစားနေပြီးမှ မျက်လုံး ပြန်ဖွင့်လိုက်သည်။

"ငှက်ပြာကျွန်းက လူတချို့ဟာ အဲဒီလို ဖြစ်နိုင်တယ်လို့ ယုံကြည်ကြတော့ အဲဒီလို ပြန်ရှင်လာတဲ့ လူသေအလောင်းကောင်ကို ဘယ်လိုအသုံးချကြသလဲ"

"အဲဒီ ဝိဇ္ဇာဥ်ခေါ် မှော်ပညာတတ်ထားတဲ့ ကျွန်းသားတချို့က မပုပ်မသိုးခင်မှာ လူသေကို သွားဖော်ကြတယ်၊ ပြီးတော့ အသက်ပြန်သွင်းပြီး ခိုင်းစေတာပါပဲ၊ ယာတောတွေမှာ အလုပ်ကြမ်းတွေကို ပြင်းပြင်းထန်ထန် ခိုင်းစေကြတယ်၊ နောက်တစ်ခုက အဲဒီလူသေအလောင်းကို သူတို့လိုတဲ့နေရာတွေမှာ မကောင်းမှုလုပ်ခိုင်းတဲ့ နေရာတွေကို အသုံးချတယ်လို့ သိရတယ်"

"သူတို့က ဘယ်လိုနည်းနဲ့ အသက်ပြန်ရှင်အောင် လုပ်ကြတာလဲ"

"ဒီအချက်ကတော့ ဘယ်သူမှ သိနိုင်မယ်မထင်ဘူး၊ ဒီကိစ္စက နရဏီယောဂကျင့်စဉ်နဲ့ ဝိညာဉ်ခေါ် မှော်ပညာရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ"

"ဒေါက်တာ့အနေနဲ့ သိအောင် လုပ်နိုင်ဖို့လိုတယ်"

ဒေါက်တာပြည့်စုံက ခေါင်းခါလျက် ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"လုံးဝလုပ်လို့ မရနိုင်ဘူး"

ဒီဗွကို ပြန်၍ကြည့်လိုက်သည်။

ဒီဗွ အတည်ပြောနေခြင်းဖြစ်ကြောင်း အခုမှပင် ဒေါက်တာပြည့်စုံ သိလိုက်ရသည်။

ဒီဗွက သူ့မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လိုက်ရင်းမှ. . .

"ဒါဆိုရင်တော့ ဒုက္ခပါပဲ၊ ခင်ဗျားကိုယ်တိုင်တောင် လုပ်လို့ မရနိုင်ဘူးဆိုရင်တော့ ကျွန်တော့်အနေနဲ့. . ."

"ခင်ဗျား အခုလို မေးနေတာ၊ ကိစ္စတစ်ခုရှိနေလို့လား"

"ရှိနေတယ်"

အတန်ကြာမျှ စကားမပြောဖြစ်ဆဲ ငြိမ်သွားကြသည်။



ဒေါက်တာပြည့်စုံက ထိုင်ခုံပေါ်၌ အေးဆေးတည်ငြိမ်စွာပင် ထိုင်၍နေသည်။ သူ့အနေဖြင့် ဤကိစ္စနှင့် ပတ်သက်၍ အရေးတကြီး ဖြစ်စရာအကြောင်း မရှိပေ။

ဒီဗွသည် ဤကိစ္စကို ဘာမျှသိသူ၊ နားလည်သူ မဟုတ်ပေ။

ထို့အတွက်ကြောင့် သူ့ထံမှ အကူအညီလိုမည်မှာ သေချာသည်။ ဤအတွက် ငွေများများစားစားရမည်ဖြစ်ကြောင်း ဒေါက်တာပြည့်စုံ အလိုလိုသိ၍နေသည်။

ဒီဗွတွင် မည်သည့်ရည်ရွယ်ချက်ရှိသနည်း။

ဒီဗွအနေဖြင့် မည်သို့ ကြံစည်နေလေသနည်း။

. . . . . ဒေါက်တာပြည့်စုံ ငြိမ်၍ တွေးနေမိသည်။

တစ်ခုခုတော့ ဖြစ်ခဲ့ရပေလိမ့်မည်။

နရဏီယောဂကျင့်စဉ်နှင့် ဝိညာဉ်ခေါ် မှော်ပညာရပ်နှင့်ပတ်သက်ပြီး လွန်ခဲ့သောညက တစ်စုံတစ်ဦးနှင့် ကြုံတွေ့ခဲ့ပေလိမ့်မည်။ ဤအကြောင်းအရာများနှင့် ပတ်သက်၍ ဒီဗွဘက်မှ ပြည့်စုံစွာ မပြောခဲ့ပါက ဂျူးဂျူးကို မေးရုံသာရှိသည်။

ဤအကြောင်းများကို ဂျူးဂျူးသိပေလိမ့်မည်။ ဂျူးဂျူးသည် ဒီဗွဘေး၌ အမြဲရှိနေတတ်သူဖြစ်၍ ဒီဗွနှင့် ပတ်သက်လာလျှင် သူမ မသိသည့် အရာဟူ၍ မရှိသလောက်ပင်။

ဒိဗ္ဗကိုယ်တိုင်လည်း တွေး၍နေပေသည်။

ဦးလှိုင်ဘွားဇံနှင့် ပတ်သက်၍ သူတစ်ဦးတည်း မည်သို့မျှ ဆောင်ရွက်နိုင်စွမ်းမရှိပေ။ ဒေါက်တာပြည့်စုံထံမှ အကူအညီရမှ ဖြစ်ပေမည်။ အကျိုးအကြောင်း ပြည့်စုံစွာ ရှင်းပြမှသာ ဒေါက်တာပြည့်စုံက ကူညီပေလိမ့်မည်။ ထိုသို့ ကူညီရန်အတွက် ထိုက်တန်သော ငွေကို ပေးရပေလိမ့်မည်။ ထိုအချက်ကို စဉ်းစားမိသောအခါ၌ ဒိဗ္ဗ စိတ်မချမ်းမသာ ဖြစ်သွားရသည်။

ဒိဗ္ဗကား အလွန်လောဘကြီးသူဖြစ်သည်။

တစ်ဦးကို တစ်ဦး ကြည့်လိုက်မိကြသည်။

ဒေါက်တာပြည့်စုံက. . .

"ကဲ. . . နောက်ထပ် ဘာအကြောင်းမှ မရှိတော့ရင် ကျုပ်ပြန်တော့မယ်၊ ကျုပ်. . . စာဖတ်စရာတွေရှိသေးတယ်"

ဒိဗ္ဗ သက်ပြင်းတစ်ချက် ချလိုက်သည်။

"သိပ်လဲ အရေးတကြီး မလုပ်ပါနဲ့ ဒေါက်တာ၊ ဒီကိစ္စကို ဒေါက်တာ ကူညီနိုင်ပါလိမ့်မယ်၊ ဒီအတွက် ဒေါက်တာ့ကို ငွေပေးပါ့မယ်"

ဒေါက်တာပြည့်စုံ ဖြည်းညင်းစွာ ပြုံးသည်။

"ကျုပ်ဘက်က တတ်နိုင်တာလောက်တော့ လုပ်ပေးပါ့မယ်"



ဒိဗ္ဗက ဦးလှိုင်ဘွားဇံ သူ့ထံသို့ ရောက်လာသည့်အကြောင်း ပြောပြသည်။ သို့သော် ဦးလှိုင်ဘွားဇံက ပေးမည့် ငွေသိန်းနှစ်ရာနှင့် တစ်ဆယ်အကြောင်းကိုမူ လုံးဝမပြောပေ။

ဒေါက်တာပြည့်စုံက. . .

"ခင်ဗျားဆီလာတဲ့ လူနဲ့ ပတ်သက်ပြီး ဒီဂျမ်းက စုံစမ်းပြီးပြီမဟုတ်လား"

ဒိဗ္ဗက လေသံခပ်ဆိုင်းဆိုင်းဖြင့်. . .

"ဟုတ်တယ် အဲဒီလူက ဦးလှိုင်ဘွားဇံပဲ"

ဒေါက်တာပြည့်စုံ မသိမသာ ပြုံးလိုက်ပြီး. . .

"အလံတစ်ရာ စက်မှုလုပ်ငန်းပိုင်ရှင် သူဌေးကြီး ဦးလှိုင်ဘွားဇံ မဟုတ်လား၊ အဲဒီလူကြီးက ချမ်းသာတဲ့လူပဲ"

"ဒေါက်တာ့ဆီက အကူအညီ ကျွန်တော် လိုချင်ပါတယ်၊ ဒါပေမယ့် အဲဒီလူကြီးက စိတ်မမှန်ဘူး၊ ဒါကိုကော ဒေါက်တာ သိရဲ့လား"

ဒေါက်တာပြည့်စုံက မျက်မှောင်ကြုတ်လျက်. . .

"ဒီအချက်က သေချာရဲ့လား"

ဒိဗ္ဗက ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်၊ စိတ်မမှန်တာ သေချာတယ်၊ ရူးသွပ်နေတယ်လို့တောင် ပြောလို့ရတယ်"

ဒေါက်တာပြည့်စုံ စဉ်းစားရ အတော်လေးခက်သွားသည်။ ထိုနေရာမှထ၍ အခန်းကျယ်ကြီးအတွင်း၌ လက်နှစ်ဖက်ကို နောက်ပစ်လျက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

ဒေါက်တာပြည့်စုံ ကိုယ်တိုင်လည်း စိတ်လှုပ်ရှား၍ နေပေသည်။ အတန်ကြာမှ ဒိဗ္ဗဘက်သို့လှည့်၍. . .

"ကောင်းပြီလေ၊ ကျုပ်ဘက်က ဘာလုပ်ပေးရမှာလဲ"

"နရဏီယောဂကျင့်စဉ်အကြောင်း ကောင်းကောင်းသိတဲ့ လူတစ်ယောက်ကို ရှာကြရမယ်၊ ဒါ ပထမခြေလှမ်းပဲ"

ဒေါက်တာပြည့်စုံ၏ မျက်လုံးများ တောက်ပြောင်၍လာသည်။

"အဲဒီကိစ္စအတွက် ကျုပ်က ဘယ်လောက်ရမှာလဲ"

ဒိဗ္ဗ လျင်မြန်စွာစဉ်းစားလိုက်သည်။ ဒေါက်တာပြည့်စုံသည် ပါးနပ်လွန်းသူဖြစ်ကြောင်း သူသိထားသည်။

"ခင်ဗျားအတွက် ဆယ်သိန်းပေးမယ်"

ဒေါက်တာပြည့်စုံ မသိမသာ ပြုံးလိုက်သည်။

"ငွေဆယ်သိန်းလောက်နဲ့တော့ ဒီအလုပ် လုပ်ဖို့ ကျုပ်စိတ်မဝင်စားဘူး၊ အခုအလုပ်က ခက်ခဲတဲ့အလုပ်မျိုးပဲ၊ ကျုပ်အသက်အရွယ် ကြီးလာပြီ၊ ငွေနည်းနည်းပါးပါးရတဲ့ အလုပ်မျိုး



မလုပ်ချင်တော့ဘူး၊ ဒီငွေလောက်နဲ့ ကျုပ်အလုပ် မလုပ်နိုင်ဘူး"

ဒိဗ္ဗ ဒေါသထွက်၍လာသည်။

"ခင်ဗျား တော်တော်လောဘကြီးတာပဲ"

"ဒီမှာ ဒိဗ္ဗ၊ ဒီအလုပ်ကို ခင်ဗျားတစ်ယောက်တည်း လုပ်လို့ လုံးဝမရဘူး၊ ဒီတော့ ရသင့်ရထိုက်တဲ့ ငွေကြေးကို မျှမျှတတ ပေးဖို့လိုတယ်"

ဒိဗ္ဗက ကျဉ်းမြောင်းသောမျက်လုံးအစုံဖြင့် စူးစူးဝါးဝါး စိုက်၍ကြည့်သည်။ ဒေါက်တာပြည့်စုံက ကြောက်ရွံ့တုန်လှုပ်ခြင်းအလျှင်းမဖြစ်မိပေ။

ဒိဗ္ဗက ဒေါသသံဖြင့်. . .

"ခင်ဗျားက ဘယ်လောက်အထိ လိုချင်လဲ"

"ခင်ဗျားရမယ့် ငွေရဲ့ သုံးပုံတစ်ပုံ ပေးရမယ်၊ ခင်ဗျားအတွက် ငွေများများစားစားရအောင် လုပ်ပေးရမယ့်အတွက် ကျုပ်လဲ ငွေများများရမှဖြစ်မယ်"

ဒိဗ္ဗ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။

"ခင်ဗျားမပါဘဲနဲ့ ကျုပ်တစ်ယောက်တည်းလဲ လုပ်နိုင်ပါတယ် ဒေါက်တာ မခက်ခဲပါဘူး"

ဒေါက်တာပြည့်စုံက ထိုင်ခုံ၌ ပြန်ထိုင်လိုက်သည်။

"ခင်ဗျားမလုပ်နိုင်ဘူး ဒိဗ္ဗ၊ ဒါပေမယ့် ခင်ဗျား ယုံကြည်

ရမယ့်လူက ကျုပ်တစ်ယောက်ပဲရှိတယ်"

ဒိဗ္ဗ ငြိမ်၍ စဉ်းစားနေပေသည်။

"ဒါဖြင့် ဒီဂျမ်းကို မယုံရဘူးလို့ ခင်ဗျားက ဆိုလိုတာလား"

"ဒီဂျမ်းနဲ့ ပတ်သက်လို့ ကျုပ် ဘာမှမသိဘူး၊ ကျုပ်အနေနဲ့ သိစရာလဲ မလိုအပ်ဘူး"

ဒိဗ္ဗသည် ဒေါက်တာပြည့်စုံကို အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေပေသည်။ ဒိဗ္ဗမှာ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြစ်နေသည်။ ဒေါက်တာပြည့်စုံ တောင်းသောငွေများကို ပေးရန်အတွက် နှမြောတွန့်တိုနေမိသည်။

ဒေါက်တာပြည့်စုံက စိတ်မပါလက်မပါ လေသံဖြင့်. . .

"သုံးပုံတစ်ပုံပေးဖို့ ခင်ဗျားသဘောတူရဲ့လား"

ဒိဗ္ဗက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကောင်းပြီလေ၊ ကျွန်တော်ပေးပါ့မယ်၊ ဒေါက်တာ ဘာတွေ စီစဉ်မှာလဲ"

"ကျုပ် ပြန်မယ်၊ နရဏီယောဂကျင့်စဉ်အကြောင်း ကျုပ်သေသေချာချာ မသိသေးဘူး၊ ဒီတော့ စာအုပ်စာတန်းတွေ ရှာဖွေပြီး ဖတ်ရဦးမယ်၊ ဒီနေ့ညအထိတော့ အချိန်ပေးမှဖြစ်မယ်"

ဒိဗ္ဗက. . .



"မနက်ဖြန်ညမှာ ဦးလှိုင်ဘွားဇံ ရောက်လာလိမ့်မယ်၊ ကျွန်တော်တို့ဘက်က အသင့်ဖြစ်နေဖို့လိုတယ်"

ဒေါက်တာပြည့်စုံ ထိုင်ခုံမှ ထ၍ ရပ်လိုက်သည်။

"ကျုပ်ဘက်က အသင့်ဖြစ်အောင်လုပ်ထားပါ့မယ်၊ ဒီကိစ္စဟာ ဘယ်အတိုင်းအတာထိ ဖြစ်လာနိုင်တယ်ဆိုတာကိုကော ခင်ဗျားသိရဲ့လား၊ ခင်ဗျားဘက်ကသာ ကြီးကြီးမားမား ကြံစည်နိုင်ရင် နောက်ထပ် ငွေအများကြီးရနိုင်သေးတယ်ဆိုတာကော သိရဲ့လား"

ဒိဗ္ဗနားမလည်။

ငွေရမည်ဆိုသည်ကိုတော့ ဒိဗ္ဗ သဘောကျသည်။

သို့သော် ဤအဘိုးကြီး မည်သည့် ရည်ရွယ်ချက်ဖြင့် ပြောနေလေသနည်းဟု တွေးနေမိသည်။ သူ့အနေဖြင့် မျှော်လင့်ထားသည့် အများဆုံး ငွေကြေးမှာ သိန်းနှစ်ရာနှင့် တစ်ဆယ်သာဖြစ်သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ ဒေါက်တာ"

"ဦးလှိုင်ဘွားဇံဟာ အရမ်းချမ်းသာတယ်၊ ရှူးနေတာ မှန်ရင်တော့ သူ့ဆီက ငွေအများကြီး ညှစ်ထုတ်လို့ရမှာ သေချာတယ်၊ ဒါပေမယ့် သတိထားပြီး လုပ်ရလိမ့်မယ်"

ဒိဗ္ဗက မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

ဒေါက်တာပြည့်စုံက ဆက်၍ပြောသည်။

"ဦးလှိုင်ဘွားဖံမှာ ကာကွယ်ထားတဲ့လူတွေ အများကြီ ရှိနေလိမ့်မယ်၊ သူ့ရဲ့ရုံးက ရှေ့နေတွေ၊ စာရင်းကိုင်တဲ့လူတွေ ရဲဘက်က ပုဂ္ဂိုလ်တွေ အားလုံးက သူ့ကို အကာအကွယ်ပေးထာ ကြမှာ သေချာတယ်၊ နောက်တစ်ခုက ဒီဂျမ်း ကျန်သေးတယ် သူကလဲ ဒီကိစ္စအကြောင်းသိသွားရင် သူနည်းသူ့ဟန်နဲ့ ကြိုးစာ လာလိမ့်မယ်၊ ရနိုင်တဲ့ငွေက မထင်မှတ်နိုင်လောက်အောင် မျာ လွန်းနေတယ်"

ဒိဗ္ဗ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်

"နေပါဦး ဒေါက်တာ၊ ခင်ဗျားက ဘာဖြစ်လို့ ဒီဂျမ် အကြောင်းကို ထည့်ပြီးပြောနေရတာလဲ၊ ဒီဂျမ်း ဆိုတာက ကျွန်တော် ခိုင်းတာလုပ်ရတဲ့အကောင်ပါ၊ ဒီကိစ္စက သူနဲ့ဘာမှ မဆိုင်ပါဘူး"

ဒေါက်တာပြည့်စုံက လျှို့ဝှက်စွာပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျား သတိထားရမယ့်လူက တခြားလူ မဟုတ်ဘူး၊ ဒီဂျမ်းပဲ၊ တစ်ချိန်ကျရင် သူက ခင်ဗျားကို အန္တရာယ်ပေးလာလိမ့်မယ်"

ဒိဗ္ဗ မလှုပ်မယှက်ဖြင့် ငြိမ်၍ နားထောင်နေမိသည်၊ စိတ်ထဲ၌ လှုပ်ရှား၍နေသည်။



ဒေါက်တာ ပြည့်စုံက တံခါးပေါက်သို့ လျှောက်၍သွားပြီးမှ နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ခင်ဗျား ဒီဂျမ်းကို ဘာမှ မပြောမိပါစေနဲ့ . . ."

***

အခန်း - ၆

ထင်းရှူးရိပ်သာ တည်းခိုခန်းရှေ့ရှိ ဘတ်(စ်)ကားမှတ်တိုင်၌ ယဉ်မာင်းသူ ဆင်းသည်။

လက်မှ နာရီကို ကြည့်လိုက်သည်။ နောက်ထပ် (၁၅) မိနစ်ခန့် စောင့်ရပေဦးမည်။ ကားမောင်းသူသည် ချိန်းထားသည့်အတိုင်း လာမှ လာပါ့မလားဟု တွေးမိသည်။

လွန်ခဲ့သည့် ညက အဖြစ်အပျက်များကို ပြန်၍ သတိရမိသည်။ အန္တရာယ်မှ လွတ်မြောက်လာနိုင်ခဲ့သဖြင့် သူမ ဝမ်းမြောက် ဂုဏ်ယူနေမိသည်။

အနီရောင်ဝတ်စုံနှင့် လူသည် ပစ်ကပ်ကားဖြင့် မြို့ထဲသို့



ဖြတ်၍ မောင်းနှင်သည်။ သူမက နောက်ခန်းရှိ ကော်ဇောအောက်၌ ဝပ်၍ ပုန်းအောင်းပြီး လိုက်ပါခဲ့သည်။ သူမကို တွေ့သွားလေမည်လားဟု တွေး၍ စိုးရိမ်မိသည်။

လမ်းကျဉ်းကလေးတစ်ခု၏ အိပ်ခန်းထဲ၌ ပြောဆိုနေသော စကားများကို ချောင်းနားထောင်၍ သူမ ကြားသိခဲ့ရသည်။ အံ့သြစရာကိစ္စရပ်များကို သူမ သိခွင့်ရခဲ့သည်။ ဤသို့သော အလုပ်မျိုးကို အခြားမိန်းကလေးများအနေဖြင့် လုပ်ဝံ့မည်မဟုတ်ပေ။ ယဉ်မင်းသူ အနေဖြင့်သာ မျက်ကန်းတစ္ဆေမကြောက် လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။

ဤလုပ်ငန်းအတွက် သူမအတွက် ထိုက်တန်သောငွေကို ကားမောင်းသူက ပေးခဲ့သည်။ ထိုငွေအတွက် သူမအနေဖြင့် စိတ်ထဲ၌ ကသိကအောက်ဖြစ်နေရသည်။ သူတစ်ကြိမ်မျှ မတွေ့ဖူး၊ မမြင်ဖူးသည့် လူစိမ်းတစ်ယောက်ထံမှ ငွေကို မယူသင့်ဟု စဉ်းစားမိသည်။

"သြော်. . . . ခင်ဗျားက အရင်ရောက်နေတာကိုး၊ ကျွန်တော်က ခင်ဗျားလာမှ လာပါ့မလားလို့ တွေးနေမိသေးတယ်"

နောက်ဘက်မှ ညင်သာသော အသံကြောင့် သူမ လှည့်ကြည့်လိုက်၏။

ကားမောင်းသူကို မြင်လိုက်ရသည်။ သူမ ကောင်းစွာ
မမှတ်မိပေ။ စပို့ရှပ်အဖြူနှင့် ဂျင်းဘောင်းဘီ နက်ပြာရောင်
ဝတ်ထားသည်။ ဆံပင်ရှည်အချို့က မျက်လုံးပေါ်၌ ဝဲ၍ ကျ
၏။

ခန္ဓာကိုယ်မှာ ပိန်ပိန်ပါးပါးဖြစ်ပြီး အသားဖြူသည်။

သို့သော် မျက်လုံးများက ခင်မင်ရင်းနှီးမှု ဖော်ရွေ
ကင်းသည့် အေးစက်သော မျက်လုံးမျိုးဖြစ်သည်။ အရာရာက
သံသယ ရှိနေသော မျက်လုံးမျိုးဟု သူမ ထင်မိသည်။

ကားမောင်းသူ လူရွယ်သည် လမ်းတစ်လျှောက် စု
ဆန်၍ ကြည့်လိုက်ပြီးမှ တစ်ဖက်ရှိ ကွင်းပြင်ဘက်သို့ မျက်နှာ
မူလိုက်သည်။

ကွင်းပြင်စပ်၌ သစ်ပင်ရိပ်များအောက်တွင် ခုံတန်းလျာ
များရှိသည်။

ကားမောင်းသူ လူရွယ်က. . .

"ကျွန်တော်တို့ ဟိုဘက်က ထိုင်ခုံမှာ ထိုင်ရင်း စကာ
ပြောကြတာပေါ့"

သစ်ပင်ရိပ်ရှိ ခုံတန်းလျားတစ်ခုပေါ်၌ ထိုင်လိုက်ကြ
သည်။ သူမက ကားမောင်းသူလူရွယ်နှင့် အနည်းငယ် ခွာ
ထိုင်သည်။



ကားမောင်းသူ လူရွယ်က. . .

"ခင်ဗျား အင်္ကျီနီနဲ့လူရဲ့ နောက်ကို လိုက်သွားတယ်
ဟုတ်လား"

"လိုက်သွားတယ်၊ ရှင်ဘယ်သူလဲဆိုတာ ကျွန်မကို ပြော
ဖို့ လိုလိမ့်မယ်"

"ကျွန်တော် ဘယ်သူ၊ ဘယ်ဝါဆိုတာ အရေးမကြီးပါ
ဘူး၊ ခင်ဗျားကို တန်ရာတန်ကြေး ပေးထားပြီးပြီပဲ"

ယဉ်မင်းသူက မဲ့ပြုံးတစ်ချက်ပြုံးသည်။ သူမ၏ လက်
ကိုင်အိတ်ကို ဖွင့်လျက် ငွေစက္ကူများကို ထုတ်လိုက်သည်။

"ဒီမှာ မနေ့က ရှင်ပေးခဲ့တဲ့ငွေ ပြန်ယူပါ"

ကားမောင်းသူ လူရွယ်က အံ့အားသင့်စွာ ကြည့်
လျက်. . .

"ဘာဖြစ်လို့လဲ ခင်ဗျား ငွေမလိုချင်လို့လား"

"ရှင့်ငွေကို ပြန်ယူပါ"

ကားမောင်းသူ လူရွယ်၏ မျက်လုံးများ ရုတ်တရက်
အေးစက်ကျဉ်းမြောင်း၍သွားသည်။

"ခင်ဗျား အင်္ကျီနီနဲ့လူရဲ့နောက်ကို လိုက်မသွားလို့လား၊
ကိုလာတာ ခင်ဗျား ငွေပြန်ပေးဖို့ လာတာလား"

"ကျွန်မ ရှင်ပြောတဲ့လူရဲ့နောက်ကို လိုက်သွားတယ်၊

ဒါပေမယ့် ရှင် ဘယ်သူဆိုတာပြောမှ ကျွန်မဘက်က ရှင်သိချ
တာတွေ ပြောပြနိုင်မယ်၊ အခုကိစ္စက မူမမှန်တဲ့၊ သဘာဝမဆ
တဲ့ ကိစ္စတစ်ခုပဲ၊ အင်္ကျီနဲ့လူကိုလဲ ကျွန်မ သဘောမကျဘူ

လူရွယ်၏ အနေအထားနှင့် ပုံစံကို ကြည့်၍ ယဉ်မင်းသ
အနေဖြင့် အန္တရာယ်ရှိနိုင်ကြောင်း သူမကိုယ် သူမ သတိပေ
နေမိသည်။ ထိုနေရာမှ ထ,၍ပြန်တော့မည်ဟု သူမ ဆုံးဖြ
လိုက်သည်။

ကားမောင်းသူ လူရွယ်က သက်ပြင်းတစ်ချက်ချလိုက
သည်။ ကွင်းပြင်ကျယ်ကြီးဘက်သို့ ငေးစိုက်၍ကြည့်ရင်း ပြေ
လိုက်သည်။

"ကျွန်တော့်နာမည်က 'တိုးမြင့်'ပါ။ အလံတစ်ရာ စက်
လုပ်ငန်းပိုင်ရှင် သူဌေးကြီး ဦးလှိုင်ဘွားဖံဆီမှာ အလုပ်လုပ်တယ
သူက အတော်ကြီးကို ချမ်းသာတယ်၊ သူ ဘယ်လောက်အထ
ချမ်းသာတယ်ဆိုတာတော့ မပြောတတ်ဘူး၊ သူ့မှာ အစ်ကိုတ
ယောက် ရှိတယ်၊ သူ့အစ်ကိုက ကျွန်တော့်ကို ကူညီခဲ့ဖူးတယ

"ဘယ်လို ကူညီခဲ့တာလဲ"

"သူ့အစ်ကိုရဲ့ နာမည်က ဦးလှိုင်ဌေးဖံလို့ ခေါ်တယ
ကျွန်တော် အလုပ်မရှိ၊ အကိုင်မရှိနဲ့ ဒုက္ခရောက်နေတုန်းမှ
ကျွန်တော့်ကို တွေ့သွားတယ်၊ ဦးလှိုင်ဌေးဖံက ကျွန်တော့်က



သူတို့အိမ်ခေါ်သွားတယ်၊ သူ့ညီကို အကျိုးအကြောင်း ပြောပြီး အိမ်မှာနေခိုင်းတယ်၊ ပြီးတော့ သူတို့က ကျွန်တော့်ကို ကားမောင်း သင်တန်းတစ်ခုတက်ခိုင်းတယ်၊ အဲဒီနောက်ပိုင်းမှာ ကျွန်တော်က သူတို့ရဲ့ ကားမောင်းသမားအဖြစ် နေလာခဲ့တယ်၊ ဦးလှိုင်ဌေးဖံက ကျွန်တော့်အပေါ်မှာ အမြဲကောင်းခဲ့တဲ့ လူကြီးတစ်ယောက်ပါ"

ယဉ်မင်းသူက. . .

"အခု အဲဒီအိမ်မှာ သူ မရှိတော့ဘူးလား"

တိုးမြင့်၏ မျက်လုံးထဲ၌ ဝမ်းနည်းသော အရိပ်အငွေ့များ ပေါ်၍ လာသည်။ လေသံ ခပ်တိုးတိုးဖြင့်. . .

"အခု သူ မရှိတော့ဘူး၊ သေသွားရှာပါပြီ၊ လွန်ခဲ့တဲ့ လေးလကျော်ကျော်က သေသွားပြီ၊ သူက ကောင်းကောင်း မသန်မာဘူး၊ နမိုးနီးယားနဲ့ သေသွားရှာတာ. . ."

ထို့နောက် တိုးမြင့်က လေသံခပ်ဆိုင်းဆိုင်းဖြင့် ဆက်၍ ပြောသည်။

"ဦးလှိုင်ဌေးဖံ သေသွားတော့ သူ့ညီ ဦးလှိုင်ဘွားဖံဟာ မနေတတ်အောင် ဖြစ်သွားတယ်၊ သူတို့ ညီအစ်ကိုနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် အင်မတန် ချစ်ကြတယ်"

ယဉ်မင်းသူ ငြိမ်၍ နားထောင်နေသည်။

"ဦးလှိုင်ဘွားဖံ စိတ်တော်တော် ထိခိုက်သွားတယ်၊ သူ့စိတ်က နဂိုပုံမှန်အတိုင်း မဟုတ်တော့ဘူး၊ အေးအေးဆေးဆေး နေတယ်၊ ပုံမှန်အတိုင်း စားသောက်တယ်၊ ဒါပေမယ့် ဘယ်ကိုမှ မထွက်ဘဲ အိမ်ထဲမှာပဲ နေတော့တယ်၊ သူ့အစ်ကို သေပြီးတဲ့နောက်ပိုင်းမှာ မနွေ့ညက အပြင်ကို ပထမဆုံးထွက်တာပဲ၊ သူက ဘာဖြစ်လို့ ဥသျှစ်ဈေးကို သွားရတာလဲ မသိဘူး"

ယဉ်မင်းသူက မျက်မှောင်ကြုတ်လျက်. . .

"ကျွန်မ သဘောမပေါက်ဘူး၊ ပြန်ပြီး ရှင်းပြပါဦး"

တိုးမြင့်က ဦးလှိုင်ဘွားဖံနှင့်အတူ ဥသျှစ်ဈေးသို့ သွားသည့်အကြောင်း၊ မြကတ္တီပါကလပ်အကြောင်းများကို ရှင်းပြသည်။

"ဦးလှိုင်ဘွားဖံက မြကတ္တီပါကလပ်ကို ဘာဖြစ်လို့ သွားချင်ရတာလဲ၊ သူစုံစမ်းနေတဲ့ ဒိဗ္ဗဆိုတာကကော ဘယ်လိုလူစားမျိုးလဲ၊ ဦးလှိုင်ဘွားဖံအတွက် ကျွန်တော် စိတ်ပူနေမိတယ်"

"အဲဒီကိစ္စက ရှင်နဲ့ မဆိုင်ပါဘူး"

"ကျွန်တော်နဲ့ဆိုင်တယ်၊ သူတို့ညီအစ်ကိုနှစ်ယောက်လုံးက ကျွန်တော့်အပေါ် ကောင်းခဲ့ကြတယ်၊ ဒီအချိန်မှာ ကျွန်တော့်အနေနဲ့ သူတို့ကို တတ်နိုင်သလောက် ကျေးဇူးပြန်ဆပ်ရလိမ့်မယ်၊ ဒါ ကျွန်တော့်ဘက်က တာဝန်ပဲ၊ ဦးလှိုင်ဘွားဖံက စိတ်ထိခိုက်ပြီး ကောင်းကောင်းနေမကောင်းဘူး၊ စိတ်မမှန်ဘူး၊ သူ့ကိုယ်သူ ဘာတွေလုပ်မိတယ်ဆိုတာတောင် သိချင်မှ သိလိမ့်မယ်၊ သူ ဘယ်လောက်အထိ ချမ်းသာတယ်ဆိုတာ ကျွန်တော် ကိုယ်တိုင်တောင် ခန့်မှန်းလို့မရဘူး၊ ဒီတော့ သူ့အတွက် ကျွန်တော်ကာကွယ်ပေးရလိမ့်မယ်"

တိုးမြင့်၏ ကျေးဇူးသိတတ်သော စိတ်ဓာတ်ကို ယဉ်မင်းသူ လေးစားသွားမိသည်။



တိုးမြင့်က. . .

"ဦးလှိုင်ဘွားဖံ အင်မတန် ချမ်းသာတယ်ဆိုတာ သူတို့သိသွားရင် မကောင်းဘူး"

"သူတို့ဆိုတာက ဘယ်သူတွေကို ရှင်ပြောတာလဲ"

တိုးမြင့်က စိတ်ပူပင်သံဖြင့်. . .

"ဒိဗ္ဗလို့ ခေါ်တဲ့လူနဲ့ ဟို. . . အကျီအနီဝတ်တဲ့လူ နှစ်ယောက်ကိုပြောတာ"

"ဟုတ်သားပဲ၊ အဲဒီလူတွေကို ကျွန်မ မေ့သွားမိတယ်"

"မနွေ့ညက ခင်ဗျား တစ်ခုခုသိလာတယ် မဟုတ်လား"

ယဉ်မင်းသူက ယမန်နေ့ညက သူမ ကြုံတွေ့ခဲ့ရပုံများကို ပြန်၍ ရှင်းပြလိုက်သည်။

အကျီနီနှင့် လူ၏ ပစ်ကပ်ကားနောက်မှ သူမ လိုက်ပါ

သွားပုံ. . .

ဒီဂျမ်း ကားဟွန်းသံ နှစ်ချက်ပေး၍ ကားရုံထဲသို့ မောင်းဝင်သွားသည်။ ဂျူးဂျူးနှင့် တွေ့ရန် သွားခြင်းဖြစ်သည်။ ဒီဂျမ်းနှင့် ဂျူးဂျူးတို့ စကားပြောကြပုံများ၊ သူမ ချောင်း၍ နားထောင်ခဲ့သည်များ. . . ထို့နောက် သူမပြန်လာခဲ့ပုံများ. . .

တိုးမြင့်က သူမကို ချီးကျူးသော အကြည့်ဖြင့် ကြည့်သည်။

"ခင်ဗျား ဒါလောက်အထိ တော်လိမ့်မယ်လို့ ကျွန်တော် မထင်မိဘူး"

"ကျွန်မကတော့ ဒီလိုအလုပ်မျိုး ထပ်မလုပ်ချင်တော့ဘူး"

"ဟို. . . အမျိုးသမီးကိုကော ခင်ဗျား မြင်မိသေးလား"

"ဟင့်အင်း. . . မမြင်ရဘူး၊ သူ့နာမည်က ဂျူးဂျူးလို့ ခေါ်တာပဲ ကြားတယ်"

"ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ အများကြီး ကျန်ပါသေးတယ်၊ ကျွန်တော် ခင်ဗျားဆီက အကူအညီလိုတယ်၊ ဒီအတွက် ခင်ဗျားကို ထိုက်တန်တဲ့ အခကြေးငွေပေးပါ့မယ်၊ ခင်ဗျားပြန်ပေးတဲ့ ငွေကို ယူပါ၊ ဒီငွေဟာ ခင်ဗျားအတွက် ရသင့်ရထိုက်တဲ့ ငွေပါ၊ ခင်ဗျားရဲ့ အိတ်ထဲ ပြန်ထည့်ထားပါ"



သူမက ငွေစက္ကူများကို ယူ၍ လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်သည်။

တိုးမြင့်က ခေတ္တမျှ စဉ်းစားလိုက်ပြီး. . .

"မြကတ္တီပါကလပ်ထဲမှာ ကျွန်တော်တို့ရဲ့ လူတစ်ယောက်လောက် အလုပ်တာဝန်တစ်ခုခုနဲ့ ရှိနေစေချင်တယ်၊ ခင်ဗျား အဲဒီလိုလုပ်ပေးနိုင်ပါ့မလား"

ယဉ်မင်းသူ ထိတ်လန့်၍သွားသည်။

"မြကတ္တီပါကလပ်ထဲမှာ ဟုတ်လား၊ ကျွန်မက ဘယ်လိုအလုပ်မျိုး သွားလုပ်ရဦးမှာလဲ"

"ခင်ဗျား လုပ်နိုင်ပါလိမ့်မယ်၊ သူတို့ဆီမှာ အလုပ်သမားတွေ ဘာတွေလိုချင်လိုနိုင်တယ်၊ ခင်ဗျား စုံစမ်းကြည့်ပါ"

ယဉ်မင်းသူက ခေါင်းခါလိုက်သည်။

"ကလပ်ထဲကို ကျွန်မအနေနဲ့ ဝင်ဖို့မလွယ်ဘူး၊ အသင်းဝင်မဟုတ်ရင် သူတို့က ခင်ခွင့်ပြုမှာမဟုတ်ဘူး၊ ကျွန်မကို ကလပ်ထဲမှာ အလုပ်တစ်ခုခု လုပ်စေချင်တယ်ဆိုရင် ရှင်ကိုယ်တိုင် ကူညီမှ ဖြစ်လိမ့်မယ်၊ ကျွန်မ တစ်ယောက်တည်းနဲ့တော့ ဘယ်လိုမှ မတတ်နိုင်ဘူး"

ယဉ်မင်းသူမှာ စိတ်ထဲ၌ ရှုပ်ထွေး၍နေသည်။

ရှက်ကြောက်၍လည်း နေမိသည်။

တိုးမြင့်က မှတ်စုစာအုပ်အသေးလေး တစ်အုပ်ကို ထုတ်လိုက်သည်။

"ခင်ဗျားရဲ့ လိပ်စာကို ပြောပါ"

သူမက လိပ်စာနှင့် ဖုန်းနံပါတ်ကို ပေးလိုက်သည်။

"ကောင်းပါပြီ၊ ကျွန်တော်ပဲ ဒီကိစ္စ ဖြစ်နိုင်၊ မဖြစ်နိုင် စုံစမ်းကြည့်လိုက်မယ်၊ ခင်ဗျားဆီကို ကျွန်တော်လာလို့ ခင်ဗျားကို မတွေ့ရင်လဲ စာတစ်စောင်ရေးထားခဲ့ပါ့မယ်"

တိုးမြင့်က ထိုင်ခုံမှ ထ၍ရပ်သည်။

"ကျွန်တော် ပြန်လိုက်ဦးမယ်"

ယဉ်မင်းသူလည်း ထိုင်နေရာမှ ထ,၍ရပ်လိုက်သည်။

"ရှင့်ဆီက အကျိုးအကြောင်း ဘယ်တော့လောက် သိနိုင်မလဲ"

တိုးမြင့်က ခေါင်းညိတ်လိုက်ပြီး. . .

"သိပ်မကြာပါဘူး"

တိုးမြင့်က လက်ဝှေ့ယမ်း၍ ပြလိုက်ပြီး ရှေ့မှ ခပ်သွက် သွက် လျှောက်၍ ထွက်သွားသည်။

ယဉ်မင်းသူ ရပ်၍ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

* * *

## အခန်း - ၄

နေ့လယ် တစ်နာရီခွဲ။

ဒေါက်တာပြည့်စုံသည် အငှားကားပေါ်မှဆင်း၍ ကားခ ရှင်းပေးလိုက်သည်။ ရှေ့ဘက်ရှိ လမ်းသွယ်လေးတစ်ခုထဲသို့ ခပ်သွက်သွက်လျှောက်၍ ဝင်လာသည်။

လမ်း၏ အဆုံးဘက်၌ ခပ်နွမ်းနွမ်း အဆောက်အအုံများ ရှိသည်။ ဒေါက်တာပြည့်စုံသည် ခြံဝင်းအတွင်းမှ ဖြတ်၍ လျှောက်လာသည်။ အပေါက်တည့်တည့်၌ ရှိသည့် အဆောက် အအုံတစ်ခုထဲသို့ ဝင်လာသည်။

ဓာတ်လှေကားအိမ်အတွင်းသို့ ဝင်၍ ခလုတ်ကို နှိပ် လိုက်သည်။ အပေါ်ဆုံးထပ်၌ ဓာတ်လှေကား ရပ်တန့်သွားသည်။

အစိမ်းရောင်သုတ်ထားသည့် တံခါးပေါ်၌ ကြေးဝါပြား

ပေါ်တွင် 'ထွန်းထက်'ဟူသော အမည်ကို တွင်း၍ရေးပြီး ကပ်ထားသည်။

ဒေါက်တာပြည့်စုံက လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

ထွန်းထက်က တံခါးလာ၍ဖွင့်ပေးသည်။

သူသည် အရပ်မြင့်၍ ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်သူတစ်ဦးဖြစ်သည်။ သူ၏ မျက်လုံးများမှာ မှိုင်းမှုန်၍နေသည်။ အိပ်မက် မက်နေရာမှ နိုးထလာသည့် မျက်လုံးမျိုးဖြစ်သည်။

ထွန်းထက်၏ အခန်းမှာ ကျယ်ဝန်းသော အခန်းကြီးဖြစ်သည်။ အပေါ်ပြတင်းပေါက်များမှ ကြည့်လိုက်လျှင် အောက်ဘက်ရှိ ရပ်ကွက်တစ်ခုလုံးကို အပေါ်စီးမှ မြင်တွေ့နိုင်ပေသည်။

အခန်းနံရံတစ်ခု၏ အနီး၌ မဟော်ဂနီရောင် တောက်နေသည့် စန္ဒရားကြီး တစ်လုံးရှိသည်။ နံရံ၌ စာအုပ်များ သပ်ရပ်စွာစီ၍ ထပ်ထားသည်။ အခန်း၏ ထောင့်ဘက်တစ်နေရာ၌ ဒရမ်ဆက်တစ်စုံ ရှိသည်။

ဒေါက်တာပြည့်စုံက အခန်းတွင်းသို့ ဝင်လာသည်။

"မင်းနဲ့ ငါ စကားပြောစရာရှိတယ်"

ထွန်းထက်က တံခါးပြန်ပိတ်လိုက်သည်။

"ကျွန်တော်လဲ ဒေါက်တာ့ကို စောင့်နေတာပဲ"



ဧည့်ခန်းထဲရှိ ဆက်တီခုံများပေါ်၌ ထိုင်လိုက်ကြသည်။

ဒေါက်တာပြည့်စုံက လက်နှစ်ဖက်ကို ယှက်၍ထားရင်းမှ ပြောသည်။

"မင်းကို ငွေများများစားစားရနိုင်မယ့်ကိစ္စတစ်ခု ပြောမလို့"

"ပြောပါ၊ ဒါ. . . စိတ်ဝင်စားစရာကိစ္စတစ်ခုပဲ"

"နရဏီယောဂကျင့်စဉ်အကြောင်း ပြည့်ပြည့်စုံစုံ သိချင်တဲ့ လူတစ်ယောက်ရှိတယ်၊ သူက ငွေအများကြီး ထုတ်ပေးနိုင်တယ်၊ မင်းက ဒီအတွက် ကူညီရင် မင်းအတွက်လဲ အဆင်ပြေနိုင်တယ်"

ထွန်းထက်က မျက်ခုံးအစုံ မသိမသာ တွန့်လိုက်ပြီး. . .

"နရဏီယောဂကျင့်စဉ် ဟုတ်လား၊ ဒီအကြောင်းတွေ ကျွန်တော် သိနေနိုင်တယ်လို့ ခင်ဗျားက ဘယ်လိုကြောင့် ထင်ထားရတာလဲ"

"ထင်တယ်တော့ မဟုတ်ဘူး၊ ဒီကျင့်စဉ်အကြောင်း ငါ ရှာဖွေပြီး ဖတ်ထားပြီးပြီ၊ ဒီကိစ္စက ၄က်ပြာကျွန်းက လူတချို့ရဲ့ အယူသီးတဲ့ကိစ္စ၊ အစွဲအလမ်းကြီးတဲ့ ကိစ္စတစ်ခုပါပဲ၊ ဟိုးတုန်းက လူတွေရဲ့ ယုံကြည်ချက်တစ်ခုပါ၊ မင်းက စဉ်းစား ဆင်ခြင်ဉာဏ်ရှိတယ်၊ ပါးနပ်လိမ္မာတယ်၊ အခု မင်းအနေနဲ့ ဒီကိစ္စ

အတွက် ကျွမ်းကျင်တဲ့ လူတစ်ယောက်အဖြစ် ဟန်ဆောင်ရမ
မင်းအတွက် ငွေဆယ်သိန်းပေးမယ်"

ထွန်းထက်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကောင်းပြီ၊ ကျွန်တော့်ဘက်က ဘယ်လို လုပ်ပေးရ
လဲ"

"မင်းကို ငါ သင်ပေးထားပါ့မယ်၊ ရိုးရိုးစင်းစင်းနဲ့ လွ
လွယ်လေးတွေပါ၊ မင်းကို တော်တယ်၊ တတ်ကျွမ်းတယ်လို့ ထ
သွားအောင် ယုံကြည်လာအောင် လှည့်စားချက် နှစ်ခု၊ သုံ
လောက် လုပ်ပြရုံပဲ၊ ဒီနေ့ညမှာ ဒီဗွနဲ့ ငါ အသေးစိတ်ဆွေး
မယ်၊ ဒီကိစ္စကို မင်းကိုယ်တိုင် စိတ်ပါလက်ပါနဲ့ လုပ်မလား
တာ တစ်ချက်ပဲ တိတိကျကျသိချင်တယ်"

"ဒီလောက်အထိ လွယ်နိုင်ပါ့မလား"

"အဲဒီလူဘက်က ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ သိ
အောင် အခြေအနေကိုကြည့်ရဦးမယ်၊ ဒါပေမယ့် ဆန်းပြား
ကိစ္စမျိုးတော့ မဖြစ်နိုင်ဘူး၊ အဲဒီလူက သိပ်ပြီး စိတ်မနံ့ဘူး"

ထွန်းထက်က ပုံမှန်လေသံဖြင့် မေးသည်။

"ခင်ဗျားကကော နရဏီယောဂကျင့်စဉ်ကို မယုံကြ
ဘူးလား"

ဒေါက်တာပြည့်စုံက ရယ်မောလိုက်သည်။



"မင်းကိုယ်တိုင်ကကော ယုံကြည်လို့လား"

"ကျွန်တော်နေခဲ့တဲ့ ၄က်ပြာကျွန်းမှာရှိတဲ့ လူတွေက
တော့ ယုံကြည်ကြတယ်၊ အခုကိစ္စကို ဒီဗွနဲ့ ကျွန်တော်တို့ ဒီည
မှာ ပြောကြမှာ မဟုတ်လား"

ဒေါက်တာပြည့်စုံက ထွန်းထက်ကို စူးစိုက်၍ကြည့်
လျက် ပွင့်လင်းစွာပင်ပြောသည်။

"ဟုတ်တယ် ထွန်းထက်၊ ဒါပေမယ့် အခက်အခဲတွေ
ရှိနိုင်တယ်လို့တော့ ငါထင်တယ်။ မင်းကကော ငါ့ကို ကူညီမှာ
လား"

ထွန်းထက် ခေါင်းညိတ်လိုက်သည်။

"ဒေါက်တာ့ဘက်က ငွေဆယ်သိန်း တကယ်ပေးမယ်
ဆိုရင် ကျွန်တော့်ဘက်က ငြင်းစရာအကြောင်း လုံးဝမရှိပါဘူး"

ဒေါက်တာပြည့်စုံ ထိုင်ရာမှ ထလိုက်သည်။

တံခါးပေါက်သို့ လျှောက်၍ သွားရင်းမှ. . .

"ဒီညမှာ ဒီကိစ္စကို အပြီးစီစဉ်ကြမယ်"

"ကောင်းပါပြီ၊ ကျွန်တော်တို့ ညကျမှ ထပ်တွေ့ကြတာ
ပေါ့"

ဒေါက်တာပြည့်စုံ အခန်းတံခါး ဖွင့်၍ အပြင်သို့ ထွက်
ခွာသွားသည်။

ထွန်းထက်တစ်ဦးတည်း ခေါင်းတညိတ်ညိတ်ဖြင့် စ
စားရင်း ကျန်ရစ်ခဲ့သည်။

***

ရတနာလမ်း၊ အိမ်အမှတ် ၂၆၇။

ဝင်းထရံ ကာထားသည့် အိမ်ရှေ့တံခါးပေါက်
ကျောက်သားလှေကားထစ်များမှ တက်၍သွားရသည်။

အိမ်ရှင်ဖြစ်သူမှာ ဦးမိုးကောင်း ဖြစ်သည်။ အိမ်ကြီးတ
သီးသန့်အခန်းများ ခွဲ၍ထားပြီး အငှားချထားသည်။ သူ၏ အ
၌ အမြဲတမ်းနေထိုင်သူ ငါးဦးရှိသည်။ ထိုလူငါးဦးထဲ၌ ယဉ်မ
သူလည်း ပါဝင်ပေသည်။

ဦးမိုးကောင်းသည် သူ၏ အိမ်ကြီး၌ ငှားရမ်း၍နေထ
သူ အားလုံးအပေါ်၌ စိတ်ဝင်စားသူ ဖြစ်သည်။ အထူးသဖ
ယဉ်မင်းသူအပေါ်၌ ပို၍ ဦးစားပေးသည်။ ယဉ်မင်းသူသ
အသက်အရွယ်ငယ်၍ ချောမောလှပသူ၊ စိတ် သဘောထ
ဖြူစင်သူ၊ ရိုးသားတည်ကြည်မှုရှိသူဖြစ်၍ သူမအပေါ်၌ ဦး
ကောင်းက ပို၍ ဂရုစိုက်မိခြင်း ဖြစ်သည်။

ဦးမိုးကောင်းသည် အသက် (၅၇) နှစ်ခန့်ရှိပြီး တစ်ကို
တည်းနေထိုင်သူ ဖြစ်သည်။ ခန္ဓာကိုယ်မှာ ဝဝတုတ်ကုတ်ဖြ



နံနက်တိုင်း ဈေးဝယ်ထွက်လေ့ရှိသည်။ ကျန်အချိန်များ၌
မ်ထဲ၌သာ နေလေ့ရှိသူ ဖြစ်သည်။

ထို့ပြင် သူသည် လွန်စွာ စပ်စုတတ်သူတစ်ဦး ဖြစ်
ည်။

ယဉ်မင်းသူထံသို့လာသော စာများကို ရေနွေးငွေ့ပေး
ဖွင့်ဖတ်ပြီး ယဉ်မင်းသူနှင့် ပတ်သက်သည့် အကြောင်းများ
စပ်စုလာခဲ့သည်။

ထို့ပြင် သူမကို အလုပ်မှ နုတ်ပယ်လိုက်ကြောင်း
ကြောင်းကြားစာကိုလည်း စာအိတ်ကို ခိုးဖွင့်၍ ဖတ်ကြည့်ပြီး
ထားသည်။ အလုပ်မရှိလျှင် ဤကလေးမအနေဖြင့် မည်သို့
တည်နိုင်မည်နည်းဟု ဦးမိုးကောင်းရင်ထဲမှ ထပ်တလဲလဲ မေး
မိသည်။

လွန်ခဲ့သောညက သူမ အိမ်အပြန်နောက်ကျသည်။

အလုပ်မှ သူမ နုတ်ထွက်ခဲ့ခြင်းပင်လေလော။

သို့သော် ယဉ်မင်းသူ၏ အမူအရာမှာ ထူးခြားစွာ
င်းလဲခြင်း မရှိပေ။

အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းသံ မြည်လာ၏။

ဦးမိုးကောင်း ထ၍ တံခါးဖွင့်သည်။

လှေကားထိပ်၌ ဆံပင်ရှည်ရှည်နှင့် လူရွယ်တစ်ဦး

ရပ်၍နေသည်ကို မြင်လိုက်ရသည်။

လူရွယ်ဖြစ်သူက. . .

"ဒီအိမ်မှာ ယဉ်မင်းသူ နေပါသလား"

"နေတယ်၊ ဒါပေမယ့် သူ အခု အပြင်ကို ထွက်သွားပြီ"

လူရွယ်က သူ၏ အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူ၍ ဦးမိုးကောင်းအား လှမ်းပေးလိုက်သည်။

"ယဉ်မင်းသူ ပြန်လာရင် ဒီစာကို ချက်ချင်းပေးလိုက်ပါ"

ဦးမိုးကောင်းက စာအိတ်ကို ယူ၍ တံခါးပိတ်ရန် ပြင်လိုက်သည်။

လူရွယ်က ဦးမိုးကောင်းကို မယုံသင်္ကာဟန်အကြည့်မျိုးဖြင့် ကြည့်သည်။

"စာအိတ်ကိုတော့ ဖွင့်မကြည့်ပါနဲ့၊ စပ်စုတတ်တဲ့ လူတွေ စာအိတ်ကို ဘယ်လို ဖွင့်တတ်ကြတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိတယ်"

ထိုသို့ပြောပြီးသည်နှင့် လူရွယ်က လှေကားမှ အောက်ဘက်သို့ ခပ်သွက်သွက် ဆင်း၍သွားသည်။

ဦးမိုးကောင်းမှာ ဘာမျှ ပြန်မပြောနိုင်ဘဲ ငေး၍ ကျန်



သည်။ ထို့နောက် ဦးမိုးကောင်းသည် စာအိတ်ကို ကိုင်လျက် းကန်သော ခြေလှမ်းများဖြင့် မီးဖိုဆောင်အတွင်းသို့ ဝင်လာ သည်။

စာအိတ်ကို အတန်ကြာမျှ ထူးဆန်းသလို စိုက်၍ကြည့် မိသည်။

ရင်ထဲ၌လည်း စပ်စုလိုစိတ်၊ သိလိုစိတ်များ တဖွားဖွား ပေါ်လာမိသည်။ ယဉ်မင်းသူနှင့် ပတ်သက်သောကိစ္စရပ်များ ရန်မှာ သူ၏ တာဝန်တစ်ခုဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။

ဆံပင်ရှည်ရှည်နှင့် လူရွယ်မှာ မည်သူဖြစ်သနည်း။

ယဉ်မင်းသူနှင့် မည်သို့ ပတ်သက်လေသနည်း။

သို့နှင့်ပင်. . .

ဦးမိုးကောင်းသည် စာအိတ်ကို ရေနွေးငွေ့ပေး၍ သတိ ကြာထားပြီး ဖွင့်သည်။

စာအိတ်ထဲမှ စာကို ဆွဲထုတ်၍ ကြည့်လိုက်သည်။

. . . . . . . . . . . . .

အမှတ် (၃၆)(ခ)၊ စံပယ်မြိုင်လမ်း၊ ဒုတိယထပ်မှာ န်းချစ်ရဲ့ အထွေထွေအေဂျင်စီ ရှိတယ်၊ အဲဒီနေရာကို သွား ာဆန်းချစ်က အလုပ်တစ်နေရာ ရှာပေးလိမ့်မယ်။

တိုးမြင့်

. . . . . . . . . . . . .

စာကို ပြန်၍ စာအိတ်ထဲသို့ ထည့်သည်။ သေချာစွာ ပိတ်သည်။

ဧည့်ခန်းမဆောင်ကြီးအတွင်းရှိ စာအိတ်များထားသည့် စင်ကလေးပေါ်သို့ သွား၍ တင်ထားလိုက်သည်။

ထို့နောက် ဦးမိုးကောင်း မီးဖိုဆောင်ထဲသို့ ပြန်ဝင်လာသည်။

ရေခဲသေတ္တာထဲမှ အအေးဘူးတစ်ဘူး ထုတ်ယူ၍ ဖွင့်လိုက်သည်။ ထိုအချိန်မှာပင် အိမ်ရှေ့ဘက်မှ တံခါးပွင့်သွားသံနှင့်အတူ ယဉ်မင်းသူ၏ ပေါ့ပါးသွက်လက်သော ခြေသံကို ကြားလိုက်ရသည်။

ဦးမိုးကောင်း သူ၏ ရင်ဘတ်ကို လက်ဖြင့်ဖိလိုက်ပြီး. .

"အမယ်လေး တော်ပါသေးရဲ့၊ အချိန်မီရုံကလေးပဲ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ အတော်ကြီး သတိထားမှ ဖြစ်မယ်။ ယဉ်မင်းသူသာ အိမ်ကို ငါးမိနစ်လောက် စောရောက်လာခဲ့ရင်တော့ ငါ့အပေါ်မှာ တစ်မျိုးမြင်သွားမှာ သေချာတယ်"

ယဉ်မင်းသူ စာများတင်ထားသော စင်ကလေးပေါ်မှ သူမ၏ စာအိတ်ကို ကောက်ယူလိုက်သည်။ လှေကားအတိုင်း သူမ၏ အခန်းသို့ တက်၍သွားသည်။



အခန်းထဲ၌ စာကို သေချာစွာဖတ်ရှုကြည့်သည်။

ဤစာအတိုင်းဆိုလျှင်. . .

ဘဆန်းချစ်၏ အထွေထွေအေဂျင်စီသို့သွားလျှင် မြ[illegible]ကတ္တိပါကလပ်၌ အလုပ်ရမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း သူမ [illegible]တွေးမိသည်။

ရှပ်အင်္ကျီအနီ ဝတ်ဆင်ထားသူ လူတစ်ဦး. . ။

စွဲမက်ဖွယ်အသံရှင် ဂျူးဂျူး။

ဒိဗ္ဗဆိုသော လူကြီးတစ်ဦး။

ပြီးတော့ သူဌေးကြီး ဦးလှိုင်ဘွားဇံ။

သေဆုံးသွားပြီဖြစ်သည့် ဦးလှိုင်ဌေးဇံ။

သူမကို ယာယီ အလုပ်အကိုင်ပေးထားသည့် တိုးမြင့်။

ထိုလူများကို မေ့ဖျောက်ပစ်လျှင် ကောင်းမည်လေ[illegible]ား။

ဘဆန်းချစ်၏ အထွေထွေအေဂျင်စီသို့ သူမအနေဖြင့် [illegible]ားသင့်လေသလားဟု အထပ်ထပ် အပြန်ပြန် စဉ်းစားနေမိ[illegible]ည်။

နောက်ဆုံး၌ ဘဆန်းချစ်၏ အထွေထွေ အေဂျင်စီ[illegible] သွားရန် ဆုံးဖြတ်လိုက်သည်။

* * *

အခန်း - ၈

ဘဆန်းချစ်၏ အထွေထွေအေဂျင်စီမှာ ဒုတိယမြောက် အထပ်တွင် ရှိသည်။

'စုံစမ်းရန်'ဟု ရေးထားသည့် တံခါးကို တွန်းဖွင့်လိုက်၏။

အသက်ငါးဆယ်ခန့် အရွယ်၊ ပိန်ပိန်ပါးပါးနှင့် လူတစ်ဦးကို သူမ တွေ့လိုက်ရသည်။

ထိုလူက သူမကို စားပွဲ၌ ထိုင်နေရာမှ မော့ကြည့်လိုက်သည်။

"ငါ့နာမည် ဘဆန်းချစ်လို့ ခေါ်တယ်၊ ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"ကျွန်မ အလုပ်လိုချင်လို့ လာတာပါ"

ဘဆန်းချစ်က မျက်မှောင်ကြုတ်လျက်. . .

"ဘယ်လိုအလုပ်မျိုးလဲ"

"မြကတ္တီပါကလပ်မှာ ကျွန်မအလုပ် လိုချင်လို့ပါ"

ဘဆန်းချစ်က သူမကို ထူးဆန်းသည့် အမူအရာမျိုးဖြင့် စိုက်၍ကြည့်သည်။

"ကျွန်မကို ကိုတိုးမြင့်က ဒီနေရာကိုလာပြီး တွေ့ဖို့ ပြောထားပါတယ်"



"အင်း. . . ငါ သိပါတယ်"

ဘဆန်းချစ်၏ အေးတိအေးစက်နိုင်သော အမူအရာကြောင့် သူမ စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။

"ကျွန်မအတွက် အလုပ်မရှိနိုင်ဘူးဆိုရင် ကျွန်မ ပြန်တော့မယ်"

"မင်းအတွက် အလုပ်မရှိဘူးလို့ ငါက မပြောရသေးလား"

ယဉ်မင်းသူက ကုလားထိုင်၌ တည်ငြိမ်စွာပင် ထိုင်ရင်း အခြေအနေကို စောင့်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင်. . .

တယ်လီဖုန်း မြည်၍လာသည်။

ဘဆန်းချစ်က တယ်လီဖုန်းကို အသာအယာလှမ်း၍ ကိုင်လိုက်သည်။

"ဟယ်လို. . . အမိန့်ရှိပါ"

တစ်ဖက်မှ ညင်သာစွာ ပြောနေသော အမျိုးသားတစ်ဦး၏ အသံကို သူမ မသဲမကွဲကြားရသည်။ တိုးမြင့်၏ အသံနှင့် တူသည်ဟု ထင်မိသည်။

ဘဆန်းချစ်က. . .

"အင်း. . . အင်း. . . ဟုတ်တယ်၊ ငါ နားလည်ပါ

တယ်၊ မင်း ဘာမှ စိတ်ပူမနေနဲ့ အဲဒီလိုလဲ မဟုတ်ပါဘူး၊ ငါ့အကြောင်း မင်းသိပါတယ်၊ ငါတကယ်ပြောနေတာပါ၊ အားလုံး အဆင်ပြေအောင် ငါ စီစဉ်ပေးမှာပါ၊ အေး. . . အေး. . .”

တယ်လီဖုန်းခွက်ကို ပြန်၍ချလိုက်သည်။

ဘဆန်းချစ်က နဖူးပေါ်မှ ချွေးစက်များကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်။

သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်းမှ. . .

“အခု ဖုန်းဆက်တာ တိုးမြင့်ပဲ။ ဒီကောင်နဲ့ ဆက်ဆံရတာ မကောင်းဆိုးဝါးတစ်ကောင်နဲ့ ဆက်ဆံရတဲ့အတိုင်းပဲ။ သူ့စိတ်က အမြဲတမ်း သင်္ကာမကင်း ရှိနေတတ်တယ်။ အခုလဲ မင်းကို ငါက အဆင်ပြေပြေ ပြောမှာ မဟုတ်ဘူးလို့ ထင်နေတယ်။ သူနဲ့တွေ့ရင် သေသေချာချာ ပြောပြလိုက်ပါ။ ငါ ဖုန်းထဲက ပြောတာကို သူက ယုံချင်မှ ယုံမှာ။ မင်းကိုယ်တိုင်လဲ သူ့ကို သတိထားဦး။ သူက ငါ့ကို အချိန်မရွေး ဒုက္ခပေးချင်ပေးလိမ့်မယ်”

“ဟုတ်ကဲ့ ကျွန်မ ပြန်ပြောပြလိုက်ပါ့မယ်၊ အခု ကျွန်မတို့ အလုပ်ကိစ္စအကြောင်း ပြောကြရအောင်”

“ကောင်းပြီ ပြောကြတာပေါ့”

ယဉ်မင်းသူက. . .



“မြကတ္တီပါကလပ်မှာ အလုပ်ကော ရှိနိုင်ရဲ့လား”

“ဒီအတွက် ငါစီစဉ်ပေးပါ့မယ်၊ မနက်ဖြန် မနက်ပိုင်းမှာ မြကတ္တီပါကလပ်ကို သွားပြီး မျိုးလွင်နဲ့ တွေ့ချင်တယ်လို့ ပြောပါ၊ ဒီညမှာ သူ့ကို ငါ အကျိုးအကြောင်း ပြောပြထားလိုက်မယ်၊ သူက မင်းကို အလုပ်တစ်ခုပေးလိမ့်မယ်”

သူမ ထိုင်ရာမှ ထ,၍ ရပ်လိုက်သည်။

အမှန်စင်စစ်အားဖြင့် သူမသည် မြကတ္တီပါကလပ်၌ သွားရောက်အလုပ်လုပ်ရန်အတွက်ဝန်လေးသလိုဖြစ်နေမိသည်။

ဘဆန်းချစ်က. . .

“ကောင်းပြီလေ၊ မနက်ဖြန် မနက်ကိုးနာရီခွဲမှာ မြကတ္တီပါကလပ်ကို သွားပါ၊ မျိုးလွင်ဆိုတဲ့ နာမည်ကို မေးပါ၊ သူက မင်းအတွက် စီစဉ်ပေးပါလိမ့်မယ်”

“ကျေးဇူးတင်ပါတယ်ရှင်”

သူမ တံခါးပေါက်သို့ ခပ်မြန်မြန် လျှောက်၍သွားသည်။

သူမကို ဘဆန်းချစ်က စိုက်၍ ကြည့်နေမည် ဖြစ်ကြောင်း သိနေသည်။

သူမ လှေကားမှ အောက်ထပ်သို့ ပြေး၍ဆင်းလာခဲ့မိလေသည်။

* * *

အိမ်စောင့်အဘွားကြီး ဒေါ်မြကြ တိုးမြင့်ကို မြင်သည်နှင့် လက်ယပ်ခေါ်၍ပြောသည်။

"စောစောက လူတစ်ယောက် လာသွားတယ်၊ သူထွက် သွားတာ။ ငါးမိနစ်လောက်ပဲ ရှိဦးမယ်၊ လူပုံက ပိန်ပိန်ပါးပါးပဲ မျက်နှာက မျက်နှာသေကြီး၊ အရုပ်ဆိုးဆိုး ပုံစံကြီး ဦးထုပ်ကို ရှေ့ငိုက်ပြီး ဆောင်းထားတယ်၊ အင်္ကျီက အနီရောင် ဝတ်ထား တယ်"

မည်သူဖြစ်ကြောင်း သိလိုက်သဖြင့် တိုးမြင့်၏ ရင်ထဲ တင်းကျပ်၍သွားသည်။

"အဲဒီလူက ဘာကိစ္စတဲ့လဲ"

"ငါလဲ သေသေချာချာ မသိဘူး၊ သူက မော်တော်ကား အရောင်းကိုယ်စားလှယ်လို့ ပြောတယ်၊ ဒီအိမ်မှာ ဘယ်သူ နေသလဲဆိုတာ သိချင်ပုံရတယ်၊ ငါက သူ့ကို စကားရှည်ရှည် ဝေးဝေး မပြောတော့ဘဲ ပြန်ပါလို့ ပြောပြီး တံခါးဆောင့်ပိတ် လိုက်တယ်၊ အဲဒီကောင် ပြန်ဦးမှာ မဟုတ်ဘူး၊ တောအုပ်ထဲဝင် ပြီး တစ်နေရာရာမှာ ကွယ်ပြီး ရှိနေလိမ့်ဦးမယ်၊ ငါကတော့ သူ့ငွေးကိုပဲ ဂရုစိုက်နေတယ်"

တိုးမြင့် အံကိုတင်းတင်းကြိတ်လိုက်သည်။

"သူ ဘာလိုချင်သလဲဆိုတာ သိရအောင် ကျွန်တော်



သွားကြည့်လိုက်ဦးမယ်"

တိုးမြင့် မီးဖိုဆောင်မှ ထွက်လာခဲ့သည်။

ကျောက်စရစ်ခဲများ ခင်းထားသည့် ခြံထဲမှ ပန်းခြံထဲသို့ ဝင်လာသည်။ ပန်းခြံ၏ အလွန်၌ တောအုပ်ရှိသည်။

အချိန်မှာ မွန်းလွဲခါစ ဖြစ်၍ နေရောင်မှာ ပူပြင်း တောက်ပ၍ နေပေသေးသည်။

တိုးမြင့်မှာ တစ်စုံတစ်ခုကို တွေး၍ စိုးရိမ်ကြောက်ရွံ့ နေမိသည်။

တောအုပ်ထဲသို့ လိုက်၍ ဝင်သွားမည်။

ရုပ်အင်္ကျီအနီနှင့် လူ၏နောက်သို့ လိုက်သွားမည်။

ထိုလူလုပ်ချင်သည့် အလုပ်မလွယ်ကူနိုင်ကြောင်း သိ သွားအောင် လုပ်ပြရမည်ဟု သူ ဆုံးဖြတ်ထားသည်။ အင်္ကျီအနီ နှင့် လူသည် ဦးလှိုင်ဘွားဖံအား အနှောင့်အယှက်ပေးရန်၊ ဒုက္ခ ပေးရန်လာခြင်းပင် ဖြစ်ကြောင်း တိုးမြင့် နားလည်ထားသည်။

တိုးမြင့် တောအုပ်ဘက်ဆီသို့ ဦးတည်၍ လျှောက်လေ သည်။ သူ့တွင် မည်သည့် လက်နက်မျှမပါ။ ထို့ပြင် သူ့အနေနှင့် တစ်ဖက်လူကို ရင်ဆိုင်ရန် ပြည့်စုံသော ခွန်အားဗလမရှိကြောင်း ကိုလည်း နားလည်သည်။

သို့သော် . . .

ရှပ်အင်္ကျီအနီဝတ်ထားသူသည် သူ့ထက်ပို၍ ခွန်အား ဗလပြည့်စုံ၊ တောင့်တင်းကြောင်း သိထားသည်။

သူ၏ စိတ်ထဲ၌ ထိတ်လန့်ကြောက်ရွံ့နေမှုကို ရှပ်အင်္ကျီ အနီနှင့်လူ သိမသွားစေချင်။ သူသည် ပုံမှန်ခြေလှမ်းဖြင့် လျှောက် လာသည်။

တောအုပ်ထဲသို့ ရောက်လာသည်။

အတွင်းဘက်၌ တိတ်ဆိတ်၍ အေးစက် မှောင်မည်း နေ၏။ နေရောင်ခြည်က တောအုပ်အတွင်းပိုင်းသို့ ထိုးဖောက် ၍ ဝင်ရောက်နိုင်စွမ်းမရှိချေ။

တိုးမြင့် နောက်ဘက်သို့ လှည့်မကြည့်။ ရှေ့သို့သာ ဆက် ၍ လျှောက်လာသည်။

တိုးမြင့်အနေနှင့် အင်္ကျီအနီနှင့်လူကို တွေ့မည်ဟု မျှော် လင့်ထားသည်။

နေရောင်များ ထိုးဖြာကျနေသော ကွက်လပ်တစ်ခု ရောက်လာသည်။ ကွက်လပ်တစ်ဖက်၌ လဲကျနေသည့် သစ်ပင် ကြီး တစ်ပင်ရှိသည်။ ထိုသစ်ပင်ကြီး လဲကျနေသည်မှာ နှ ပေါင်းများစွာကြာမြင့်နေပြီဖြစ်သည်။

မြေပြင်ပေါ်၌ လဲကျနေသော သစ်ပင်ကြီး၏ အမြစ် ပေါ်၌ 'ဒီဂျမ်း' ထိုင်၍နေသည်။ ဦးထုပ်ကို ငိုက်၍ ဆောင်းထာ



ပြီး နှုတ်ခမ်းဖျားတွင် စီးကရက်တစ်လိပ် ခဲ၍ထားသည်။

ဒီဂျမ်းက လှမ်း၍. . .

"ငါ ဘယ်သူလဲဆိုတာ မင်းသိတယ်မဟုတ်လား"

တိုးမြင့်က ခေါင်းညိတ်၍ ပြလိုက်သည်။

ဒီဂျမ်း၏ အေးတိအေးစက် အမူအရာကို ကြည့်၍ တိုးမြင့်၏ စိတ်ထဲ၌ ဘဝင်မကျမိပေ။

"ဒီနေရာမှာ မင်းနဲ့ အဘွားကြီး နှစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လား၊ ဒီအဘွားကြီးက ဘာမှသုံးလို့ မရပါဘူး၊ မင်းကကော ဘာလုပ်နိုင်မှာမို့လို့လဲ"

ဒီဂျမ်းက လှောင်၍ တစ်ချက်ရယ်မောလိုက်သည်။

"မင်းနေရာမှာ ငါသာရှိနေရင်တော့ ဒီနေရာကနေ ချက် ချင်း ထွက်သွားမိမှာပဲ"

တိုးမြင့်က လေသံမာမာဖြင့်. . .

"ကျွန်တော်ကတော့ ထွက်မသွားနိုင်ဘူး၊ ကျွန်တော့်ကို ဒုက္ခရောက်အောင် လုပ်လာခဲ့ရင် အဲဒီလူကို ပြန်ပြီး ဒုက္ခရောက် အောင် လုပ်ရလိမ့်မယ်"

ဒီဂျမ်းက စီးကရက်ကို ဖောက်ထုတ်လိုက်သည်။

ဤသို့သော အတားအဆီးမျိုး ရှိလာလိမ့်မည်ဟု သူ မမျှော်လင့်ခဲ့မိပေ။

ဒီဂျမ်းက ဦးထုပ်ကို ပင့်တင်လိုက်ပြီး. . .

"ဟင်း. . . ဟင်း. . . မင်းကတော့ မင်းရဲ့ သေတွင်း
တူးတာနဲ့ အတူတူပဲ"

တိုးမြင့်၏ ကျောရိုးထဲမှ စိမ့်၍တက်သွားသည်။

သို့သော် တိုးမြင့် ဣန္ဒြေ လုံးဝမပျက်။

"ခင်ဗျားက သူ အေးအေးဆေးဆေး နေတာကို ဘ
ဖြစ်လို့ ဒုက္ခပေးချင်ရတာလဲ"

ဒီဂျမ်းက လှောင်ရယ် ရယ်လိုက်ပြီး ထိုင်ရာမှ ထ
ရပ်လိုက်သည်။

"မင်းက ဘာတွေပြန်လုပ်နိုင်မှာလဲ၊ မင်းအတွက် အ
အနေ မကောင်းနိုင်ဘူး၊ ဒီတော့ မင်းထွက်သွားတာ အကော
ဆုံးပဲ"

သူတို့နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ဆယ်ကိုက်ခန့်သ
ကွာဝေးကြသည်။ ပူပြင်းသော နေရောင်အောက်၌ နှစ်ဦးလုံ
ရပ်နေကြသည်။

တိုးမြင့်က နှုတ်ခမ်းကို တင်းတင်းစေ့လျက်. . .

"ကျွန်တော်ကတော့ ဆက်နေရဦးမှာပဲ"

ဒီဂျမ်း ရှေ့သို့တိုးလာသည်။

တိုးမြင့်က ဘောင်းဘီထဲ လက်နှစ်ဖက်ထည့်၍ ဘ



ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

တိုးမြင့်မှာ အာခေါင်များ ခြောက်သွေ့၍နေ၏။ ရင်ထဲ
ရှိ နှလုံးများ ခုန်နေသော်လည်း နောက်တွန့်မသွားချေ။

သူ၏ အကြည့်က ဒီဂျမ်း၏ မျက်နှာမှ မခွာပေ။

ဒီဂျမ်းက အေးစက်သော လေသံဖြင့်. . .

"ငါ့ကို အနှောင့်အယှက်ပေးတယ်လို့ထင်ရင် မင်းကို
ငါ သတ်ပစ်လိုက်ရလိမ့်မယ်"

ဒီဂျမ်း၏ ခြိမ်းခြောက်မှုကို တိုးမြင့် ဂရုမစိုက်။

ဒီဂျမ်းက ဆက်၍. . .

"ငါဟာ သွေးဆာနေတဲ့ လူသတ်သမား တစ်ယောက်
၊ မင်း ဒီလိုပုံစံနဲ့နေရင် ငါ လူသတ်မိလိမ့်မယ်၊ အကြောင်းမရှိ
ဘဲနဲ့တော့ မင်းကို ငါ မသတ်ချင်ဘူး၊ မင်း ထွက်သွားခဲ့ရင်တော့
င်းကို ငါ မေ့ပစ်လိုက်လို့ရတယ်"

တိုးမြင့်က ကြောက်ရွံ့စိတ်၊ အားငယ်စိတ်ကို လျှို့ဝှက်
ားလိုက်သည်။

"ခင်ဗျားပြောလို့ ကျွန်တော် ကြောက်သွားလိမ့်မယ်
တော့ မထင်နဲ့၊ ခင်ဗျားတို့ကို ကျွန်တော် တတ်နိုင်သလောက်
တော့ တားမှာပဲ"

ဒီဂျမ်း၏ စိတ်ထဲ၌ သံသယများ ဖြစ်လာသည်။

"မင်းက ဘာတွေများ လုပ်နိုင်မှာလဲ"

"ခင်ဗျား လုပ်ချင်တိုင်း လုပ်လို့မရဘူးဆိုတာ ခင်ဗျ
သိဖို့လိုတယ်၊ လောကကြီးမှာ အေးအေးချမ်းချမ်း မျှမျှတ
ဖြစ်ဖို့ အရေးအကြီးဆုံးပဲ"

ဒီဂျမ်းက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"မင်းလိုကောင်လေးတစ်ယောက်က ဘာတွေများ လု
နိုင်မှာမို့လို့လဲ၊ မင်း ရူးနေပြီလား"

"ဒါကတော့ ခင်ဗျားသိအောင် ကျွန်တော် ပြောပြ
ပါ"

ဒီဂျမ်း တွေဝေ၍သွားသည်။

ရုပ်အကျီအနီနှင့် လူအား တဒင်္ဂအားဖြင့် အနိုင်ယူထ
နိုင်ပြီဖြစ်ကြောင်း တိုးမြင့် သိလိုက်သည်။

သို့သော် အခြေအနေမှာ ချက်ချင်း ပြောင်းလဲသွား
ပေသည်။

ဒီဂျမ်းနှင့် ကြာရှည်ရင်ဆိုင်ရလျှင် အန္တရာယ် ရှိလာ
ကြောင်း တိုးမြင့် နားလည်သည်။

တိုးမြင့် ဘာမျှ ဆက်မပြောတော့ဘဲ တောအုပ်အတွင်
ထွက်လာခဲ့သည်။

ဒီဂျမ်းက သူ့နောက်မှ လိုက်၍မလာပေ။



သို့သော် သူ့ကို နောက်ဘက်မှ ကြည့်နေမည် ဖြစ်
ကြောင်း နားလည်ပေသည်။

***

## အခန်း - ၉

တိုးမြင့်သည် ကြီးမားသော မော်တော်ကားကိုဒေါင်ကြ
အတွင်းသို့ ဝင်လာသည်။ အတွင်းပိုင်း အပေါ်ထပ်ရှိ သူ၏
အခန်းသို့ လှေကားမှ တက်လာခဲ့သည်။

ဒီဂျမ်းနှင့် ပတ်သက်၍ သူ စဉ်းစားနေမိသည်။ ဤပုံ
အတိုင်းသာ ဆိုပါက သူ့အား ဒီဂျမ်းက သတ်ပေလိမ့်မည်။ သ
အနေဖြင့်လည်း အလျှော့ပေးမည်မဟုတ်ပါချေ။ သူ အသတ်
ခံရပါက ဦးလှိုင်ဘွားဖံအား အကာအကွယ်ပေးမည့်သူ မရှိနိုင်
ထင်သည်။ တိုးမြင့်သည် သူ၏ဦးခေါင်းကို ခါယမ်းလိုက်မိသည်
အချိန်မနှောင်းမီ သူက ပြောပြသော်လည်း သူ၏စကား



က်ဆိုင်သူများက လက်ခံယုံကြည်ကြမည် မဟုတ်ပေ။ ထို့ပြင်
လှိုင်ဘွားဖံကို စိတ်မမှန်သူများထားသည့် နေရာသို့ အလွယ်နှင့်
ပစ်လိုက်ကြမည်သာ ဖြစ်သည်။ ဤကဲ့သို့လည်း တိုးမြင့်
အနေနှင့် မဖြစ်စေလိုပေ။

ယဉ်မင်းသူကိုမူ သူ့အနေဖြင့် အပြစ်ပြောစရာမရှိ။
သူမ၏ လုပ်ဆောင်မှုများကို ကျေနပ် သဘောကျမိသည်။

တိုးမြင့်သည် နံရံကပ်ဗီရိုတစ်လုံးကို ဖွင့်လိုက်သည်။
အတွင်းမှ သံမဏိသေတ္တာငယ်တစ်လုံးကို ထုတ်ယူလိုက်သည်။
သော့တံဖြင့် သေတ္တာကို ဖွင့်လိုက်၏။ အတွင်း၌ ငွေစက္ကူများ
ပြည့်ကျပ်စွာ ရှိ၍နေသည်။ တိုးမြင့် စုဆောင်းထားသော ငွေများ
င် ဖြစ်သည်။

ဤငွေများကို ယဉ်မင်းသူအား ပေးထားမည်။ သို့သော်
သူမက သူမှာထားသည့်အတိုင်း လုပ်ပါလေမည်လားဟုသံသယ
ဖြင့် စဉ်းစားမိပြန်သည်။

ထို့နောက် စားပွဲတွင် ထိုင်၍ စာတစ်စောင်ရေးသည်။
သူရေးထားသည့် စာကို ဖတ်ကြည့်လိုက်ပြီး ကျေနပ်စွာ ခေါင်း
ညိတ်လိုက်သည်။ စာကို စာအိတ်ထဲ၌ ထည့်သည်။ စာအိတ်ပေါ်
၌ 'ယဉ်မင်းသူ'၏ နာမည်ကို ရေးလိုက်သည်။ စာအိတ်ကို
သံမဏိသေတ္တာထဲသို့ထည့်ပြီး သော့ခတ်လိုက်သည်။

တိုးမြင့်သည် စက္ကူတစ်ရွက်ယူလျက် နောက်ထပ် စာတစ်စောင်ရေးသည်။

. . . . . . . . . . .

စာအိတ်ထဲ၌ပါသည့် သော့ကို သေချာစွာ သိမ်းထားပါ။ သံမဏိသေတ္တာငယ်တစ်လုံး ရရှိခဲ့ပါက ဤသော့ဖြင့် သေတ္တာကို ဖွင့်နိုင်ပါသည်။

တိုးမြင့်

. . . . . . . . . . .

တိုးမြင့်သည် သော့တံကို စာနှင့်အတူ စာအိတ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် သံမဏိသေတ္တာကိုယူလျက် သူ၏အခန်းမှ ပြန်၍ဆင်းလာခဲ့သည်။

. . . . . . . . . . .

***

သလ္လာဝတီဘူတာရုံသို့ တိုးမြင့် ရောက်လာသည်။

ဘူတာရုံအနီး၌ ဘီယာဆိုင် တစ်ဆိုင်ရှိသည်။ ဤအချိန်တွင် ဆိုင်ထဲ၌ ဘဆန်းချစ် အမြဲရှိနေတတ်ကြောင်း တိုးမြင့်သိထားသည်။



တိုးမြင့်ကို မြင်လျှင် ဘဆန်းချစ် မသိမသာ မျက်နှာပျက်၍သွားသည်။

တိုးမြင့်က ဘဆန်းချစ်၏ စားပွဲ၌ ဝင်၍ထိုင်လိုက်သည်။

"ခင်ဗျား ဒီမှာရှိနေမှာပဲဆိုပြီး ကျွန်တော် ဝင်လာခဲ့တာ"

ဘဆန်းချစ်က တုန်လှုပ်သောအမူအရာဖြင့် ဘီယာခွက်၏ လက်ကိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

တိုးမြင့် ရောက်လာ၍ ဘဆန်းချစ် စိတ်ညစ်သွားရသည်။

တိုးမြင့်ကို ဘဆန်းချစ်က ကြောက်သည်။ အဘယ့်ကြောင့်ဆိုသော် ဘဆန်းချစ် တစ်ချိန်က ကျူးလွန်ခဲ့သည့် ပြစ်မှုကို တိုးမြင့် သိထားသောကြောင့် ဖြစ်သည်။ ထို့ပြင် ဘဆန်းချစ်သည် သူမည်သို့သောလူစားမျိုးဖြစ်သည်ကို အပြင်လူများ လုံးဝအသိမခံလိုပေ။

တိုးမြင့်က. . .

"ခင်ဗျားအတွက် အလုပ်တစ်ခု လာပေးတာ"

သံမဏိသေတ္တာလေးကို ဘဆန်းချစ်၏ လက်ထဲသို့ ထည့်လိုက်ရင်းမှ. . .

"ဒီသေတ္တာကို ခင်ဗျား သိမ်းထားပေးပါ။ လုံခြုံစိတ်ချရတဲ့ နေရာမှာ ထားပါ"

ဘဆန်းချစ် တုန်ခါ၍သွားသည်။

"အထဲမှာ ဘာတွေထည့်ထားလဲ၊ ပြဿနာရှိတဲ့ ပစ္စည်းတွေလား၊ ငါ့ကိုတော့ ဒုက္ခမပေးပါနဲ့"

"ခင်ဗျား စိုးရိမ်မနေပါနဲ့ ပြဿနာမရှိပါဘူး၊ ဒီပစ္စည်းကို လိုချင်တဲ့လူတွေ ရှိနေလို့ပါ"

ဘဆန်းချစ် ခေါင်းညိတ်ပြလိုက်သည်။

မည်သည့်ကိစ္စဖြစ်မှန်း သိလိုသော်လည်း တိုးမြင့်ကို မမေးဝံ့ချေ။ နောက်ထပ် မေးခွန်းမေးမိပါက တိုးမြင့် ဒေါသထွက်လာတော့မည်ဖြစ်ကြောင်း ဘဆန်းချစ် သိထားသည်။ တိုးမြင့်စိတ်တို၊ ဒေါသထွက်မည်ကို ဘဆန်းချစ် စိုးရိမ်သည်။

ဘဆန်းချစ်က. . .

"ငါ. . . သေသေချာချာ သိမ်းထားပေးပါ့မယ်"

"ကောင်းပြီ၊ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါ၊ မနက် ကိုးနာရီခွဲတိုင်း ခင်ဗျားဆီကို လှမ်းပြီး ကျွန်တော် ဖုန်းဆက်မယ်၊ ကျွန်တော့်ဆီက တယ်လီဖုန်း ဆက်မလာတာနဲ့ ရတနာလမ်းက အိမ်အမှတ် (၂၆၇)ကို သွားပါ၊ ယဉ်မင်းသူလို့ခေါ်တဲ့ အမျိုးသမီးကို ဒီသံမဏိသေတ္တာလေး ပေးလိုက်ပါ"

ဘဆန်းချစ်က လေသံခပ်အေးအေးဖြင့်. . .



"နေပါဦး မင်းမှာက တစ်ခုခုဖြစ်စရာအကြောင်းရှိနေလို့လား"

တိုးမြင့် တည်ငြိမ်စွာပြောသည်။

"ဖြစ်လာနိုင်တယ်၊ ကျွန်တော့်ဆီက ဖုန်းမလာတာနဲ့ ယဉ်မင်းသူဆီ ဒီသေတ္တာလေး ရောက်သွားဖို့တော့လိုတယ်"

ဘဆန်းချစ်က မသိမသာ ပြုံးလိုက်ပြီး. . .

"စိတ်ချပါ တိုးမြင့် ငါ တာဝန်ယူပါတယ်၊ အခု မင်းရဲ့နောက်ကို ဘယ်သူလိုက်နေလို့လဲ"

"ဒါက အရေးမကြီးပါဘူး၊ ခင်ဗျားကို အခုလို ဘာဖြစ်လို့ လုပ်ခိုင်းတယ်လို့ ထင်သလဲ"

ဘဆန်းချစ်က မျက်လုံးကို မှေးလျက် ဖြေသည်။

"တစ်ယောက်ယောက်က မင်းကို အပြတ်ရှင်းချင်နေတယ်၊ ဒီသေတ္တာကို ယဉ်မင်းသူတစ်ယောက်တည်း ရစေချင်လို့ပဲ ဖြစ်မှာပေါ့"

တိုးမြင့်က ခေါင်းညိတ်လိုက်၏။

"ဒီလိုဖြစ်လာမယ်လို့ ဆိုပြီး တထစ်ချတွက်ထားလို့တော့ မရသေးဘူး၊ တကယ်လို့ ဒီသေတ္တာကို ခင်ဗျားသွားပြီး မပေးဘူးဆိုရင် ကျွန်တော့်ဘက်က ဘာလုပ်ရမလဲ"

ဘဆန်းချစ်က လေသံခပ်အေးအေးဖြင့်. . .

"မင်း. . . ရဲဆီကို သွားမယ်မဟုတ်လား"

"သိပ်မှန်တာပေါ့၊ ခင်ဗျား ကျွန်တော့်ကို လှည့်စားဖို့တော့ လုံးဝ စိတ်မကူးနဲ့"

ဘဆန်းချစ်က မျက်လုံးပြူး၍ ကြည့်သည်။

ဒေါသကို ထိန်းချုပ်လိုက်ပြီးမှ. . .

"မင်းအပေါ်မှာ ငါ လှည့်စားလိမ့်မယ်လို့ မင်းကို ဘယ်သူက ပြောသလဲ၊ ငါကလဲ ဒီလိုမျိုးလုပ်မှာမဟုတ်ဘူး"

တိုးမြင့်က ညင်သာစွာပြောသည်။

"ခင်ဗျားဘက်က မှန်နေဖို့ပဲလိုပါတယ်"

ထို့နောက် ဘီယာဆိုင်ထဲမှ တိုးမြင့် ထွက်သွားသည်။

ဘဆန်းချစ်မှာ နေမထိထိုင်မသာ ဖြစ်၍ ကျန်ရစ်သည်။ သူ၏ မျက်နှာကို ရှုံ့မဲ့လိုက်မိသည်။

တိုးမြင့်နှင့် ရင်ဆိုင်ရမည်ကို ဘဆန်းချစ် သေမလောက် ကြောက်မိသည်။ တိုးမြင့်ကို ကြောက်ရွံ့သလို မုန်းလည်း မုန်းတီးသည်။ သူ့ထံသို့ တိုးမြင့်ရောက်လာလျှင် တစ်နည်းမဟုတ်တစ်နည်း ပြဿနာတစ်ခုခု ပါလာတတ်သည်။

စားပွဲပေါ်၌ ချထားသော ဘီယာဖန်ခွက်ကို လှမ်းယူ၍ မော့ချလိုက်သည်။

ဘီယာသောက်ရသည်မှာ သူ့အတွက် အရသာကင်းမဲ့



၍နေသည်ဟု ထင်မိသည်။

***

## အခန်း - ၁၀

မျိုးလွင်. . .။

မြကတ္တိပါကလပ်၏ ညှော်ခံစားပွဲ၌ တာဝန်ယူရသူ ဖြစ်သည်။ တွန့်လိမ်နေသော ဆံပင်များရှိပြီး အတန်မျှ ဝ,သည်။ မျိုးလွင်သည် လူငယ်တစ်ဦးသာ ဖြစ်သည်။ အမြဲတစေ သေသပ်ကောင်းမွန်စွာ ဝတ်စားဆင်ယင်ထားတတ်သည်။

မြကတ္တိပါကလပ်သို့ လာလေ့ရှိသော 'ဟန်နီ'ဆိုသည့် ကောင်မလေးတစ်ယောက်က လက်ဆောင်ပေးထားသော ရိုးလက်(စ်)နာရီကို ညာလက်၌ ပတ်ထားသည်။ ဘယ် လက်ကောက်ဝတ်၌ 'မူယာ'ပေးထားသည့် ပလက်တီနမ် ဟန်းချိန်းကို ဝတ်ထားသည်။ ထိုကောင်မလေးနှစ်ယောက်က မျိုးလွင်အပေါ်



၌ သာယာမှုရှိကြသည်။ မျိုးလွင် လိုချင်သည်ကို ပေးကြသည်။ မျိုးလွင်ကလည်း သူတို့ပေးသမျှကို လက်မနှေးဘဲ ယူသည်ချည်းပင် ဖြစ်သည်။

မျိုးလွင်သည် ညှော်ခံစားပွဲကောင်တာ၌ ရပ်လျက် ညှော်သည် လက်မှတ်များကို ရေတွက်ကြည့်နေပေသည်။

မျိုးလွင်သည် လက်မှတ်များရေတွက်နေသော်လည်း သူ၏စိတ်က 'ဘဆန်းချစ်'ထံသို့ ရောက်နေသည်။

ယဉ်မင်းသူဆိုသည့် မိန်းမပျိုသည် မည်သူဖြစ်သနည်း။

မည်သည့်အတွက်ကြောင့် မြကတ္တိပါကလပ်၌ အလုပ်လုပ်လိုရသနည်း။ ဒိဗ္ဗသည် လွန်စွာ စေ့စပ်သေချာသူဖြစ်သည်။ သူ၏ကလပ်၌ လူပိုတစ်ဦးခန့်ထားရန်အတွက် လုံးဝ စိတ်ကူးမည် မဟုတ်ပေ။ ယခုကိစ္စအတွက် သူ၏အိတ်ထဲမှ ငွေ ထွက်ရပေတော့မည်။ မျိုးလွင်သည် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး ဘဆန်းချစ်ကို စိတ်ထဲမှ ကျိန်ဆဲနေမိသည်။

သို့သော် ဘဆန်းချစ်တွင် သူ့အပေါ်၌ အကောင်းဆုံးနိုင်ကွက်တစ်ခုရှိထားသည်။ ထိုအချက်ကို မျိုးလွင်အနေနှင့် မလှန်နိုင်ပေ။ ထို့အတွက်ကြောင့် ဘဆန်းချစ် အကူအညီတောင်းထားသည့်ကိစ္စကို သူ့အနေနှင့် မဖြစ် ဖြစ်အောင် လုပ်ပေးရပေလိမ့်မည်။

မျိုးလွင် သက်ပြင်းတစ်ချက်ချလိုက်သည်။

အခန်းစောင့်တစ်ဦး တံခါးဝသို့ ဝင်လာပြီး. . .

"ကိုမျိုးလွင် အမျိုးသမီးတစ်ယောက်က ခင်ဗျားကို တွေ့ချင်တယ်လို့ ပြောနေပါတယ်"

မျိုးလွင် ပခုံးတစ်ချက် တွန့်လိုက်သည်။

"အထဲကို ဝင်လာခဲ့ပါလို့သာ ပြောလိုက်ပါ"

ယဉ်မင်းသူသည် နီညိုရောင် ကော်ဇောများ ခင်းထားသည့် အခန်းထဲသို့ ဝင်လာသည်။ မျိုးလွင်ဆိုသူကို တွေ့လိုက်သောအခါ၌ စိတ်ထဲ၌ မနှစ်မြို့နိုင်အောင် ဖြစ်သွားရသည်။ စိတ်ဓာတ် မမှန်သူ၊ ရမ္မက်ကြီးသူ၊ လောဘကြီးသူတစ်ဦးဖြစ်မှန်း မြင်ရုံနှင့်ပင် ခန့်မှန်းလိုက်နိုင်သည်။

သူမက လေသံခပ်တိုးတိုးဖြင့်. . .

"ကျွန်မ. . . ယဉ်မင်းသူပါ"

မျိုးလွင်က ခေါင်းညိတ်ပြလိုက်ပြီး. . .

"ကျွန်တော် ခင်ဗျားအလာကို စောင့်နေပါတယ်၊ ကိုဘဆန်းချစ်က ကျွန်တော့်ကို ပြောထားပါတယ်"

"ဟုတ်ကဲ့ ကိုဘဆန်းချစ်က ရှင်တို့ရဲ့ ကလပ်မှာ အလုပ်တစ်နေရာလောက်တော့ ရှိနိုင်မယ်လို့ ပြောပါတယ်"

"ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် လုပ်ခကတော့ သိပ်ကောင်းလှမှာ မဟုတ်ဘူး၊ အလုပ်ကတော့ သက်သာပါတယ်၊ တစ်ပတ်ကို ရှစ်ထောင်နဲ့ အလုပ် လုပ်နိုင်ပါ့မလား"

"ဟုတ်ကဲ့၊ ကျွန်မ လုပ်နိုင်ပါတယ်"

ယဉ်မင်းသူက လွယ်ကူစွာ အဖြေပေးလိုက်သည်။

မျိုးလွင်မှာ ယခုထက် လျှော့၍ပေးလျှင်ပင် ရမည်ဟု တွေး၍ သူပေးရမည့်ငွေအတွက် နှမြောတွန့်တိုသွားသည်။

မျိုးလွင်က. . .

"ကဲ. . . ခင်ဗျာ၊ ကောင်တာထဲ ဝင်လာခဲ့ပါ၊ ဒီမှာ ဘာအလုပ်မျိုးတွေ လုပ်ရမယ်ဆိုတာ ကျွန်တော်ပြပေးပါ့မယ်"

ယဉ်မင်းသူ မသိမသာ နှာခေါင်းရှုံ့လိုက်မိသည်။

ဤလူဝဝကြီးနှင့် အနီးကပ်နေရမည်ကို သဘောမကျပေ။ သို့သော် သူမ ကောင်တာထဲသို့ ဝင်လိုက်ရသည်။

ယဉ်မင်းသူက မျိုးလွင်နှင့် ခပ်ဝေးဝေး၌ ရပ်၍နေလိုက်သည်။

မျိုးလွင်က သူမအနီးသို့ မသိမသာ တိုးကပ်လာသည်။

"ဒီနေရာမှာကတော့ စိတ်လှုပ်ရှားစရာ၊ ပျော်စရာလေးတွေ ရှိပါတယ်"

"ကျွန်မက အလုပ်တကယ်လိုချင်လို့လာတာပါ၊ ကျွန်မ အလုပ် လုပ်တဲ့ ကုမ္ပဏီက ရပ်သွားလို့ ကျွန်မမှာ အလုပ်မရှိဘဲ

ဖြစ်သွားရတယ်၊ အလုပ်တစ်ခု အဆင်ပြေပြေနဲ့ ရဖို့က သိ
မလွယ်လှဘူးလေ"

မျိုးလွင်က သူမကို ပြုံး၍ စိုက်ကြည့်လိုက်ပြီး. . .

"ခင်ဗျားလို လှတဲ့၊ ချောတဲ့ မိန်းကလေးတစ်ယော
အတွက်ကတော့ အလုပ်ရဖို့ သိပ်မခက်ပါဘူး၊ ဒါကြောင့်
ကိုဘဆန်းချစ်က ကျွန်တော့်ဆီ ညွှန်လိုက်တာပေါ့"

"ကိုဘဆန်းချစ်က ကျွန်မရဲ့ မိတ်ဆွေရင်းတစ်ယော
ပါ"

အခွင့်အရေးယူမည့် မျိုးလွင်၏ လက် ဆတ်ခနဲ နော
ဆုတ်သွားသည်။

"ဩော်. . . ခင်ဗျားရဲ့ မိတ်ဆွေရင်းလား၊ ဒီလူကြီး
လူကောင်းတစ်ယောက်ပါ၊ သူတစ်ပါးကိုလဲ ကူညီတတ်တ
ကျွန်တော်နဲ့သူက မိတ်ဆွေရင်းချာတွေပါ"

ဘဆန်းချစ်အား မျိုးလွင် ထိတ်လန့် ကြောက်ရွံ့ကြော
ယဉ်မင်းသူ သတိပြုလိုက်မိသည်။

"ကျွန်မနဲ့ ကိုဘဆန်းချစ်က မကြာခဏ ဆုံကြပါတ
အခု မိတ်ဆွေရင်းချာတွေ ပြန်ဆုံကြရတာပေါ့"

မျိုးလွင် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

မျိုးလွင် သူမအနီးမှ ခွာ၍ သွားသည်။



"ဒီမှာအလုပ်လုပ်ရတာ အဆင်ပြေပါတယ်လို့ ကိုဘ
န်းချစ်ကို ခင်ဗျားကိုယ်တိုင် ပြောပြပေးပါ၊ ခင်ဗျားအတွက်
စ အရာရာ အဆင်ပြေအောင် ကူညီပါ့မယ်၊ ကဲ. . . ခင်
း လုပ်ရမယ့် အလုပ်ကို ပြောပြမယ်၊ ဟိုစားပွဲပေါ်မှာ တယ်လီ
ရှိတယ်"

"တယ်လီဖုန်းလာခဲ့ရင် ခင်ဗျားက ပြန်ပြောတတ်ဖို့ လို
ယ်၊ တယ်လီဖုန်းခွက်ကို ကောက်ကိုင်ပြီးတော့ မင်္ဂလာမနက်
းပါရှင်၊ မင်္ဂလာ ညနေခင်းပါရှင် မြကတ္တီပါကလပ်က ပြော
ပါတယ်၊ ဒီလိုပြောတာဟာ 'ဟယ်လို' ဆိုပြီး ပြန်ထူးတာထက်
ပြီး ကောင်းတယ်၊ ဦးဒိဗ္ဗကလည်း ဒီလိုပြောတာမျိုးကိုမှ
သဘောကျတယ်"

ယဉ်မင်းသူက. . .

"ဦးဒိဗ္ဗဆိုတာက ဘယ်သူလဲ"

"သူက ဒီ မြကတ္တီပါကလပ်ရဲ့ ပိုင်ရှင်လေ၊ သူ့ကိုတော့
ဗျားတွေ့ရလိမ့်မယ် မထင်နဲ့၊ သူက ဒီနေရာကို ဘယ်တော့မှ
လာတတ်ဘူး"

. . . . . . . . .

ထိုသို့ ပြောနေစဉ်မှာပင်. . .

အခန်းတွင်းသို့ ဒေါက်တာပြည့်စုံ ဝင်၍လာသည်။

မျိုးလွင်က လှမ်း၍ နှုတ်ဆက်သည်။ ယဉ်မင်းသ
မြင်သောအခါ၌ အံ့အားသင့်သည့် အမူအရာဖြင့်. . .

"သူက ဘယ်သူလဲ. . ."

"သူ့နာမည်က ယဉ်မင်းသူပါ၊ ဧည့်ခံကြိုဆိုရေးအဖွ
လူသစ်တစ်ယောက်ပါ"

ဒေါက်တာပြည့်စုံက သူမအား ပြုံး၍ပြသည်။

မျိုးလွင်က. . .

"ဒေါက်တာ ဘာကိစ္စရှိလို့လဲ"

ဒေါက်တာပြည့်စုံက အပေါ်ဘက်သို့ လက်မထော
ပြလိုက်သည်။

"ဒီဗွက ငါ့ကို အစည်းအဝေးခေါ် ထားတယ်၊ ဒီအစ
အဝေးက အရေးပါတဲ့ လက်ရွေးစင်တွေကိုချည်းပဲ ရွေးပြီး
ထားတာ"

ဒေါက်တာပြည့်စုံသည် လှေကားမှနေ၍ ဒီဗွ၏ အ
ရှိရာအပေါ်ထပ်သို့ တက်သွားသည်။

မျိုးလွင်က ဒေါက်တာပြည့်စုံကို လှမ်း၍ကြည့်ရင်းမှ

"ဒီလူကြီးက သူ့ကိုယ်သူ ဆရာဝန်လို့ ပြောတာပဲ
ကလပ်မှာ ဆရာဝန်လိုစရာအကြောင်းမှ မရှိတာ၊ ခင်ဗျား
မှ စိတ်မပူနဲ့၊ ဒီလူကြီးက ဘာမှ အရေးမပါပါဘူး"



သူမ၏ ဦးခေါင်းထဲ၌မူ လျင်မြန်စွာ စဉ်းစားနေမိသည်။

ဒီဗွက အရေးပါသော လက်ရွေးစင်များကို ရွေး၍
ဘယ့်ကြောင့် အစည်းအဝေးခေါ် ရလေသနည်း။

ဦးလှိုင်ဘွားဇံနှင့် ပတ်သက်နေလေသလား. . .။

အပေါ်ထပ်သို့ သူမ မည်သို့တက်၍ ရရန် ကြံရလေ
မ်နည်း။

မျိုးလွင်က ရုံးခန်းကလေးကို လှည့်ပတ်၍ ကြည့်ရင်းမှ
ာသည်။

"အလုပ်ကတော့ ဒီမှာ နည်းပါတယ်၊ ခင်ဗျား ဒီမှာ
လို အလုပ်ရတာက ကျွန်တော့်အနေနဲ့ ဦးဘဆန်းချစ်ကို
းဇူးဆပ်တဲ့ အနေနဲ့ အလုပ်ပေးလိုက်တာပါ"

"မယဉ်မင်းသူအနေနဲ့ ကလပ်ကိုလာတဲ့လူတွေကို
ထားပြီး ကြည့်ရမယ်၊ အသင်းဝင်တွေလာတဲ့အခါမှာ သူတို့
လာတဲ့ ဧည့်သည်အတွက်ပါ ငွေပေးရဲ့လားဆိုတာ သတိ
ပြီး ကြည့်ရမယ်၊ အဲဒီလူတွေ ဘယ်သူ ဘယ်ဝါဆိုတာကို
မှတ်ရမယ်၊ မှတ်ဉာဏ်ကောင်းမှ မှတ်မိနိုင်လိမ့်မယ်"

ယဉ်မင်းသူက သေချာစွာ ပြောသည်။

"ဟုတ်ကဲ့ လူတွေရဲ့ မျက်နှာကို ကောင်းကောင်း မှတ်
တ်တဲ့ အကျင့် ကျွန်မမှာ ရှိပါတယ်"

ထိုစဉ်မှာပင်. . .

အခန်းထဲသို့ ဒီဂျမ်း ဝင်လာသည်။ ယဉ်မင်းသူကို မြ

လျှင် စူးစူးစိုက်စိုက်ကြည့်နေပေသည်။

မျိုးလွင်က လယ်ဂျာစာအုပ် တစ်အုပ်ကို ဖွင့်၍ ယဉ်မ

သူ၏ ရှေ့၌ ချပေးလိုက်သည်။

"ဒီလယ်ဂျာစာအုပ်ထဲမှာ လိုအပ်တဲ့ စာရင်းတွေ. . .

ဒီဂျမ်း အနီးသို့ရောက်လာသည်။

ကောင်တာပေါ်၌ တံတောင်ဆစ်တင်၍ မှီပြီး ရပ်

သဖြင့် မျိုးလွင်၏ စကားပြတ်သွားသည်။

ဒီဂျမ်းက ယဉ်မင်းသူကို စိုက်၍ကြည့်မြဲ ကြည့်နေ

သူမကလည်း ပြန်၍ကြည့်လိုက်သည်။ သို့သော် သူ

၏ ရင်ထဲ၌မူ ဗလောင်ဆူ၍ တုန်နေမိသည်။

မျိုးလွင်က ဝင်၍ပြောသည်။

"သူက ကျွန်တော်တို့ကလပ်ရဲ့ ဧည့်ခံကြိုဆိုရေး လု

ပေးမယ့် လူသစ်ပါ၊ မယဉ်မင်းသူလို့ ခေါ်ပါတယ်"

ဒီဂျမ်းက သူ၏ ဦးထုပ်ကို အောက်ဘက်သို့ ခပ်တ

တင်း ဆွဲချလိုက်သည်။

"အင်း. . . ခင်ဗျားကို တစ်နေရာရာမှာ မြင်ဖူးသလို

"ရှင်. . . ဟုတ်လား"



သူမက ဟန်မပျက် ပြောလိုက်သော်လည်း ရင်ထဲ၌မူ

တဆတ်ဆတ် ခုန်၍နေ၏။

ဒီဂျမ်းက မျိုးလွင်ကို လှမ်း၍ကြည့်ပြီး. . .

"နေပါဦး ငါတို့မှာ ဧည့်ခံကြိုဆိုရေးအတွက် လူသစ်

တစ်ယောက်လိုနေတယ်လို့ ဘယ်သူကပြောတာလဲ"

မျိုးလွင်က အဆင်ပြေအောင် ပြောလိုက်သည်။

"ဒီကိစ္စက ကျွန်တော်စီစဉ်တာပါ၊ မယဉ်မင်းသူကလဲ

အလုပ်လိုချင်တယ်၊ ကျွန်တော်လဲ အားလပ်ချိန် လိုချင်လို့ စီစဉ်

လိုက်တာပါ၊ သူ့အတွက် လုပ်ခကို ကျွန်တော်ကပဲ စိုက်ပေးမှာပါ၊

ဒါဆိုရင် အဆင်ပြေသွားမှာပါ"

ရုတ်တရက် ဒီဂျမ်းက ယဉ်မင်းသူဘက်သို့ လှည့်၍

ပြောသည်။

"ဟုတ်ပြီ. . . မှတ်မိပြီ"

ယဉ်မင်းသူကလည်း လျင်မြန်စွာပြောသည်။

"ကျွန်လည်း ရှင့်ကို မှတ်မိပြီ၊ ရှင်ဝတ်ထားတဲ့ ရှပ်အကျီ

အနီကို ကျွန်မ မှတ်မိပြီ၊ ပြီးခဲ့တဲ့ နှစ်ရက်လောက်က မန္တလာ

လမ်းထဲက စားသောက်ဆိုင်မှာ ရှင့်ကို ကျွန်မ မြင်ဖူးတယ်"

သူမ သတိထား၍ ပြောလိုက်ခြင်းဖြစ်သည်။

ဒီဂျမ်း၏ မျက်လုံးထဲ၌ ပေါ်နေသည့် သက်ာမကင်း

သည့် အမှုအရာများ ပျောက်ကွယ်၍သွားသည်။

"အင်း. . . ဟုတ်တယ်"

အခန်းထဲ၌ ဖြတ်၍လျှောက်ပြီး လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ ဒီဂျမ်း တက်၍သွားသည်။

မျိုးလွင်နှင့် ယဉ်မင်းသူတို့ နှစ်ဦးစလုံး ငြိမ်သက်စွာဖြင့် ငေး၍ကြည့်နေမိကြသည်။

ဒီဂျမ်း ပျောက်သွားတော့မှ မျိုးလွင်က လေသံနှိမ့်၍ ပြောသည်။

"ရှူး. . . တိုးတိုး ဒီဂျမ်းလို ကောင်စားမျိုးကို ဦးဒိဗ္ဗက ဘာဖြစ်လို့ ကလပ်မှာ ငှားထားရသလဲ မသိဘူး၊ ကျွန်တော်တော့ နားကိုမလည်နိုင်ဘူး၊ ဒီလူကြောင့် ဒီကလပ် နာမည်ပျက်သွားနိုင်တယ်၊ ကျွန်တော်ပြောတာကိုသာ သေသေချာချာ မှတ်ထားပါ"

ယဉ်မင်းသူ သက်မချလိုက်မိသည်။

"သူက. . . ဘယ်သူလဲဟင်. . ."

လှေကားဘက်သို့ တစ်ချက်မော့ကြည့်ရင်း မျိုးလွင်က ပြောသည်။

"ဒီနေရာမှာတော့ သူ့ကို ဒီဂျမ်းလို့ ခေါ်ကြတယ်၊ သူ့နာမည်အရင်း မိုက်ခဲလို့ ခေါ်တယ်၊ အရင်တုန်းက ကြေးစား



သေနတ်သမားတစ်ယောက် ဖြစ်မယ်လို့ ထင်တယ်"

ယဉ်မင်းသူ၏ တစ်ကိုယ်လုံး ကြောက်ရွံ့မှုကြောင့် အေးစိမ့်၍ သွားသည်။ ဒီဂျမ်းသည် သူမ ကြိုတင် တွက်ဆထားသည့်အတိုင်း ဖြစ်နေပေသည်။ လူဆိုး၊ လူမိုက်၊ လူသတ်သမားတစ်ဦးနှင့် တူလွန်းလှသူ ဖြစ်သည်။

မျိုးလွင်က ဆက်၍ပြောသည်။

"သူက ဘယ်သူ့ကိုမှ မယုံကြည်တတ်ဘူး၊ သူက အချိန်မရွေး ဒုက္ခပေးနိုင်တယ်"

အပြင်ဘက်မှ တံခါးတစ်ချပ် ပွင့်လာ၏။

အခန်းထဲသို့ ဂျူးဂျူး ဝင်လာသည်။

သစ်လွင်တောက်ပသော ဝတ်စုံနှင့် မီနီစကတ်ကို ဝတ်ထားသည်။ မျိုးလွင်က ဂျူးဂျူးကို လှမ်း၍ကြည့်လိုက်သည်။

ယဉ်မင်းသူက စိတ်ဝင်စားဟန်ဖြင့်. . .

"သူကကော ဘယ်သူလဲဟင်"

"ဂျူးဂျူးဆိုတာ သူပေါ့၊ သူလဲ ငေးကြည့်ရလောက်အောင် ဆွဲဆောင်မှုအပြည့်ရှိတယ်၊ အသားလေး ညိုပေမယ့် ကြည့်လို့တော့ကောင်းတယ်၊ သူက ဦးဒိဗ္ဗရဲ့ ကိုယ်ပိုင်ပစ္စည်းတစ်ခုပေါ့"

"ဩော်. . ."

နောက်ထပ် တစ်ဦးဝင်လာပြန်သည်။

ထွန်းထက် ဖြစ်သည်။ ထွန်းထက်က ယဉ်မင်းသူ ရှိနေသည်ကို သတိပြုလိုက်မိပုံရသည်။ ခြေလှမ်း တုံ့ခနဲ ရပ်လျက် သူမကို စိတ်ဝင်စားစွာ တစ်ချက်ကြည့်လိုက်ပြီး လှေကားပေါ်သို့ တက်၍သွားသည်။

မျိုးလွင်က လှေကား အပေါ်ဘက်သို့ မော့ကြည့်လျက်-

"အင်း . . . အပေါ်မှာ ဘာတွေ စည်းဝေးကြမလဲတော့ မသိဘူး"

မျိုးလွင်လည်း ဒီပွဲ၏ အစည်းအဝေးကို စိတ်ဝင်စားနေကြောင်း ယဉ်မင်းသူ နားလည်လိုက်သည်။

ယဉ်မင်းသူက. . .

"စောစောက ဝင်လာတဲ့လူကကော"

"သူက ဒရမ်သမား ထွန်းထက်၊ သူကတော့ သိပ်မဆိုးလှပါဘူး"

တစ်နည်းနည်းဖြင့် အပေါ်ထပ်သို့ တက်၍ရရန် သူမ စဉ်းစားလိုက်သည်။

"ကျွန်မ မပြန်ခင်မှာ နည်းနည်းပါးပါးလောက် အလှပြင်ချင်လို့ပါ"

"ကောင်းပါပြီ၊ အပေါ်ထပ် ညာဘက်ခန်းက အမျိုးသမီးတွေအတွက် အခန်းပါ၊ တံခါးပေါ်မှာ စာရေးထားတယ်"



ထိုစဉ်မှာပင်. . .

တယ်လီဖုန်း မြည်၍လာသည်။ မျိုးလွင် တယ်လီဖုန်းရှိရာသို့ ခပ်သုတ်သုတ်လျှောက်၍သွားပြီး ဖုန်းကို ကိုင်လိုက်သည်။

"ဟယ်လို. . . မြကတ္တီပါကလပ်ကပါ"

ယဉ်မင်းသူ အပေါ်ထပ်သို့ ခပ်သွက်သွက် တက်သွားသည်။

လှေကားက တစ်ဝက်ခန့်၌ ကွေ့၍သွားသည်။ ထိုအကွေ့နေရာ၌ အမျိုးသမီးများအတွက် သီးသန့်ခန်းရှိသည်။ အပေါ်ထပ်သို့ ရောက်အောင် သူမ ပြေး၍ တက်လာသည်။ ထူထဲသော ကော်ဇောများ ခင်းထား၍ သူမ၏ ခြေသံကို မကြားနိုင်ပေ။

စင်္ကြံအတိုင်း လျှောက်၍သွားသည်။ အခန်းဝ တစ်ခုရောက်တိုင်း ထိုအခန်းကို ကပ်၍ နားထောင်ကြည့်သည်။ တစ်ခန်းပြီး တစ်ခန်း ဖြတ်ကျော်လာခဲ့ရာ စင်္ကြံလမ်းအဆုံးသို့ပင် ရောက်၍လာသည်။

ထိုနေရာရှိ အခန်း၏ အပေါ်၌ 'ကိုယ်ပိုင်သီးသန့်ခန်း' ဟူ၍ ရွှေရောင်စာလုံးများဖြင့် ရေးထားသည်ကို တွေ့လိုက်ရ

သည်။

သူမ၏ နားကို တံခါးပျဉ်ချပ်ပေါ်၌ ကပ်၍ နားထောင်လိုက်သည်။

အတွင်းမှ စကားသံများကို သူမ ကောင်းစွာ ကြားနေရလေသည်။

***



## အခန်း (၁၁)

ထမင်းဟင်းချက်ပြုတ်မှုနှင့် အိမ်ထောင်သန့်ရှင်းရေး တာဝန်ယူထားသည့် ဒေါ်မြက 'တိုးမြင့်' ကို လှမ်းကြည့်သည်။

အပေါ်ထပ်အခန်းမှ တယ်လီဖုန်းသံက ဆူညံစွာ မြည်၍နေ၏။ တိုးမြင့် အပေါ်ထပ်သို့ လှေကားမှ ပြေးတက်သွားသည်။ တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်သည်။

"ဟယ်လို . . . ဘယ်သူလဲ"

တစ်ဖက်မှ ယဉ်မင်းသူက အရေးတကြီးပြောသည်။

"ကိုတိုးမြင့် ရှိပါသလားရှင်"

သူမ၏အသံကို တိုးမြင့် ကောင်းစွာမှတ်မိသည်။

"အခု ပြောနေတာ တိုးမြင့်ပါ"

"ကျွန်မ အခု မြကတ္တီပါကလပ်မှာ အလုပ်ရပြီ"

"ခင်ဗျား အလုပ်ရမယ်ဆိုတာ ကျွန်တော် သိတယ်။ ကိုဘဆန်းချစ်က ကျွန်တော်ပြောထားတဲ့အတိုင်း ခင်ဗျား အလုပ်ရအောင်စီစဉ်ပေးတာပါ။ နောက်ထပ် ဘာတွေ ထူးသေးသလဲ"

"ဒီနေ့ညမှာ ဦးလှိုင်ဘွားဇံလာဖို့ မျှော်နေကြတယ်။ ဦးဒိဗ္ဗရဲ့ အခန်းထဲမှာ သူတို့အစည်းအဝေးလုပ်ကြတယ်။ သူတို့လူစုအားလုံး အဲဒီမှာရှိနေကြတယ်။ ကျွန်မအပေါ်ထပ်ကို

တက်ပြီး ချောင်းနားထောင်ကြည့်မိသေးတယ်"

"အဲဒီမှာ ဘယ်သူတွေရှိနေကြသလဲ"

"ဒေါက်တာပြည့်စုံ၊ ဂျူးဂျူးဆိုတဲ့ အမျိုးသမီး . . ."

တိုးမြင့်က စိတ်မရှည်သံဖြင့် . . .

"နောက်ထပ်ကော ဘယ်သူတွေရှိသေးသလဲ"

"တီးဝိုင်းအဖွဲ့က ဒရမ်တီးတဲ့ ထွန်းထက်ဆိုတဲ့လူပါ တယ်။ ပြီးတော့ ရုပ်အကျီအနီဝတ်တဲ့လူ၊ သူက မြင်ရုံနဲ့ ကျွန်မကို မှတ်မိတယ်။ ကျွန်မကို မသကာဘူး။ ကျွန်မက ခပ်တည်တည်နဲ့ ပြန်ပြီး လိမ့်လိုက်တော့မှ သူယုံသွားတယ်"

တိုးမြင့် မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

သူမအနေဖြင့် ရုပ်အကျီအနီနှင့် လူကို လိမ့်နိုင်၊ လှည့်စားနိုင်ပါမည်လော။ သူမ လိမ်နေခြင်းဖြစ်နိုင်သည် သူကိုယ်တိုင်ကလည်း ရုပ်အကျီအနီနှင့် လူကို ကြောက်ရွံ့နေမိသည်။

သူမ ပြောနေသည်ကို မယုံကြည်ဟန်ဖြင့် တိုးမြင့်က မေးသည်။

"ခင်ဗျားက ဘာကိုအဓိကထားပြီး ပြောချင်တာလဲ"

ယဉ်မင်းသူက သူမကြုံတွေ့ခဲ့ရသည်များကို အလိုအပိုမရှိ တိကျစွာပြောပြလိုက်သည်။

တိုးမြင့်က သူမ၏ လုပ်ဆောင်မှုအပေါ်၌ ချီးကျူးလို



စိတ်မရှိ။

"ခင်ဗျားသူ့ကို လှည့်စားလိုက်နိုင်တာလဲ ဖြစ်နိုင်တယ်။ ဒါမှမဟုတ်ရင် ဟန်ဆောင်ပြီး ထောင်ချောက်ဆင်တာလဲ ဖြစ်နိုင်တယ်"

တစ်ဖက်ရှိ ယဉ်မင်းသူထံမှ ငြိမ်သက်သွားသည်။ သူမအား တုန်လှုပ်သွားအောင် ခြောက်လှန့်လိုက်သလို ဖြစ်သွားပြီဟု တိုးမြင့် တွေးမိသည်။

"ဟယ်လို မယဉ်မင်းသူ . . .။ ခင်ဗျား ရှိပါသေးတယ်နော်"

သူမက လေသံခပ်ဆိုင်းဆိုင်းဖြင့် . . .

"ဟုတ်ကဲ့ ရှိပါသေးတယ်"

သူမ၏အသံက ခြောက်ကပ်၍နေသည်။

သူမ၏ လေသံအရ သူအနေဖြင့် ယဉ်မင်းသူ၏ စိတ်ထဲ၌ နာကြည်းခံပြင်းသွားအောင် ပြောလိုက်မိသည်ဟု နားလည်လိုက်သည်။

သူတွက်ဆသည့်အတိုင်းပင် ယဉ်မင်းသူက . . .

"ကျွန်မ လုပ်တဲ့အလုပ်အတွက် ရှင့်အနေနဲ့ ကျေနပ်မယ်လို့ ထင်ထားတယ်။ ဒါပေမယ့် ရှင်က ကျေနပ်ပုံမရဘူး။ ရှင်က တော်တော် ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

တိုးမြင့် ကမန်းကတန်း ပြန်ပြောသည်။

"ခင်ဗျားအတွက် စိုးရိမ်ပြီးပြောမိတာပါ။ ခင်ဗျားလုပ် တာ ကောင်းပါတယ်၊ ကျွန်တော် ကျေနပ်ပါတယ်"

ယဉ်မင်းသူ သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"ကျွန်မ ဒီအလုပ်မျိုးလုပ်ရတာ ကြောက်တယ်။ အဲဒီလူ တွေဟာ ကြောက်စရာကောင်းတဲ့ လူတွေချည်းပဲ အကျီအနီ အမြဲဝတ်တဲ့ ဒီဂျမ်းလို့ခေါ်တဲ့ လူက ကြောက်စရာအကောင်း ဆုံးပဲ"

"ဟုတ်ကဲ့ ခင်ဗျားအနေနဲ့ သတိထားဖို့တော့ လိုမယ်။ ဒါပေမယ့် ခင်ဗျားက သတ္တိရှိတယ်။ ဒီအလုပ်မျိုးနဲ့ အဆင်ပြေ တယ်"

"သူတို့လူစု ဦးလှိုင်ဘွားဇံလာမှာကို ဒီညစောင့်နေကြ လိမ့်မယ်။ သူတို့ပြောတဲ့ အထဲမှာနားမလည်နိုင်တဲ့ စကားတွေပါ တယ်။ နရဏီယောဂ ကျင့်စဉ်တဲ့။ အဲဒါနဲ့ ပတ်သက်ပြီး တစ်ခုခု ကြံစည်ထားတဲ့ပုံပေါ်တယ်"

"ဘာ ဘယ်လိုဟာမျိုးလဲ"

တိုးမြင့် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"နရဏီယောဂကျင့်စဉ်တဲ့၊ မှော်ပညာနဲ့ ပတ်သက်တဲ့ ပညာရပ် တစ်မျိုးတဲ့။ ဒေါက်တာပြည့်စုံက ခေါင်းဆောင်ပြီး



ပြောပြနေတယ်။ ထွန်းထက်ကို သူကညွှန်ကြားချက်တွေ ပြောပြ နေတယ်။ သူတို့ပြောတဲ့ စကားတွေအားလုံး မကြားရဘူး။ ဒီ ကြားထဲ ဝိဉာဉ်ခေါ် မှော်ပညာအကြောင်း ထပ်တလဲလဲပြော တယ်။ ကျွန်မတော့ နားမလည်ဘူး၊ ရှင်ကော နားလည်ရဲ့လား"

တိုးမြင့်လည်း နားမလည်နိုင်ပေ။ သူဉာဏ်မရှိကြောင်း သိသဖြင့် ဒေါသဖြစ်မိသည်။

"ကျွန်တော်လဲ နားမလည်ဘူး။ ဒါပေမယ့် ရှာဖွေကြည့် လိုက်ဦးမယ်"

"ဒေါက်တာပြည့်စုံက အခု ကိစ္စဟာ ငွေအများကြီးရနိုင် လိမ့်မယ်လို့ ပြောတယ်။ သူတို့ ဘယ်လိုခွဲယူမယ်ဆိုတာလည်း တိုင်ပင်ကြတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အဆင်ပြေပုံမရကြ ဘူး။ ကျွန်မလဲ ဆက်နေလို့ မဖြစ်တော့ဘူး"

"ဒါဆို ကျွန်တော်တို့ ဘာဆက်လုပ်ရမယ်ဆိုတာ သိနိုင် ပါပြီ။ ခင်ဗျားပြောတဲ့ ဝိဉာဉ်ခေါ် မှော်ပညာအကြောင်း ကျွန် တော်ရှာကြည့်ထားမယ်။ ကလပ်မှာ ဒီနေ့ညဘက် ခင်ဗျားရှိမယ် မဟုတ်လား"

"ကျွန်မ ဒီနေ့ညဘက်ကစပြီး အလုပ်ဝင်ရမယ်။ သူတို့ က ဦးလှိုင်ဘွားဇံ ညဆယ်နာရီလောက်မှာ ရောက်မယ်လို့ ပြောတယ်"

တိုးမြင့်က လေသံခပ်ဆတ်ဆတ်ဖြင့် . . .

"သူ မသွားနိုင်အောင် ကျွန်တော်လုပ်မယ်။ ကားမော
လို့ မရအောင် လုပ်ထားလိုက်မယ်"

"ကောင်းပါပြီ အဲဒီလူတွေ မကောင်းဘူးဆိုတာ ကျွန်
သေချာပေါက်ပြောရဲတယ်။ ကျွန်မတို့အနေနဲ့ သတိထားမှဖြ
မယ်။ ငွေကတော့ မထင်မှတ်နိုင်အောင် များလွန်းတယ်။ သူ
က အဲဒီငွေရဖို့ အသည်းအသန်ကြိုးစားနေကြတယ်"

တိုးမြင့်က . . . .

"သေသေချာချာနားထောင်ပါ။ ခင်ဗျားဆီကို သော့တ
ချောင်း ပို့လိုက်တယ်။ အဲဒီသော့ကို သေသေချာချာသိမ်းထားပါ
တကယ်လို့ ကျွန်တော်တစ်စုံတစ်ခုဖြစ်သွားခဲ့ရင် ခင်ဗျားဆီ
သံသေတ္တာလေး တစ်လုံး ရောက်လာလိမ့်မယ်။ အဲဒီ သံသေတ္တာ
ခင်ဗျားဆီက သော့နဲ့ ဖွင့်ရုံပဲ"

ယဉ်မင်းသူက တုန်လှုပ်သံဖြင့် . . .

'ဟင် ရှင်က ဘာဖြစ်မှာမို့လို့လဲ"

"ဒါကတော့ ဘယ်လိုမှ မပြောနိုင်ဘူး။ အကြံအနီနဲ့လ
က အန္တရာယ်ပေးလာလိမ့်မယ်"

ယဉ်မင်းသူ အမှန်တကယ်ပင် ကြောက်ရွံ့လာသည်။

"ကောင်းပါပြီ။ ရှင့်ဆီကို မနက်ဖြန်ကျမှ ဖုန်းထပ်ဆက်



ယ်။ ကျွန်မတို့လူချင်းတွေ့ဖို့ မသင့်ဘူးထင်တယ်။ သူတို့က
ျွန်မကို စောင့်ကြည့်နေနိုင်တယ် . . ."

"ခင်ဗျား နားလည်တာအမှန်ပဲ။ ကျွန်တော်တစ်စုံတစ်ခု
ဖြစ်တာနဲ့ ကိုဘဆန်းချစ်က ခင်ဗျားကို အကူအညီပေးလိမ့်မယ်။
ဘာတွေ လုပ်ထားခဲ့တယ်ဆိုတာ ကျွန်တော်တစ်ယောက်
ည်းပဲသိထားတယ်။ အဲဒီအကြောင်းတွေကိုလဲ စာထဲမှာ
ပြည့်အစုံရေးထည့်ထားတယ်။ ဒါပါပဲ . . . .

သူမ ထပ်၍ပြောရန်ပြင်လိုက်သည်။

သို့သော် . . .

တိုးမြင့်ထံမှ တယ်လီဖုန်းချသွားပေပြီ။

* * *

## အခန်း (၁၂)

ပုံမှန်အခြေအနေထက် ပိုလွန်သော စွမ်းအင်တ
သည် အသက်ဝိညာဉ်မရှိတော့ဘဲ ကျန်ရှိခဲ့သော ခန္ဓာကို
တစ်ခုထဲသို့ ဝင်ရောက်ခိုဝင်ပြီး တစ်ဖန်ပြန်လည် အသက်
လှုပ်ရှားနိုင်သည်ဟု ယုံကြည်သတ်မှတ်သော အတတ်ပညာ
တစ်ခု ဖြစ်သည်။

တိုးမြင့်သည် ထိုစာပိုဒ်၏အဓိပ္ပာယ်ကို အချိန်အ
ကြာမျှ စဉ်းစား၍ကြည့်နေသည်။ တဖြည်းဖြည်းနှင့်သူသ
အဓိပ္ပာယ်နားလည်သဘောပေါက်၍ လာမိပေသည်။

လှေကားပေါ်သို့ တက်သွားသည်။



ထိုအထပ်သည် ဒုတိယထပ်ဖြစ်သည်။ မီးထွန်းထားခြင်း
ှိသော စင်္ကြံလမ်းရှည်တစ်ခုအတိုင်း လျှောက်၍လာသည်။

ဦးလှိုင်ဘွားဖဲ၏အခန်းတံခါးဝ၌ ရပ်လိုက်သည်။

အခန်းထဲသို့ ဝင်ရန်အတွက် တုံ့ဆိုင်းနေမိသည်။

ထို့နောက် ဆုံးဖြတ်ချက်တစ်ခုချပြီး တံခါးကိုခေါက်ပြီး
င့်လိုက် သည်။

"ဘယ်သူလဲ . . . ဟေ့ . . ."

ဦးလှိုင်ဘွားဖဲက အလိုမကျသံဖြင့် လှမ်း၍မေးသည်။
ခန်းတွင်း၌ မှောင်၍တိတ်ဆိတ်နေသည်။ ကန့်လန့်ကာများ
၍ထားသည်။ စားပွဲတင်မီးလုံးမှ အလင်းရောင်သာရှိသည်။

ထို့ပြင် အခန်းထဲမှ ထူးခြားသော အနံ့တစ်မျိုးကို ရှူ
က် ခံစားမိသည်။

မှုန်ပျပျအလင်းရောင်အောက်၌ . . .

စားပွဲတွင်ထိုင်နေသည့် ဦးလှိုင်ဘွားဖဲကို တွေ့မြင်လိုက်
သည်။ သူ၏ရှေ့ရှိ စားပွဲပေါ်၌ စာရွက်များ ပြန့်ကျဲ၍နေသည်။

ဦးလှိုင်ဘွားဖဲက လေသံခပ်ဆတ်ဆတ်ဖြင့်မေးသည်။

"ဘာကိစ္စရှိလို့လဲ မောင်တိုးမြင့်"

"ကားပျက်နေပါတယ် ဦး။ ကြိုပြီးသိရအောင် လာပြော
တာပါ"

ဦးလှိုင်ဘွားဖဲ၏ နဖူးကြောများတင်း၍သွားသည်။

"အင်း ကားပြင်တာ ဘယ်လောက်ကြာနိုင်လဲ"

"တစ်ပတ်လောက်တော့ ကြာနိုင်ပါတယ်"

တဖြည်းဖြည်းနှင့် အမှောင်လွှမ်းသည့် အခန်းထဲ
တိုးမြင့်၏မျက်လုံး ကျင့်သားရ၍လာသည်။

အခန်းအတွင်း၌ . . .

ဦးလှိုင်ဘွားဖဲ တစ်ဦးတည်းရှိနေခြင်းမဟုတ်။ အခြား
လူတစ်ဦးပါရှိနေကြောင်း ချက်ခြင်းသတိထားလိုက်မိသည်။

ဦးလှိုင်ဘွားဖဲနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံပေါ်၌ လူတ
ဦးထိုင်၍နေ၏။ ထိုလူသည် တိုးမြင့်ကို ကျောပေး၍ထိုင်
ခြင်းဖြစ်သည်။ နောက်ဘက်မှနေ၍ထိုင်နေသူ၏ ဦးခေါင်းကို
မြင်ရသည်။

ဦးလှိုင်ဘွားဖဲက တိုးမြင့်ကို လှမ်းကြည့်လျက် . . .

"ကားပြင်တာတစ်ပတ်လောက်ကြာမယ် ဟုတ်လား"
ထို့နောက် သူ့ရှေ့တူရူရှိလူကိုကြည့်၍ . . .

"ကဲ ဒါဆိုရင် တော်တော့်ကို အဆင်မပြေတဲ့ကိစ္စပဲ
ကဲ . . . မင်း ကြားတယ်မဟုတ်လား . . . လှိုင်ငွေဖဲ။ ကားကို
နောက် တစ်ပတ်လောက် ပြင်ရဦးမယ်လို့ တိုးမြင့်က ပြောနေ
တယ်"



တိုးမြင့်၏ခြေလှမ်း နောက်သို့ မသိမသာဆုတ်သွားမိ
သည်။

"ဘုရား ဘုရား ဦးလှိုင်ငွေဖဲဆိုပါလား"

ထိုင်ခုံ၌ ထိုင်နေသူကို သူကြည့်လိုက်မိသည်။

မည်သူမှန်းမသိ။

ဦးလှိုင်ငွေဖဲကား သေပေပြီ။

ဦးလှိုင်ဘွားဖဲသည် ထိုင်ခုံ၌ထိုင်နေသူကိုကြည့်နေရာမှ
တိုးမြင့် ဘက်သို့ ကြည့်လိုက်သည်။

"ငါတို့ ဒီည မောင်တော်ကားရမှဖြစ်မယ်။ ငါတို့နှစ်
ယောက်အပြင်ကိုထွက်ဖို့ စီစဉ်ထားတယ် . . ."

တိုးမြင့်၏ ခြေဖျား လက်ဖျားများ အေးစက်၍ လာ
သည်။

သူ၏ သွားများကို တင်းစွာကြိတ်လိုက်မိသည်။

သူ့ကိုယ်သူ မည်သို့မျှ ထိန်းချုပ်၍ မရနိုင်တော့ဘဲ၊
ွတ်ခနဲ မေးလိုက်မိသည်။

"ဒီကုလားထိုင်ပေါ်မှာ ထိုင်နေတာ ဘယ်သူလဲ . . ."

ဦးလှိုင်ဘွားဖဲက အသံထွက်၍ ရယ်လိုက်သည်။

"ဘာဖြစ်လို့လဲ မောင်တိုးမြင့် ဘာလဲ မင်းက ငါ့အစ်ကို
ှိုင်ငွေဖဲ ကို သတိမရတော့ဘူးလား။ ကဲ လှိုင်ငွေဖဲရေ မင်းကို

မောင်တိုးမြင့်က မမှတ်မိတော့ဘူးတဲ့ . . ."

ဦးလှိုင်ဘွားဖဲက ကုလားထိုင်၌ ငြိမ်သက်စွာထိုင်နေ သည့် လူကိုကြည့်၍ ပြောလိုက်ပြန်သည်။

"ကဲ မောင်တိုးမြင့် မင်းကိုယ်တိုင် ဒီဘက်ကိုလာပါ ကုလားထိုင်မှာ ထိုင်နေတာ ဘယ်သူလဲဆိုတာ လာကြည့်စမ်းပါ

တိုးမြင့်က ခေါင်းခါလျက်. . .

"ဟင့်အင်း ကျွန်တော် မကြည့်နိုင်ဘူး။ ဦးလှိုင်ငွေဖဲက သေသွားပြီပဲ။ ဦး ဘာတွေပြောနေတာလဲ ကျွန်တော်တော့ ဘာမှ နားမလည်နိုင်တော့ဘူး"

ဦးလှိုင်ဘွားဖဲက ထိုင်ရာမှ ဖြည်းညင်းစွာ ထ၍ရယ်လိုက် သည်။

"မင်းပြောတာ မမှားပါဘူး။ ဒါပေမယ့် သူ့ကို သိပ် မကြာ ခင်မှာ ပြန်ကောင်းသွားအောင် လုပ်ပေးနိုင်တော့မယ်"

ဦးလှိုင်ဘွားဖဲက ထူးခြားစွာပြုံးလျက် တိုးမြင့်အနီးသို့ တိုး၍သွားသည်။

တိုးမြင့်၏လက်မောင်းတစ်ဖက်ကို လျင်မြန်စွာ ဖမ်းဆုပ် ကိုင်လိုက်သည်။ တိုးမြင့်မှာ အသက်ရှူမှားလုမတတ် ခံစားလိုက် ရသည်။

"ဒီအနားကိုလာပါ မောင်တိုးမြင့်။ ဒါ ဘယ်သူမှမသိ



သေးတဲ့ ငါ့ရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ။ မင်းဟာ ငါတို့ရဲ့ အိမ်သား တစ်ယောက်ဖြစ်နေပြီပဲ။ တကယ်တော့ ငါနဲ့ လှိုင်ငွေဖဲတို့ အနေ နဲ့ မင်းအပေါ်မှာ လျှို့ဝှက်ထားစရာဘာမှ မလိုပါဘူး။ မင်းကသာ ဒီအကြောင်းကို ဘယ်သူ့မှ ထုတ်မပြောဖို့ပဲ အရေးကြီးတယ်။ ဒီရက်ပိုင်းအတွင်းမှာပဲ ငါ့အစ်ကို လှိုင်ငွေဖဲ ပြန်ထပြီး သွားနိုင် လာနိုင်တော့မှာပါ"

တိုးမြင့်၏ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်း၍သွား သည်။ ရှေ့သို့ တဖြည်းဖြည်းတိုး၍သွားသည်။

ဦးလှိုင်ဘွားဖဲက မီးအုပ်ဆောင်းကို ပင့်တင်လိုက်သည်။ အလင်းရောင်က ပို၍လင်းလာသည်။

ဦးလှိုင်ဘွားဖဲက လေသံခပ်တိုးတိုးဖြင့်. . .

"သေသေချာချာကြည့်ပါ။ ကြည့်လို့ကောင်းတယ် မဟုတ်လား"

တိုးမြင့်မှာ ကြောက်လန့်တုန်ယင်စွာဖြင့် ဦးလှိုင်ငွေဖဲ၏ အသက်မရှိတော့သော ရုပ်အလောင်းကို ကြည့်လိုက်မိပြီးသား ဖြစ်သွားသည်။

မမြင်နိုင်တော့သော မျက်လုံးများဖြင့် ဦးလှိုင်ငွေဖဲက သူ့ကို ကြည့်နေသည်။ ပါးစပ်က အနည်းငယ် ပွင့်ဟ၍နေ၏။

ဦးလှိုင်ငွေဖဲသည် မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထား

သည်။ အသက်ဝိညာဉ်မရှိတော့ခြင်း၊ မြင်နိုင်စွမ်းမရှိတော့သော မျက်လုံးများရှိနေခြင်း၊ ပါးစပ်ပွင့်ဟနေခြင်းမှလွဲ၍ လွန်ခဲ့သော သုံးလကျော်က ဦးလှိုင်ငွေးဇံ သေဆုံးခဲ့သည်ဆိုသောအချက်ကို မည်သို့မျှ တွက်ဆ ခန့်မှန်းနိုင်ကြမည်မဟုတ်ပေ။

တိုးမြင့်၏ တစ်ကိုယ်လုံး တုန်ခါ၍နေသည်။

ဝမ်းဗိုက်အတွင်းမှ နာကျင်၍လာပြီး မျက်နှာပြင်ပေါ်၌ ချွေးသီးချွေးပေါက်များ စီး၍ထွက်လာသည်။

မသိမသာ နောက်သို့ဆုပ်လိုက်မိသည်။

မပုပ်မသိုးအောင် ထိုးထားသည့် ထိုးဆေးနှင့် လိမ်းထားသည့် ဆေးဆီနံ့များထွက်၍နေသည်။ တိုးမြင့်က လက်ကိုင်ပဝါဖြင့် သူ၏ ပါးစပ်နှင့် နှာခေါင်းကို ပိတ်လိုက်သည်။

ဦးလှိုင်ဘွားဇံက အစ်ကိုဖြစ်သူ ဦးလှိုင်ငွေးဇံ အလောင်းကို ငုံ့၍ ကြည့်လျက်ပြောသည်။

"ဒီရက်ပိုင်းအတွင်းမှာ မင်းပြန်ပြီးထနိုင်သွားနိုင်လာနိုင်အောင် ငါလုပ်ပေးမှာပါ။ ဒါ ငါ့ဘက်က အကောင်းဆုံးလုပ်ပေးတာပဲ လှိုင်ငွေးဇံ . . ."

ဦးလှိုင်ဘွားဇံက ခါးကို ပြန်မတ်လျက် နှုတ်ခမ်းကို တင်းတင်းစေ့လျက်ပြောသည်။

"မင်း ပြန်ပြီးထလာနိုင်ရင်တော့ သူတို့က မင်းကို



(. . . . )တစ်ခုခုပြောကြမှာပဲ။ ဒါပေမယ့် မြေတွင်းထဲမှာစိုစိုစွတ်စွတ်နေရတာထက်စာရင် ဒါက အများကြီးသက်သာပါလိမ့်မယ်"

အခန်းအတွင်းရှိ အခြေအနေမှာ ထိတ်လန့် တုန်လှုပ်စရာ ကောင်းလှသည်။

ဦးလှိုင်ဘွားဇံ၏ ရှူးသွပ်နေသည့် စကားပြောသံ၊ ညှီစို့စို့နိုင်သည့် အနံ့အသက်များ . . . . ။

မည်းနက်ပြာနှမ်းနေပြီဖြစ်သည့် ဦးလှိုင်ငွေးဇံ၏ မျက်နှာပြင်။

ထိုအရာအားလုံးက တိုးမြင့်အား ချောက်ချားလောက်စေလေသည်။ တိုးမြင့် ဆက်၍မနေရဲတော့ပေ။ သူသည် ဦးလှိုင်ဘွားဇံ၏ အခန်းထဲမှ ထွက်ပြေးသွားလေသည်။

ဦးလှိုင်ဘွားဇံ၏ ရယ်မောသံသဲ့သဲ့ကို သူကြားနေရသည်။ သူ၏အခန်းသို့ ပြန်ရောက်သည်အထိ တိုးမြင့်မနားဘဲ ပြေး၍လာသည်။ အခန်းတံခါးကို ဆောင့်၍ပိတ်လိုက်သည်။ တံခါးကိုကျောဖြင့် မှီ၍ရပ်ပြီး မောဟိုက်စွာ အသက်ရှူနေမိသည်။

နဖူးပြင်ပေါ်မှ ချွေးသီးချွေးပေါက်များက တစ်စက်စက်ကျ၍နေသည်။ သူ၏လက်များ ခြေများ တဆတ်ဆတ်တုန်ခါ၍

နေသည်။ တိုးမြင့်သည် အိပ်ရာပေါ်၌ ပစ်လှဲချလိုက်၏။ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ကြောက်ရွံ့စိတ်များက ဖိစီး၍နေပေသည်။

အတန်ကြာမှ သူ၏စိတ်များ တည်ငြိမ်စပြုလာပြီး ပြန်၍ ပုံမှန်အတိုင်း စဉ်းစားလာနိုင်လေသည်။

အချိန်များ တဖြည်းဖြည်းကုန်ဆုံး၍လာသည်။

ဒေါ်မြ ပြင်ဆင်ထားပေးခဲ့သည့် ညစာကို စားသည်။ အစားအသောက်များ စားသောက်ရသည်မှာ မည်သို့မျှ ခံတွင်းမတွေ့နိုင်ဘဲ ဖြစ်နေသည်။

ည ကိုးနာရီနှင့် လေးဆယ့်ငါးမိနစ် . . .။

ဦးလှိုင်ဘွားဇံ သူ၏အခန်း၌ မည်သို့နေသနည်းဟု သိရန်သွားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထမင်းဟင်းချက်ပြုတ်သူ ဒေါ်မြကား ပြန်၍ သွားပြီဖြစ်သည်။

အိမ်ကြီးပေါ်၌ ဦးလှိုင်ဘွားဇံတစ်ဦးတည်းသာ ရှိပေတော့မည်။ သူ၏ အစ်ကိုဖြစ်သူ ဦးလှိုင်ဌေးဇံ တစ်ယောက် မည်သည့်နည်းနှင့်မျှ အသက်ပြန်ရှင်လာနိုင်တော့မည် မဟုတ်ကြောင်း ရှင်းပြပြောဆိုရန် စဉ်းစားမိသည်။ ဦးလှိုင်ဘွားဇံအား စိတ်ရှည်လက်ရှည်ဖြင့် ကျေနပ်နားလည်လာစေရန် ပြောနိုင်



လျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ထိုအခါမှသာ ဒီဗွတို့ လူစုထံသို့ သွားရောက်ခြင်းမပြုဘဲ နေပေတော့မည်။

ယခုအချိန် ယဉ်မင်းသူတစ်ယောက် မြကတ္တီပါကာလပ်၌ အလုပ် ဝင်နေပေလိမ့်မည်။

ကော်ဖီခွက်ကို လက်လှမ်းလိုက်စဉ် . . .

လှေကားမှ ခြေသံကိုကြားလိုက်ရသည်။ သူ၏အခန်းဆီသို့ တည့်မတ်စွာလာနေသည့် ခြေသံဖြစ်သည်။

တိုးမြင့်သည် တံခါးပေါက်ဆီသို့ တွေတွေကြီးရပ်၍ စိုက်ကြည့်နေမိသည်။

တံခါးဝမှ အသံမြည်သံတစ်ချက်ကြားရသည်။ တိုးမြင့်မှာ အညှို့ခံထားရသူတစ်ဦးနှယ် မလှုပ်မယှက်ရပ်၍နေမိသည်။ တံခါးပွင့်၍လာပြီး အခန်းတွင်းသို့ အကျီနီနှင့်လူဝင်လာလိမ့်မည်ဟု တွက်ဆထားသည်။

သို့သော် သူထင်သလို ဖြစ်မလာပေ။

ခြေသံမှာ သူ၏အခန်းတံခါးဝမှ ပြန်၍ထွက်သွားသည်။

တိုးမြင့်မှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အော်ဟစ်မေးမြန်းလိုက်သည်။

"ဟော့ ဘယ်သူလဲ"

ထိုအချိန်မှာပင် မာစီဒီးကားစက်သံကို ကြားလိုက်ရ

သည်။ တံခါးပေါက်ဆီသို့ တိုးမြင့် ပြေး၍သွားသည်။ တံခါးမှာ အပြင်ဘက်သို့ တွန်း၍ဖွင့်ရသော တံခါးအမျိုးအစားဖြစ်သည်။ လက်ကိုင်ကို လှည့်၍ ဖွင့်လိုက်၏။ တံခါးကို အပြင်ဘက်သို့ တွန်းဖွင့်၍ လုံးဝမရကြောင်း သိလိုက်ရသည်။

မာစီဒီကားမှာ အပြင်ဘက်သို့ မောင်းနှင် ထွက်ခွာ၍ သွားသည်။

တိုးမြင့်က တံခါးကို အရှိန်ဖြင့် ဆောင့်ကန်လိုက်၏။ တံခါးမှာ အနည်းငယ်မျှပင် ပွင့်ဟသွားခြင်း မရှိပေ။ တံခါး၏ အောက်ခြေဘက်၌တစ်စုံတစ်ဦးက သပ်တစ်ချောင်း ထိုးသွင်းထားခြင်းဖြစ်သဖြင့် တံခါးကို အရှိန်ဖြင့်၊ အင်အားဖြင့် ဖိ၍ တွန်းလေ ပို၍ကြပ်လေသာဖြစ်လာတော့သည်။ တံခါးက မည်သို့မျှ ပွင့်လာတော့မည်မဟုတ်ပေ။

ကမန်းကတန်း ပြတင်းပေါက်ဘက်သို့ ပြေး၍ကြည့်သည်။ မာစီဒီးကားကြီး၏ နောက်ဘက်မှ မီးလုံးနီနီကိုသာ လှမ်း၍မြင်တွေ့လိုက်ရတော့သည်။

***

## အခန်း (၁၃)

မြကတ္တီပါကလပ်သို့ ဦးလှိုင်ဘွားဖ ရောက်လာသည်။

ဒီဂျမ်းမှလွဲ၍ ကျန်လူများနှင့် တွေ့ဆုံပြောဆိုသွားသည်။ ထိုအချက်ကို ဒီဂျမ်းသိသည်။ ဒီဂျမ်းကိုလည်း ဒိဗ္ဗက ခေါ်ခြင်း မပြုခဲ့ပေ။

ဒီဂျမ်း၏ မျက်နှာမှာ တင်းမာခက်ထန်၍နေ၏။

ကလပ်မှ ဂျူးဂျူးပြန်သွားသည်။ မကြာခင်မှာပင် ဒီဂျမ်း သူမ၏ နောက်မှ ကားမောင်း၍လိုက်လာသည်။

ဒီဂျမ်းက ဂျူးဂျူးအားငုံ့၍ကြည့်လိုက်ပြီး . . .

"ကဲ ဂျူးဂျူး မင်းသိထားတာတွေ ငါ့ကို ပြန်ပြောပြစမ်းပါ"

'ဂျူးဂျူး' က မျက်နှာကို စူ၍ထားသည်။
"ဒီအစီအစဉ်ကို ဒေါက်တာပြည့်စုံက ဦးဆောင်
တယ်။ ဦးလှိုင်ဘွားဇံရဲ့ အစ်ကိုဆိုတဲ့လူကြီးက သေသွားပြီ
အဲဒါကို ဦးလှိုင်ဘွားဇံက ပြန်ပြီး အသက်သွင်းခိုင်းတာပဲ။ ဒီလူကြ
က စိတ်မမှန်တော့ ဒေါက်တာပြည့်စုံက သူဖြစ်စေချင်သလိုလု
ပေးနိုင်မယ်လို့ ထင်နေတယ်"
ဒီဂျမ်းက . . .
"ငွေတွေကကော"
"ငွေနဲ့ ပတ်သက်လို့ ကျွန်မဘာမှမသိဘူး"
ဒီဂျမ်း၏ မျက်လုံးများထဲ ရက်စက် ကောက်ကျစ်သည
အရိပ်အငွေ့များပေါ်လာသည်။
"မင်း ငါ့ကိုမလိမ်နဲ့ ဂျူးဂျူး ငွေကိစ္စကို ဒီဗွက ဦးဆော
ပြီး စီစဉ်လိမ့်မယ်။ မင်းက ငါ့ကို လှည့်စားချင်နေတာလား။
ကိစ္စကို မင်းတစ်ယောက်တည်း လုပ်လို့ရနိုင်မယ်များ ထင်နေသ
လား"
ဂျူးဂျူးက သက်ပြင်းတစ်ချက်ချလိုက်သည်။
"ရှင်ဟာလေ အမြဲတမ်း သံသယဖြစ်နေတာပဲ။ အခုကိ
မှာ ရှင်နဲ့ ကျွန်မတို့အတွက် ရပိုင်ခွင့် ဘာမှမပါဘူး။ ဒီဗွ
ဒေါက်တာပြည့်စုံတို့ ခေါင်းဆောင်ပြီးလုပ်နေကြတာပဲ"



"ဒါနဲ့ ထွန်းထက် ကျတော့ကော"
"သူက နရဏီယောဂအလုပ်ကို လုပ်ပြရမယ့်လူ"
ဒီဂျမ်းက တစ်ချက်မဲ့လိုက်၏။
"ဦးလှိုင်ဘွားဇံ ဆိုတဲ့လူကြီးက စိတ်မနှံ့တဲ့လူကြီး
ဟုတ်လား"
"ဟုတ်တယ်"
"ဘာမှအဓိပ္ပာယ်မရှိတဲ့ မှော်ပညာလိုဟာမျိုးနဲ့ သူ့
စ်ကိုကို အသက်ပြန်ရှင်အောင် လုပ်နိုင်မယ်လို့ ထင်နေတယ်
ဟုတ်လား။ ဒီဗွတို့က ဒီလူကြီးကို ဝိုင်းပြီးလိမ်ဖို့ ကြံစည်နေကြ
ယ် မဟုတ်လား ဒီကိစ္စအတွက်၊ ဦးလှိုင်ဘွားဇံက ငွေအများ
ကြီး ပေးမယ်မဟုတ်လား"
ဂျူးဂျူး ဆတ်ခနဲဖြစ်၍သွားသည်။ သူမအနေဖြင့် သတိ
ထားဖို့ လိုလာပေပြီ။ ဒီဂျမ်း မသိသင့်သောအချက်များ ရှိသည်။
ဂျမ်းသည် လိုသည်ထက်ပို၍ သိသွားပါက သူ့အတွက်ဟုဆို၍
ဖစုတောင်းလာပေတော့မည်။
"ဟိုလူကြီးက ငွေဘယ်လောက်ပေးမလဲဆိုတာ ကျွန်မ
မသိဘူး"
"ဒီအချက်က အရေးမကြီးပါဘူး။ သူ့ရဲ့အစ်ကို အသက်
ပြန်ရှင်လာအောင် လုပ်ပေးမယ်လို့ ပြောထားပြီးပြီမဟုတ်လား"

"ဒီအလုပ်က ရှင်နဲ့ ကျွန်မတို့လုပ်ကြတဲ့အလုပ် မဟု
ဘူး။ ဒေါက်တာပြည့်စုံ၊ ထွန်းထက်နဲ့ ဒီဇွတို့ လုပ်ကြတဲ့အလု

'ဒီဂျမ်း' က နှုတ်ခမ်းကို ခပ်တင်းတင်းစေ့လျက်. .

'ဦးလှိုင်ဘွားဖဲက ငွေပေးတဲ့ နေရာမှာ ငါရှိနေဖို့လိုမယ်
ဒီလူကြီး အရမ်းချမ်းသာတယ်။ သူက တော်ရုံတန်ရုံငွေကို လု
မကြည့်ဘဲ ပေးနိုင်တယ်"

ဂျူးဂျူးက လေးပင်စွာ ခေါင်းခါသည်။

"အခု အလုပ်က ဒီဇွရဲ့ အလုပ်ပဲ။ သူခိုင်းမှ ရှင်ဝင်
လုပ်လို့ကိုင်လို့ ရနိုင်လိမ့်မယ်"

ဒီဂျမ်း ကောက်ကျစ်စွာပြုံးသည်။

"မင်း ပြောတာက၊ ငါတို့အတွက် ဘာမှ မျှော်လင့်ချက်
မရှိတော့ သလိုပဲ"

ဂျူးဂျူး မော့ကြည့်လိုက်မိသည်။

ဒီဂျမ်း၏မျက်လုံးများမှာ ရေခဲတုံးများကဲ့သို့ အေးစက်မာ
ကျောနေ၏။

"အို ရှင်၊ ဒီကိစ္စကို မေ့ပစ်ထားလိုက်တာ အကောင်
ဆုံးပဲ"

"ငါတို့အတွက် ငွေရဖို့ နည်းလမ်းရှာရလိမ့်မယ်လေ
နေဦး ငါအကြံရပြီ။ ဦးလှိုင်ဘွားဖဲဟာ သူ့အစ်ကိုရဲ့ အလောင်းကို



သူ့ရဲ့ အိမ်ထဲမှာပဲထားလိမ့်မယ်။ ဒါဆို သူ့ရဲ့ အိမ်ကိုသွားပြီး
အလောင်းကို ခိုးယူလာခဲ့မယ်။ အဲဒီလို အလောင်းပျောက်သွား
ရင် ဦးလှိုင်ဘွားဖဲရော၊ ဒီဇွရော ဘာမှတက်နိုင်ကြတော့မှာ
မဟုတ်ဘူး။ ဦးလှိုင်ဘွားဖဲက သူ့အစ်ကိုရဲ့ အလောင်းကို ပြန်ရ
ဖို့အတွက် ကြိုးစားမယ်။ ဒီအတွက် သူက ငွေအများကြီး ပေးချင်
ပေးလာနိုင်တယ်"

ဂျူးဂျူး၏မျက်လုံးများပြူးကျယ်ဝိုင်းစက်၍သွားသည်။

"ရှင် ရှင် ရူးနေပြီလား၊ အဲဒီလို အလောင်းကိုခိုးလို့
မဖြစ်ဘူး"

ဒီဂျမ်းက အခိုးမခန့်လေသံဖြင့် . .

"ဘာဖြစ်လို့လဲ။ ဒါ ငါ့ရဲ့အခွင့်အရေးပဲ။ ငါလုပ်ရမှာက
လွယ်လွယ်လေး။ ညဘက်မှာ ဦးလှိုင်ဘွားဖဲရဲ့ အိမ်ကိုသွားမယ်။
သူ့အစ်ကိုရဲ့ အလောင်းကိုယူပြီး တစ်နေရာရာမှာ ဝှက်ထား
လိုက်ရုံပဲ။ ငါ တောင်းသလောက် ငွေရမှာသေချာတယ်"

ဂျူးဂျူး တုန်လှုပ်၍ သွားသည်။

ဒီဂျမ်းသည်လည်း လောဘကြောင့် ရူးသွပ်နေသူတစ်ဦး
ပင်ဖြစ်သည်ဟု သူမ တွေးလိုက်မိသည်။ လောဘဇောတက်၍
ရူးနေသော ဒီဂျမ်းက သူပြောသည့်အတိုင်း အလောင်းကို ခိုးယူ
သွားပါက ဒီဇွနှင့်စီစဉ်ထားသော ကိစ္စများအားလုံး ပျက်စီးကုန်

ရပေတော့မည်။ သူမအနေဖြင့် အဖြစ်မခံနိုင်ပေ။

သူမက စိတ်ကို တင်းလိုက်ပြီး. . .

"ရှင် ဒီဗွကိုတော့ သွားပြီး လှည့်စားလို့ရမယ်မထင်ဘူး။ ရှင် မရှုးစမ်းပါနဲ့"

ဒီဂျမ်းက သူ့အတွေးနှင့်သူ ကျေနပ်အားရသည့် လေသံဖြင့် ပြောသည်။

"ဒါ ငါ့အတွက် အခွင့်အရေးပဲ။ မင်းအနေနဲ့ ဒီဗွကို ကြောက်နေရင် ဒီကိစ္စမှာ မင်းဝင်မပါနဲ့။ ငါပဲ လုပ်မယ်"

"ရှင် တကယ်လုပ်ရဲလို့လား"

သူမ၏အသံက မာကျော၍နေသည်။ ဒီဂျမ်း၏ မျက်လုံးများ အေးစက်တင်းမာခတ်ထန်၍လာသည်။ သူ၏ လက်တစ်ဖက် မြှောက် ၍တက်သွားသည်။

ရုတ်တရက် . .

အပြင်ဘက်မှ လူခေါ်ခေါင်းလောင်းသံမြည်၍ လာသည်။

ဒီဂျမ်းက သူ၏ မြှောက်ထားသော လက်ကို ဖြည်းညှင်းစွာ ပြန်၍ချသည်။

လေသံခပ်တိုးတိုးဖြင့်. . .

"ဒီဗွထင်တယ်"



ဒီဂျမ်း၏ လက်တစ်ဖက်၊ သူ၏ ဘောင်းဘီနောက်ဘက်ရှိ အိတ်ထဲသို့ ဖျတ်ခနဲရောက်သွားသည်။

ဂျူးဂျူးက ခေါင်းခါလျက်. . .

"ဒီဗွ မဖြစ်နိုင်ဘူး။ သူ့မှာ သော့ရှိတယ်။ တံခါးကိုဂျက်ထိုးထားတယ်။ တံခါးသော့ဖွင့်ရင် အသံကြားရမှာပေါ့"

'ဒီဂျမ်း' မသိမသာခေါင်းညိတ်လျက်

"မင်းဆီကိုလာမယ့် ဧည့်သည်ကောရှိသေးလား"

သူမခေါင်းခါပြလိုက်သည်။

လူခေါ်ခေါင်းလောင်းသံ ထပ်မံ၍ မြည်လာသည်။

ခေါင်းလောင်းသံက ဆက်၍ ဆက်၍ မြည်နေသည်။

ဂျူးဂျူးက စိတ်မသက်သာသည့်အမူအရာဖြင့်

"အိမ်ခန်းထဲမှာ ကျွန်မရှိနေတာကို သိလိမ့်မယ်။ မီးရောင်ကို အပြင်ကနေ မြင်နေရလို့ပဲဖြစ်မယ်"

လူခေါ်ခေါင်းလောင်းသံက ဆက်၍ ကျယ်လောင်စွာ မြည်နေလေသည်။

"ဘယ်သူလဲဆိုတာ ကျွန်မသိချင်တယ်။ သွားကြည့်ရင် ကောင်းလိမ့်မယ်ထင်တယ်"

ဒီဂျမ်းက အော်တိုမစ်တစ် ပစ္စတိုကို အိတ်ထဲမှ ထုတ်ယူလိုက်သည်။

“ကောင်းပြီလေ။ မင်းသွားကြည့်ပါ။ သတိထားပြီးတော့မှ အိမ်ခန်းထဲ ဝင်ခွင့်ပေးလိုက်ပါ”

ဂျူးဂျူးက နှုတ်ခမ်းကို တွန့်လိုက်ပြီး. . .

“ကျွန်မကတော့ ဝင်ခွင့်မပေးချင်ဘူး”

ဒီဂျမ်းက အခန်း၏ ထောင့်ဘက်၌ရှိနေသည့် လူတစ်ကိုယ်စာမက ကြီးမားသော ဗီရိုကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

“ငါ ဗီရိုရဲ့ နောက်ဘက်ကိုဝင်နေမယ်”

လူခေါ်ခေါင်းလောင်းသံ ထပ်၍ မြည်လာပြန်သည်။

သူမအောက်ထပ်သို့ ပြေး၍ ဆင်းသွားသည်။

တံခါးချိန်းကြိုးကို ချိတ်လိုက်သည်။ တံခါးကို အသာအယာဖွင့်လိုက်သည်။ မှုန်ပျပျအလင်းရောင်အောက်၌ လူတစ်ယောက်ရပ်နေသည်ကို မြင်လိုက်ရသည်။

ဂျူးဂျူးက. . .

“ဘယ်သူလဲ”

အပြင်ဘက်မှ ဒေါက်တာပြည့်စုံက. . .

“ဂျူးဂျူး . . . ရေချိုးနေလို့၊ ဒီလောက်အထိ ကြာနေတာလား”

“ဩော် ဒေါက်တာပြည့်စုံလား”



သူမ၏ ရင်ထဲမှ ထိတ်လန့်ကြောက်ရွံ့မှုတို့ လွင့်ပျယ်၍ သွားပြီး၊ သက်သာမကင်းစိတ်များဝင်လာသည်။ ဒေါက်တာပြည့်စုံ ဆိုသည်မှာ သူမလိုပင် ဒိဗ္ဗ၏ ယုံကြည်မှုကို ခံထားရသူဖြစ်သည်။ ထို့အတွက်ကြောင့် ဂျူးဂျူးအနေဖြင့် ဒေါက်တာပြည့်စုံအပေါ် နာလိုမှု၊ မုန်းတီးမှုများ အမြဲထားရှိပေသည်။

“အချိန်မတော်ကြီးမှာ ဘာကိစ္စရှိနေလို့လဲဒေါက်တာ”

ဒေါက်တာပြည့်စုံက၊ မခိုးမခန့် ပြုံးလိုက်ပြီး. . .

“မင်းကို ပြောစရာရှိလို့ပါ။ ဂျူးဂျူးရယ်”

ဂျူးဂျူးက ဒေါသသံဖြင့်. . .

“အရူးကြီး . . . ရှင်ထွက်သွားပါ”

ဒေါက်တာပြည့်စုံ လေသံခပ်အေးအေးဖြင့်. . .

“ငါက အေးအေးဆေးဆေး ဖြစ်ချင်ပါတယ်။ ငါ့ကို ဝင်ခွင့်ပြုပါ”

ဂျူးဂျူးခေါင်းခါလျက်. . .

“ရှင့်ကို ဝင်ခွင့်မပေးနိုင်ဘူး”

ဒေါက်တာပြည့်စုံက နံရံကို မှီလိုက်ပြီး. . .

“ငါ ပြန်သွားရင်မင်းအတွက် ဘာမှ အကျိုးမရှိနိုင်ဘူး။ မင်းအတွက် ဆုံးရှုံးစရာတွေပဲ ကြုံရလိမ့်မယ်”

သူ၏လေသံထဲ၌ ခြိမ်းခြောက်မှုပါလာသဖြင့် ဂျူးဂျူးပို၍

ဒေါ်သ ထွက်လာသည်။

"ရှင်က ဘာဖြစ်လို့ ကျွန်မကို ဒီလိုမျိုးခြိမ်းခြောက်ရတာ လဲ။ ရှင်က ရှင့်ကိုယ်ရှင် ဘယ်လောက်အထိ အဆင့်ရှိတဲ့လူလို့ ထင်နေသလဲ။ ရှင်ပြန်သွားမလား၊ မသွားရင် ဒီဗွကို ပြန်ပြီးတိုင် ပြောလိုက်မယ်"

ဒေါက်တာပြည့်စုံက တစ်ချက်မျှ ရယ်မောလိုက်၏။ လှောင်ပြောင်သောအမူအရာဖြင့် ခါးကို ကိုင်းညွတ်သော အမူ အရာ လုပ်ပြလိုက်ပြီး . . .

'ဒါကတော့ မင်းကိုယ်မင်း ဆုံးဖြတ်လိုက်လေ။ ငါ့အထဲ ကို ဝင်လာရမလား။ ဒီလိုမှ မဟုတ်ရင် ဒီဗွဆီကို ပြန်သွားရမ လား။ ဒီဗွဆီကိုရောက်ရင် ဒီဂျမ်းဟာ မင်းရဲ့ ချစ်သူတစ်ယောက် ဖြစ်နေတယ်လို့ပြောလိုက်ရမလား။ မင်းအနေနဲ့ ကြိုက်တာ ရွေး ချယ်ပါ။ မြန်မြန်လေးတော့ ဆုံးဖြတ်လိုက်ပါ။ ငါ မစောင့်နိုင် တော့ဘူး။ ငါ့ရဲ့အချိန်တွေကို မဖြုန်းတီးပစ်နိုင်ဘူး"

ဂျူးဂျူး၏ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်း သွားသည်။

ဒီဂျမ်းနှင့် သူမအကြောင်း ဒေါက်တာပြည့်စုံမည်သို့ သိ သွားလေသနည်း။ ထိုကိစ္စနှင့် ပတ်သက်သည့် နောက်ဆက်တွဲ ဖြစ်ရပ်များမည်သို့ဖြစ်လာနိုင်သည်ကို သူမတွေးလိုက်မိသည်။



ဂျူးဂျူးသည် နှုတ်ခမ်းကို ကိုက်လိုက်သည်။

ဒီဗွအနေဖြင့် ဒီဂျမ်းနှင့် သူမ၏အကြောင်းသိသွားသည် နှင့် သူမ၏ဘေးမှ နှင်ထုတ်ပစ်မည်မှာသေချာသည်။ ထိုသို့ဖြစ်လာ ခဲ့လျှင် ဦးလှိုင်ဘွားဇံနှင့် ပတ်သက်သောဝေစုကို သူမအနေဖြင့် မည်သို့မျှရနိုင်လိမ့်မည်မဟုတ်ချေ။

ဂျူးဂျူးက နှုတ်ခမ်းကို ကိုက်လျက် . . .

"ရှင် ဘာစကားတွေလာပြောနေတာလဲ။ ဒီဂျမ်းဟာ ကျွန်မရဲ့ ချစ်သူဟုတ်လား။ ဟင်း ဟင်း၊ ရှင်ရူးနေပြီနဲ့တူတယ်"

ဒေါက်တာပြည့်စုံက ပခုံးတစ်ချက်တွန့်လိုက်သည်။ သူမ၏စကားကို အရေးမထားဟန်ဖြင့် . . .

"ကဲ ငါတို့ အပေါ်ထပ်မှာတက်ပြီး အဖိုးတန် စကားတွေ ပြောကြရအောင်"

ဂျူးဂျူးမှာ ဒေါသစိတ် ထိတ်လန့်တုန်လှုပ်စိတ်တို့ဖြင့် လှေကားပေါ်သို့ ပြေးတက်သွားသည်။ ဒေါက်တာပြည့်စုံက နောက်မှ လိုက်ပါလာသည်။

ထိုအချိန်မှာပင်. . .

ဒီဂျမ်းက ဗီရိုအတွင်းသို့ ဝင်နေလိုက်သည်။

ဂျူးဂျူး၏ အခန်းထဲ၌ ဒေါက်တာပြည့်စုံက လှည့်ပတ် ကြည့်ရှုသည်။

ဒေါက်တာပြည့်စုံက ဗီရိုဘက်သို့ မျက်နှာမူ၍ ထိုင်ခုံတစ်လုံးတွင် အကျအနထိုင်လိုက်သည်။

ဂျူးဂျူးကိုစိုက်၍ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

“အင်း မနက်က အစည်းအဝေးကတော့ အတော်လေး စိတ်ဝင်စားစရာ ကောင်းတယ်။ ရလာနိုင်မယ့်ငွေကလဲ မက်မောစရာ ကောင်းတယ်။ ငါတို့ရဲ့ မိတ်ဆွေကြီး ဦးလှိုင်ဘွားဇံကို အကူအညီပေးလို့ ရမယ့်ငွေက ချက်ချင်းတော့ မြင်ရဦးမှာ မဟုတ်သေးဘူး။ ငါ့မှာက လောလောဆယ်မှာ ငွေအရေးတကြီး လိုနေတယ် . . .”

ဂျူးဂျူး၏မျက်နှာမှာ မကြည်မသာဖြစ်၍နေ၏။

“ငါက ငွေလိုနေတယ်။ ဒီဗွအပေါ် မင်းသစ္စာဖောက်တာကို မင်းအနေနဲ့ ဒိဗွမသိစေချင်ဘူးမဟုတ်လား။ ဒီတော့ ငါတို့အစီအစဉ်တစ်ခုလုပ်ကြမယ်။ ငါသိထားတာကတော့ မင်းက သိန်းနှစ်ရာရမယ်။ ဒိဗွက မင်းကို အဲဒီအတိုင်းပြောထားတယ်မဟုတ်လား”

ဂျူးဂျူး ငြိမ်၍နေသည်။ သူမ၏ မျက်လုံးများမှာ ဒေါသရောင်တောက်၍နေ၏။ ဒေါက်တာပြည့်စုံကို သူမအနေဖြင့် သတိမမူမိခဲ့သည့်အတွက် နောင်တရနေမိသည်။

ယခုအခြေအနေအတိုင်းဆိုလျှင် . . .



ဒေါက်တာပြည့်စုံပြောသည့်စကားများကို ဒီဂျမ်းက တစ်လုံးမကျန် ကြားသွားပြီးပြီဖြစ်သည်။ မိမိက ဒီဂျမ်းကို လိမ်ညာထားခဲ့ခြင်းကို ဒီဂျမ်းသိသွားပေပြီ။

ထို့ကြောင့် ဒီဂျမ်းရှိနေသည့် ဗီရိုဘက်သို့ သူမ မကြည့်ရဲအောင်ဖြစ်သွားသည်။ ဒီဂျမ်းက သူမအား ကျဉ်းမြောင်းအေးစက်သည့် စူးဝါးသော မျက်လုံးအစုံဖြင့် စိုက်၍ကြည့်နေမည်ကို ဂျူးဂျူး အလိုလိုသိနေသည်။

ဂျူးဂျူး၏ကျောရိုးတစ်လျှောက် အေးစိမ့်၍တက်လာသည်။

ဒေါက်တာပြည့်စုံက ပြုံးလျက်ဖြင့်ပြောသည်။

“မင်း လုပ်နေတာတွေကို ဒိဗွသိသွားရင် စောစောကမင်းရစရာရှိတဲ့ငွေတွေကို လက်ဖျားနဲ့တောင်ထိခွင့်ရနိုင်တော့မှာမဟုတ်ဘူး”

ဂျူးဂျူးက ခြောက်ကပ်ကပ်လေသံဖြင့်

“ကျွန်မကို ဒီလိုမျိုးစွပ်စွဲလို့မရဘူး။ ရှင့်မှာ ဘာသက်သေမှ မရှိတာ”

ဒေါက်တာပြည့်စုံ လှောင်ပြုံးတစ်ချက်ပြုံးသည်။

“ငါ့မှာ သက်သေတွေရှိပြီးသားပါ။ ဒီဂျမ်းက မင်းဆီကိုလာရင် ကားဟွန်းသံ နှစ်ခါတီးပြီး သူလာတယ်ဆိုတာ လှမ်း

အချက်ပေးတာကအစ ငါသိတယ်။ မင်းကို စွပ်စွဲစရာအကြောင်း
မရှိပါဘူး။ ဒါပေမယ့် ဒီဗွကတော့ ငါ့ပြောတဲ့စကားမှန်သမျှ
ယုံကြည်လေ့ရှိတတ်တာကိုတော့ မင်းသိမှာပါ . . . ဂျူးဂျူး"

ဂျူးဂျူးမှာ တွေဝေစွာရပ်၍နေမိသည်။ ဒေါက်တာပြည့်
စုံကို မုန်းတီး၊ စက်ဆုတ်ရွံရှာသည့် မျက်လုံးများဖြင့် စိုက်၍
ကြည့်နေပေသည်။ ဒေါက်တာပြည့်စုံ၏ စကားများအားလုံးမှာ
မှန်၍နေ၏။ သူမအနေနှင့် ဒေါသအကြီးအကျယ် ထွက်နေ
သော်လည်း မည်သို့မျှ မတုံ့ပြန်နိုင်ပေ။

ဂျူးဂျူးဘီဒိုဘက်သို့ လှမ်း၍ကြည့်လိုက်သည်။

ရုတ်တရက်၊

ဗီရိုတံခါး ပွင့်၍သွားသည်။ ဗီရိုအတွင်းမှ ဒီဂျမ်း အပြင်
သို့ ထွက်၍လာသည်။

"ဟယ်လို ဒေါက်တာပြည့်စုံ"

ဒေါက်တာပြည့်စုံ လှည့်၍ကြည့်လိုက်သည်။

"ဒီဂျမ်း" ကိုမြင်လိုက်ရသဖြင့် သူ၏ မျက်လုံးများပြူး
ကျယ်၍သွားသည်။ မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖွေး၍သွား
လေသည်။

'ဒီဂျမ်း' မျက်နှာမှာ သိသာစွာ ခက်ထန်၍နေပေသည်။
တစ်စုံတစ်ခု ဆိုးရွားစွာဖြစ်လာတော့မည်ဟု ဂျူးဂျူး ထိတ်လန့်



ချောက်ချားစွာ တွေးလိုက်မိသည်။

***

## အခန်း (၁၄)

ဒေါက်တာပြည့်စုံ တစ်ကိုယ်လုံး တုန်ခါ၍နေပေသည်

ဒီဂျမ်းကို တုန်လှုပ်စွာပြန်၍ကြည့်နေသည်။

ဒီဂျမ်းက ဒေါက်တာပြည့်စုံကို စိုက်၍ကြည့်နေရင်း

. . .

“ဘယ်လိုလဲ ဒေါက်တာ၊ ခင်ဗျားလိုချင်တဲ့ သက်သေ အထောက်အထားတွေ ပြည့်ပြည့်စုံစုံ ရထားပြီမဟုတ်လား”

ဒေါက်တာပြည့်စုံမှ တုန်ယင်သော စကားသံထွက်လ သည်။

“ဝါ ငါ ရယ်စရာအဖြစ် ပြောနေတာပါ”



ဒီဂျမ်းက ခေါင်းညိတ်လိုက်ပြီး ထေ့ငေါ့သံဖြင့် . . .

“ခင်ဗျားက ရယ်စရာ တော်တော်ပြောတတ်တဲ့ လူပါလား”

ဒီဂျမ်းက ဂျူးဂျူးဘက်သို့လှည့်၍. . .

“ဂျူးဂျူး မင်းရေချိုးခန်းထဲမှာရေသွားဖြည့်ထားပါ။ ငါနဲ့ ဒေါက်တာ အေးအေးဆေးဆေးစကားပြောစရာရှိတယ်”

ဂျူးဂျူးက နားမလည်ဟန်ဖြင့် ဒီဂျမ်းကိုကြည့်သည်။

“ကျွန်မ ရေချိုးဖို့အတွက်လား”

ဒီဂျမ်းက သူမကို မျက်လုံးများဖြင့်သာ စိုက်၍ ကြည့်သည်။ ပါးစပ်မှ ဘာမျှမပြောပေ။

ဒေါက်တာပြည့်စုံ ထိုင်ရာမှ အားယူ၍ထရပ်လိုက်သည်။

“ကဲ ငါပြန်တော့မယ်။ မင်းတို့ကို ငါအနှောင့်အယှက် မပေးပါဘူး”

‘ဒီဂျမ်းက’ အေးတိအေးစက်လေသံဖြင့် . . .

“ငြိမ်ငြိမ်လေး ပြန်ထိုင်နေပါ ဒေါက်တာ”

ဒေါက်တာပြည့်စုံသည် ကုလားထိုင်ပေါ်သို့ ပြန်၍ထိုင်လိုက်ရသည်။ မျက်နှာကိုလည်း လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ တီးတိုးရေရွတ် ညည်းညူ၍နေသည်။

‘ဒီဂျမ်းက’ ဂျူးဂျူးကို တံခါးပေါက်အဝဘက်သို့ ဆောင့်

၍တွန်းလိုက်သည်။ ဒီဂျမ်း၏ စူးရှတောက်ပြောင်၍ စဉ်းလဲ ရက်စက်သည့် မျက်လုံးများကို ပြန်၍ကြည့်မိသည်။ သူမကိုယ် တိုင်ကျောရိုးထဲမှ စိမ့်၍တက်လာသည်။ ခြေဖျား၊ လက်ဖျားများ ပါ အေးစက် ထုံကျဉ်၍လာသည်။

'ဒီဂျမ်း' က. . .

"ကဲ ဂျူးဂျူး မင်းရေချိုးဖို့အတွက် ရေသွားဖြည့်ထား စမ်းပါ။ ငါနဲ့ ဒေါက်တာ စကားဆက်ပြောရဦးမယ်"

ဂျူးဂျူး အခန်းထဲမှ ထွက်သွားသည်။ ခေတ္တမျှကြာလျှင် ရေချိုးခန်းဘက်ဆီမှ ရေကျသံများ ကြားရလေသည်။

ဒီဂျမ်းက ဒေါက်တာပြည့်စုံနှင့် မျက်နှာချင်းဆိုင်လိုက် သည်။

"ခင်ဗျား ပြောတဲ့စကားတွေက သိပ်အဆင်မပြေလှဘူး ဒေါက်တာ။ ခင်ဗျား ဘာတွေစဉ်းစားပြီးလုပ်နေရတာလဲ။ လူ့ ဘဝမှာဆက်ပြီး အေးအေးဆေးဆေး မနေချင်တော့ဘူးလား"

ဒေါက်တာပြည့်စုံမှာ တုန်တုန်ယင်ယင်နှင့် စကား မပြောနိုင်ဘဲ ရှိနေသည်။

'ဒီဂျမ်း'က. . .

"နောက်တစ်ခါ ငွေညှစ်မယ်လို့ ခင်ဗျားကြံစည်ချင်ရင် ခင်ဗျား လက်ရုံးရည်ချင်း ယှဉ်နိုင်မယ့်လူကို အရင်ရွေးပါ"



ဒေါက်တာပြည့်စုံက ဒီဂျမ်းကို မော့၍ကြည့်သည်။

"နောက်တစ်ခါ ဟုတ်လား"

ဒေါက်တာပြည့်စုံ၏ မျက်နှာပေါ်၌ မျှော်လင့်ချက်များ ါ်၍လာသည်။

"ငါသွားလို့ရပြီလို့ ဆိုလိုတာလား"

'ဒီဂျမ်း'က နှုတ်ခမ်းကို မဲ့လိုက်သည်။

"ခင်ဗျားကို ကျွန်တော်ပြောမယ်။ ခင်ဗျားပါးစပ်က ်ချက်ဟ,လိုက်တာနဲ့ ခင်ဗျားနောက်ကို ချက်ခြင်းလိုက်မယ်။ ျားနားလည်ရဲ့လား။ ခင်ဗျားကသာ ဖွင့်ပြောလိုက်တာနဲ့ ်တော့်ဘက်က တစ်ခုခုလုပ်ရလိမ့်မယ်"

ဒေါက်တာပြည့်စုံ ထိုင်နေရာမှ ထ,၍ရပ်သည်။ မျက်စိ က်မျက်နှာပျက်နှင့်ပြောသည်။

"ငါ ငါ မင်းတို့အကြောင်း၊ ဒီဗွကို မပြောပါဘူး။ စိတ်ချ ငါ ဂျူးဂျူးကို ရယ်စရာသဘောမျိုး နောက်ပြောင်ပြောမိတာ စိတ်ချပါ ဒီဂျမ်း။ ငါ ဘယ်သူ့ကိုမှ မပြောပါဘူး"

ဒီဂျမ်းက နက်ကျောသော မျက်လုံးအစုံဖြင့် စိုက်၍ ည့်နေရင်းမှ . . .

"ခင်ဗျား မြန်မြန်ထွက်သွားစမ်း၊ ခင်ဗျားကို ကြည့်ရင်းနဲ့ ါသ ထွက်လာပြီ"

ဒေါက်တာပြည့်စုံ တံခါးကိုဖွင့်၍ စကြ်ံလမ်းအတို
ခပ်သွက်သွက်လျှောက်သွားသည်။

လှေကားထိပ်ဘက်သို့ အရောက်၌. . .

'ဂျူးဂျူး' ထံမှ ထိန်းချုပ်၍ အော်လိုက်သံ ခပ်အုပ်အု
ကို ကြားလိုက်ရသည်။

ဒေါက်တာပြည့်စုံ၏ ခြေလှမ်းများ တုံ့ခနဲဖြစ်သွား
နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

သူ၏နောက်မှ တိတ်ဆိတ်စွာလိုက်ပါလာသည့် 'ဒီဂျ
ကို ရိပ်ခနဲ မြင်လိုက်ရသည်။ ဒီဂျမ်း၏ လက်နှစ်ဖက်တွင် အ
ရောင်စောင်တစ်ထည်ကို ကိုင်ထားသည်။ ဒေါက်တာပြည့်
ထိတ်လန့်တုန်လှုပ်စွာဖြင့် လှေကားမှ ပြေး၍ဆင်းရန် ဟန်ပြ
သည်။

သို့သော် နောက်ကျ၍သွားပေပြီ။

ဒေါက်တာပြည့်စုံ၏ ခန္ဓာကိုယ်ကို ဒီဂျမ်းက စောင်ဖြ
အုပ်လိုက်ပြီး ဆောင့်ဆွဲလိုက်၏။ ဒေါက်တာပြည့်စုံမှာ နောက်
လန်၍လဲကျသွားသည်။ စောင်ထဲ၌ ဒေါက်တာပြည့်စုံမှာ ရု
ကန်တွန်းထိုးလှုပ်ရှား၍နေ၏။

"ခင်ဗျားသွားရမယ့်လမ်းကို ခင်ဗျားကရွေးလိုက်တ
ကိုး။ ဒီတော့ ခင်ဗျားကို ကျွန်တော်ကိုယ်တိုင်ပဲ ပို့ပေးရမှာပေ



ဒီဂျမ်းက စောင်ထုပ်ကြီးကို တင်းကျပ်စွာ ပွေ့ယူလျက်
ရေချိုးခန်းအတွင်းသို့ ဝင်သွားသည်။

ဂျူးဂျူးက ထိတ်လန့်တုန်လှုပ်သံဖြင့်. . .

"ရှင် ရူးနေလား၊ အဲဒီလို မလုပ်ပါနဲ့"

'ဒီဂျမ်း'က ကြမ်းတမ်းစွာ အော်ဟစ်လိုက်သည်။

"တိတ်စမ်း နင့်ပါးစပ်ကိုပါ ပိတ်ထား"

ဒီဂျမ်းက ရေချိုးဇလုံကြီးအနီး၌ ရပ်လိုက်သည်။

"ခင်ဗျားအေးအေးဆေးဆေးနေရတော့မှာပါ ဒေါက်
တာ"

ရေထဲသို့ တစ်စုံတစ်ခုပြုတ်ကျသွားသံ . . .

ရေချိုးခန်းတံခါးပိတ်သံ . . .

ဆက်တိုက်ပေါ်၍လာသည်။

'ဂျူးဂျူး' မှာ နားနှစ်ဖက်ကို လက်ဖြင့် ခပ်တင်းတင်း
ပိတ်ထားလိုက်မိလေတော့သည်။

* * *

## အခန်း (၁၅)

'ဒိဗ္ဗ' . . . ။

ထိုင်ခုံကြီးတစ်လုံးပေါ်၌ ထိုင်နေရင်းမှ သူ၏ ခြေ ထောက်ကို ဆန့်တန်းထုတ်လိုက်သည်။

ထို့နောက် ယွန်းသေတ္တာထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူ၍ မီးညီအောင် သေချာစွာ မီးညှိသည်။

ဂျူးဂျူး၊ ဒေါက်တာပြည့်စုံ၊ ထွန်းထက်တို့ သုံးဦး လွန်ခဲ့သော တစ်နာရီခန့်က ထွက်သွားကြသည်။ ဦးလှိုင်ဘွားဇံက သူတို့သုံးဦးထက် နာရီဝက်ခန့်စော၍ ထွက်ခွာသွားသည်။

ဒေါက်တာပြည့်စုံသည် လွန်စွာပါးနပ်ထက်မြက်သူဖြစ်ကြောင်း ဒိဗ္ဗ ဝန်ခံမိသည်။ ဒေါက်တာပြည့်စုံ ဦးဆောင်၍



ပြောဆိုသမျှစကားများကို ဦးလှိုင်ဘွားဇံက နှစ်သိမ့်ကျေနပ်မှုရှိသည်ကို ဒိဗ္ဗကောင်းစွာသိသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဒေါက်တာပြည့်စုံက ငွေများ အစုလိုက် အပုံလိုက် ရရှိအောင် လုပ်ပေးနိုင်လိမ့်မည်ကို ချွင်းချက်မရှိ ယုံကြည်လက်ခံမိသည်။ သို့သော် ဒေါက်တာပြည့်စုံအား ပေးရမည့် ဝေစုကို စဉ်းစား၍ ဒိဗ္ဗ နှမြောနေမိသည်။

ထိုစဉ်မှာပင် . . .

တံခါးခေါက်သံပေါ်၍လာ၏။

ဒိဗ္ဗက. . .

"ဝင်ခဲ့ပါ"

တံခါးကို ဖွင့်၍ ထွန်းထက်ဝင်လာသည်။ ဒိဗ္ဗက လက်ဖြင့် ထိုင်ခုံတစ်လုံးကို ညွှန်ပြလိုက်သည်။

"ထိုင် ထွန်းထက်"

ထွန်းထက်က ထိုင်ခုံတွင်ဝင်၍ ထိုင်သည်။ သူ၏ လက်များကို ဒူးပေါ်၌တင်ထားသည်။

ဒိဗ္ဗက ခေတ္တမျှစဉ်းစားလိုက်ပြီး. . .

"အခုငါတို့ လုပ်ဖို့စီစဉ်ထားတဲ့ ကိစ္စကို မင်းအနေနဲ့ သဘောမကျဘူးလို့ ငါထင်တယ်"

ထွန်းထက် ခေါင်းခါလိုက်သည်။

"ကောင်းတဲ့ ကိစ္စမျိုး ဖြစ်မလာနိုင်ဘူး"

"ဒါပေမယ့် ငါ့အတွက် မင်းက ဆက်လုပ်ပေးမှာ မဟုတ်လား"

"ကျွန်တော် ဆက်လုပ်ပေးမှာပါ။ ဒါပေမယ့် ကောင်း တာတော့ ဖြစ်မလာနိုင်ဘူး"

"ဘယ်လိုတွေဖြစ်လာနိုင်မယ်လို့ထင်လဲ"

"ဒီကိစ္စကို ဆရာကိုယ်တိုင်ပဲ စောင့်ကြည့်ရမှာပါ။ မှာ ဘာတွေဘယ်လို ဖြစ်လာမယ်ဆိုတာ ကျွန်တော်မခန့်မှန်း တတ်ဘူး၊ ဒါပေမယ့် သတိထားပါလို့ ဆရာ့ကို ကျွန်တော်ပြော ရစေ"

ဒိဗ္ဗက ထွန်းထက်အား အတန်ကြာမျှ စိုက်၍ကြည့်နေ သည်။

"အင်း မင်းက တော်တော်ထူးဆန်းတာပဲ မင်းအနေ ပြောတာထက်ပိုပြီး သိနေမယ်လို့ ငါထင်တယ်။ ဒါပေမယ့် အတွက်တော့ စိတ်မပူပါနဲ့ ဒေါက်တာပြည့်စုံက ဦးဆောင်ပြီ လုပ်သွားမှာပါ"

ထွန်းထက်၏ မျက်လုံးထဲ၌ ထူးခြားသော အရိပ် အ ယောင်များပေါ်လာသည်။

လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။



ည ဆယ့်နှစ်နာရီနှင့် နှစ်မိနစ်. . .။

ထွန်းထက်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒေါက်တာပြည့်စုံ မိနစ်ပိုင်းအတွင်းမှာသေလိမ့်မယ်"

ဒိဗ္ဗ ဆတ်ခနဲ ဖြစ်သွားသည်။ သိသာစွာ မျက်နှာပျက်၍ သွားသည်။

"မင်းရူးနေသလား ထွန်းထက်"

ထွန်းထက်က ထူးခြားသော မျက်နှာဖြင့်. . .

"ကဲ ဆရာဒိဗ္ဗ ကျွန်တော်အိမ်ပြန်တော့မယ်။ ဒီညတော့ ကျွန်တော် အလုပ်လုပ်ပေးစရာ မရှိနိုင်တော့ပါဘူး"

"ဒီမှာပဲ နေပါဦး ထွန်းထက်။ ဒေါက်တာပြည့်စုံသေရ လိမ့်မယ်လို့ မင်းက ဘာဖြစ်လို့ တိတိကျကျပြောနိုင်ရတာလဲ"

ထွန်းထက်က သူ၏ အပေါ်ကုတ်အင်္ကျီအတွင်းမှ အိတ် လေးတစ်လုံးကို ထုတ်လိုက်သည်။ ထိုအိတ်ထဲမှ အရုပ်ကလေး တစ်ရုပ်ကိုထုတ်လိုက်သည်။ ထိုအရုပ်မှာ ဖုထစ်ကြမ်းတမ်းသည့် အနက်ရောင် သစ်သားအရုပ်တစ်ခု ဖြစ်သည်။ ထွန်းထက်က အရုပ်ကို စားပွဲပေါ်၌ ထောင်၍ချထားလိုက်သည်။

ထွန်းထက်က တည်ငြိမ်စွာဖြင့် ပြောသည်။

"မကြာခင်မှာ ဟောဒီအရုပ်ကလေး လဲကျသွားလိမ့် မယ်။ အဲဒီအချိန်ဟာ ဒေါက်တာပြည့်စုံ အသက်မရှိတော့တဲ့

အချိန်"

ဒီဗွက စိတ်လှုပ်ရှားစွာဖြင့် ရှေ့သို့ ခန္ဓာကိုယ်ကို ကို
ညွတ်လိုက်သည်။

"ဒါ မင်းရဲ့ ထူးခြားတဲ့ လှည့်စားချက်လား ထွန်းထ
ဒါမျိုးကိုတော့ ငါလုံးဝဂရုမစိုက်ဘူး"

ထွန်းထက်က မသိမသာပြုံးသည်။

'ဒီလိုဆိုရင်တော့ ဆရာဒီဗွအနေနဲ့ ကြောက်စရာမ
တော့ဘူးပေါ့"

ဒီဗွက . . .

"ဒေါက်တာပြည့်စုံက ဘာဖြစ်လို့ သေရမှာလဲ။ သူ
အသက်ကြီးတာမှန်ပေမယ့် ကျန်းမာရေးကောင်းသေးတယ်
သူသေမယ်လို့ မင်းက ဘာဖြစ်လို့ တပ်အပ်ပြောနိုင်ရတာလဲ"

"ဒါကတော့ ကံအကြောင်းတရားရဲ့ သတ်မှတ်ချက်တ
ခုပါပဲ။ ဒီနေ့ညမှာ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ သေခြင်းတရားရဲ့
အရိပ်အငွေ့တွေက ဖုံးလွှမ်းနေပြီ"

ဒီဗွ ထိုင်ရာမှထ,လိုက်သည်။ နံရံကပ်ဗီဒိုဆီသို့ လျှောက်
၍ သွားပြီး အတွင်းမှ ဝီစကီပုလင်းတစ်လုံးထုတ်ယူလိုက်သည်။
ဖန်ခွက်ထဲသို့ ဝီစကီအပြည့်လောင်းထည့်လိုက်ပြီး ထိုင်ခုံ၌ ပြန်၍
ထိုင်လိုက်သည်။



"ဒါတွေက စိတ်ဓာတ်ပျော့ညံ့တဲ့လူတွေယုံကြည်နိုင်တဲ့ ကိစ္စမျိုးပဲ။ ငါကတော့ မယုံဘူး"

ဒီဗွသည် သူ့ကိုယ်သူ ထိန်းချုပ်လိုက်၏။ ဖန်ခွက်ထဲမှ ဝီစကီကို တစ်ချက်တည်းမော့သောက်လိုက်သည်။ ထွန်းထက် ပြောသည့်စကား မှန်ခဲ့လျှင်ဟူ၍ စဉ်းစားကြည့်သည်။

ဒေါက်တာပြည့်စုံသေဆုံးသွားခဲ့လျှင် သူဘာဆက်လုပ်ရမည်နည်း။

ဤကိစ္စနှင့် ပတ်သက်၍ ဒေါက်တာပြည့်စုံက ကြိုတင်စီစဉ်ထားချက်များရှိလေသည်။ ဤအတိုင်းပင် ဆက်၍သွားမည်ဟုဆုံးဖြတ်သည်။ နက်ဖြန်ည၌ ဒီဗွ၊ ထွန်းထက်နှင့် ဒေါက်တာပြည့်စုံတို့ ဦးလှိုင်ဘွားဇံ၏အိမ်သို့သွားရန်စီစဉ်ထားသည်။ ထွန်းထက်က သူ၏လက်ထောက် လူယုံအချို့ကိုပါ ခေါ်ဆောင်လာမည် ဖြစ်သည်။

ဦးလှိုင်ဘွားဇံ၏ အစ်ကိုဖြစ်သူ ဦးလှိုင်ဒွေးဇံ အသက်ပြန်ရှင်လာရန် လုပ်ဆောင်ကြမည်။ ထိုသို့လုပ်ဆောင်ရာ၌ ခက်ခဲကြန့်ကြာမှုရှိမည်ဟု ထွန်းထက် ပြောပေလိမ့်မည်။ ဦးလှိုင်ဘွားဇံမှာ ဤကိစ္စအတွက် လွန်စွာမှပင် စိတ်အားထက်သန်၍နေသူဖြစ်သည်။ ပထမတစ်ကြိမ် စမ်းသပ်လုပ်ဆောင်မှုတစ်ခု လှည့်စား၍ပြကြမည်။ ဤအတွက် ဦးလှိုင်ဘွားဇံက သူ့ကတိပေးထား

သော ငွေကို ပေးပေလိမ့်မည်။ ဤနည်းဖြင့် နောက်တစ်ကြိမ် သူတို့လူစုသွားကြမည်။ မျှော်လင့်ချက်ကောင်းစွာရှိနိုင်သည်ဟု ယူဆထားသော ဦးလှိုင်ဘွားဖဲက သူတို့လူစုအား ငွေများထပ်မံ၍ပေးလိမ့်မည်။

မည်သို့ပင်ဖြစ်စေ. . .

ဒေါက်တာပြည့်စုံသေဆုံးသွားခဲ့ပါက၊ ရေရှည်တွင် ဒိဗ္ဗအပေါ်၌ ဦးလှိုင်ဘွားဖဲ သံသယရှိလာနိုင်သည်။

ဒိဗ္ဗစိတ်ထဲ၌ စိုးရိမ်သွားမိရသည်။

အားကိုးစရာ ထွန်းထက် ကျန်ပေဦးမည်။ ထွန်းထက်ကိုလည်း သူ့အနေနှင့် ထိန်းချုပ်နိုင်ပါမည်လား။ ထိန်းချုပ်၍ရနိုင်လိမ့်မည်ဟု ထင်သည်။

ထိုအချိန်မှာပင် . .

တယ်လီဖုန်းသံ စူးရှကျယ်လောင်စွာ မြည်၍လာ၏။ ဒိဗ္ဗက ထွန်းထက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး တယ်လီဖုန်းကို ကိုင်သည်။

"ဟယ်လို ဘယ်သူပါလဲ ခင်ဗျာ"

တစ်ဖက်မှ စူးရှသည့် အသံတစ်သံ . . .

စိတ်လှုပ်ရှားစွာဖြင့် အဆက်မပြတ် ပြောဆိုနေသည့် စကားလုံးများက မကွဲပြားအမိပ္ပါယ်ဖော်ရန်မရနိုင် . . ။



ဒိဗ္ဗ မျက်မှောင်ကြုတ်လိုက်ပြီး

"ခင်ဗျား ပြောတာတွေ နားမလည်ဘူး"

"ဒိဗ္ဗ၏ မျက်နှာပေါ်၌ တုန်လှုပ်ထိတ်လန့်သည့် အမူအရာများ ပေါ်နေသည်။

"ဘယ်သူလဲ ဘယ်သူပြောနေတာလဲ"

ဒိဗ္ဗသည် တစ်ဖက်မှပြောသည့် စကားများကို နားလည်ရန် ကြိုးစားနေသည်။ သို့သော် ကြောက်ရွံ့ထိတ်လန့်မှုတို့ကြောင့် ဘာမျှ နားမလည်နိုင်ပဲဖြစ်နေသည်။

ဒိဗ္ဗက နဖူးကို ပွတ်သပ်လိုက်ပြီး

"ဘယ်သူလဲဆိုတာ ငါမသိဘူး။ ဘာတွေပြောနေမှန်းလဲမသိဘူး။ ထွန်းထက် မင်းယူပြီး ပြောကြည့်စမ်း"

ထွန်းထက်က စိတ်မပါဟန်ဖြင့် ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ ဒိဗ္ဗထံမှ တယ်လီဖုန်းကို လှမ်းယူလိုက်သည်။

ထွန်းထက်က ကြည်လင်ပြတ်သားသည့် အသံဖြင့် ပြောသည်။

"ဟယ်လို ပြောပါ။ ဘယ်သူ ပြောနေတာလဲ"

တစ်ဘက်မှ စကားသံ တိုး၍သွားသည်။

ထွန်းထက်က မျက်လုံးကို မှေးစင်း၍ နားထောင်နေသည်။

ခေတ္တမျှငြိမ်၍ နားထောင်နေပြီးတော့မှ. . .

"ခဏလောက် ဖုန်းကိုင်ထားပါ။ ဦးလှိုင်ဘွားဇံ"

ကျွန်တော် ဦးဒိဗ္ဗကို အကျိုးအကြောင်း ပြောပြလိုက်ချင်လို့ပါ"

ဒိဗ္ဗက စိတ်လှုပ်ရှားစွာဖြင့်. . .

"ဦးလှိုင်ဘွားဇံ ဟုတ်လား၊ သူက ဘာတဲ့လဲ"

ထွန်းထက်က ညင်သာစွာဖြင့်ပြောသည်။

"ဦးလှိုင်ဘွားဇံရဲ့ အစ်ကိုအလောင်း အခိုးခံရတယ်လို့ ပြောတယ်။ သူကိုယ်တိုင်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘူးတဲ့"

ဒိဗ္ဗ ထိုင်နေရာမှ ခုန်၍ထလိုက်သည်။

"ဘာ ဘယ်လို ဘယ်လို"

ဒိဗ္ဗ အော်ဟစ်လိုက်သည်။

"ဒီလူကြီး ရူးနေပြီလား . . . ဘာ သူ့အစ်ကိုအလောင်း အခိုးခံရတယ် ဟုတ်လား။ ဒီအလောင်းကြီးကို ဘယ်သူက ခိုးရမှာလဲ"

ထွန်းထက်က ဘာမျှမပြောဘဲ ငြိမ်၍နေသည်။

တစ်ဖက်မှ ဦးလှိုင်ဘွားဇံက ဆက်၍ပြောနေသည်။

ဒိဗ္ဗသည် ထိုင်ခုံပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။



စိတ်ပျက်အားလျော့သောလေသံဖြင့်. . .

"အင်း သူ့အစ်ကိုအလောင်း အခိုးခံရတာမှန်ရင် ငါတို့ အလုပ်တွေ ပျက်စီးကုန်ပြီ"

ထွန်းထက်က မသိမသာပြုံးလျက်. . .

"ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ"

ဒိဗ္ဗမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။

"ဒီလိုအလုပ်မျိုး ဘယ်သူကလုပ်မှာလဲ ဒေါက်တာပြည့်စုံများလား။ သူက ငါတို့ကို လိမ်သွားတာလား"

ထွန်းထက်က ခေါင်းခါပြလိုက်သည်။

"မဖြစ်နိုင်ဘူး။ ဒီလိုလုပ်ဖို့ သူ့မှာ အချိန်မရနိုင်ဘူး"

"ဒါဆို ဘယ်သူ ဖြစ်နိုင်မလဲ။ ငါ့ဘက်က ဘာဆက်လုပ်ရမလဲ"

တယ်လီဖုန်းမှ ဦးလှိုင်ဘွားဇံ၏ စူးရှသောအသံပေါ်၍လာ၏။

"ဟယ်လို ဟယ်လို"

"ခင်ဗျားတို့ဘက်က ဘာဖြစ်လို့ အဖြေမပေးနိုင်ရတာလဲ။ ဘာကြောင့် မပြောနိုင်ရတာလဲ ဟယ်လို"

ဒိဗ္ဗသည် သူ့ကိုယ်သူ သတိထားလိုက်သည်။

"ကောင်းပြီ ငါတို့ အခု သူ့ဆီကို လာနေပြီလို့ပြောလိုက်"

ထွန်းထက်က ဒိဗ္ဗပြောခိုင်းသည့်အတိုင်းပြော၍ ဖုန်းကို ပြန်ချလိုက်သည်။

ဒိဗ္ဗသည် အခန်းထဲ၌ စိတ်လှုပ်ရှားစွာဖြင့် လမ်းလျှောက်၍နေသည်။

"ဒီကိစ္စကို သိတဲ့လူတစ်ယောက်ရှိဦးမယ်။ အလောင်းခိုးသွားတဲ့လူဟာ အကြောင်းစုံသိနေလိမ့်မယ်။ ဒီလူက၊ ဦးလှိုင်ဘွားဖံဆီကနေ တစ်တိတစ်တိနဲ့ ငွေညှစ်ပြီး ယူဘို့ကြံစည်ထားတာ ဖြစ်မယ်။ ဒီအချက်ကို ငါအခုမှပဲ စဉ်းစားမိတော့တယ်။ ဒေါက်တာပြည့်စုံမပါဘဲ ဒီကိစ္စကို ငါကိုယ်တိုင် လုပ်လို့ရတယ်"

ဒိဗ္ဗ၏ မျက်လုံးများ ထွန်းထက်နှင့် သွား၍ဆုံသည်။

စားပွဲပေါ် သို့ လှမ်း၍ကြည့်သည်။ ထွန်းထက် ချထားသည့် အနက်ရောင်ရုပ်တုကလေးမှာ ဘေးတစောင်း လဲကျနေသည်ကို တွေ့လိုက်ရသည်။

ထွန်းထက်က ညင်သာစွာဖြင့် ပြောသည်။

"ဒေါက်တာပြည့်စုံအတွက် စိတ်ပူစရာဘာမှမလိုတော့ပါဘူး"

ဒိဗ္ဗမှာ မွန်ထူ၍နေသည်။

ထွန်းထက်ဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်၍လာပြီး



"မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း။ ဒီလိုစကားမျိုးတွေ ထပ်မပြောနဲ့။ ငါ မကြားချင်တော့ဘူး"

ထွန်းထက်က၊ ပခုံးတစ်ချက်တွန့်လျက်ဖြင့်

"ဆရာဒိဗ္ဗ သိချင်တယ်ထင်လို့ ကျွန်တော်ပြောမိတာပါ"

ဒိဗ္ဗက လဲကျနေသော အနက်ရောင်ရုပ်တုကို တစ်ချက် လှမ်းကြည့်သည်။

"ငါ သူ့ဆီဖုန်းဆက်ကြည့်မယ်"

ဒိဗ္ဗက ပြောပြောဆိုဆိုနှင့် ဒေါက်တာပြည့်စုံ၏ ဖုန်းနံပါတ်ကို လှည့်လိုက်သည်။

အတန်ကြာသည့်တိုင် တစ်ဖက်မှ ဖုန်းကိုင်မည့်သူ မရှိပေ။

ဒိဗ္ဗစိတ်ပျက်လက်ပျက်ဖြင့်. . .

"အိမ်မှာလဲ မရှိဘူး"

ထွန်းထက်က . . .

"ဒေါက်တာပြည့်စုံထွက်သွားတာ လေးဆယ့်ငါးမိနစ်လောက်ရှိသွားပြီ။ သူ့အိမ်ကို ဒီကနေသွားရင် ဘာမှ မကြာပါဘူး"

ဒိဗ္ဗက မျက်မှောင်ကြုတ်လျက်. . .

"သူ့မှာ တခြားကိစ္စနဲ့ ချိန်ထားတဲ့ လူရှိချင် ရှိနိုင်တယ်"

ထွန်းထက်က . .

"ဟုတ်တယ် သေမင်းနဲ့ သူချိန်းထားတာပဲ ရှိလိမ့်မယ်"

ဒိဗ္ဗက ဒေါသတကြီးဖြင့်. . .

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ"

ဒိဗ္ဗက စားပွဲပေါ်၌ ရှိနေသော အနက်ရောင် ရုပ်တုကို လက်ဖြင့် တွန်းထုတ်လိုက်သည်။ အရုပ်ကြမ်းပြင်ပေါ်သို့ လွင့်ကျသွားသည်။ ထွန်းထက်က အရုပ်ကိုကောက်ယူ၍ အိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

ဒိဗ္ဗက သူ၏ ကြီးမားသောမေးရိုးကို လက်တစ်ဖက်ဖြင့် ပွတ်သပ်လိုက်ပြီး. . .

"ငါတို့ အချိန်ကုန်ခံလို့ မဖြစ်တော့ဘူး၊ ဦးစန်းမောင်ကို ကား အသင့်ထုတ်ထားလို့ပြော။ ဒီဂျမ်းကို အမြန်ဆုံးတွေ့အောင် ရှာ။ ငါတို့အခုချက်ခြင်း ဦးလှိုင်ဘွားဇံရဲ့ အိမ်ကိုသွားကြမယ်"

ချက်ခြင်းပင် ထွန်းထက် အခန်းထဲမှ ထွက်သွားသည်။

ထွန်းထက် ထွက်သွားသည်နှင့် . . .

ဒိဗ္ဗက ဒေါက်တာပြည့်စုံထံ ဖုန်းဆက်သည်။ သို့သော် တုံ့ပြန်မှုမရချေ။ ထို့နောက် 'ဂျူးဂျူး'ထံသို့ ဖုန်းဆက်လိုက်သည်။

တယ်လီဖုန်းသံက ကြာမြင့်စွာမြည်၍နေသည်။

ဒိဗ္ဗစိတ်မရှည်တော့ ဖုန်းပြန်ချလိုက်မည် ပြုစဉ်မှာပင်



'ဂျူးဂျူး' က ပြန်၍ထူးသည်။

"ဟယ်လို ဘယ်သူပါလဲ"

ဒိဗ္ဗ ဒေါသသံဖြင့်. . .

"ဂျူးဂျူး"

"ဘာဖြစ်လို့ ချက်ချင်း ပြန်မထူးရတာလဲ"

"ကျွန်မ အိပ်ပျော်နေပြီး ဘာကိစ္စရှိလို့လဲ"

"ဒိဗ္ဗ"က. . .

"ဒေါက်တာပြည့်စုံကို မင်းတွေ့သလား"

ဂျူးဂျူးက ဝေဝါးသောအသံဖြင့်. . .

"ဒေါက်တာပြည့်စုံ ဟုတ်လား"

ဒိဗ္ဗက လေသံခပ်ဆတ်ဆတ်ဖြင့် ပြောသည်။

"ဟုတ်တယ် သူ့ကို အပြန်မှာ ဘယ်နေရာမှာ မင်းထားခဲ့သလဲ"

"သူပြန်နေကျ လမ်းရဲ့ ထောင့်မှာထားခဲ့တယ်။ အဲဒီနေရာကနေ သူအိမ်ပြန်သွားတယ်"

"ထွန်းထက်ကတော့ ဒေါက်တာပြည့်စုံသေပြီလို့ ပြောတယ်"

ဂျူးဂျူးက တုန်လှုပ်သံဖြင့်. . .

"ထွန်းထက်က ပြောတာဟုတ်လား"

ဖုန်းထဲမှ ညည်းညူသံသဲ့သဲ့ကိုကြားရသည်။

"ဟယ်လို ဟယ်လို"

ဒိဗ္ဗက ထပ်ပြီးအော်ခေါ်သည်။

"ဂျူးဂျူး ဂျူးဂျူး ဘာဖြစ်သွားတာလဲ"

တယ်လီဖုန်း အဆက်ပြတ်မသွားသေးပေ။ သို့သော် ဂျူးဂျူးထံမှ ပြန်ထူးသံ မကြားရတော့ပေ။

ထွန်းထက် အခန်းထဲသို့ ဝင်လာသည်။

'ဒိဗ္ဗ' က မျက်စိပျက်မျက်နှာပျက်ဖြင့်. . .

"ဂျူးဂျူး တစ်ခုခုဖြစ်နေပြီ။ သူ့ဆီကို အရင်သွားကြမယ်"

ထွန်းထက်က လျှို့ဝှက်စွာပြုံးလိုက်သည်။

"ကား အသင့်ဖြစ်နေပါပြီ။ ဒီဂျမ်းဆီ ဖုန်းဆက်တယ် ဘာမှပြန်မထူးဘူး။ အိမ်မှာ မရှိဘူးလို့ထင်တယ်"

လမ်းကြား၏ ထိပ်ဘက်၌ လင့်ခရူဇာတစ်စီး ရပ်ထားသည်။

ကားရှေ့ခန်း မောင်းသူနေရာ၌ ဦးစန်းမောင် စောင့်၍နေသည်။

ဒိဗ္ဗနှင့် ထွန်းထက်တို့ ကားပေါ်ရောက်သည်နှင့် ဦးစန်းမောင်က ကားကို မောင်းထွက်လာသည်။

"ဂျူးဂျူးရဲ့ အခန်းကို မောင်း"



ဒိဗ္ဗက ပြောလိုက်သည်။

ဆယ်မိနစ်ခန့်အတွင်း ဂျူးဂျူး၏အခန်းရှေ့သို့ ရောက်[သ]ည်။ ဒိဗ္ဗက သော့တွဲတစ်တွဲထုတ်သည်။ ဂျူးဂျူး၏ အခန်းတံခါး[ဖွ]င့်လိုက်သည်။

လှေကားထိပ်ဘက်၌ မီးလင်း၍နေ၏။

ဒိဗ္ဗက အသက်ရှူသံ ခပ်ပြင်းပြင်းဖြင့်. . .

"ငါလိုရင် မင်းကို လှမ်းခေါ်မယ် ထွန်းထက်"

ဒိဗ္ဗက လှေကားအတိုင်း တက်သွားသည်။

အိပ်ခန်းထဲမှ ထွက်လာသော ဂျူးဂျူးကို မြင်လိုက်ရ[သ]ည်။

ဒိဗ္ဗက တစ်လှမ်းခြင်းတက်၍သွားသည်။

ဂျူးဂျူး၏ ပခုံးကို အသာအယာလှုပ်ခါ၍. . .

'ဂျူးဂျူး ဘာဖြစ်နေတာလဲ"

သူမက ညည်းညူသံဖြင့်. . .

"ကျွန်မ ကျွန်မ တစ်ယောက်ထဲ အေးအေးဆေးဆေး [နေ]ပါရစေ"

ထိုသို့ပြောရင်း ဂျူးဂျူး ဒူးညွတ်၍လဲကျသွားသည်။၏

ဒိဗ္ဗက သူမကို ပွေ့ချီလျက် အိပ်ခန်းတွင်းရှိ အိပ်ယာ[ပေါ်]၌ အသာချပေးလိုက်သည်။

ဂျူးဂျူး၏ မျက်နှာမှာ ဖြူဖပ် ဖြူရော်ဖြစ်၍နေ၏။

ဒိဗ္ဗက သူမအနီး တိုးကပ်လိုက်ပြီး . . .

"ကဲ ဒေါက်တာပြည့်စုံနဲ့ ပတ်သက်ပြီး ဘာတွေသိထ[illegible] သလဲ"

ဂျူးဂျူးက အိပ်ရာပေါ်၌ မှောက်၍ ရှိုက်ငိုလိုက်သည်။

"ကျွန်မ ကျွန်မ ဘာမှမသိဘူး"

ဒိဗ္ဗက စိတ်ရှုပ်ထွေးသည့် အမူအရာဖြင့် သူမကို စိုက်[illegible] ကြည့်နေသည်။

"မင်း သိနိုင်ပါတယ်။ ကဲ ဘာလဲဆိုတာ ငါ့ကိုပြောစ[illegible] ပါ"

သူမကခေါင်းခါသည်။

အခန်းဝ၌ ထွန်းထက် လာ၍ရပ်ပြီး။

"ဆရာဒိဗ္ဗ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး"

ဒိဗ္ဗက မျက်မှောင်ကြုတ်၍ ပြန်ကြည့်သည်။

ထွန်းထက်က တည်ငြိမ်စွာဖြင့် . . .

"ဦးလှိုင်ဘွားဇံက ကျွန်တော်တို့ကို စောင့်နေလိမ့်မယ်[illegible] သူက ဆရာ့အတွက်ပိုပြီး အရေးကြီးပါလိမ့်မယ်"

ဒိဗ္ဗခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဟုတ်တယ် ထွန်းထက် မင်းပြောတာမှန်တယ်"



ဒိဗ္ဗက ဂျူးဂျူးဘက်သို့ ငုံ့၍ကြည့်လျက် . . .

"ဒီမှာ ဂျူးဂျူး ဒီဂျမ်းကို တွေ့အောင်ရှာပါ။ တွေ့ရင် [illegible]လှိုင်ဘွားဇံရဲ့ အိမ်ကိုလိုက်လာခဲ့လို့ပြောပါ။ အခု မင်း ဘာ[illegible]ဖြစ်နေတယ်ဆိုတာ ငါမသိသေးဘူး။ ငါ့မှာ အခု အလုပ်[illegible]တွေ သိပ်များနေတယ်။ မနက်ဖြန်ကျမှပဲ မင်းနဲ့ငါနဲ့ တွေ့ကြ[illegible]"

ဂျူးဂျူး ဘာမှ ပြန်၍မပြော။

အသက်ပြင်းပြင်းရှူ၍ ငြိမ်ပြီးနားထောင်နေသည်။

ဒိဗ္ဗက ထွန်းထက်ဘေးမှ ဖြတ်၍ လှေကားအတိုင်း [illegible]ကက်ဘက်သို့ ခပ်သွက်သွက်ဆင်းသွားသည်။

ထွန်းထက်က အခန်းထဲသို့ ခြေလှမ်း အနည်းငယ်မျှ [illegible]း၍ ဝင်လာသည်။ အိပ်ရာပေါ်မှ ဂျူးဂျူးက မျက်လုံးပင့်၍ [illegible]သည်။

ထွန်းထက် လေသံခပ်တိုးတိုးဖြင့်ပြောသည်။

"မင်းရဲ့ ရေချိုးခန်းကို သေသေချာချာဆေးကြောပစ် [illegible]ဦး။ အသက်မရှိတော့တဲ့ လူတစ်ယောက်ရဲ့ အနံ့မျိုး နံနေ[illegible]"

ဂျူးဂျူး ဆတ်ခနဲ တုန်ခါသွားသည်။

ထွန်းထက်က သူမကို လှည့်မကြည့်တော့ဘဲ လှေကားမှ

တစ်လှမ်းချင်း ဆင်း၍သွားပေသည်။

***

## အခန်း (၁၆)

ဦးမိုးကောင်းသည် မီးဖိုးခန်းအတွင်း၌ ဆေးကြောစရာရှိသည်များကို ဆေးကြောပြီးစီးသည်နှင့် အိပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ၏ အိမ်ငှားများထဲမှ ယမင်းသူတစ်ဦးမှလွဲ၍ ကျန်လူများအားလုံး ပြန်ရောက်နေကြပေပြီ။

ယမင်းသူသည် လျှို့ဝှက်စွာ နေထိုင်တတ်သူဖြစ်သည်။ ယခု လတ်တလောအခြေအနေ၌ သူမ ဘာလုပ်နေသည်ကို မည်သူ့ကိုမျှ ပြောပြလိမ့်မည်မဟုတ်ကြောင်း ဦးမိုးကောင်းသိ၍နေသည်။

အိမ်ရှေ့ဘက်မှ လူခေါ် ခေါင်းလောင်းသံ မြည်လာ

သည်။

ဦးမိုးကောင်း ဆတ်ခနဲ တုန်သွားသည်။

နာရီကိုကြည့်လိုက်သည်။

ည ဆယ့်တစ်နာရီနှင့် ငါးမိနစ်။

ဦးမိုးကောင်း တံခါးဖွင့်လိုက်သည်။

လှေကားထိပ်၌ ရပ်နေသူမှာ 'တိုးမြင့်' ဖြစ်သည်။ တိုးမြင့်ကို မထင်မှတ်ဘဲမြင်လိုက်ရသဖြင့် ဦးမိုးကောင်း ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားမိသည်။

တိုးမြင့်က အေးတိအေးစက်လေသံဖြင့်...

"မယမင်းသူအတွက် ပစ္စည်းတစ်ခု ကျွန်တော်ယူလာပါတယ်"

တိုးမြင့်၏ အေးစက်သော အကြည့်ကြောင့် ဦးမိုးကောင်း တုန်လှုပ်၍ သွားသည်။

အပြင်ဘက်လမ်းပေါ်၌ နောက်ပွင့်ပစ်ကပ် အငှားကား တစ်စီးရပ်၍ထားသည်။ ကြီးမားသော သေတ္တာကြီးတစ်လုံး ဘေး၌ ကားမောင်းသူရပ်၍နေသည်ကို ဦးမိုးကောင်းသတိပြုမိသည်။

ဦးမိုးကောင်းက . . .

"ဘာပစ္စည်းလဲ ဒီအချိန်ကျမှ ဘာဖြစ်လို့လာရတာလဲ"



"ခင်ဗျား ငြိမ်ငြိမ်လေး နေစမ်းပါ"

တိုးမြင့်က ခပ်တင်းတင်း ပြောလိုက်ပြီး လှေကားမှ ပြန်၍ ဆင်းသွားသည်။ ကားမောင်းသူ၏ ဘေး၌ရှိနေသည့် သေတ္တာကြီး၏ တစ်ဖက်လက်ကိုင်ကို ဆွဲမ,လိုက်သည်။ ကားသမားက တစ်ဖက်မှ ဆွဲကိုင်သည်။ နှစ်ဦးသား ဒယီးဒယိုင်နှင့် လှေကားမှတက်ပြီး ခန်းမထဲသို့ ယူလာသည်။

သေတ္တာကြီးကို ချလိုက်ပြီး . . .

တိုးမြင့်က ဦးမိုးကောင်းကို မေးလိုက်သည်။

"ယမင်းသူရဲ့ အခန်းက ဘယ်မှာလဲ"

ဦးမိုးကောင်း သေတ္တာကြီးကိုငုံ့ကြည့်လျက် သဘောမကျသောလေသံဖြင့်မေးသည်။

"ဒီအထဲမှာ ဘာတွေပါလဲ၊ မင်းက ဘာဖြစ်လို့ ဒီသေတ္တာကြီးကို ယူလာရတာလဲ"

တိုးမြင့်က ဦးမိုးကောင်း၏ လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။

"ခင်ဗျား ပါးစပ်က စကားများများဘာမှ မကြားချင်ဘူး။ ယမင်းသူရဲ့ အခန်း ဘယ်မှာဆိုတာကိုသာပြ"

ဒေါသထွက်ခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်းတို့ဖြင့် ဦးမိုးကောင်းသည် လှေကားပေါ်သို့ တက်သွားသည်။ နောက်ဘက်မှ

တိုးမြင့်နှင့် ကားသမားတို့ သေတ္တာကြီးကို ဆွဲမလျက်လိုက်ပါသွားကြသည်။

သေတ္တာကြီးမှာ အလွန်လေးလံနေသည်။

တိုးမြင့်နှင့် ကားသမားတို့က ခက်ခဲစွာ ပင်ပန်းစွာ သယ်မ၍ လာနေကြရသည်။

ဦးမိုးကောင်းက ရှေ့မှသွားပြီး ယမင်းသူ၏ အခန်းတံခါးကို ဖွင့်သည်။ မီးကိုပါ ဖွင့်လိုက်သည်။

"ကဲ ရောက်ပြီ"

ကားသမားက သေတ္တာကြီးကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်၏။ ကြမ်းပြင်ပေါ်သို့ လေးလံသော သေတ္တာကြီးကျသွားသည်မှာ ဦးမိုးကောင်း၏ အိမ်ကြီးတစ်ခုလုံးပင် တုန်ခါ၍သွားပေသည်။

ဦးမိုးကောင်းက . . .

"မင်းတို့ရဲ့ သေတ္တာကြီးကို ယမင်းသူက ယူချင်ပါ့မလား မသိဘူး"

တိုးမြင့်က ဦးမိုးကောင်းကို စိုက်ကြည့်လိုက်ပြီး

"ခင်ဗျားအနေနဲ့ သဘောမကျဘူးဆိုရင် ဒီသေတ္တာကြီးကို ခင်ဗျားကိုယ်တိုင်ပဲ အောက်ကိုသယ်ချထားပေတော့။ ယမင်းသူပြန်လာရင် ကျွန်တော့်ဆီက အကြောင်းကြားတာ မရဘဲနဲ့



သေတ္တာကို မထိပါနဲ့လို့ ပြောပေးပါ"

တိုးမြင့်နှင့် ကားသမားတို့ လှေကားမှ ပြန်ဆင်းသွားကြသည်။

ဦးမိုးကောင်း မကျေမနပ် အမူအရာဖြင့် ခေါင်းခါရင်း ကျန်ရစ်သည်။ တံခါးကို ပြန်ပိတ်၍ မီးဖိုခန်းထဲသို့ ဝင်လာသည်။ ယမင်းသူ ဘယ်အချိန် ပြန်ရောက်လာမည်ကို စဉ်းစားကြည့်မိသည်။

ထို့နောက် အပေါ်ထပ်သို့ ပြန်တက်၍ သေတ္တာကြီးအနီးသို့ ကပ်သွားသည်။ သေတ္တာကြီးမှာ ကြီးမားလေးလံလှပေသည်။ ဦးမိုးကောင်း လက်နှစ်ဖက်ဖြင့် ဆွဲမကြည့်သည်။ လေးလံလွန်းလှသဖြင့် ကြမ်းပြင်ပေါ်မှ ကြွပင် မကြွချေ။ သေတ္တာကို ကြီးမား ခိုင်ခံ့လွန်းသည့် သော့ခလောက်ဖြင့် ခတ်၍ထားသည်။ ခိုင်ခံ့လွန်းလှသဖြင့် ဖွင့်ရန် လုံးဝမလွယ်ကူပေ။

သေတ္တာကြီး၏ အပေါ်မှ ကုန်း၍ကပ်ပြီးကြည့်သည်။

ထူးခြားသော အနံ့တစ်မျိုးကို ရသည်။

ဦးမိုးကောင်း တစ်စုံတစ်ရာကို သတိရသည်။ သူ၏မိခင်သေဆုံးခဲ့စဉ်က ထိုအနံ့မျိုး ရမိသည်ဟု ထင်သည်။

ဦးမိုးကောင်း အကြီးအကျယ် တုန်လှုပ်ချောက်ချား၍သွားသည်။

သေတ္တာကြီး ရုတ်တရက် ပွင့်ထွက်လာပြီး အတွင်းမှ မကောင်းဆိုးဝါးတစ်ကောင်ကောင် ခုန်ထွက်လာမည်ဟု ထင်လိုက်မိသည်။

ဦးမိုးကောင်း ချက်ချင်းပင် အခန်းထဲမှ ထွက်လာသည်။ ဧည့်ခန်းဘက်သို့ ပြန်၍ဆင်းလာခဲ့သည်။

အခန်းထဲ၌ ဦးမိုးကောင်း ငြိမ်၍ထိုင်နေမိသည်။

ကြောက်ရွံ့တုန်လှုပ်စိတ်ကို ကြိုးစား၍ ဖျောက်ဖျက်နေရသည်။

ညဆယ်နာရီနှင့် ဆယ့်ငါးမိနစ်။

အိမ်ရှေ့တံခါးဖွင့်သံ။

ဦးမိုးကောင်း လျင်မြန်စွာ ထ၍သွားသည်။

ယမင်းသူက ဦးမိုးကောင်းကိုမြင်လျှင် အံ့အားသင့်စွာဖြင့်. . .

"ဟင် ဦးမိုးကောင်း။ ကျွန်မက အိပ်နေပြီလို့ထောင်ထင်နေတာ"

"မင်းနဲ့ စကားပြောစရာရှိလို့ပါ ခဏလောက် အချိန်ရမယ်ဆိုရင် ငါ့ဧည့်ခန်းထဲကို ခဏလောက်လာခဲ့ပါ"

ယမင်းသူ မျက်မှောင်လေးကြုတ်လိုက်မိသည်။

ဘာတွေများ ဖြစ်နေလို့လဲဟု တွေးမိသည်။



"ကောင်းပါပြီ ဦးမိုးကောင်း"

ဧည့်ခန်းတွင်းသို့ ဦးမိုးကောင်း၏ နောက်မှနေ၍ ယမင်းသူ ဝင်လိုက်သွားသည်။

ဦးမိုးကောင်းက သူမအားကြည့်လျက်. . .

"မင်းဆီကို စာနဲ့ သေတ္တာလာပြီးပို့ပေးသွားတာ 'ဘယ်သူလဲ' ယမင်းသူက တွေဝေသောအမူအရာဖြင့်. . .

"သေတ္တာ ဟုတ်လား"

"ဟုတ်တယ် ယမင်းသူ လွန်ခဲ့တဲ့ တစ်နာရီလောက်က သေတ္တာတစ်လုံးလာပို့သွားတယ်။ လာပို့တဲ့လူက တော်တော်ရိုင်းစိုင်းတဲ့ အကောင်မျိုးပဲဖြစ်မယ်"

"ကျွန်မတော့ ဘယ်သူမှန်း မသိဘူး"

"တော်တော်လေး စိတ်ပျက်စရာကောင်းတာပဲ။ ဒီသေတ္တာ ရောက်လာတာကို ငါလုံးဝသဘောမကျဘူး။ ငါ့အသက်ကလဲ မငယ်တော့ဘူး။ အမှန်အတိုင်းပြောရရင် ဒီသေတ္တာရောက်လာကတည်းက ငါ့စိတ်ထဲမှာ အတော်ကြီး ချောက်ချားနေတယ်။ ပြီးတော့ သေတ္တာထဲက အနံ့တစ်မျိုးလဲထွက်နေတယ်"

"ရှင် ကျွန်မတော့ ဘာမှ နားမလည်ဘူး"

"မင်းကို ငါပြောဖူးတဲ့လူငယ်။ အဲဒီလူ စောစောက ယူလာတာပဲ"

"ဩော် ကိုတိုးမြင့်ကိုပြောတာလား"

"လူက ခပ်ငယ်ငယ်ပဲ၊ မိုက်တိမိုက်ကန်းပုံစံနဲ့။ သူ့နာမည်ကိုလဲ ပြောမသွားဘူး"

ယမင်းသူ ဧည့်ခန်းထဲ၌ ဆက်၍ မနေလိုတော့ပေ။ ထို့ကြောင့် ဧည့်ခန်းထဲမှ ထွက်နိုင်ရန် အကြောင်းရှာလိုက်သည်။

"ဒါဆို ကျွန်မ အခန်းထဲမှာ သွားကြည့်လိုက်ဦးမယ်"

"ကောင်းတယ်။ ငါပါ လိုက်ကြည့်မယ်"

ယမင်းသူက ခေါင်းခါလိုက်ပြီး . .

"ဦးမိုးကောင်း လိုက်လာစရာမလိုပါဘူး။ အေးအေးဆေးဆေး အိပ်နေသင့်ပါပြီ"

"ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းဆီကနေ ဖြေရှင်းချက်တစ်ခုခု ငါသိချင်တယ်"

ယမင်းသူ၏ မျက်နှာပေါ်၌ ဒေါသရိပ် ဖျတ်ခနဲ ပေါ်လာသည်။

"ကျွန်မ ဘာမှ မသိရသေးတဲ့ကိစ္စတစ်ခုကို ကျွန်မ ဘယ်လိုဖြေရှင်းချက်ပေးရမှာလဲ။ ဒါ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ ဘယ်သူမှ ဝင်ပြီးပါတာမျိုး ကျွန်မ မလိုချင်ဘူး"

ဦးမိုးကောင်း သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်သည်။



"မင်းပြောတာ မှန်ပါတယ်။ ငါ့ကို ခွင့်လွှတ်ပါ။ ငါ့စိတ်ထဲမှာ အတော်လေး တုန်လှုပ်နေတယ် . ."

"ကောင်းပြီ ဦးမိုးကောင်း၊ ကိုတိုးမြင့်နဲ့တွေ့ရင် ကျွန်မ ပြောလိုက်ပါ့မယ်"

ဦးမိုးကောင်း မည်သို့မျှ မပြောနိုင်ခင်မှာပင် ယမင်းသူ သူမ၏ အခန်းရှိရာ အပေါ်ထပ်သို့ ပြေး၍တက်သွားသည်။

တိုးမြင့်ကို သူမအနေဖြင့် မေးစရာများရှိနေပေသည်။

ဒီဗွထံသို့ ဦးလှိုင်ဘွားဇံ မသွားနိုင်အောင် ထားမည်ဟု ပြောသည်။ သို့သော် ဦးလှိုင်ဘွားဇံက မြကတ္တီပါကလပ်သို့ ချိန်းထားသည့် အချိန်၌ ရောက်လာသည်။ ထိုအကြောင်းကို အမိက ထား၍ မေးရမည်ဖြစ်သည်။

တံခါးလက်ကိုင်ကိုဖွင့်၍ အခန်းထဲသို့ဝင်သည်။

တယ်လီဖုန်းသံ ရုတ်တရက်မြည်လာသည်။ အခန်းထောင့်ဘက်ရှိ စားပွဲပေါ်တွင် တင်ထားသော ဖုန်းရှိရာသို့ ဖြတ်၍ လျှောက်သွားသည်။

အနံ့တစ်မျိုးကို သူမရလိုက်သည်။

အသုဘများ၌ ထားရှိသော ပန်းနံ့မျိုးဖြစ်ကြောင်း သူမသတိပြုမိသည်။

နံရံအနီး၌ ကြီးမားမည်းနက်သည့် သေတ္တာကြီးတစ်လုံး

ချထားသည်ကို သူမမြင်လိုက်ရသည်။ တယ်လီဖုန်းကိုကောက်ကိုင်လိုက်စဉ်မှာပင် တစ်စုံတစ်ခုကို တွေးမိပြီး သူမ၏ ကျောရိုးတစ်လျှောက် အေးစိမ့်၍သွားသည်။

"ဟယ်လို"

"တိုးမြင့်ပါ"

"ကျွန်မအခန်းထဲ သေတ္တာကြီးတစ်လုံးဘာဖြစ်လို့ လာထားရတာလဲ"

"ကျွန်တော်ပြောတာပဲ နားထောင်ပါ မယမင်းသူ။ ဦးလှိုင်ဘွားဇံရဲ့အစ်ကို ဦးလှိုင်ဒွေးဇံရဲ့ အလောင်း သူ့အခန်းထဲမှာရှိတယ်။ အလောင်းကို မပုပ်မသိုးအောင် ဆေးထိုး၊ ဆေးလိမ်းထားတယ်။ ဦးလှိုင်ဘွားဇံက သူ့အစ်ကိုရဲ့ အသက်ကို ပြန်ရှင်စေချင်တယ်။ အသက်ပြန်ရှင်အောင်လုပ်ဖို့ ကြိုးစားနေတယ်။ ဒိဗ္ဗက အသက်ပြန်သွင်းပေးမယ်လို့ တစ်ပတ်ရိုက်ပြီး ငွေတောင်းမယ်။ အခု ဒိဗ္ဗတို့ လုပ်ချင်တာလုပ်လို့မရတော့ဘူး။ ဦးလှိုင်ဘွားဇံရဲ့ အစ်ကို ဦးလှိုင်ဒွေးဇံရဲ့အလောင်းကို ကျွန်တော်ဝှက်ထားလိုက်နိုင်ပြီ။ ကျွန်တော့်ဘက်က လုပ်စရာ ဒီတစ်နည်းပဲရှိတော့တယ်။ ကျွန်တော် ပြောတာ နားလည်ပြီလား။ ဘာပဲဖြစ်ဖြစ် အဲဒီအလောင်းကို သူတို့ လုံးဝမတွေ့ပါစေနဲ့"

သူမ၏ တစ်ကိုယ်လုံးတောင့်တင်း၍နေသည်။



"ကျွန်မ ကောင်းကောင်း နားမလည်ဘူး"

သူမက တုန်လှုပ်စွာဖြင့် သေတ္တာကြီးကို လှည့်ကြည့်သည်။ သူမ၏ ရင်ထဲမှ နှလုံးခုန်သံ မြန်၍လာသည်။ ခြေဖျားက်ဖျားများပါ အေးစက်တုန်ယင်၍လာသည်။

"ရှင် ဘာတွေပြောနေတာလဲ။ ဦးလှိုင်ဒွေးဇံရဲ့ အလောင်းတ်လား။ အဲဒါက . . ."

တိုးမြင့်ထံမှ လေသံ ခပ်ဆတ်ဆတ်ပေါ်လာသည်။

"ခင်ဗျား ဘာမှ မကြောက်ပါနဲ့။ ဦးလှိုင်ဒွေးဇံရဲ့ အလောင်းကို မပုပ်မသိုးအောင် လုပ်ထားတယ်။ အဲဒီသေတ္တာထဲကို ခင်ဗျားအနေနဲ့ ကြည့်ဖို့မလိုဘူး။

ယမင်းသူ၏ မျက်လုံးထဲ၌ အိမ်ကြီးတစ်ခုလုံး ချာချာည်၍သွားသည်ဟု ထင်လိုက်မိသည်။

သူမက တုန်ခါသောအသံဖြင့် အော်လိုက်မိသည်။

"ဒါ မဖြစ်ဘူး၊ ရှင့်ရဲ့သေတ္တာကြီး ကျွန်မ တာဝန်မယူနိုင်ား ဟို. . ."

"ဆက်ပြောဖို့ အချိန်မရတော့ဘူး။ သူတို့ လာနေကြပြီ။ သူတို့ကို ဦးလှိုင်ဘွားဇံက ခေါ်လိုက်တာပဲဖြစ်မယ်။ သူတို့ အိမ်ရောက်နေကြပြီ"

ရုတ်တရက်. . .

တယ်လီဖုန်းသံ ပြတ်တောက်၍သွားသည်။

"ဟယ်လို ဟယ်လို"

တစ်ဖက်မှ မည်သည့်အသံမျှ မကြားရတော့ပေ။

သူမ၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်၍ နေ
သည်။ သေတ္တာကြီးကို လှမ်း၍ကြည့်ရင်း လက်ထဲမှ တယ်လီ
ဖုန်းလွတ်ကျသွားသည်။

တယ်လီဖုန်းစားပွဲမှ ထရပ်လိုက်ပြီး မျက်နှာကိုလက်ဝါး
ဖြင့် အုပ်ထားလိုက်မိသည်။

***

## အခန်း (၁၇)

တိုးမြင့်က စားပွဲပေါ်သို့ တယ်လီဖုန်းကို တင်လိုက်
သည်။

သူ့ရှေ့သို့ ရောက်လာကြသည့် ဒိုင္ဗနှင့် ထွန်းထက်ကို
မှုန်းတီသောအကြည့်ဖြင့် ကြည့်လိုက်သည်။

ဦးလှိုင်ဘွားဖ၏ မျက်နှာမှာ သိသာစွာ ပျက်၍နေ၏။
ဝမ်းနည်းကြေကွဲသော မျက်လုံးများနှင့် လက်နောက်ပစ်ပြီး ဒိုင္ဗ
၏ဘေးသို့ ငြိမ်သက်စွာ ရပ်၍နေသည်။

ဦးလှိုင်ဘွားဖက ခြောက်ကပ်သော လေသံဖြင့် ပြော
သည်။

"ဦးဒိဗ္ဗက သူမောင်တိုးမြင့်ပါ။ ကျုပ်ရဲ့ လူတစ်ယောက်ပါ။ လူကောင်းလေးတစ်ယောက်ပါ။ သူက လိုတာကူညီပါလိမ့်မယ်။ မောင်တိုးမြင့်ရေ ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲမသိဘူး ငါ့အစ်ကို ဦးလှိုင်ဌေးဇံ မရှိတော့ဘူး။ သူ့ကို တစ်ယောက်ယောက်က ယူသွားပြီ"

ဒိဗ္ဗက မသက်သသည့် အကြည့်ဖြင့် တိုးမြင့်ကို ကြည့်သည်။

တိုးမြင့်က . . .

"သူသေသွားပြီ မဟုတ်လား"

"သူ့ကို တစ်ယောက်ယောက်က ခိုးယူသွားတာပဲဖြစ်ရမယ်"

ဒိဗ္ဗက ဦးလှိုင်ဘွားဇံ၏ ပခုံးကို အသာတို့ထိလိုက်ပြီး

"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ ဦးလှိုင်ဘွားဇံ။ ခင်ဗျား အစ်ကိုရဲ့ အလောင်းကို ကျွန်တော်ပြန်ယူပေးပါ့မယ်။ ကျွန်တော် တိုးမြင့်နဲ့ ခဏလောက် စကားပြောချင်တယ်။ ခင်ဗျား အိပ်ယာထဲမှာ သွားပြီးအနားယူပါ။ ကဲ ထွန်းထက် ဦးလှိုင်ဘွားဇံကို အိပ်ရာထဲအထိ လိုက်ပို့ပေးလိုက်ပါ"

ဦးလှိုင်ဘွားဇံက ခေါင်းခါ၍ . . .

"ကျုပ် အနားမယူနိုင်သေးဘူး။ ကျုပ်ရဲ့ အစ်ကို လှိုင်



ဌေးဇံကို ပြန်ရမှဖြစ်မယ်"

ဦးလှိုင်ဘွားဇံကို ထွန်းထက်က ခေါ်သွားသည်။

တိုးမြင့်နှင့် ဒိဗ္ဗ နှစ်ဦးသာ ကျန်ရစ်သည်။

ဒိဗ္ဗက . . .

"အခု မင်းဖုန်းဆက်တာ ဘယ်သူ့ဆီကိုလဲ"

တိုးမြင့်က တည်ငြိမ်အောင်ထိန်းချုပ်လျက်ပြောသည်။

"ကျွန်တော့်အမျိုးသမီးဆီကိုပါ။ ဘာဖြစ်လို့လဲ"

ဒိဗ္ဗက မသိမသာပြုံးလိုက်ပြီး . . .

"ပြောပါဦး မင်း အမျိုးသမီးရဲ့ အကြောင်း။ အဲဒီ အမျိုးသမီးက ဘယ်သူလဲ ဘယ်မှာနေလဲ"

"ဒါက ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ ခင်ဗျားကကော ဘယ်သူလဲ"

ဒိဗ္ဗက ပြုံး၍ ဆက်ပြောသည်။

"ငါနဲ့ စကားပြောရင် သတိထားပြီးပြောပါ"

ဒိဗ္ဗ၏ မျက်လုံးများက ရက်စက်ကောက်ကျစ်၍ သွေးအေးသော မျက်လုံးများဖြစ်နေသည်။

ထွန်းထက်ပြန်ရောက်လာသည်။

"ဦးလှိုင်ဘွားဇံ အနားယူနေပါပြီ"

ထွန်းထက်က မျက်လုံးပင့်၍ . . .

"ဆရာဒိဗ္ဗ ဘာတွေသိထားရပြီလဲ"

အခုတော့ မသိရသေးဘူး။ ဒါပေမယ့် မကြာခင်မှာ သိရမှာပါ"

ဒိဗ္ဗက တိုးမြင့်ကို လက်ညှိုးထိုးလိုက်ပြီး . . .

"ငါ့အနေနဲ့တော့ အလောင်းကို ခိုးသွားတာ သူပဲဖြစ်မယ် ထင်တယ်။ ဒါပေမယ့် မသေချာသေးဘူး"

ဒိဗ္ဗက သူ၏ကြီးမားသော လက်နှစ်ဖက်ကို တစ်ချက် ငုံ့ကြည့်လိုက်သည်။

"ဦးလှိုင်ဌေးဇံရဲ့ အလောင်းကို မင်း ခိုးယူသွားတယ် မဟုတ်လား"

တိုးမြင့်က နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ဒီအလုပ်မျိုး ကျွန်တော်က ဘာဖြစ်လို့ လုပ်ရမှာလဲ သေနေတဲ့ အလောင်းကို ဘယ်သူက လိုချင်မှာလဲ"

ဒိဗ္ဗက မသိမသာ ပြုံးလိုက်သည်။

"ထိုင်ပါဦး တိုးမြင့်။ ငါတို့ အေးအေးဆေးဆေး စကားပြောရအောင်"

တိုးမြင့်က ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။

ဒိဗ္ဗက. . .

"မင်း အသက်က ငယ်ပါသေးတယ်။ တိုးမြင့် ဒီကိစ္စကို



င်းတစ်ယောက်တည်း ဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူး။ ငါ့အနေနဲ့အချိန်ကုန်မခံနိုင်ဘူး။ ခပ်ရှင်းရှင်းပဲပြောမယ်။ ဦးလှိုင်ဘွားဇံက သူ့အစ်ကိုကို ပြန်ပြီး အသက်သွင်းခိုင်းတယ်။ ဒီကိစ္စအတွက် ငွေအများကြီးပေးလိမ့်မယ်။ ဦးလှိုင်ဌေးဇံရဲ့ အလောင်း ဘယ်မှာရှိတယ် ဆိုတာမင်းက သိတယ်။ ငါက ဦးလှိုင်ဘွားဇံဆီက ငွေရအောင် လုပ်ယူနိုင်စွမ်းရှိတယ်။ မင်းနဲ့ငါ ဒီအလုပ်ကို အတူတူလုပ်ကြမယ်။ မင်းအတွက် ငါရလာမယ့် ငွေထဲက သုံးပုံတစ်ပုံပေးမယ်။ ကဲ မင်း ဘယ်လို သဘောရသလဲ"

"ဦးလှိုင်ဌေးဇံအလောင်း ဘယ်မှာဆိုတာ ကျွန်တော် မသိဘူး"

"မင်းပါးစပ်က အမှန်အတိုင်းထွက်လာအောင် လုပ်လို့ရပါတယ်။ ဒါပေမယ့် မင်းဘက်က ငါနဲ့ ပူးပေါင်းတာမျိုးပဲ ဖြစ်ချင်တယ်"

ထိုအချိန်တွင်. . .

ရှပ်အင်္ကျီအနီ ဝတ်ထားသည့် ဒီဂျမ်း ဝင်လာသည်။ တ်ခမ်းဖျား၌ စီးကရက်တစ်လိပ် တေ့၍ထားသည်။ တိုးမြင့်ကို ဂျမ်းက ပြုံးစိစိအမူအရာဖြင့် စိုက်၍ကြည့်သည်။

ဒိဗ္ဗက လက်ဆန့်၍. . .

"ဒါ တိုးမြင့်တဲ့"

"ဟုတ်ကဲ့၊ ကျွန်တော်နဲ့ သူ တွေ့ဖူးပါတယ်"

တိုးမြင့် တုန်လှုပ်၍လာသည်။

ဒီဂျမ်း ရောက်လာသဖြင့် သူ၏မျှော်လင့်ချက်များ ဆုံးဖြတ်ချက်များ၊ သတ္တိများ ပျောက်ကွယ်၍ကုန်ရလေပြီ။

ဒီဗွက. . .

"ကဲ တိုးမြင့်၊ မင်းအမှန်အတိုင်းပြောမလား ဒါမှမဟုတ် ဒီဂျမ်းနဲ့ မင်းကို ထားခဲ့ရမလား"

တိုးမြင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါ၍နေသည်။

ဒီဂျမ်းက သူသိလိုသည်ကို မေးမည်။ မဖြေပါက နှိပ်စက်ပေလိမ့်မည်။ ထိုအခါတွင် သူ ဖွင့်ပြောမိပေလိမ့်မည်။ သူ့အနေဖြင့် မည်မျှအထိသာ ခံနိုင်ရည်ရှိသည်ကိုသိသည်။ သူသည် နာကျင်သော ဝေဒနာကို ခံနိုင်စွမ်းရှိသူ မဟုတ်ပေ။ ထို့ပြင် ဒီဂျမ်းလို လူမျိုးနှင့် ရင်ဆိုင်ရဲသည့် သတ္တိမျိုးလည်း မရှိချေ။

သူ့ကို ပထမပြောအောင်၊ ဒီဗွတို့လူစုက လုပ်ကြမည်။ ပြောပြီးလျှင် သူ့ကို သတ်မည်။ ဤသို့ပြုလုပ်မည်ကို တိုးမြင့် သေချာပေါက်သိထားသည်။ သူ့ကိုသတ်ပြီးလျှင် ယမင်းသူ၏ အိမ်သို့သွားပါက ဦးလှိုင်ဌေးဇံ၏ အလောင်းထည့်ထားသည့် သေတ္တာကြီးကို တွေ့သွားကြပေလိမ့်မည်။ ယမင်းသူကိုလည်း ဤလူစုက သတ်ချင်သတ်ကြပေသည်။



ထို့နောက်ပိုင်းတွင် သူတို့လူစုသည် လှိုင်ဘွားဇံထံမှ ငွေများကို တစ်ပြားတစ်ချပ်မှ မကျန်အောင် ညှစ်ယူကြပေလိမ့်မည်။ တိုးမြင့်အနေနှင့် သူ၏ ပါးစပ်ကို ပိတ်ထားနိုင်သော စွမ်းရည်မျိုးမရှိခဲ့ပါက ဤအတိုင်းပင် ဖြစ်လာပေတော့မည်။

သေရမည်ကို တိုးမြင့်မကြောက်။

စက္ကန့်ပိုင်းမျှသာ ထူးခြား၍ ကြောက်ရွံ့တုန်လှုပ်စရာ ကိစ္စတစ်ခုနှင့် ကြုံရမည်။ ထို့နောက် လွယ်ကူစွာ ချုပ်ငြိမ်းသွားမည်။

သို့သော် ဒီဂျမ်းက သူ့အား ဆက်တိုက်နှိပ်စက် ညှဉ်းပမ်းနေပါက ဝေဒနာဒဏ်ကို နာရီပေါင်းများစွာ ခံစားနေရပေလိမ့်မည်။ ထိုဝေဒနာကို သူ့အနေနှင့် မခံစားနိုင်ပေ။

တိုးမြင့် တစ်စုံတစ်ခုကို တွေးမိသည်။

သူ့ဘက်မှ လုပ်ရမည့် တစ်ခုတည်းသော နည်းလမ်းကို သိလာပြီဖြစ်သည်။

တိုးမြင့်က . . .

"ကောင်းပြီလေ၊ ကျွန်တော် ပြောပါ့မယ်။ ခင်ဗျားတို့ လိုချင်တဲ့ အလောင်းက ဒီအိမ်ထဲမှာပဲရှိတယ်"

ဒီဗွက ခန္ဓာကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး. . .

"အိမ်ထဲမှာ ဟုတ်လား၊ ဒါဆို မင်းအပြင်ကို ထုတ်မသွား

ဘူးပေါ့"

"ဒီနေရာကနေ အလောင်းကို ဘယ်လိုလုပ်ပြီး ထုတ်ယူသွားရမလဲ။ အပေါ်ထပ်မှာ ကျွန်တော် ဖွက်ထားတယ်"

ဒီဂျမ်းက နှုတ်ခမ်းတွန့်လျက် အေးစက်စွာပြောသည်။

"ဒီကောင် လိမ်နေတာ"

ဒီဗွက. . .

"စောင့်ကြည့်ကြရတာပေါ့"

တိုးမြင့်က ထ၍ရပ်လိုက်သည်။

"ခင်ဗျားကို ကျွန်တော်ပြောမယ် အပေါ်ထပ်မှာပဲ ရှိတယ်"

"ဘယ်နေရာမှာလဲ"

"အပေါ်ဆုံးထပ်က၊ အခန်းကလေး တစ်ခုထဲမှာ"

ဒီဗွက ဒီဂျမ်းကိုကြည့်လျက်. . .

"မင်း လိုက်ကြည့်လိုက်ပါ။ ငါ ဒီကနေပဲစောင့်မယ်"

"ခင်ဗျားတို့အားလုံး လိုက်ခဲ့ကြပါ။ ကျွန်တော် လိုက်ပို့မယ်"

ဒီဗွက ခေတ္တမျှစဉ်းစားလိုက်ပြီး၊ ခေါင်းတစ်ချက် ညိတ်သည်။

"သူနဲ့ မင်းလိုက်သွားပါ ဒီဂျမ်း ဒီကောင်တစ်ခုခု ကြံစည်



နေတာဖြစ်နိုင်တယ်။ မင်းအနေနဲ့ သတိထားဖို့ လိုတယ်"

"ဒီဂျမ်း"က . . .

"မင်း တစ်ခုခု မဟုတ်တာကြံရင်တော့ မင်းရဲ့ နားရွက်နှစ်ဖက်ကို အရင်ဆုံးဖြတ်ပစ်ရမယ်။ ကဲလာ သွားကြည့်မယ်"

တိုးမြင့်က ဒီဂျမ်းရှေ့မှ ဖြတ်၍ကျော်တက်သွားသည်။ ဒီဂျမ်းနှင့်အတူ လှေကားပေါ်သို့ တက်သွားသည်။

လှေကား ပထမဆင့်သို့ရောက်လျှင်၊ ဒီဂျမ်းက လေသံခပ်အုပ်အုပ်ဖြင့်ပြောသည်။

"မင်းကို ငါပြောခဲ့တာကို မင်းမှ နားမထောင်ခဲ့တာပဲ တိုးမြင့်။ မင်းကို အချိန်ရှိတုန်း ဒီနေရာကနေ ထွက်သွားလို့ ငါပြောခဲ့တယ်လေ။ အခုတော့ မင်းမှာ အခက်အခဲတွေနဲ့ ကြုံနေရပြီ မဟုတ်လား"

တိုးမြင့် ဘာမျှပြန်မပြော။ ဒီဂျမ်း မည်သည့်အရာကို ဆိုလိုကြောင်း တိုးမြင့်သိသည်။

လှေကား တစ်ဝက်ကျော်ကျော်ခန့်ရောက်လာသည်။

တစ်စုံတစ်ခုလုပ်ရန် အချိန်ရောက်ပြီဟု တိုးမြင့်ဆုံးဖြတ်ချက်ယတိပြတ်ချလိုက်သည်။ သူ၏ နှလုံးသားများမှာ ပြင်းထန်စွာခုန်၍နေသည်။ အသက်ရှူရသည်မှာ မွန်းကျပ်၍လာပြီး ဦးခေါင်းထဲ၌ မူးဝေ၍လာသည်။ ဒူးများ ပျော့ခွေလဲကျမတတ်ဖြစ်

နေပေသည်။

သူအနေဖြင့် အမှားတစ်ခု ပြုလုပ်မိလျှင် မည်သို့မျှ ကယ်တင်နိုင်တော့မည် မဟုတ်ပေ။

တိုးမြင့်အသက်ကိုခပ်ပြင်းပြင်းရှူလိုက်သည်။

ရုတ်တရက် နောက်ဘက်သို့ လှည့်လိုက်သည်။ ဒီဂျမ်း၏ရင်ကို သူ၏ လက်နှစ်ဖက်ဖြင့် အားကုန်ဆောင့်တွန်း ထည့်လိုက်သည်။

ဒီဂျမ်း တစ်ချက် အော်လိုက်ပြီး သူ၏ခန္ဓာကိုယ်ကို နောက်ပြန်လန်ကျမသွားစေရန် ကြိုးစားသည်။ တိုးမြင့်၏လက်ကို ဖမ်းဆွဲလျက် ကမူးရှူးထိုးအနေအထားဖြင့် နောက်သို့ဆုတ်သည်။

တိုးမြင့်က ဆောင့်၍ထိုးချလိုက်သည်။

ဒီဂျမ်း၏ခြေထောက် ယိုင်၍သွားသည်။ တိုးမြင့်၏လက်ကို ဖမ်းဆုပ်ထားသော သူ၏လက် ပြုတ်ထွက်သွားသည်။ ဒီဂျမ်း လှေကားပေါ် သို့ လိမ့်ကျသွားသည်။

ဒီဂျန်းမှာအောက်ဘက်သို့ ပြုတ်ကျသွားရင်း မိရာကို ဖမ်း၍ ဆွဲသည်။ အောက်ဘက်သို့ ကျနေသည့် သူ၏ခန္ဓာကိုယ်၏အရှိန်ကို မထိန်းနိုင်သဖြင့် မည်သည့်အရာကိုမျှ ဆုပ်ကိုင်နိုင်ခြင်းမရှိပဲ ဖြစ်နေသည်။



နောက်ဆုံးတွင်၊ အောက်ဘက်ရှိ လှေကားအဆင့်ပေါ်သို့ ပြုတ်ကျ၍လာပြီး မူးဝေ၍ ချက်ချင်း မထနိုင်ဘဲ ဖြစ်နေပေသည်။

တိုးမြင့်က နောက်သို့ ပြန်၍လှည့်မကြည့်။

တိုးမြင့်က စကြိုလမ်းအတိုင်း ပြေး၍သွားသည်။ ခေါင်မိုးပေါ် ကို စီး၍မြင်နေရသည့် ပြတင်းပေါက်ကလေးအနီးသို့ ကပ်သွားသည်။ ပြတင်းပေါက်တံခါးကို တွန်းသည်။ တံခါးက မလှုပ်ပေ။ ထပ်၍ တွန်းနေရင်း စိတ်ထဲမှ ကြောက်ရွံ့စိတ်များ အလိုလိုဖြစ်ပေါ်နေသည်။

အောက်ထပ်မှ ဒီဂျမ်း၏ ကျိန်ဆဲသံကို ကြားရသည်။

မကြာခင် သူတို့ အပေါ် သို့ ရောက်လာကြပေတော့မည်။

ပြတင်းပေါက်ကို ကြိုးစား၍လှုပ်ခါကြည့်သည်။ မဖွင့်သည်မှာ ကြာပြီဖြစ်၍ တံခါးမှာ ကျပ်ပိတ်၍နေသည်။

လှေကားမှ တက်လာသည့် 'ဒီဂျမ်း'၏ခြေသံကို ကြားရသည်။

ဒိဗ္ဗ၏ ကျယ်လောင်သော အသံကြီးကိုပါ ဆက်၍ကြားလိုက်ရသည်။

တိုးမြင့်က ပြတင်းပေါက်မှန်ပေါင်ကို ပခုံးဖြင့် ဆောင့်

တိုက်ချလိုက်သည်။ မှန်စများ ကွဲကျေထွက်ကုန်သည်။ ကျန်ရှိနေသည့် သစ်သားများ၊ မှန်စများကို ခြေထောက်ဖြင့် ထပ်၍ ကန်ထုတ်လိုက်သည်။

တိုးမြင့်သည် ကျိုးပဲ့ပျက်စီးနေသည့် တံခါးပေါက်မှ ငုံ့၍ ခေါင်မိုးပေါ်သို့ ဆင်းလိုက်သည်။

ဒီဂျမ်းက အသံကုန် လှမ်းအော်သည်။

"ဟော့ကောင်. . . ရပ်လိုက်စမ်း"

တိုးမြင့်က လုံးဝ ဂရုမစိုက်ချေ။

ခေါင်မိုး၏ အမိုးစွန်းသို့ရောက်အောင် ခဲယဉ်းစွာသွားသည်။ ပြတင်းပေါက်ကို မျက်နှာမူလျက် အမိုးစွန်း၌ ထိုင်ချလိုက်သည်။

ကောင်းကင်ပြင်၌ ငွေလမင်းက ပြည့်ဝန်းစွာသာ၍နေ၏။

ခေါင်မိုးပေါ်မှကြည့်လျှင် အောက်ဘက်၌ ကြီးမားသောပန်းခြံကျယ်ကြီးနှင့် သစ်တောအုပ်ကြီးကို သေးငယ်စွာ မြင်တွေ့နေရသည်။

ဒီဂျမ်းက ပြတင်းပေါက်မှ ကြည့်သည်။

တိုးမြင့် ထိုင်နေသည်ကို တွေ့လိုက်သည်။

ဒီဂျမ်းက ဒေါသသံဖြင့် သွားများကို ဖော်လျက် လှမ်း



အော်သည်။

"ဒီကို မင်းပြန်လာရင် ကောင်းမယ်။ မလာရင် မင်းကို ငါလာဖမ်းရလိမ့်မယ်"

ဒိဗ္ဗမှာ အသက်ရှူသံပြင်းပြင်းနှင့် လျှောက်၍လာသည်။

ပြတင်းပေါက်မှ 'တိုးမြင့်' ကို လှမ်း၍ကြည့်သည်။

ဒီဂျမ်းကို ဒေါသတကြီး လှည့်ကြည့်ပြီး. . .

"ဒီကောင်လေးကို ဂရုစိုက်ပြီး ကြည့်ပါလို့ မင်းကိုငါပြောထားတယ်မဟုတ်လား။ အခု မင်းဘာလုပ်မလို့လဲ"

"သူ့နောက်ကို လိုက်မယ်။ သူမပြေးနိုင်တော့ပါဘူး"

"မင်း ရူးနေလား။ ဒီဂျမ်း ဒီနေရာက အမြင့်ကြီးကွ။ နားလည်ရဲ့လား။ ချော်ကျလိမ့်မယ်"

"မကျနိုင်ပါဘူး"

ဒိဗ္ဗက ပြတင်းပေါက်မှ သူ၏ ဦးခေါင်းကို ထုတ်လျက်

"မင်းစဉ်းစားစမ်းပါ တိုးမြင့်။ မင်းအနေနဲ့ ဘယ်ကိုမှသွားလို့ မရနိုင်တော့ဘူး။ အဲဒီနေရာကနေ မတော်တဆလိမ့်ကျသွားနိုင်တယ်။ မင်းပြန်လာတာ အကောင်းဆုံးပဲ"

တိုးမြင့်က အေးစက်စက်လေသံဖြင့်. . .

"ကျွန်တော်စဉ်းစားပြီးပြီ။ ခဏကြာရင် အောက်ကိုခုန်ချလိုက်တော့မယ်။ ကျွန်တော် ခုန်မချရင် ခင်ဗျားမေးတာကို

ဖြေရလိမ့်မယ်။ ကျွန်တော် ခင်ဗျားသိချင်တာ မပြောနိုင်ဘူး။ ဒီတော့ အောက်ကို ခုန်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ"

လရောင်အောက်၌ 'တိုးမြင့်' ၏ မျက်နှာမှာ ဖြူရော်၍ နေ၏။ ထိတ်လန့်မှု ခက်ထန်ကြမ်းတမ်းမှုတို့နှင့် ကြောက်ရွံ့စရာကောင်း၍နေ၏။ ပြောသည့်အတိုင်း လုပ်မည်ဖြစ်ကြောင်း ဒိဗ္ဗသိပြီး သူ၏ တစ်ကိုယ်လုံးအေးစိမ့်၍သွားပေသည်။

"မင်း . . . မရူးစမ်းပါနဲ့။ မင်းကို ငါတို့ဘာမှမလုပ်ပါဘူး။ အလောင်း ဘယ်မှာထားတယ်ဆိုတာကိုသာ ပြောပါ"

တိုးမြင့်က အံကိုကြိတ်လျက် . . .

"မပြောနိုင်ဘူး"

တိုးမြင့်၏ တစ်ကိုယ်လုံး ကြောက်လန့်အေးစက်နေပြီး တုန်ခါ၍နေပေသည်။

ဒိဗ္ဗက လေသံတိုးတိုးဖြင့် ဒီဂျမ်းကိုပြောသည်။

"ကြိုးတစ်ချောင်း မြန်မြန်ရှာ။ ဒီကောင့်ကို ကြိုးကွင်းနဲ့ ပစ်ပြီး ဖမ်းမှဖြစ်မယ်"

"အင်း . . . ကောင်းတယ်"

ဒီဂျမ်း စကြံလမ်းအတိုင်း ပြန်လှည့်ထွက်သွားသည်။

ဒိဗ္ဗက ပြတင်းပေါက်မှ ခေါင်းပြူထွက်လိုက်သည်။ နူးညံ့ညင်သာသော လေသံဖြင့် ဒိဗ္ဗက ချော့၍ ပြော



ည်။

"ငါတို့ ဒီကိစ္စကို သေသေချာချာပြန်စဉ်းစားကြည့်ကြရအောင်။ မင်းအသက်က ငယ်ပါသေးတယ် တိုးမြင့်။ အလောင်း ယ်မှာရှိတယ်ဆိုတာကို ပြောရင် မင်းကိုသိန်းတစ်ရာပေးမယ်။ ီငွေနဲ့ မင်းဘာတွေလုပ်နိုင်မယ်ဆိုတာ စဉ်းစားကြည့်ပါ"

တိုးမြင့်က ခက်ထန်သော လေသံဖြင့် ပြန်ဖြေသည်။

"ခင်ဗျား မသိတာတွေ အများကြီးပဲ။ ဦးလှိုင်ဘွားဇံတို့ အစ်ကိုက ကျွန်တော့်အပေါ်မှာ ဘယ်လောက်အထိ ကောင်း တယ်ဆိုတာ ခင်ဗျားလုံးဝမသိဘူး။ ခင်ဗျားတို့ ဘယ်လိုကြံစည် းတယ်ဆိုတာကိုလဲ ကျွန်တော်သိတယ်။ ခင်ဗျားတို့လုပ် င်တာတွေကို ကျွန်တော်လုပ်ခွင့်မပြုနိုင်ဘူး။ အခု ခင်ဗျားတို့ လှိုင်ဌေးဇံရဲ့အလောင်း ဘယ်မှာဆိုတာ သိနိုင်ကြတော့မှာ ုတ်ဘူး။ ခင်ဗျားတို့ ဘာမှမလုပ်နိုင်ကြတော့ဘူး။ ကျွန်တော် ုပဲ အောက်ကိုခုန်ချလိုက်တော့မယ်။ ဒါမှခင်ဗျားရဲ့ အစီ စဉ်တွေ ပျက်လိမ့်မယ်"

အောက်ဘက်ရှိ ပန်းခြံကို တိုးမြင့်ကြည့်လိုက်၏။ တစ် က်ယိမ်းယိုင်၍သွားပြီး အိမ်ခေါင်မိုးအစွန်းကို ဆုပ်ကိုင်လိုက် ည်။

တိုးမြင့် အောက်သို့ ကျသွားတော့မည်ဟုထင်၍ ဒိဗ္ဗက

ထိတ်လန့်စွာ အော်လိုက်သည်။

'သတိထား'

တိုးမြင့်ကို လက်လွှတ်မခံနိုင်။ အောက်သို့သာ တိုးမြ
ကျသွားပါက ဦးလှိုင်ဌေးဖံ၏ အလောင်းရှာတွေ့ရန် လွန်စ
ခဲယဉ်းသွားလိမ့်မည်ဖြစ်ကြောင်း ဒိဗ္ဗသိသည်။

ထိုစဉ်မှာပင် . . .

ဒီဂျမ်းပြန်ရောက်လာသည်။ လက်ထဲ၌ ရှည်လျားသေ
ကြိုးတစ်ချောင်း ကိုင်ထားသည်။

ဒိဗ္ဗက တီးတိုးလေသံဖြင့် . . .

"မင်းကို သူ မမြင်အောင် ကွယ်နေစမ်းပါ။ အခုမင်းဘ
လိုလုပ်မလဲ"

"တခြားနေရာကနေ ခေါင်မိုးပေါ် ကို ကျွန်တော်တ
မယ်။ ဆရာဒိဗ္ဗက သူ အာရုံပြောင်းအောင် စကားဆက်ပြီးတေ
သာ ပြောနေပါ"

ဒိဗ္ဗက နဖူးမှချွေးများကို လက်ခုံဖြင့်သုတ်လိုက်ပြီး . .

"ငါတို့ဘက်က မှားလို့ မဖြစ်ဘူး။ ဒီကောင်လေး တက
ခုန်ချမယ်လို့ ငါထင်တယ်"

"စိတ်ချပါ"

"သတိထားဦး။ မင်းကိုပါ သူကကြိုးနဲ့ ဆွဲချသွားဦးမယ



"ဆရာဒိဗ္ဗသာ ဆက်ပြီး စကားပြောနေပါ"

ဒီဂျမ်း ကြိုးကိုကိုင်လျက် စင်္ကြံလမ်းအတိုင်း ပြန်၍
လျှောက်သွားသည်။

ဒိဗ္ဗက ပြတင်းပေါက်မှ ခေါင်းပြူထွက်လိုက်ပြန်သည်။

"ငါနဲ့ ဒီဂျမ်းတွေ့ပြီး စကားပြောပြီးသွားပြီ"

တိုးမြင့်က မျက်မှောင်ကြုတ်လျက် . . . .

"အဲဒါ . . . ခင်ဗျားတို့ ကိစ္စပဲ"

"ငါတို့ မင်းကို အနှောင့်အယှက်မပေးတော့ဘူးလို့ ဆုံး
ဖြတ်လိုက်ပြီ။ မင်းရဲ့ အကူအညီကိုလဲ မတောင်းတော့ဘူး။ ငါ
တို့နည်း ငါတို့ဟန်နဲ့ ဦးလှိုင်ဌေးဖံရဲ့ အလောင်းကို ရှာယူတော့
မယ်။ အခု ငါတို့ပြန်တော့မယ်"

"ခင်ဗျားတို့ကို မယုံဘူး။ ကျွန်တော်ပြန်လာတာကို တစ်
ေနရာကနေ ကွယ်ပြီး စောင့်ဖမ်းကြမှာ မဟုတ်လား"

ဒိဗ္ဗက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ငါတို့ကို ဒီလောက်အထိ အထင်မသေးပါနဲ့။ ပန်းခြံထဲ
ကို မင်းလှမ်းကြည့်ရင် မြင်နိုင်တာပဲ။ ငါတို့ ထွက်သွားတာကို
ငင်းမြင်နိုင်ပါတယ်"

တိုးမြင့်က ခေါင်းခါလိုက်သည်။

"ခင်ဗျားတို့ ဒီည ပြန်သွားပေမယ့် နောက်ညတွေ

ရောက်လာမှာသေချာတယ်။ ကျွန်တော်ကတော့ ခုန်ချရမှာပဲ"

"ငါကတော့ ဆိုးဆိုးရွားရွားသေတာမျိုး သဘောမကျဘူး။ ဒီလိုကိစ္စမျိုးနဲ့လဲ မပတ်သက်ချင်ဘူး။ ဦးလှိုင်ဘွားဇံနဲ့ ဘာမှမပတ်သက်စေရဘူးဆိုတဲ့ ကတိကို စာရေးပြီးပေးမယ်။ ဒါဆိုရင် မင်းဘက်က အောက်ကိုခုန်မချပါဘူးလို့ ကတိပြန်ပေးနိုင်မလား"

တိုးမြင့် တွေဝေ၍ သွားသည်။

ကြောက်ရွံ့စိတ်က ခုန်ချမည့် သတ္တိကို တွန့်သွားစေပေသည်။ အောက်သို့ ခုန်ချ၍ မြေပေါ်သို့ ကျသွားလျှင်ဟူသော အတွေးနှင့်အတူ စာရွက်စာတန်းဖြင့် ကတိပေးထားလျှင် သိပ်မဆိုးလှဟု တွေးမိသည်။ စာရွက်စာတန်းဖြင့် ရေး၍ လက်မှတ်ထိုးသည့်ဒီကိစ္စကို တိုးမြင့်အနေဖြင့် ယုံကြည်မှုရှိသည်။

"ခင်ဗျား စာနဲ့ရေးပြီး ကတိပေးမှာလား"

ဒိဗ္ဗက ပြုံး၍ ညင်သာစွာ ပြောသည်။

"ငါ ဘယ်လိုရေးပေးရမလဲ။ သို့ သက်ဆိုင်ရာဆိုပြီး မင်းက ရေးပေးစေချင်တာလား"

တိုးမြင့် ခေါင်းညိတ်ပြလိုက်သည်။

သူ့ထံသို့ ဝပ်၍တွားပြီးလာနေသော ဒီဂျမ်း၏အသံကို တိုးမြင့်သတိမထားမိပေ။



ဒိဗ္ဗက အိတ်ထဲမှ ဘောပင်နှင့် စာရွက်ဖြူတစ်ရွက်ကို ထုတ်၍ပြသည်။ ဘောလ်ပင်ဖြင့် စာရွက်ပေါ်တွင် ခပ်သွက်သွက် ရေးသည်။

ဒီဂျမ်း၏ ခြေသံမကြားနိုင်စေရန် ဒိဗ္ဗက အသံကျယ်ကျယ်ဖြင့် ဆက်၍ပြောသည်။

"သက်ဆိုင်ရာသို့ . . .

. . . . . . . . . . . . .

အောက်ဘက်၌ လက်မှတ်ရေးထိုးထားသော ကျွန်ုပ်က ဝန်ခံကတိပြုအပ်ပါသည်။ . . . . . .

ကဲ . . . ငါရေးထားတာ မင်းကျေနပ်ရဲ့လား။

ဦးလှိုင်ဘွားဇံအား ကျွန်ုပ်ဒိဗ္ဗက ခြိမ်းခြောက်နှောင့်ယှက်မှု မပြုရန် ကတိပြုအပ်ပါသည်။

. . . . . . . . . ."

တစ်စုံတစ်ခု လှုပ်ရှား၍သွားသည်ကို တိုးမြင့် ရိပ်ခနဲ မြင်လိုက်ရသည်။

တိုးမြင့်က သူ၏ဦးခေါင်းကို ဆတ်ခနဲ လှည့်လိုက်သည်။

ကြိုးကွင်းတစ်ခုက လေထဲ၌ ဖြတ်ကျော်ပြီး သူ၏ကိုယ်ပေါ်သို့ စွပ်လျက်သားကျလာသည်။ သူ့အားကြိုးကွင်းဖြင့် ပစ်၍မိသွားပေပြီ။ လွတ်လမ်း မရှိတော့ပေ။

သူသည် အသက်ရှင်လျက် နေလိုသေးသည်။

သို့သော် ဆက်၍စဉ်းစားရန် အချိန်မရှိတော့ပေ။

တိုးမြင့်က လက်ဖြင့် တွန်း၍ နောက်သို့လှန်ချလိုက်၏။ ကြိုးကွင်းက လျှော၍ သူ၏လည်ပင်းကို စွပ်မိသွားသည်။

ဒိဗ္ဗက အခြေအနေကို မြင်လိုက်သည်နှင့် အသံကုန် အော်လိုက်သည်။

"ရပ်လိုက်စမ်း"

သို့သော် နောက်ကျ၍သွားပြီဖြစ်သည်။

ထိတ်လန့်စွာ အော်ဟစ်သံ တစ်ချက်နှင့်အတူ တိုးမြင့် အိမ်ခေါင်မိုးပေါ်မှ ကြိုးနှင့်အတူ လျှော၍ကျဆင်းသွားသည်။ ကြိုးက ကျယ်လောင်စွာ အသံမြည်၍ ခေါင်မိုးပေါ်၌ တုံ့ခနဲ ဖြစ်၍သွားသည်။

ရုတ်တရက် ကြိုးတစ်ချောင်းလုံး တောင့်တင်း၍ သွား လေတော့သည်။

* * *

## အခန်း (၁၈)

ယဉ်မင်းသူသည် သူမ၏ အခန်းတံခါးကို ဖွင့်၍ လှေ ားအတိုင်းဆင်းလာသည်။

လမ်းပေါ်၌ လူရှင်း၍နေသည်။

ထင်းရှူးရိပ်သာ တည်းခိုခန်းအနီးရှိ တံတားတစ်ခုဆီသို့ ပ်သွက်သွက်လျှောက်၍သွားသည်။

သူမ၏ စိတ်ထဲ၌ ရှုပ်ထွေး၍နေ၏။

သူမ၏ အခန်းထဲသို့ ရဲများရောက်လာမည်ကို တွေး၍ ိမ်ပူပန်နေမိသည်။ သူမ၏အခန်းထဲရောက်နေသည့် သေတ္တာ ကြီးထဲမှ အလောင်းကို သူမတွေး၍ ကြောက်ရွံ့နေမိသည်။

တိုးမြင့်သည် မည်သည့်အတွက်ကြောင့် ယခုကဲ့
လုပ်ရလေသနည်း။ တိုးမြင့်အနေဖြင့် သေတ္တာကြီးကို ပြန်
သွားဖို့ ပြောရမည်။ သူမအနေနှင့် အခန်းထဲ၌ သေတ္တာ
ကိုဆက်၍ မထားနိုင်ပေ။

ထို့ပြင် ဦးလှိုင်ဘွားဇံကို ဆက်၍ မကူညီချင်တော့။
ထွေးပွေလီနေသော ဤဇာတ်လမ်းထဲ၌ သူမအနေဖြင့် ရှုး
မိုက်မဲစွာ ဆက်၍ မပါဝင်နိုင်တော့ပေ။

အငှားကားတစ်စီးကို တားလိုက်သည်။

"ရတနာလမ်းကို ပို့ပေးပါ"

ခဏမျှကြာလျှင် ကားမောင်းသူက ကားကိုရပ်တန့်လို
သည်။ ယဉ်မင်းသူက ကားခရှင်းပေးလိုက်သည်။

ဦးလှိုင်ဘွားဇံ၏ ခြံတံခါးပေါက်မှနေ၍ ရှည်လျားသေ
အိမ်ဝင်းအတွင်းသို့ ဝင်လာသည်။ လမ်းကျဉ်းကလေးမှတစ်ဆ
အိမ်ဘက်သို့ လျှောက်၍လာသည်။

တိုးမြင့် ဖုန်းချခါနီး ပြောသောစကားကို အမှတ်
သည်။

"သူတို့ လာနေကြပြီ။ သူတို့ကို ဦးလှိုင်ဘွားဇံက ခေ
လိုက်တာပဲဖြစ်မယ်။ သူတို့ အိမ်မှာရောက်နေကြပြီ"

ယဉ်မင်းသူ ချက်ချင်းသတိရပြီး လမ်းပေါ်မှတစ်ဆ



ဘေးဘက်ရှိ အမှောင်ရိပ်လွှမ်းသော တောအုပ်ထဲသို့ ပြေး၍ ဝင်လိုက်သည်။

ဦးလှိုင်ဘွားဇံ၏အိမ်၌ ဒိဗ္ဗတို့လူစု ရောက်နေကြပေပြီ။

ထိုလူစု ဘာလုပ်နေကြသနည်း။ ဦးလှိုင်ဘွားဇံက သူတို့ကို အဘယ်ကြောင့် ခေါ်ရလေသနည်း။

တိုးမြင့်ကော မည်သည့်နေရာတွင် ရောက်နေသနည်း။

သူမသည် သစ်ပင်များကြားမှ သတိထား၍ အိမ်အနီးသို့ ချဉ်းကပ်သွားသည်။

ချုံပင်များကြားမှ ကွယ်၍ကြည့်သည်။

အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနှင့် လူတစ်ဦး ကားကွေ့သည့်နေရာ၌ ခေါင်းမော့၍ရပ်နေသည်။

သူမ တောအုပ်အစပ်ဘက်သို့ တိုး၍သွားသည်။

အိမ်ခေါင်မိုးပေါ်၌ ရုပ်အကျီအနီနှင့်လူကို သူမလှမ်း၍ မြင်တွေ့လိုက်ရသည်။ သူမ၏ နှလုံးသွေးခုန်နှုန်း ရပ်တန့်သွားလုမတတ် တုန်လှုပ်၍သွားမိရသည်။

ခေါင်းမိုးစွန်းမှ ကြိုးတစ်ချောင်း၏ အဖျားတွင် တွဲလောင်းကျနေသော သဏ္ဍာန်တစ်ခုကို မြင်ရသည်။ ရှည်သော ဆံပင်နှင့် ခန္ဓာကိုယ် ခပ်သေးသေးရှိသည့် လူ. . . မည်သူမည်ဝါ ဖြစ်သည်ကို သူမမှတ်မိလိုက်သည်။

ရုတ်တရက် အပေါ်မှ ကြိုးပြတ်၍ကျလာသည်။

သူမမျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိသည်။

မြေကြီးပေါ်သို့ အရှိန်ပြင်းစွာ ကျဆင်းသွားသံကိုပါ သူမ ကြားလိုက်ရသည်။

သူမ၏ ပါးစပ်ကို လက်ဝါးဖြင့် တင်းစွာပိတ်လျက် ရှေ့သို့ ဒူးထောက်၍ လဲကျသွားမိသည်။

* * *

ခြုံကြားမှနေ၍ သူမ ချောင်းကြည့်လိုက်သည်။

လမ်းပေါ်၌ လူသုံးယောက်။

ထွန်းထက်နှင့် ဒီဂျမ်းကို မှတ်မိသည်။

ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်သည့် လူကြီးမှာ 'ဒိဗ္ဗ' ဆိုသူ ဖြစ်ရမည်ဟု ခန့်မှန်းသည်။

လမ်းပေါ်၌ ကွေး၍ လဲကျငြိမ်သက်နေသည့် 'တိုးမြင့်' ၏ အလောင်းကို ဝိုင်း၍ကြည့်နေကြသည်။

ဒိဗ္ဗကိုယ်တိုင်မှာလည်း တုန်လှုပ်၍နေမိသည်။

ယခုကိစ္စသည် လူသတ်မှုတစ်ခုပင်ဖြစ်သည်။ ဒီဂျမ်း အနေဖြင့် ကိုယ်ထိလက်ရောက်ကြံစည်၍ သတ်ခြင်းမဟုတ်သော်လည်း လူသတ်ခြင်းပင် ဖြစ်သည်။



ကားမောင်းသူကို ဒီဂျမ်းက လှမ်း၍ပြောသည်။ တိုးမြင့် ၏ အလောင်းကို မြှုပ်ရန်ဖြစ်သည်။

ဦးစန်းမောင်က ခေါင်းခါသည်။

"ဒါမျိုး၊ ငါ မလုပ်နိုင်ဘူး"

ဒီဂျမ်းက ရှေ့သို့ တိုးလာသည်။

ဦးစန်းမောင်၏ မျက်နှာကို ဖြတ်၍ရိုက်လိုက်သည်။ ဦးစန်းမောင် နောက်ဘက်သို့ လည်ထွက်သွားသည်။

ဒီဂျမ်းက ဒေါသမျက်လုံးများဖြင့် စိုက်၍ကြည့်နေရင်းမှ

"ဂေါ်ပြားယူပြီး မြန်မြန်လုပ်။ မလုပ်ရင် ခင်ဗျားကိုပါ ရှင်းပစ်မိလိမ့်မယ်"

ဦးစန်းမောင်မှာ ညည်းညူရေရွတ်လျက် မလှမ်းမကမ်းရှိ သစ်သားဂိုဒေါင်ဆီသို့ လျှောက်၍သွားသည်။

ထွန်းထက်က ခပ်တိုးတိုးပြောသည်။

"ကျွန်တော့် စိတ်ထဲမှာ အလိုလိုသိနေတယ် ဆရာဒိဗ္ဗ။ ကျွန်တော်တို့ကို တစ်ယောက်ယောက်က ချောင်းကြည့်နေတယ်"

ဒိဗ္ဗက လေသံမာမာဖြင့်. . .

"တိတ်စမ်း အရူး"

ထွန်းထက် သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်သည်။

ရုတ်တရက် တစ်စုံတစ်ရာ စဉ်းစားမိသဖြင့် ဒိဗ္ဗ၏ လည်ကုပ်မှ ဆံပင်များထောင်၍ ထလာသည်အထိ ဖြစ်သွားသည်။

ဒိဗ္ဗအသက်ပြင်းပြင်းရှူလိုက်ပြီး. . .

"မင်း ဘာပြောတာလဲ"

"သေချာပါတယ်။ ကျွန်တော်တို့ကို တစ်ယောက်ယောက်က ချောင်းကြည့်နေတယ်"

ဒီဂျမ်းက ချုံပုတ်များဘက်သို့ ကြည့်လိုက်သည်။

"ဘယ်နေရာမှာလဲ"

ဒိဗ္ဗကပါ မေးသည်။

"အဲဒီလူက ဘယ်သူလဲ"

ထွန်းထက်က သူမ ပုန်းအောင်းနေတာ ချုံပုတ်များဘက်သို့ စိုက်၍ကြည့်နေပေသည်။

ယဉ်မင်းသူ၏ တစ်ကိုယ်လုံး အေးစက်တောင့်တင်း၍ သွားမိသည်။

ထိုအချိန်၌. . .

ဦးစန်းမောင် ပေါက်တူးတစ်လက် ဂေါ်ပြားတစ်လက်ယူ ဓါး၍ ပြန်ရောက်လာသည်။

ဒိဗ္ဗနှင့်ဒီဂျမ်း တစ်စုံတစ်ရာ တီးတိုးပြောနေကြသည်။

ထို့နောက် သူမရှိရာဘက်သို့ ဦးတည်၍ တစ်လှမ်းခြင်း



လျှောက်လာနေကြသည်။

သူမ၏ တစ်ကိုယ်လုံး ကြောက်ရွံ့စိတ်များဖုံးလွှမ်း၍ လာသည်။

ဝပ်၍ ပုန်းနေရာမှထရပ်ပြီး တောထဲသို့ ဦးတည်၍ ပြေးထွက်သွားလေတော့သည်။

× × ×

ထွန်းထက်၏စကား မှန်၍နေပေသည်။

ဒိဗ္ဗက နောက်မှပြေး၍လိုက်သည်။ ဒိဗ္ဗမှာ ချုံထဲသို့ တိုးဝင်လိုက်စဉ်မှာပင် အသက်ရှူမှား၍သွားသည်။ မောပန်းမှုကို သူမခံနိုင်ပေ။ မူးဝေ၍ လာပြီး သတိလစ်တော့မလိုဖြစ်သွားသည်။

ဒီဂျမ်းက ရပ်ပြီး နားထောင်သည်။

ချုံထဲသို့ တိုးဝင်ပြေးသွားသည့် ယဉ်မင်းသူ၏ အသံကို ကြားရသည်။

ယဉ်မင်းသူက လျင်မြန်ဖျတ်လတ်စွာ ပြေး၍နေသည်။

သူမကို ပိတ်၍ ဝိုင်းဖမ်းနိုင်သည်ကို တွေးမိသည်။

ထို့ကြောင့် ထူထပ်သော တောအုပ်ထဲသို့ တိုး၍ပြေးနေခြင်းဖြစ်သည်။

တစ်နေရာ၌ သူမရပ်လိုက်သည်။

ကြောက်ရွံ့စိတ်၊ မောပန်းမှုတို့ဖြင့် သူမ၏ တစ်ကိုယ်လုံး တုန်ယင်၍နေသည်။ ချုံကွယ်တစ်ခု၌ ဒူးထောက်၍ ထိုင်ချလိုက်၏။

ရှေ့မှ ပြေးနေသံ ရပ်သွားသဖြင့် ဒီဂျမ်းလည်း ရပ်တန့်လိုက်သည်။

ကိုက်နှစ်ဆယ်ကျော်မျှအကွာရှိ ချုံတစ်ခုကြားမှနေ၍ ယဉ်မင်းသူက လှမ်း၍ ကြည့်လိုက်သည်။

ဒီဂျမ်းမှာ ဒေါသထွက်၍နေ၏။

"အပြင်ကို ထွက်လာခဲ့စမ်း။ မင်းကို ငါမြင်နေရတယ်။ ငါပြောတဲ့အတိုင်းအပြင်ကို ထွက်လာခဲ့စမ်း။ ငါပြောတာ ကြားတယ် မဟုတ်လား"

ဒီဂျမ်း ပြောနေသော်လည်း သူမကို ကျောပေး၍ထားသည်။

ဤအချက်က ဒီဂျမ်းသူမကို မတွေ့သေးကြောင်း သိသာနေပေသည်။

ဒီဂျမ်း ရှေ့သို့ တဖြည်းဖြည်းလျှောက်၍သွားသည်။

ယဉ်မင်းသူက ရင်ခုန်စွာဖြင့် စောင့်၍ ကြည့်နေသည်။

ဒီဂျမ်း လမ်းလွဲ၍ သွားပေပြီ။



နောက်ထပ် မိနစ်အနည်းငယ်မျှ အချိန်ပေးရပေမည်။

တဖြည်းဖြည်းနှင့် ဒီဂျမ်း ဝေး၍သွားသည်။

ဒီဂျမ်း၏ ခြေသံ မကြားမှပင် သူမ ချုံထဲမှ တိုး၍ထွက်လိုက်သည်။

ထိုအခါတွင်မူ. . .

'ဒီဗွ' နှင့် ရင်ဆိုင်တိုးမိလေတော့သည်။

× × ×

ဒီဗွက သူမ၏လက်ကောက်ဝတ်ကို သန်မာသော လက်ချောင်းကြီးများဖြင့် ဖမ်းညှစ်ဆုပ်ကိုင်ထားလိုက်သည်။

ဒီဗွက သူမကို ကြည့်၍. . .

"မင်းက တိုးမြင့်ရဲ့သူငယ်ချင်း မဟုတ်လား"

ယဉ်မင်းသူ စကားမပြောနိုင်ပေ။

ဒီဗွက လှမ်း၍ အော်လိုက်သည်။

"ဟေ့ ဒီဂျမ်း။ ဒီမှာ ကောင်မလေးကို ငါဖမ်းမိထားပြီ"

ချုံပင်များကြားမှ ကြမ်းတမ်းစွာ တိုး၍ လာနေသည့် ဒီဂျမ်း၏ ခြေသံကို သူမကြားလိုက်ရသည်။

ရုတ်တရက်. . .

ဒီဗွ၏ ပြည့်တင်းသော လက်ဖနောင့်ကို ထက်မြက်သော

သူမ၏ သွားများဖြင့် ကိုက်ချလိုက်သည်။

ဒိဗ္ဗ၏ လက်မှသွေးများ စီးကျ၍လာသည်။

ဒိဗ္ဗနာကျင်စွာအော်၍ သူမကိုလွှတ်ပြီး နောက်ဆုတ်သွားသည်။

ချက်ချင်းပင် ယဉ်မင်းသူပြေးသည်။

ခြေသံများက သူမနောက်မှလိုက်လာသည်။ သူမက နောက်သို့ လှည့်မကြည့်ပေ။

တောအုပ်ထဲသို့ ဝင်၍မပြေးဘဲ ကျောက်သားမြေပြင် လမ်းအတိုင်း ဆက်၍ပြေးလွှားနေသည်။

ပြေးလွှားရင်း လမ်းပေါ်သို့ ရောက်လာသည်။

ရတနာလမ်းဘက်သို့ ဦးတည်၍ပြေးသည်။

နောက်ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

လမ်းပေါ်၌ ခပ်ဝါးဝါးသဏ္ဍာန်တစ်ခုကို မြင်ရသည်။

ရတနာလမ်းပေါ်သို့ သူမ ရောက်လာသည်။

သူမ၏ ခြေလှမ်းများ နှေး၍သွားသည်။

ခေတ္တမျှ အမောဖြေလိုက်ပြီး. . .

ယဉ်မင်းသူ ဆက်၍ပြေးသည်။

သူမနောက်မှ လိုက်လာသည့် ခြေသံများ မကြားရတော့ပေ။



သို့သော် . . .

ယဉ်မင်းသူ မနားတမ်းဆက်၍ ပြေးလွှားနေမိလေတော့သည်။

***

## အခန်း (၁၉)

ဘဆန်းချစ်မှာ ခေါင်းကိုသာ တွင်တွင်ကုတ်နေမိသည်။

သူ့ရှေ့၌ ရောက်နေသော ယဉ်မင်းသူကိုကြည့်၍ ဘာလုပ်ရမှန်းမသိနိုင်အောင် ဖြစ်နေသည်။

တိုးမြင့်ပြောခဲ့သောစကားကို ပြန်၍ သတိရမိသည်။

ယခု သူမလာ၍ တိုးမြင့်ပေးထားသည့် သံသေတ္တာလေးကို ေ ငံးနေပေပြီ။ တိုးမြင့် တစ်ခုခု ဖြစ်သွားလေပြီလား။

သံသေတ္တာထဲ၌ မည်သည့်ပစ္စည်းရှိနိုင်သည်ကို ဘဆန်းချစ် ရိပ်စားမိသည်။ တိုးမြင့်မရှိတော့သည်မှာ သေချာပါက သံသေတ္တာကိုဖွင့်၍ အတွင်းရှိပစ္စည်းများကို ဖျက်ဆီးပစ်ရပေမည်။



ဘဆန်းချစ်က ခပ်ပေါ့ပေါ့လေသံဖြင့်. . .

"ဘာ သံသေတ္တာလဲ။ ဘယ်သူပဲဖြစ်ဖြစ်ဒီလိုမျိုးသေတ္တာကို မေးနိုင်တာပဲ။ ငါ့မှာ အလုပ်တွေ အများကြီး ရှိနေသေးတယ်"

ယဉ်မင်းသူမှာ အသက်ရှူမှားမတတ် ဖြစ်သွားရသည်။

သို့သော် စိတ်ကိုတင်းလိုက်ပြီး. . .

"ဒီမှာ ဦးဘဆန်းချစ်၊ ကျွန်မ အခု ဘာပြောနေတယ်ဆိုတာ ရှင်သိမှာပါ။ ကိုတိုးမြင့်က ရှင်နဲ့ပတ်သက်တဲ့အကြောင်းတွေ ပြောထားပြီးပြီ။ ရှင့်ဘက်က တစ်ခုခု ကြိုးစားလာရင် ရဲကို တိုင်ဖို့ပါ မှာထားတယ်။ ကျွန်မ တောင်းတဲ့ သံသေတ္တာကိုမပေးရင် ကျွန်မ သွားတိုင်ရလိမ့်မယ်"

ဘဆန်းချစ်၏ မျက်လုံးထဲ၌ ကောက်ကျစ်၊ ရက်စက်သည့် အရိပ်အငွေ့များ ယှက်သန်း၍လာသည်။

အတန်ကြာမျှ ငြိမ်၍နေပြီးမှ. . .

"တိုးမြင့် ဘာဖြစ်လို့လဲ"

ယဉ်မင်းသူက ထိုင်ရာမှ ထ၍ ရပ်လိုက်သည်။

"ကဲ သေတ္တာကို ရှင်မပေးရင် ကျွန်မ ပြန်တော့မယ်။ သူ့အကြောင်း ပြောရအောင် ကျွန်မ ဒီကိုလာတာ မဟုတ်ဘူး"

ဘဆန်းချစ်သည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

သူ လျင်မြန်စွာ စဉ်းစားလိုက်မိသည်။

ဤအဆောက်အအုံ၏ တစ်နေရာ၌ တိုးမြင့်ရောက်ချင် ရောက်နေပေလိမ့်မည်။

ဤကောင်မလေးသည် သူ ရင်ဆိုင်စကားပြောနေသူ မည်သူမည်ဝါ ဖြစ်သည်ကို သိပုံမပေါ်သေး။ သူ့အနေဖြင့် ဤ ကောင်မလေးကို နားလည်သွားအောင် ပညာပေးလိုက်ချင် သည်။ တိတ်ဆိတ်ငြိမ်သက်၍ လူသူကင်းရှင်းသည့်နေရာမျိုး ဖြစ်၍ သူ လွှတ်ပေးမှ လွတ်ပေလိမ့်မည်။ သို့သော် ထိုစိတ်ကူး ကို ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်ရသည်။

ယခင်ကလည်း သူသည် ကြီးမားသော ပြဿနာတစ်ခု နှင့် ကြုံခဲ့ရသည်။

မိန်းကလေးတစ်ဦးကို သူသည် စိတ်လွတ်ကိုယ်လွတ် ဖြစ်၍ အပြတ်ရှင်းပစ်ခဲ့သည်။ ထိုစဉ်က အဆောက်အအုံထဲ၌ တိုးမြင့် ရှိနေသည်ကို ဘဆန်းချစ် သတိမထားမိခဲ့ပေ။ မြေ အောက်ခန်းထဲသို့ မိန်းကလေးအလောင်းကို ဆွဲယူသွားစဉ် တိုး မြင့်က မြင်တွေ့သွားခဲ့သည်။

ထို့နောက်ပိုင်းမှစ၍ သူသည် တိုးမြင့်၏ ခြိမ်းခြောက် အနိုင်ယူမှုနှင့် ကြုံခဲ့ရသည်။

သူသည် ယဉ်မင်းသူကိုကြည့်လျက် စိတ်ကို ထိန်းချုပ်



လိုက်ရသည်။

ယဉ်မင်းသူမှာ ဘဆန်းချစ်၏ အမူအရာကိုကြည့်လျက် ကြောက်ရွံ့စွာ နောက်သို့ ဆုတ်လိုက်သည်။

ဘဆန်းချစ်က သူမကို မကြည့်ဘဲနှင့် ပြောသည်။

သူသည် အခန်းထောင့်တစ်နေရာရှိ မီးခံသေတ္တာထဲမှ သံသေတ္တာလေးကို ထုတ်ယူ၍ ယဉ်မင်းသူ၏ လက်ထဲသို့ အပ် လိုက်သည်။

ယဉ်မင်းသူက. . .

"ကျွန်မမှာ ပြောစရာ ကျန်သေးတယ်။ ရှင့်ဆီ နောက် တစ်ခေါက် ပြန်လာခဲ့မယ်"

ဘဆန်းချစ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ကောင်းပြီလေ။ မင်းကို ငါ့အနေနဲ့ ဘာမှတားလို့ရမှာ မဟုတ်တာ။ တကယ်လို့ မင်းတစ်ခုခုဖြစ်ခဲ့ရင်တော့ ငါ့အပြစ် မဟုတ်ဘူး။ မင်းလဲ အတော်မဲခါင်းမာတဲ့ မိန်းကလေးပဲ"

နောက်ထပ် တစ်နာရီမျှအကြာတွင်. . .

ယဉ်မင်းသူသည် မြေအောက်ခန်းတစ်နေရာ၌ ဖွင့်ထား သော သရဖူလက်ဖက်ရည်ဆိုင်သို့ ရောက်နေသည်။ သူမ၏ရှေ့ စားပွဲပေါ်၌ သံသေတ္တာကလေးတစ်လုံး၊ လက်ဖက်ရည် တစ် ခွက်၊ မုန့်ပန်းကန်တို့ ရှိနေသည်။

ဆိုင်တွင်း၌ လူအနည်းငယ်သာ ရှိသည်။ သူမက
ထောင့်ကျသောနေရာ၌ ထိုင်၍နေသည်။

တိုးမြင့် ပေးထားသည့်သော့ဖြင့် သံသေတ္တာကို ဖွင့်လိုက်
သည်။ သံသေတ္တာအတွင်း၌ ငွေစက္ကူများ အထပ်လိုက် တွေ့ရ
သည်။ ငွေစက္ကူများကို လက်ကိုင်အိတ်ထဲသို့ အမြန်ထည့်သည်။

သံသေတ္တာ၏ အောက်ဆုံး၌ စာတစ်စောင်ရှိသည်။

ယဉ်မင်းသူထံသို့ ခေါင်းစဉ်တပ်၍ သေသပ်သော လက်
ရေးဖြင့် ရေးထားသည်။ ရေးသူမှာ တိုးမြင့်ပင် ဖြစ်သည်။

----------

မယဉ်မင်းသူ

ဒီစာကို ခင်ဗျားဖတ်နေတဲ့အချိန်မှာ ကျွန်တော်
အသက်မရှိတော့တဲ့ အချိန်ဖြစ်မယ်။ ရှပ်အင်္ကျီအနီ ဝတ်တဲ့
'ဒီဂျမ်း'က ဦးလှိုင်ဘွားဇံရဲ့အိမ်ကို လာတယ်။ သူက ကျွန်တော့်
ကို ဒီနေရာကနေ ထွက်သွား၊ ထွက်မသွားရင် မင်းအနေနဲ့ ဒုက္ခ
တွေ့လိမ့်မယ်လို့ ခြိမ်းခြောက်တယ်။ ဒီဂျမ်းဆိုတာ လူသတ်သမား
ပဲ။ သူ့ဘက်က ဘာတွေ လုပ်လာနိုင်တယ်ဆိုတာတွေးပြီး ကျွန်
တော့်ဘက်က ကြိုတင်ပြီး အကာအကွယ်တွေ လုပ်နေရတယ်။

ကျွန်တော့်ကို သူတို့ရှင်းပစ်ပြီးရင် ဦးလှိုင်ဘွားဇံ
ရဲ့ နောက်ကို သဲကြီးမဲကြီးလိုက်ကြဦးမယ်။ ဦးလှိုင်ဘွားဇံပိုင်တဲ့



ငွေတွေကို မတရားသဖြင့် လိုချင်နေကြတဲ့လူတွေ။ ဘာပဲလုပ်ရ
လုပ်ရ သူတို့က လုပ်ကြတော့မှာ သေချာတယ်။

သူတို့ကို တားနိုင်ဖို့လိုတယ်။ ခင်ဗျားအနေနဲ့
သူတို့ကို တားနိုင်မယ်လို့ ထင်ပါတယ်။ ဒီသေတ္တာထဲမှာ ပါတဲ့
ငွေတွေဟာ ခင်ဗျားအတွက်ပါ။ ကျွန်တော့်အနေနဲ့ ယုံကြည်
စိတ်ချရမယ့်လူဆိုလို့ ခင်ဗျားတစ်ယောက်တည်းပဲ ရှိတယ်။ ကိုဘ
ဆန်းချစ်ကလဲ ခင်ဗျားကို ကူညီပါလိမ့်မယ်။ သူ့အနေနဲ့က
တော့ ကူညီချင်မှာ မဟုတ်ဘူး။ သူ့ကို ရဲတိုင်မယ်လို့ပြောရင်
မဖြစ်မနေ သူ ကူညီပါလိမ့်မယ်။ ဒီလူဟာ ရာဇဝတ်မှုမကင်းတဲ့
အလုပ်တစ်ခုလုပ်ထားခဲ့တယ်။ ဘယ်လိုဟာလဲဆိုတာတော့ ကျွန်
တော် မပြောချင်ဘူး။

သတိထားဖို့ကတော့ ဒီလူဟာ ကြောက်စရာ
ကောင်းတဲ့လူစားမျိုးထဲမှာ ပါတယ်။ နီလာချို ဘယ်မှာရှိတယ်
ဆိုတာ ကျွန်မ သိတယ်လို့ပဲ ပြောလိုက်ပါ။ ဒါလောက်ဆိုရင်
သူကောင်းကောင်း နားလည်ပါတယ်။

ဒါပေမယ့် ဘဆန်းချစ်ဆိုတာ အန္တရာယ်ရှိတဲ့
လူတစ်ယောက်ဆိုတာတော့ မမေ့ပါနဲ့၊ ဒါ့ထက်ပိုပြီး သူ့ရဲ့အ
ကြောင်းသိရအောင်လည်း မကြိုးစားပါနဲ့။

အဓိကအချက်ကတော့ ဦးလှိုင်ဘွားဇံကို ခင်

ဗျားအကူအညီမပေးရင် သူ့ကိုကူညီမယ့်လူရှိမှာမဟုတ်ဘူး။ ဒါ ကြောင့်လည်း ခင်ဗျားအတွက် ကျွန်တော်ပိုင်တဲ့ငွေ အကုန်ပေး ထားခဲ့တာပါပဲ။

တိုးမြင့်

----------

-----------

ယဉ်မင်းသူသည် တိုးမြင့်၏စာကို အကြိမ်ပေါင်းများစွာ ပြန်၍ ဖတ်ရှုနေမိသည်။ တိုးမြင့်ပြောသည်မှာ လွယ်ကူလွန်း သည်။ သူမအနေဖြင့် ဦးလှိုင်ဘွားဇံကို မည်သည့်နည်းဖြင့် အကူ အညီပေးရပါမည်နည်း။

သူမအနေဖြင့် နည်းလမ်းသိပါက စွန့်စား၍ ကူညီမှုပေး နိုင်ပေလိမ့်မည်။

ယခုမူ တိုးမြင့် သေရှာပေပြီ။

တိုးမြင့်သည် ဦးလှိုင်ဘွားဇံတို့ ညီအစ်ကိုပေါ်၌ သစ္စာ ရှိခဲ့သူတစ်ဦး ဖြစ်သည်။ တိုးမြင့်ကို သူမ၏ ရင်ထဲမှ လှိုက်လှဲ စွာ ချီးကျူးမိသည်။

သူမ၏အခန်းထဲ၌ ဝှက်ထားသည့် သေတ္တာကြီး အ ကြောင်း တွေးမိပြန်သည်။ သူမအနေဖြင့် ဆက်၍ထားရန် စိတ် မချရပေ။ တစ်နေရာသို့ ပြောင်းရွှေ့၍ ဝှက်ထားသည်က ပို၍



ကောင်းမည်ဟု တွေးမိသည်။ အိမ်ရှင်ဖြစ်သူ ဦးမိုးကောင်းက စပ်စု၍ ဖွင့်ကြည့်ချင် ကြည့်နိုင်သည်။ သို့မဟုတ်ပါက ရဲကိုခေါ် ၍ ပြချင်ပြပေလိမ့်မည်။ ပြဿနာများ ပို၍ရှုပ်ထွေးလာနိုင်သည်။

အလောင်းထည့်သည့် သေတ္တာကြီးကို ဝှက်ရန်အတွက် ဘဆန်းချစ်ထံ အကူအညီတောင်းမှ ဖြစ်ပေလိမ့်မည်။ သူမအနေ နှင့်ဘဆန်းချစ်ကို သတိထားရမည်။ ဘဆန်းချစ်သည် ကြောက် စရာကောင်းသူတစ်ဦး ဖြစ်သည်။

သူမဘက်မှ ကြိုတင်ကာကွယ်မှုတစ်ခု ပြုထားမှ ဖြစ် မည်။

ယဉ်မင်းသူသည် စာရွက်တစ်ရွက်ပေါ်၌ အဓိကကျ၍ အရေးကြီးသော အချက်အလက်များကို ရေးသည်။ ထို့နောက် တိုးမြင့်၏ စာနှင့် သူမ၏ စာကို သံသေတ္တာထဲထည့်၍ သော့ ခတ်လိုက်သည်။

***

----------

ညနေပိုင်းအချိန် . . .

ဘဆန်းချစ်၏ ရုံးခန်းသို့ ယဉ်မင်းသူ ရောက်သွားသည်။

ဘဆန်းချစ်က သူမကို တစ်ချက်မော့ကြည့်လျက်

"သြော် မင်း ပြန်လာတာကိုး"

သူမက ထိုင်ခုံတစ်လုံး၌ ဝင်၍ထိုင်သည်။

"ကျွန်မ အကူအညီတစ်ခုလိုတယ်"

"ငါ့အလုပ်တွေသိပ်များနေတယ်"

ယဉ်မင်းသူက ဘဆန်းချစ်ကို စိုက်၍ကြည့်လိုက်ပြီး

"ကိုတိုးမြင့်၊ သေသွားပြီ"

ဘဆန်းချစ်က သူ၏နှုတ်ခမ်းမွေးများကို လက်ဖြင့် တစ်ချက် သပ်လိုက်ရင်းမှ

"အင်း တိုးမြင့်သေသွားပြီ ဟုတ်လား။ ဒါပေမယ့် ငါ့အနေနဲ့ ဝမ်းနည်းစကား ပြောမှာမျိုးကိုတော့ မင်းဘက်က မမျှော်လင့်ထားဘူး မဟုတ်လား"

ယဉ်မင်းသူက မသိမသာ ခေါင်းခါလျက်

"ကျွန်မက သူနေရာမှာ ဝင်ပြီးနေလိုက်ပြီ။ နီလာ ဘယ်မှာရှိတယ်ဆိုတာကို ကိုတိုးမြင့်က ကျွန်မကို ပြောပြသွားတယ်"

ဘဆန်းချစ် သူ့ကိုယ်သူ သတိထား၍ ထိန်းချုပ်လိုက်ရသည်။

"ဒီပြင် ဘယ်သူ့ကို ပြောပြသွားသေးလဲ"

သူမက ခေါင်းခါပြသည်။

ဘဆန်းချစ်က သူမကို စိုက်၍ကြည့်လျက်. . .

"အင်း. . . မင်းတို့နဲ့ပတ်သက်လို့ ငါတော့ တော်တော်



စိတ်ပျက်နေပြီ။ ဒါပေမယ့် မင်းအနေနဲ့ ဒီလိုမျိုး လုပ်ခွင့်ရတော့မယ်လို့ မထင်ဘူး"

သူမ၏ ရင်ထဲ၌ တုန်ခါ၍သွားသည်။

အခန်းထဲမှ ကိုယ်လွတ် လက်လွတ် ထွက်ပြေးချင်စိတ်ကို ထိန်းချုပ်လျက် ယဉ်မင်းသူက ပြောသည်။

"ကျွန်မဘက်က ကျွန်မ ကြိုတင်ကာကွယ်ထားပြီးသားပါ။ ဦးဘဆန်းချစ် ရှင်လုပ်ချင်သလို လုပ်လို့မရပါဘူး။ ကျွန်မက ရှင်နဲ့ ပတ်သက်တဲ့ အကြောင်းစုံစာရေးပြီး ကျွန်မရဲ့ အာမခံဘဏ်မန်နေဂျာဆီ သွားပို့ထားပြီးသားပါ။ နောက်ထပ် တစ်ပတ်အတွင်း သူ့ဆီကို ကျွန်မ သွားမတွေ့တာနဲ့ မန်နေဂျာက ကျွန်မရဲ့စာကို ဖောက်ဖတ်ပါလိမ့်မယ်။ သူတို့ကို ကျွန်မက ကျသင့်တဲ့ငွေ ပေးထားလို့ သူတို့က ကျွန်မအတွက် အကူအညီပေးကြမှာ သေချာပါတယ်"

ဘဆန်းချစ် သက်ပြင်းတစ်ချက် ချလိုက်၏။

"ကောင်းပြီလေ။ ငါ ဘာလုပ်ပေးရမလဲ"

ယဉ်မင်းသူက ဦးလှိုင်ဘွား၏ ညီအစ်ကို၊ ဒီဗွတို့ အကြောင်းစုံကို ရှင်းပြလိုက်သည်။ သူမ ပြော၍ပြီးသည်အထိ စိတ်ပါဝင်စားစွာ နားထောင်နေပေသည်။

ဘဆန်းချစ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"အင်း. . . တော်တော်ရှုပ်ထွေးတဲ့ ကိစ္စပဲ။ ဦးလှိုင်ဘွားဇံဆိုတာ ကျိကျိတက် ချမ်းသာတဲ့ အလံတစ်ရာ စက်မှုလုပ်ငန်းပိုင်ရှင်သူဌေးကြီးပဲ။ ဒီကိစ္စကနေ ငွေအများကြီး ရနိုင်တယ်"

"ဒီပွဲကလဲ အဲဒီအတိုင်း တွက်ထားတယ်"

"ငါ့ဘက်က ဘာလုပ်ပေးရမလဲ"

"ရှင်က ဦးလှိုင်ဘွားဇံရဲ့ အလောင်းကို ဝှက်ထားပေးရမယ်"

ဘဆန်းချစ်က ခါးကို ရှေ့သို့ကိုင်းလိုက်ပြီး. . .

"ဘာ. . . ငါက အလောင်းကို ဝှက်ထားပေးရမယ်ဟုတ်လား။ ငါက ဘယ်နေရာမှာ သွားပြီး ဝှက်ထားရမှာလဲ"

ယဉ်မင်းသူက ဘဆန်းချစ်ကိုပေးရန် ရည်ရွယ်ထားသော ငွေစက္ကူတစ်ထပ်ကို လက်ပွေ့အိတ်ထဲမှ ထုတ်လိုက်သည်။

"ရှင်. . . ကျွန်မကို အကူအညီပေးပါ။ ဒီအတွက် ရှင့်ကို ကျွန်မက ငွေပေးပါ့မယ်"

သူမက ဘဆန်းချစ်ရှေ့သို့ ငွေစက္ကူများ တွန်းပေးလိုက်သည်။ ဘဆန်းချစ်မှာ စိတ်ထဲ၌ မခံချိမခံသာဖြစ်၍နေ၏။ သူ့အနေဖြင့် မည်သို့မျှ ငြင်းပယ်၍မရနိုင်မှန်း နားလည်သည်။

နောက်ဆုံး၌ သူသည် သူ၏ ရှေ့မှငွေများကို ကောက်ယူ၍ အိတ်ထဲသို့ ထည့်လိုက်သည်။



"သေတ္တာကြီးတစ်လုံးထည်း မဟုတ်လား။ ငါ ဘူတာရုံဘက်ကို ညဘက်မှာ ယူသွားမယ်"

ယဉ်မင်းသူက ခေါင်းခါလိုက်သည်။

"မဖြစ်ဘူး ထင်တယ်။ အနံ့ရှိတယ်"

ဘဆန်းချစ်က. . .

"ဒါဆို ရေထဲသွားလွှင့်ပစ်လိုက်မယ်"

"ဟာ ဒါလဲ မဖြစ်ဘူး။ ဒီကိစ္စတွေ ပြီးသွားတာနဲ့ အဲဒီသေတ္တာကြီးကို ဦးလှိုင်ဘွားဇံဆီ ပြန်ပေးရလိမ့်မယ်"

ရုတ်တရက်. . .

သူမ နားစွင့်လိုက်သည်။

"ဘာသံလဲ မသိဘူး"

"ဟင့်အင်း။ ငါတော့ မကြားမိဘူး"

သူမ ထိုင်ရာမှ ပြတင်းပေါက်ဆီသို့ အမြန်လျှောက်၍ သွားသည်။

တံခါးကို ဖြည်းညင်းစွာ ဖွင့်၍ စင်္ကြံလမ်းသို့ ထွက်လိုက်သည်။ အောက်ဘက်ရှိ လှေကားထစ်များမှ တက်လာသော ခြေသံသဲ့သဲ့ကို သူမ ကြားလိုက်ရ၍ တုန်လှုပ်သွားသည်။ လှေကားလက်ရန်းမှ အောက်သို့ ငုံ့ကြည့်ပြီး သူမ ချက်ချင်းပင် နောက်သို့ဆုတ်သွားသည်။

ရှပ်အင်္ကျီအနီ အမြဲဝတ်ဆင်တတ်သည့် ဒီဂျမ်း တစ်လှမ်းချင်း တက်လာနေသည်ကို သူမ တွေ့လိုက်ရသည်။ ဒီဂျမ်းသည် ဘဆန်းချစ်အခန်းသို့ လာခြင်းပင် ဖြစ်သည်။

အသက်ပင် ဖြောင့်အောင် မရှူနိုင်ဘဲ အခန်းထဲသို့ သူမ ပြေး၍ ဝင်လာမိသည်။

"ဒီဂျမ်း အပေါ်ကိုတက်လာနေပြီ။ ကျွန်မကို တွေ့သွားလို့ လုံးဝ မဖြစ်ဘူး"

ဘဆန်းချစ်က မတုန်မလှုပ်။

ယဉ်မင်းသူ အခန်းထဲသို့ လှည့်ပတ်ကြည့်သည်။ အခန်းထောင့်တစ်နေရာ၌ ဗီရိုကြီးတစ်လုံးရှိသည်ကို မြင်လိုက်သည်။ ချက်ချင်းပင် တံခါးကိုဖွင့်၍ အထဲသို့ဝင်ပြီး တံခါးကို ပိတ်လိုက်သည်။

ထိုအချိန်မှာပင်

'ဒီဂျမ်း' အခန်းထဲသို့ ဝင်လာသည်။

ဒီဂျမ်းက အေးစက်သောမျက်လုံးအစုံဖြင့် ကြည့်ရင်းမှ. . .

"ခင်ဗျား တစ်ယောက်တည်းလား ကိုဘဆန်းချစ်"

ဘဆန်းချစ်က စိတ်မပါသော လေသံဖြင့်. . .

"ဟုတ်တယ်"



အံဆွဲကို ဖွင့်၍အတွင်းမှ စီးကရက်တစ်ဘူးကို ယူသည်။ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိသည်။

ဒီဂျမ်းက နံရံကို မှီ၍ရပ်နေသည်။

ဘဆန်းချစ်က ဒီဂျမ်းကို လှည့်မကြည့်ဘဲ မေးသည်။

"မင်း ဘာကိစ္စရှိလို့ လာတာလဲ"

ဒီဂျမ်းက ညင်သာသောလေသံဖြင့်. . .

"ယဉ်မင်းသူဆိုတာ ဘယ်သူလဲ"

စီးကရက်မီးခိုးများကို ဘဆန်းချစ် မှုတ်ထုတ်လိုက်သည်။ သူ၏ဦးနှောက်ထဲ၌ လျင်မြန်စွာ စဉ်းစား၍နေသည်။ ဒီဗွနှင့်ပတ်သက်လျှင် သူ့အနေဖြင့် သတိကြီးစွာ ထားရပေမည်။

"နေပါဦး. . . မင်းမေးတာ ဘယ်သူ"

"ခင်ဗျား အချိန်ဆွဲမနေပါနဲ့၊ ယဉ်မင်းသူကို မေးနေတာ"

ဘဆန်းချစ်က ဖြည်းညင်းစွာ ခေါင်းခါသည်။

"ငါ မမှတ်မိဘူး။ ငါ့ရဲ့ရုံးခန်းကို အလုပ်ကိစ္စအတွက် လာတဲ့ မိန်းကလေးတွေ အများကြီးပဲ။သူတို့ရဲ့ နာမည်အားလုံးကို ငါ မမှတ်မိဘူး"

ဒီဂျမ်းက. . .

"မြကတ္တီပါကလပ်မှာ အလုပ်လုပ်ဖို့ မိုးလွင်ဆီကနေ

တစ်ဆင့် ပို့ပေးလိုက်တာ"

ဘဆန်းချစ်၏ တစ်ကိုယ်လုံး တောင့်တင်း၍ သွားသည်။ မိုးလွင် ဖော်ကောင်လုပ်လိုက်ပြီဟု တွေးမိသည်။ နောက်မှ မိုးလွင်ကို ကောင်းကောင်းဆုံးမရပေဦးမည်။

ဘဆန်းချစ်က အမူအရာမပျက်ဘဲ အေးဆေးစွာ ပြန်၍ပြောသည်။

"နေပါဦး ဒိဗ္ဗ။ ငါစဉ်းစားပါရစေဦး။ အဲဒီကောင်မလေးက ယဉ်မင်းသူ မဟုတ်ဘူးထင်တယ်။ သူ့နာမည်က သဇင်မွန်။ တစ်ခုခုဖြစ်မလားဘဲ။ ဟုတ်တယ် မိုးလွင်ပြောသွားတာ အဲဒီနာမည်ပဲ"

ဘဆန်းချစ်က တည်ငြိမ်သောအမူအရာဖြင့် ပြောလိုက်ခြင်းဖြစ်၍ ဒီဂျမ်းအနေနှင့် ဘဆန်းချစ် လိမ်၍ပြောနေသည်ဟု မည်သို့မျှ တွက်ဆ၍ မရနိုင်ချေ။

'ဒီဂျမ်း'က

"ဘယ်နာမည်ပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က ဂရုမစိုက်ဘူး။ အဲဒီကောင်မလေးက ဘယ်သူလဲ၊ ဘယ်က ရောက်လာတာလဲ"

ဘဆန်းချစ်က. . .

"ဒါတော့ ငါလဲ ဘယ်လို သိနိုင်မှာလဲ။ ငါ့ဆီကို မိန်



ကလေးတွေလာပြီး အကူအညီတောင်းတယ်။ ငါက သင့်တော်သလို အလုပ်ရှာပေးတယ်။ ငါက ထိုက်သင့်တဲ့ငွေကြေးရရင်ပြီးတာပဲ။ သူတို့ ဘယ်သူဘယ်ဝါ၊ ဘယ်မှာနေတယ်ဆိုတာ ငါသိဖို့ ဘာမှမလိုတော့ဘူး"

ဒီဂျမ်းက ဘဆန်းချစ်ကို အတန်ကြာမျှ စိုက်ကြည့်နေပြီးမှ

"ဒါဆို အဲဒီကောင်မလေးနဲ့ ပတ်သက်လို့ ခင်ဗျား ဘာမှမသိဘူးပေါ့"

ဘဆန်းချစ်က ခေါင်းခါလိုက်သည်။

"ဘာတွေ ဖြစ်ကုန်လို့လဲ"

"ဒီညအဖို့ ဒီကောင်မလေးကို မတွေ့ရရင်တော့ အတော်ကြီး ဒုက္ခရောက်နိုင်တယ်။ သူ့ကို ပြန်တွေ့ရရင်တော့ အကြောင်းမဟုတ်ဘူး"

ဒီဂျမ်းက ဦးထုပ်ကို ငိုက်၍ ဆွဲယူလိုက်ပြီး တံခါးပေါက်သို့ လှည့်လိုက်သည်။

"အဲဒီကောင်မလေးနဲ့ပတ်သက်ပြီး ခင်ဗျား တိတိကျကျ မှတ်မိထားပါ။ အဲဒီလို သတင်းပေးရင် ဒိဗ္ဗက ခင်ဗျားကို ငွေစိတ်သိန်းပေးလိမ့်မယ်။ ကျွန်တော်တို့ အဲဒီကောင်မလေးကို တွေ့ရမှ ဖြစ်မယ်။ သိပ်ကို အရေးကြီးနေတယ်"

ဘဆန်းချစ်၏ မျက်လုံးများက ယဉ်မင်းသူရှိသည့် သို့ လှည့်ကြည့်လုမိမတတ် ဖြစ်သွားသည်။ အာမခံဘဏ်တ ၌ ရောက်နေပြီဖြစ်သည့် ယဉ်မင်းသူ၏စာကို ချက်ချင်း သ လိုက်သည်။ သူသည် ကြမ်းပြင်ပေါ် သို့ ငုံ့ကြည့်လိုက်ပြီး ဒေ ထွက်နေမိသည်။ ဗီရိုထဲ၌ ငွေတစ်သိန်းရှိနေသော်လည်း မရနိုင်ကြောင်း တွေးနေမိသည်။

ဘဆန်းချစ်က. . .

"ကောင်းပြီလေ။ ဒီကိစ္စကို ငါ့ဘက်က တတ်နိုင်သလေ ကြိုးစားပြီး စုံစမ်းပေးပါ့မယ်"

ဒီဂျမ်း အပြင်သို့ထွက်၍ တံခါးကို ပြန်ပိတ်သွားသ

လှေကားမှ ဒီဂျမ်းဆင်းသွားသံကို ကြားနေရသည

အရာအားလုံးကို ဘဆန်းချစ် နားလည်သဘောပေ လာပြီဖြစ်သည်။ သူ၏ ဦးနှောက်သည် ပို၍ အလုပ်လုပ်လာ ပေပြီ။

ယဉ်မင်းသူကို သိရှိနိုင်ရန်အတွက် ငွေတစ်သိန် မည်ဆိုခြင်းမှာ နောက်ထပ် ငွေအမြောက်အမြားရနိုင် ကြောင့်ပင် ဖြစ်ရမည်။ ဤကိစ္စများမှာ ယဉ်မင်းသူ၏ အခ ၌ရှိသော အလောင်းထည့်ထားသည့် သေတ္တာကြီးနှင့် အ ပတ်သက်နေပေမည်။ ထို့နောက် ဒီဇွတို့အုပ်စုက ယဉ်မင်း



အသည်းအသန် လိုချင်နေကြခြင်းပင် ဖြစ်သည်။

ယခု အခြေအနေ၌. . .

ယဉ်မင်းသူက အလောင်းပါသော သေတ္တာကြီးကို သူ၏ လက်ထဲသို့ပေး၍နေပေပြီ။ ဤကိစ္စနှင့် ပတ်သက်၍ ငွေ ပေါင်းမြောက်မြားစွာ ရရှိရန် သေချာသလောက် ရှိနေပေပြီ။

ထိုစဉ်မှာပင်. . .

ဗီရိုတံခါးပွင့်၍သွားပြီး အထဲမှ ယဉ်မင်းသူ ထွက်လာ သည်။ သူမ၏ မျက်နှာမှာ ဖြူဖတ်ဖြူလျော် ဖြစ်၍နေ၏။

ဘဆန်းချစ်က သူမကို တစ်ချက် မော့ကြည့်လိုက်ပြီး ကျေနပ်စွာ ပြုံးသည်။

"ဒီဂျမ်းပြောသွားတာ မင်းအားလုံးကြားပြီးပြီမဟုတ် သား။ ဒါပေမယ့် ဒီကိစ္စက ငါ့အတွက် ဘာမှ အရေးမကြီးပါဘူး။ ကဲ အခုအချိန်ကစပြီး မင်းနဲ့ငါအတူတူ ပူးပေါင်းပြီး သေတ္တာ ကြီးနဲ့ ပတ်သက်တဲ့ကိစ္စကို အလုပ်လုပ်ကြမယ်။ ငါ့ဦးနှောက် ထဲမှာ အကြံကောင်းကောင်းတစ်ချက် ရထားတယ်။ အလောင်း ထည့်ထားတဲ့ သေတ္တာ ဘယ်နေရာမှာ ဝှက်ထားရမယ်ဆိုတာ ခု ငါ သိထားပြီ"

ဘဆန်းချစ်က ကျေနပ်အားရစွာပြောပြ၍နေသည်။

ယဉ်မင်းသူမှာမူ တွေဝေစွာဖြင့် ငြိမ်၍ရပ်ပြီး နေမိ

သည်။

ဤဇာတ်လမ်းထဲ၌ အစကတည်းက မပါမိခဲ့လျှင် ကောင်းသားဟု သူမ တွေးနေမိပေသည်။

***

အခန်း (၂၀)

ဒိဗ္ဗ၏ ရုံးခန်း. . .။

တိတ်ဆိတ်ငြိမ်သက်၍ နေသည်။

ဒိဗ္ဗက သူ၏ စားပွဲတွင် ထိုင်၍နေ၏။ သူ၏ နောက်တွင် ...ဂျူး' ရပ်၍နေ၏။

ဒီဂျမ်းက ပြတင်းပေါက်အနီး၌ နံရံကိုမှီ၍နေသည်။

ဒိဗ္ဗက ဆေးပြင်းလိပ်ကို မီးညှိလိုက်ရင်းမှ. . .

"ငါတို့ကလပ်မှာ ဒီကောင်မလေးကို ရည်ရွယ်ချက် တစ်ခု ...လာထားတာပဲ ဖြစ်ရမယ်"

"အခု ရှစ်နာရီထိုးတော့မယ်။ ကောင်မလေး ခုထိ

ရောက်မလာသေးဘူး။ တိုးမြင့်ဆိုတဲ့အငှကောင်ရဲ့ အစီအစဉ်နဲ့ လာထားတာပဲ ဖြစ်ရမယ်"

ဒီဂျမ်းက ဂျူးဂျူးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"ဟုတ်တယ်။ ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်"

ဒီဗွက-

"ကဲ . . . မိုးလွင်ကို သွားခေါ်စမ်း။ ဒီကောင်မလေး အနေနဲ့ တစ်ခုခု သိထားလိမ့်မယ်"

ဒီဂျမ်း အခန်းထဲမှ ထွက်သွားသည်။

ဒီဗွက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ရင်းမှ. . .

"အင်း. . . ဒေါက်တာ့အတွက် ငါ အတော်ကြီး စိုးရိမ်နေတယ်"

ဂျူးဂျူး၏ မျက်နှာသိသာစွာ ပျက်၍သွားသည်။ ၎င်းသည်ကို ဒီဗွ မမြင်လိုက်ပေ။

ဂျူးဂျူး၏ မျက်လုံးများမှာ ချာချာလည်၍နေ၏။သူမ၏ ဘဝတစ်လျှောက်၌ အမှာပေါင်းများစွာ ပြုလုပ်ခဲ့ဖူးသည်။ သို့သော် လူသတ်မှုမျိုးကိုမူ သူမ ကြောက်ရွံ့သည်။ တတ်နိုင်သမျှ မပတ်သက်အောင် ဝေးဝေးမှ နေခဲ့သည်။

ဒီဗွက သူမဘက်သို့လှည့်၍. . .

"ကဲ ဒေါက်တာနဲ့ပတ်သက်ပြီး မင်းရဲ့ ယူဆချက်ကလေး



စ်ခုလောက် ပြောစမ်းပါ"

ဂျူးဂျူးက အသံကို ထိန်း၍. . .

"ကျွန်မ နေမကောင်းဘူး။ ညကလဲ အိပ်မပျော်ဘူး"

ဒီဗွ မျက်မှောက်ကြုတ်၍သွားသည်။

"အင်း. . . မင်းလဲ ငါ့ကိုတစ်ခုခု ဖုံးထားတာပဲ ဖြစ်ရယ်။ အဲဒီအချက်ဘာလဲဆိုတာ မကြာခင်မှာ ငါ သိလာရမှာပဲလ"

ဒီဗွ သူ၏စားပွဲသို့ ပြန်လှည့်သည်။

"ထွန်းထက်" ပြောသည့်စကားများကို ပြန်၍ စဉ်းစားနေမိသည်။ ထွန်းထက်၏ စကားများကို ဒီဗွ မယုံကြည်ပေ။ အဓိပ္ပာယ်မရှိသောစကားဟုသာ သတ်မှတ်ထားသည်။ သို့သော် ယခုအချိန်၌ ဒေါက်တာပြည့်စုံ မည်သည့်နေရာ ရောက်နေလေသနည်း။

နာရီပေါင်း နှစ်ဆယ်ကျော်ကျော် ကြာမြင့်သည့်အထိ ဒေါက်တာပြည့်စုံကို မမြင်တွေ့ရသေးပေ။

ဒီဗွက အသံကျယ်ကျယ်ဖြင့် ရုတ်တရက် အိပ်မက်မှ းလာသူနှယ် ပြောသည်။

"ထွန်းထက် ပြောတာကတော့ ဒေါက်တာပြည့်စုံ သေ ပြီတဲ့"

ဂျူးဂျူးက ပြန်လှည့်လာပြီး. . .

"ထွန်းထက်က ဘယ်လိုလုပ်ပြီး သိရတာလဲ"

ဂျူးဂျူးမှာ သိသာစွာ မျက်နှာပျက်၍ နေပေသည်။

"ဒီအရူးပြောတဲ့စကား ကျွန်မ ဘာမှ စိတ်မဝင်စားဘူး"

ထိုအချိန်မှာပင်. . .

တံခါး ပွင့်လာသည်။

မိုးလွင်၏နောက်မှ ဒီဂျမ်းလိုက်ပါလာသည်။

မိုးလွင်၏ ဝဖြိုးသောခန္ဓာကိုယ်ကြီးမှာ တုန်၍နေသည်။

ဒိဗ္ဗက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး. . .

"ယဉ်မင်းသူဆိုတဲ့ကောင်မလေး ဒီနေ့ည အလုပ်ဝင်ရဲ့လား"

မိုးလွင် ဆတ်ခနဲ တွန့်သွားသည်။

"မလာဘူးဆရာကြီး။ ကျွန်တော်. . . ကျွန်တော့်အပြစ်မဟုတ်ပါဘူး။ ကိုဘဆန်းချစ်က သူ့ကိုအလုပ်တစ်ခုပေးပါလို့ပြောတာပါ"

ဒိဗ္ဗက စူးရှစွာ စိုက်၍ကြည့်လိုက်ပြီး. . .

"သူဘယ်သူဆိုတာ အလုပ်မပေးခင် မင်း စုံစမ်းကြည့်လား"

မိုးလွင်က ကြောက်ကြောက်လန့်လန့် လေသံဖြင့်. . .



"မစုံစမ်းမိပါဘူးဆရာကြီး။ ဒါ ကျွန်တော့်ဘက်က အမှားမဟုတ်ပါဘူး။ ကိုဘဆန်းချစ်ရဲ့ အမှားပါ"

ဒီဂျမ်းက ကြမ်းကြုတ်စဉ်းလဲသည့် မျက်လုံးအစုံဖြင့် မိုးလွင်ကို စိုက်၍ကြည့်လိုက်သည်။

ဒိဗ္ဗက. . .

"ဒီကောင့်ကို သင်ခန်းစာကောင်းကောင်းပေးမှ ဖြစ်လိမ့်မယ်"

ဒီဂျမ်းက ရှေ့သို့ ဖြည်းညင်းစွာတိုး၍သွားသည်။

"ဒီကလပ်ထဲကို ခေါ်သွင်းလာတာ မင်းပဲ မဟုတ်လား မိုးလွင်"

မိုးလွင် အဝင်ဝတံခါးပေါက်ဆီသို့ ကြောက်လန့်စွာ ထွက်၍ ပြေးသည်။ ဒီဂျမ်းက နောက်မှနေ၍ မိုးလွင်၏ ဆံပင်ကို ကြမ်းကြုတ်စွာ ဖမ်းဆွဲလိုက်သည်။ ထို့နောက် မိုးလွင်၏ ဆံပင်ကိုဆွဲလျက် ဦးခေါင်းကိုနောက်သို့ ဆောင့်၍လှန်လိုက်သည်။

မိုးလွင်မှာ ထိတ်လန့်နာကျင်စွာဖြင့် အော်ဟစ်ညည်းညူသည်။ ကိုယ်ကို နောက်သို့လှည့်၍ ဒီဂျမ်းကို ခြေဖြင့်ကန်သည်။ ဒီဂျမ်းက ဆံပင်ကို ဆောင့်၍ ဆွဲလိုက်ပြန်သဖြင့် ဟန်ချက်ပျက်သွားသည်။

ဒီဂျမ်းက သူ၏ဘောင်းဘီအိတ်ထဲမှ အော်တိုမက်တစ်ပစ္စတိုတစ်လက်ကို ဆွဲထုတ်လိုက်သည်။ သေနတ်ကို ပြောင်းဝဘက်မှ ကိုင်လျက် မိုးလွင်ကို သေနတ်ဒင်ဖြင့် အဆက်မပြတ်ရိုက်သည်။

ဂျူးဂျူးဆက်၍ ကြည့်မနေနိုင်တော့ဘဲ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိသည်။

ဒီဂျမ်းသည် အန္တရာယ်အလွန်ကြီးသူဖြစ်ကြောင်း နားလည်လာသည်။ လွန်စွာ ရက်စက်ကြမ်းကြုတ်သော၊ သွေးအေးလွန်းသော လူသတ်သမားတစ်ဦးဖြစ်မှန်း သူမ သိမြင်လာသည်။

ဒီဂျမ်းက မိုးလွင်၏ ပြည့်ဖြိုးနေသော လည်ကုပ်၊ ပခုံး၊ နောက်ကျောပြင်တို့ပေါ် သို့ သေနတ်ဒင်ဖြင့်အဆက်မပြတ် ထုရိုက်၍နေ၏။ မိုးလွင်၏ အော်ဟစ် ညည်းညူသံ၊ ခြေသံ၊ လုံးထွေးနေသံတို့က အခန်းတွင်း၌ ကျယ်လောင်စွာ ပေါ်ထွက်၍နေ၏။

ဂျူးဂျူးမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်၍ နေသည်။

ရုတ်တရက် ဒိဗ္ဗက အော်လိုက်သည်။

"ရပ်လိုက်တော့"

ဒီဂျမ်းက ရပ်တန့်လိုက်သည်။ မိုးလွင်ကို ဆောင့်တွန်းလျက် သေနတ်ပြောင်းဖြင့် မျက်နှာကို ဖြတ်၍ ရိုက်ချလိုက်၏။



မိုးလွင်မှာ ကြမ်းပြင်ပေါ် သို့ လဲကျသွားသည်။ သူသည် အသက်ကို ပြင်းစွာ ရှူရှိုက်ရင်း ညည်းညူ၍နေ၏။

ဒီဂျမ်းက ဒိဗ္ဗကို လှမ်းကြည့်လိုက်သည်။

ဒိဗ္ဗ၏ စားပွဲပေါ်၌ အနီရောင် မီးလုံးတစ်လုံးက မှိတ်ချည်ဖွင့်ချည်ဖြင့် အချက်ပြ၍နေသည်။ အောက်ဘက်ရှိ တံခါးစောင့်က အချက်ပြလိုက်ခြင်း ဖြစ်သည်။

ဒိဗ္ဗက လေသံခပ်လေးလေးဖြင့်. . .

"ရဲအဖွဲ့က လူ လာနေတယ်"

ဒိဗ္ဗမှာ ထိတ်လန့်၍နေပေသည်။ သူ၏ ကလပ်သို့ ရဲအဖွဲ့ဝင်များ လာရောက်ခြင်းကို သူ လုံးဝ မနှစ်သက်ပေ။ လွန်ခဲ့သော ရှစ်လခန့်က တစ်ကြိမ်လာဖူးသည်။ ဒိဗ္ဗက ရဲအဖွဲ့ဝင်များ လာရောက်ခြင်းနှင့်ပတ်သက်၍ အထူးသတိထားသည်။ ကြိုတင်၍ အချက်ပေးရန် စီစဉ်ထားသည်။

ဒိဗ္ဗက မိုးလွင်ကို လက်ညှိုးထိုး၍. . .

"ကဲ. . . ဒီကောင့်ကို မြန်မြန်ခေါ် ထုတ်သွား"

ဒီဂျမ်းက ကြမ်းပြင်ပေါ်၌ လဲနေသော မိုးလွင်ကို ဆွဲထူလိုက်၏။ အခန်းထဲမှနေ၍ တရွတ်တိုက်ဆွဲလျက် ခေါ်ထုတ်သွားသည်။

မျက်စိမျက်နှာပျက်နေသော ဂျူးဂျူးဘက်သို့လှည့်၍-

"မင်းလဲ ထွက်သွားစမ်း။ မင်းရဲ့ပုံစံကိုမြင်လိုက်တာနဲ့ တစ်ခုခု ဖြစ်နေပြီဆိုတာ သိမှာ သေချာတယ်"

ဂျူးဂျူး ဘာမှမပြောဘဲ အံ့ဖွက်တံခါးတစ်ခုမှ သူမ၏ အခန်းရှိရာသို့ ထွက်သွားသည်။

ယခု အခြေအနေ၌-

ဦးလှိုင်ဘွားဖံအား ကလပ်၏ အပေါ်ထပ် အခန်းတစ်ခန်းထဲ၌ ထည့်ထားပြီး သော့ဖြင့် အပြင်မှ သေချာစွာ ပိတ်ထားသည်။ ဤအချိန်ကျမှ ရဲအဖွဲ့မှ လူအချို့ လာရောက်ခြင်း ဖြစ်၏။ ဒိဗ္ဗ စိုးရိမ်သွားသည်။ တိုးမြင့်၏ ကောင်မလေးက သတင်းပေးလိုက်ခြင်းကြောင့်ပေလော. . . ။

ရဲအဖွဲ့ဝင်များက ရှာဖွေခွင့်ဝရမ်းနှင့်အတူ သေချာစွာ ရှာဖွေကြပါက ဦးလှိုင်ဘွားဖံကို တွေ့သွားပေမည်။ ထိုသို့ တွေ့သွားခဲ့ပါက သူတို့၏ကလပ်တွင် မည်သို့သောအလုပ်များ လုပ်ကိုင်နေကြောင်း ရှင်းပြရန် အခက်ခဲတော်ခက်ခဲသွားပေလိမ့်မည်။ ရဲအဖွဲ့မှ သက်ာမကင်းဖြစ်မည်မှာ သေချာပေသည်။

တံခါးခေါက်သံ တစ်ချက်နှင့်အတူ တံခါးပွင့်၍သွားသည်။

အရပ်အမောင်းမြင့်မား၍ ခန္ဓာကိုယ်ကျစ်လျစ်တောင့်



တင်းသည့် လူရွယ်တစ်ဦး အခန်းထဲသို့ ဝင်လာသည်။ ထိုလူရွယ်မှာ သပ်ရပ်သော အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

လူရွယ်က အခန်းတွင်းသို့ မသိမသာ အကဲခတ်ကြည့်ရှုလိုက်ပြီးမှ အေးဆေးစွာပင် ပြောသည်။

"ကျွန်တော်က ရာဇဝတ်မှုအထူးနှိမ်နင်းရေးအဖွဲ့ကရဲအရာရှိ စဝ်ရန်နိုင်ပါ။ ခင်ဗျားက ဦးဒိဗ္ဗလား"

ဒိဗ္ဗက ခေါင်းညိတ်၍ ပြသည်။

အေးဆေးတည်ငြိမ်မှုရှိသော လူရွယ်ကို သူ့အနေဖြင့် လျှော့တွက်၍မရကြောင်း ဒိဗ္ဗ အလိုလို သိနေသည်။

ဒိဗ္ဗက ပြုံး၍. . .

"ထိုင်ပါ"

စဝ်ရန်နိုင်က ထိုင်ခုံအလွတ်တစ်လုံး၌ ဝင်၍ထိုင်သည်။

စဝ်ရန်နိုင်က စူးရှထက်မြက်သော မျက်လုံးအစုံဖြင့် ဒိဗ္ဗကိုကြည့်၍ ပြောသည်။

"ဒေါက်တာ ပြည့်စုံကို ဦးဒိဗ္ဗအနေနဲ့ ကောင်းကောင်းသိမယ်လို့ ထင်ပါတယ်"

ဒိဗ္ဗ၏ တစ်ကိုယ်လုံး တောင့်တင်း၍ သွားသည်။

"ဒေါက်တာပြည့်စုံနဲ့ကျုပ် သိတာ နှစ်ပေါင်းအတော်ကြာသွားပါပြီ။ သူနဲ့ပတ်သက်လို့ ဘာအကြောင်းထူးများ ရှိလို့လဲ"

"လွန်ခဲ့တဲ့ နှစ်နာရီကျော်ကျော်က သူရဲ့အလောင်းကို မြစ်ထဲမှာ တွေ့ရလို့ ဆယ်ယူထားရပါတယ်"

ဒိဗ္ဗက အသံကိုထိန်း၍. . .

"သူ သေသွားပြီလား"

"ဟုတ်ပါတယ်"

ထွန်းထက်၏ စကား မှန်နေပေပြီ။

တစ်စုံတစ်ဦးက သူ့ကိုရေထဲတွန်းချလိုက်ခြင်းပင်လော။

သူ့ကိုယ်သူ သတ်သေလိုက်ခြင်းပင်လော။ ဤအချက်မှာ လုံးဝမဖြစ်နိုင်။ ဒေါက်တာပြည့်စုံသည် သူ၏ ဘဝရှင်သန်မှုကို တွယ်တာခုံမင်သူ ဖြစ်သည်။

အသတ်ခံရခြင်းဖြစ်ဖို့များသည်ဟု ဒိဗ္ဗတွေးသည်။ ဤသို့ဆိုလျှင် သူ့အနေနှင့်အထူးသတိထားမှ ဖြစ်ပေလိမ့်မည်။ သူ ကြံစည်ထားသောကိစ္စများကို စုံစမ်းစစ်ဆေးရန်အတွက် ရဲအဖွဲ့မှ အခွင့်အရေးရသွားနိုင်ပေသည်။

စဝ်ရန်နိုင်က ဒိဗ္ဗကို သေချာအကဲခတ်၍နေသည်။

ဒိဗ္ဗ သက်ပြင်းတစ်ချက် လေးလေးပင်စွာ ချလိုက်သည်။

"ကျုပ် ဒီသတင်းကြားရတာ အတော် တုန်လှုပ်သွားမိတယ်။ ဂိတ်လဲ မကောင်းဘူး။ ဒီလို သေမယ်လို့ ဘယ်သူမှ ယုံမှာ မဟုတ်ဘူး"



ဒေါက်တာပြည့်စုံသေဆုံးကြောင်း ပြောလိုက်သဖြင့် ဒိဗ္ဗ အံ့အားသင့်သွားသည်ကို စဝ်ရန်နိုင် အကဲခတ်မိသည်။

စဝ်ရန်နိုင်က. . .

"ဦးဒိဗ္ဗအနေနဲ့ ဒေါက်တာပြည့်စုံကို ဘယ်အချိန်လောက်မှာ နောက်ဆုံးတွေ့လိုက်ရလဲ"

ဒိဗ္ဗ လျင်မြန်စွာ စဉ်းစားသည်။

သူ့အနေနှင့် အမှန်အတိုင်း ပြောမှ ဖြစ်ပေမည်။

"ခဏလောက် ကျုပ် စဉ်းစားပါရစေဦး စဝ်ရန်နိုင်"

ဒိဗ္ဗ၏ လက်များမှာ မတည်မငြိမ်ဖြစ်၍နေသည်။ ဒိဗ္ဗက မျက်လုံးများကို မှိတ်ထားလိုက်ပြီးမှ ခပ်ဖြည်းဖြည်း ပြောသည်။

"မနေ့ညက ကျုပ်ဆီကို သူလာပြီးတွေ့တယ်။ ည ဆယ်နာရီကျော်ကျော်လောက်မှာ ဒေါက်တာ ပြန်သွားတယ်"

စဝ်ရန်နိုင်၏ အမူအရာ ပြောင်းလဲခြင်းမရှိ။

"ဒေါက်တာပြည့်စုံက ဒီကို ဘာလာလုပ်တာလဲ"

ဒိဗ္ဗ၏ မျက်ခုံးများ မသိမသာ မြင့်တက်သွားသည်။

"သူက ကျုပ်ဆီကိုလာတာ ထွေထွေထူးထူး အကြောင်းတော့ မရှိပါဘူး။ သူနဲ့ကျုပ်နဲ့တွေ့ပြီး စကားစမြည် ပြောကြရတာပါပဲ။ ဒေါက်တာပြည့်စုံက စကားပြောကောင်းပြီ ဖော်ရွေတယ်။

ကျုပ်နဲ့သူက ပြောလို့ဆိုလို့ အဆင်ပြေတယ်"

စဝ်ရန်နိုင်က. . .

"ဒီမှာ ဦးဒိဗ္ဗ ခင်ဗျားမှာ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ စကားစမြည်ပြောဖို့ အချိန်မရှိနိုင်ဘူးလို့ ကျွန်တော်က ထင်နေမိတယ်"

"ဒါကတော့ မင်း ထင်တာ မှားနေပြီ။ ကျုပ်က ကျုပ်ရဲ့ဘေးမှာ မိတ်ဆွေတွေ ရှိနေတာကို သဘောကျပါတယ်။ အင်းဒေါက်တာပြည့်စုံဟာ ဗဟုသုတပါ ပြည့်စုံတဲ့လူတစ်ယောက်ပါ။ သူသေသွားတာ စိတ်မကောင်းစရာပါပဲ"

စဝ်ရန်နိုင်က. . .

"ဒေါက်တာပြည့်စုံသေတာ အချက်သုံးချက် ဖြစ်နိုင်တယ်။ မတော်တဆ လိမ့်ကျတာ ဖြစ်နိုင်တယ်။ တစ်စုံတစ်ယောက်က တွန်းချတာလည်း ဖြစ်နိုင်တယ်။ သူ့ကိုယ်သူ အကြောင်းတစ်ခုခုနဲ့ ရေထဲခုန်ချတာလဲ ဖြစ်နိုင်တယ်"

ဒိဗ္ဗက သူ၏ ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး

"ဒါဆို အသတ်ခံရတယ်လို့ ဆိုလိုချင်တာလား"

စဝ်ရန်နိုင်က. . .

"ဒါကတော့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် သူကလူကောင်ခပ်သေးသေး၊ ခပ်ညှက်ညှက် ဖြစ်နေတယ်။ ခန္ဓာကိုယ်



ကြီးတဲ့ 'ဒီဂျမ်း'လို ဝဠာမျိုးအနေနဲ့ သူ့ကို လွယ်လွယ်နဲ့ မြစ်ထဲပစ်ချနိုင်မှာတော့ သေချာတယ်"

ဒိဗ္ဗ၏ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။

မည်သည့်အမိပ္ပာယ်နှင့် စဝ်ရန်နိုင်က ပြောလေသနည်း။ တစ်စုံတစ်ခုသောအကြောင်းကို စဝ်ရန်နိုင်ဆိုသူက သိထားနှင့်လေသလော။

ဒိဗ္ဗက. . .

"ဘာဖြစ်လို့ ဒီဂျမ်းလို့ ပြောရတာလဲ"

စဝ်ရန်နိုင်က ပခုံးတစ်ချက်တွန့်သည်။

"ဒါက အလွယ်ဆုံး အရှင်းဆုံး ဥပမာပေးတာပါ။ ဒါနဲ့ဒီဂျမ်းက ဘယ်မှာလဲ ဦးဒိဗ္ဗ"

"ဒါတော့ ကျုပ်မသိဘူး။ ဒီည သူရောက်လာတာ မတွေ့သေးဘူး"

စဝ်ရန်နိုင်က မသိမသာ ပြုံးလိုက်ပြီး. . .

"တော်တော်လေး ထူးဆန်းတာပဲ။ ကျွန်တော် ဒီကလပ်ထဲ ဝင်လာတုန်းက ဒီဂျမ်းကို တွေ့လိုက်မိတယ်လို့ထင်တယ်"

"မင်း မျက်စိမှားတာ ဖြစ်မှာပါ"

အတန်ကြာမျှ ငြိမ်သက်သွားပြီးမှ စဝ်ရန်နိုင်က ပြောသည်။

"ဒါဆို ဒေါက်တာပြည့်စုံနဲ့ ပတ်သက်ပြီး ခင်ဗျား အနေနဲ့ ဘာမှထပ်ပြီး မပြောနိုင်တော့ဘူးပေါ့"

"ဒေါက်တာပြည့်စုံက သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေ ဘာတွေ မပြောတတ်ဘူး။ သူ့မှာ ငွေကြေးလိုအပ်နေတယ်လောက်ပဲ ကျုပ်သိရတယ်။ သူ့မှာ ရန်သူမရှိပါဘူး"

"အခု ဒေါက်တာသေတဲ့ကိစ္စဟာ လူသတ်မှုတစ်ခု ဖြစ်နိုင်တယ်။ ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့မေးခွန်းနဲ့အတူ အဖြေပါ တွဲပြီးပါလာနိုင်တယ်။ဒေါက်တာပြည့်စုံဟာလျှို့ဝှက်တဲ့အကြောင်း အရာတစ်ခုကို ဖော်ထုတ်နိုင်ခဲ့လို့ အသတ်ခံရတာပဲ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါက်တာပြည့်စုံဟာ အင်မတန် စပ်စုတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော် သိထားလို့ပါပဲ"

ဒိဗ္ဗက အံ့ဩစွာဖြင့် စဝ်ရန်နိုင်ကို ကြည့်လိုက်မိသည်။

"ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်။ သူဟာ ဒီကာလပ်နဲ့ပတ်သက်နေတဲ့ လူဆိုးလူမိုက်တွေ၊ ဒုစရိုက်သမားတွေအကြောင်း ဖော်ထုတ်နိုင်ခဲ့ရင် ဥပမာ ဒီဂျမ်းလိုလူစားမျိုးအကြောင်း သူ ပြည့်ပြည့်စုံစုံ သိခဲ့ရင် သူဟာ အသတ်ခံရလောက်တဲ့အကြောင်းတွေနဲ့ ပြည့်စုံသွားပြီ"

"နေပါဦး . . . စဝ်ရန်နိုင်။ မင်းက ဒီဂျမ်းအကြောင်း



ကျည်းပဲ ဘာဖြစ်လို့ ပြောနေရတာလဲ"

စဝ်ရန်နိုင် မသိမသာ ပြုံးလိုက်ပြီး. . .

"ဒီလူက လူကောင်းတစ်ယောက်မှ မဟုတ်တာ။ ဟန်ဆောင်မျက်နှာဖုံးတပ်ထားတဲ့ လူဆိုးလူမိုက်တစ်ယောက်ပဲ"

ဒိဗ္ဗ လျင်မြန်စွာ စဉ်းစားသည်။ဒေါက်တာပြည့်စုံသည် ဂျမ်းနှင့်ပတ်သက်သော လျှို့ဝှက်ချက်တစ်ခုကို သိထားလေသလား။ ထိုအကြောင်းအရာသည် မည်သည့်လျှို့ဝှက်ချက် ဖြစ်နိုင်သနည်း။ ဂျူးဂျူးအမှုအရာ သိသာစွာ ပျက်နေသည်ကို ချက်ချင်း အမှတ်ရလိုက်သည်။

ဒိဗ္ဗ မသိမသာ အံကိုကြိတ်လိုက်မိသည်။

စဝ်ရန်နိုင်က ထိုင်နေရာမှ ထ၍ ရပ်လိုက်ပြီး. . .

"ခင်ဗျားဆီကို ကျွန်တော် ထပ်လာပါဦးမယ်။ ကျွန်တော့်ဘက်က မေးစရာတွေ၊ စုံစမ်းစရာတွေ ကျန်ပါသေးတယ်"

ဒိဗ္ဗက ခေါင်းညိတ်လျက်-

"ကောင်းပါပြီ၊ ကျုပ်ဘက်က တတ်နိုင်သလောက် ကူညီပေးပါမယ်"

စဝ်ရန်နိုင်က အခန်းထဲ၌ ဖြတ်၍ လျှောက်သွားသည်။

ရုတ်တရက်. . .

ပိတ်ထားသောတံခါး ပွင့်၍လာသည်။ အခန်းထဲသို့

ဦးလှိုင်ဘွားဖဲ ဝင်၍လာပေသည်။

ဒိဗ္ဗ၏ မျက်နှာတစ်ခုလုံး ဖြူဖွေး၍သွားသည်။ သူ့အား မည်သူက အခန်းထဲမှ လွှတ်လိုက်လေသနည်း။ စဝ်ရန်နိုင်က ဦးလှိုင်ဘွားဖဲအား ချက်ချင်း မှတ်မိသွားလျှင် ဒုက္ခရောက်ပေတော့မည်ဟု တွေးသည်။

ဒိဗ္ဗက လက်ဝါးနှစ်ဖက်ကို ပွတ်လျက် ဦးလှိုင်ဘွားဖဲအား လှမ်း၍ ပြောသည်။

"ကျွန်တော့်မှာ အရေးပေါ် ချိန်းထားတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ။ နောက်မှပဲ လာခဲ့ပါလား"

ဦးလှိုင်ဘွားဖဲက လေသံခပ်ပြတ်ပြတ်ဖြင့် . . .

"ဒါတွေက အရေးမကြီးပါဘူး"

စဝ်ရန်နိုင်က ဦးလှိုင်ဘွားဖဲအား ထူးဆန်းသော အမူအရာဖြင့် ကြည့်လိုက်မိသည်။ ဤလူအား မည်သည့်နေရာ၌ မြင်ဖူးသနည်းဟု စဉ်းစားနေမိသည်။

ဦးလှိုင်ဘွားဖဲက သွက်လက်စွာဖြင့် အခန်းထဲသို့ ဝင်လာသည်။ဒိဗ္ဗ၏ စားပွဲရှေ့၌ လက်ထောက်၍ ရပ်လိုက်သည်။ သူ၏ မျက်နှာမှာ သိသာစွာတင်းမာ၍နေ၏။

"ကျွန်တော် ဒီမှာနေရတာ သဘောမကျဘူး။ ကျွန်တော့်အစ်ကို့ကို အခုချက်ချင်း ပြန်လိုချင်တယ်။ ခင်ဗျားဆီမှာ



နေရင် ခင်ဗျားက တာဝန်ယူပြီး ယူလာမယ်လို့ ပြောတယ်။ ကဲ အခု သူဘယ်မှာလဲ။ ခင်ဗျား အခုလို ထိုင်နေတာ အပိုပဲ။ သူ့ကို ဘာဖြစ်လို့ လိုက်မရှာဘဲ နေတာလဲ"

ဒိဗ္ဗ ထိုင်ရာမှ လျင်မြန်စွာ ထ၍ရပ်လိုက်သည်။

ဦးလှိုင်ဘွားဖဲ၏ ပခုံးကို တစ်ချက်ပုတ်လျက်

"ခဏထိုင်ပါဦး။ စဝ်ရန်နိုင် ပြန်တော့မှာပါ။ ပြီးတော့မှ ကျွန်တော်တို့ အေးအေးဆေးဆေး ပြောကြတာပေါ့"

စဝ်ရန်နိုင်က ဦးလှိုင်ဘွားဖဲကို အကဲခတ်၍ ကြည့်သည်။ ဦးလှိုင်ဘွားဖဲ၏ အသားအရောင်မှာ မွဲပြာပြာဖြစ်၍နေပြီး ချွေးများစို့၍နေသည်ကို သတိပြုမိသည်။

စဝ်ရန်နိုင်က . . .

"ဦးဒိဗ္ဗ ဒီလူကခင်ဗျားရဲ့မိတ်ဆွေလား"

ဒိဗ္ဗ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

"ဟုတ်ပါတယ်။ ကျုပ်မှာ မိတ်ဆွေတွေ အများကြီးရှိပါတယ်"

စဝ်ရန်နိုင်က အခန်းတံခါးဝ၌ ရပ်လိုက်ပြီး . . .

"ဒီလူ့ကို ကျွန်တော် မြင်ဖူးတယ်။ သူ ဘယ်သူလဲ"

စဝ်ရန်နိုင်နှင့် ဒိဗ္ဗတို့ လှေကားထိပ်သို့ တစ်လှမ်းချင်း လျှောက်လာကြရင်းမှ ဒိဗ္ဗက သွက်လက်စွာ ဖြေလိုက်သည်။

"ဩော် သူ့နာမည်က ဦးဟန်စိုးပါ။ ဒီလူက ဦးနှောက် သိပ်မမှန်ဘူး။ ဒါပေမယ့် သူနဲ့စကားပြောရတာ ပျော်စရာတော့ ကောင်းတယ်။ သူက သူ့အစ်ကိုပျောက်နေတယ်လို့ အမြဲပြော တယ်။ ကျုပ် သိထားတာကတော့ သူ့မှာ အစ်ကိုဆိုလို့ တစ် ယောက်မှ မရှိခဲ့ဖူးဘူး"

"ကောင်းပြီလေ။ ကျွန်တော်တို့ နောက်မှပဲ ထပ်တွေ့ ကြတာပေါ့"

စဝ်ရန်နိုင်က လှေကားမှဆင်း၍ ကလပ်ခန်းမထဲမှ အ ပြင်သို့ ထွက်သွားသည်။

စဝ်ရန်နိုင် ကလပ်၏ အပြင်ဘက်သို့ ရောက်သွားချိန် လောက်ကျမှပင် ဒီဗွသည် သူ၏ ရုံးခန်းဘက်သို့ ခြေလှမ်းကျဲ ကြီးများဖြင့် ထွက်လာခဲ့သည်။

***

ဒီဗွမှာ အကြီးအကျယ် စိတ်လှုပ်ရှား၍နေ၏။

စင်္ကြံလမ်းတစ်နေရာ၌ ဒီဂျမ်းနှင့် တွေ့သည်။

ဒီဂျမ်း၏ လက်မောင်းကိုဆုပ်ကိုင်လျက် ဒီဗွက ဒေါသ တကြီး မေးသည်။

"နေပါဦး။ အခန်းထဲနေ သူ ဘယ်လိုလုပ်ပြီး ထွက် လာတာလဲ၊ သူ့ကိုရဲအရာရှိစဝ်ရန်နိုင်က တွေ့သွားပြီ"



ဒီဂျမ်းက ရှန်းထွက်လိုက်ရင်းမှ. . .

"ဒါ မိုးလွင်ရဲ့ လက်ချက်ပဲ ဖြစ်မယ်။ သူ တမင်သက်သက် လုပ်လိုက်တာပဲ။ ဒီကောင့်ကိုတော့ သတ်မိတော့မယ်"

ရုံးခန်းထဲသို့ ဒီဗွ ဝင်သွားသည်။

ဦးလှိုင်ဘွားဖေက ဒီဗွကိုမြင်လျှင်. . .

"ခင်ဗျား ဘာဆက်လုပ်မှာလဲ။ မနက်ဖြန် အထိ ကျွန် တော့်အစ်ကို ဦးလှိုင်ငွေးဖေကို ရှာမတွေ့သေးရင်တော့ ရဲကို ကျွန် တော် တိုင်ရလိမ့်မယ်"

ဒီဗွက ဒေါသကို ထိန်းချုပ်လျက်. . .

"သူတို့က ခင်ဗျားကို ကူညီနိုင်မှာ မဟုတ်ပါဘူး။ ဒါပေ မယ့် ခင်ဗျားဘက်က လုပ်စရာလမ်းတစ်ခုပဲ ရှိတယ်။ သိန်း တစ်ရာတန် ချက်လက်မှတ်တစ်စောင် ရေးပေးပါ။ မနက်ဖြန် မှာ ခင်ဗျားအစ်ကို့ကို ကျွန်တော် ဒီနေရာရောက်အောင် ခေါ် ထားပေးမယ်။ သူ ဘယ်မှာ ရောက်နေတယ်ဆိုတာ ကျွန်တော် သိထားပြီ။ ဒါပေမယ့်သူ့ကို ဒီပြန်ရောက်တဲ့အထိ ခေါ်လာနိုင်ဖို့ ဒါလောက်တော့ ငွေလိုလိမ့်မယ်"

ဦးလှိုင်ဘွားဖေက ခေါင်းကို ခါယမ်းလိုက်သည်။

"ကျွန်တော့်ဆီမှာ ငွေမရှိဘူး။ ကျွန်တော့်အစ်ကိုဆီမှာပဲ ငွေရှိတယ်။ သူက ခင်ဗျားလိုတဲ့ငွေ ထုတ်ပေးပါလိမ့်မယ်"

ဒီဗွက မျက်မှောင်ကြုတ်လျက်. . .

"ခင်ဗျားမှာ ပေးဖို့ငွေမရှိဘူး ဟုတ်ရဲ့လား"

ဦးလှိုင်ဘွားဇံက သဘောကျစွာ ရယ်မောလိုက်သည်။

"ကျွန်တော့်ဆီမှာ ရှိတဲ့ငွေတွေအားလုံး ကျွန်တော့် အစ်ကိုကို ပေးထားလိုက်ပြီ။ သူက ငွေတွေ၊ ပစ္စည်းတွေ သိမ်းတဲ့ နေရာမှာ ကျွန်တော့်ထက်အများကြီး ပိုတော်တယ်။ ငွေလွှဲစာချုပ်တွေ၊ စိန်တွေကို သူက ခါးပတ်လုပ်ပြီး သူ့ရဲ့ခါးမှာ ပတ်ထားတယ်"

***

## အခန်း (၂၁)

ကောင်းကင်ယံ၌ မှောင်မည်းနေသော မိုးသားတိမ်ထုကြီးက လွှမ်းခြုံ၍ထားသည်။

ခပ်ဝေးဝေးဆီမှ မိုးထစ်ချုန်းသံများ ကြားနေရသည်။

မိုးစက်မိုးပေါက်များပင် ကျ၍လာပြီဖြစ်သည်။

ဘဆန်းချစ်မှာ ဦးထုပ်တစ်လုံးဆောင်းထားပြီး အသက်ပြင်းပြင်းရှုနေသည်။

အငှားကားပေါ်မှ သေတ္တာကြီးကိုချပြီး အလင်းရောင်မရှိသည့် လမ်းကြားတစ်ခုထဲသို့ ဆွဲသွင်းလာကြသည်။

ယဉ်မင်းသူမှာ ခြေကုန်လက်ပန်းကျ မောဟိုက် နွမ်း

နယ်နေသည်။

ယဉ်မင်းသူက လေသံတိုးတိုးဖြင့် . . .

"ကျွန်တော် ဆက်မလိုက်ချင်တော့ဘူး"

မှောင်မည်းတိတ်ဆိတ်သော လမ်းကြား။

အနံ့အသက် ထွက်နေသော သေတ္တာကြီး။

ဘဆန်းချစ်နှင့် နှစ်ဦးတည်းရှိနေခြင်းတို့ကြောင့် ယဉ်မင်းသူမှာ ထိတ်လန့်ကြောက်ရွံ့၍ နေသည်။

မိုးထစ်ချုန်းသံများ ကြားလိုက်ရချိန်၌ သူမတစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ ကြက်သီးများ ထ,လာသည်။

ဘဆန်းချစ်က လေသံကိုနှိမ့်၍ . . .

"ငါတစ်ယောက်တည်း လုပ်လို့မရဘူး။ မင်းပါ ဝင်ကူမှ ဖြစ်မယ်"

ဘဆန်းချစ်က သူ၏ အိတ်ထဲသို့ နှိုက်လိုက်သည်။

"သော့ ဒီမှာတွေ့ပြီ"

ဘဆန်းချစ်က သော့ဖြင့် ဖွင့်နေသည်။ တံခါးတစ်ခု ပွင့်သွားပြီး အတွင်းမှ မီးခလုတ်ကို ဖွင့်လိုက်သည်။

မီးအလင်းရောင်အချို့ လမ်းကြားထဲသို့ ဖြာ၍ ထွက်လာသည်။

ယဉ်မင်းသူက



"ဒါ ဘယ်နေရာလဲ"

"ငါ့မိတ်ဆွေ သော်ဒင်ရဲ့အလုပ်ဂိုဒေါင်လေ"

ဘဆန်းချစ်က သေတ္တာကြီး၏လက်ကိုင်ကွင်းတစ်ဖက်ကို ကိုင်၍ လှုပ်လိုက်သည်။

"ကဲ ယဉ်မင်းသူ မင်းက တစ်ဖက်ကနေ ဆွဲပါ။ ငါတို့ကို တစ်ယောက်ယောက် မြင်သွားလို့ မဖြစ်ဘူး"

သူမ သက်ပြင်းတစ်ချက် ချလိုက်သည်။

ဘဆန်းချစ်နှင့်အတူ အိမ်ကြီးအတွင်းရှိ စင်္ကြံလမ်းပေါ်သို့ သေတ္တာကြီးကို မ,ယူပေးသည်။

မိုးထစ်ချုန်းသံကြောင့် ယဉ်မင်းသူမှာ ကြောက်ရွံ့ တုန်လှုပ်စွာဖြင့် သေတ္တာကြီးနှင့် ဝေးရာနံရံအနီးသို့ ပြေး၍ ကပ်လိုက်သည်။

ဘဆန်းချစ်က နဖူးပြင်မှ ချွေးများကို သုတ်လိုက်ပြီး

"ဒီသေတ္တာကြီးကို မြေအောက်ခန်းထဲ ချကြရအောင်"

ယဉ်မင်းသူက နံရံကိုသာ မှီ၍ ကပ်နေသည်။

"မြေအောက်ခန်းထဲ ကျွန်မ မဆင်းချင်ဘူး။ ကျွန်မ ကြောက်တယ်"

"ဒီကိစ္စကို နှစ်ယောက်လုံး အတူလုပ်နေကြပြီပဲ။ နောက်ဆုတ်လို့လဲ မဖြစ်တော့ဘူး။ ငါ့ကို လာကူစမ်းပါ။ အချိန်ကုန်

မခံစမ်းပါနဲ့"

လှေကားထိပ်ဘက်သို့ သေတ္တာကြီးကို သူမက ကူညီ၍ မ,ယူပေးသည်။

လှေကားခြေရင်းသို့ နှစ်ဦးလုံး ရောက်လာကြသည်။

ဘဆန်းချစ်က တီးတိုးလေသံဖြင့်. . .

"မီးခြစ်ပါလား"

သူမက တုန်ယင်သောအသံဖြင့်. . .

"ဟင့်အင်း မပါဘူး"

မြေအောက်ခန်းထဲ၌ မှောင်မည်း၍နေ၏။

အမှောင်ထဲတွင် ဘဆန်းချစ်နှင့်အတူ နေရခြင်းကိုလည်း သဘောမကျ။ ဘဆန်းချစ်က သူမကို ဒုက္ခပေးနိုင်ပေသည်။

မီးခလုတ် တွေ့မည်အထင်နှင့် သူမ ရှေ့သို့ တိုး၍ သွားသည်။

တစ်စုံတစ်ရာနှင့် တိုက်မိသဖြင့် သူမ၏ ခြေလှမ်းများ ရပ်သွားသည်။

"ဦးဘဆန်းချစ်လား"

သူမ၏ အသံမှာ အေးစက်တုန်ခါ၍နေ၏။

လည်ချောင်းထဲမှ နာကျင်၍လာသည်အထိ အသက်



ရှူအောင့်ထားလိုက်မိသည်။

အခန်း၏တစ်ဖက်ထောင့်စွန်းတစ်နေရာ၌ ရောက်နေသည့် ဘဆန်းချစ်က လှမ်း၍ ခပ်အုပ်အုပ်ပြောသည်။

"ယဉ်မင်းသူ ဘာဖြစ်နေရပြန်တာလဲ"

သူမ၏ ရှေ့မှ အမှောင်ထုမှာ သိပ်သည်း၍နေ၏။ ဖည်သည့်အရာကိုမျှ မမြင်ရနိုင်ပေ။ သူမ၏ ရင်ထဲ၌ နှလုံးသားများ ခုန်၍ နေသည်။

ယဉ်မင်းသူက သူမ၏လက်ကို ရှေ့သို့ အသာဆန့်ထုတ်လိုက်၏။ တုန်ယင်နေသောလက်ချောင်းများအား အဝတ်စတစ်စကို ထိလိုက်မိသည်။ ထိုအဝတ်စမှာ ဘဆန်းချစ်၏ အဝတ်စမဟုတ်ကြောင်း သူမ သိသည်။ ဘဆန်းချစ်က အခန်း၏ တစ်ဖက်ထောင့်စွန်း၌ ရှိနေသောကြောင့်ပင်။

အဝတ်စကို ကိုင်လျက် သူမ တုန်ယင်စွာ ရပ်နေမိသည်။

ရုတ်တရက်. . .

ကျယ်လောင်သောမိုးထစ်ချုန်းသံက သူမ၏ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်သံနှင့်ရောနှော၍ ထွက်ပေါ်လာသည်။

တစ်ဖက်အမှောင်ထဲမှနေ၍ ဘဆန်းချစ်က စိတ်မရှည်

စွာ လှမ်း၍အော်သည်။

"ဘာဖြစ်နေရပြန်တာလဲ"

"ဟို. . . ဟို. . . လူတစ်ယောက် ရှိ. . . ရှိ"

ယဉ်မင်းသူက မျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် တုန်ယင်စွာ အော်၍ ပြောသည်။

ဘဆန်းချစ်က ဒေါသသံဖြင့်. . .

"စိတ်ကိုထိန်းစမ်းပါ။ ဘာမှ ကြောက်စရာမရှိဘူး"

ဘဆန်းချစ်၏လက်က နံရံရှိ မီးခလုတ်ကို စမ်းသပ်လိုက်မိပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။

မြေအောက်ခန်းထဲ၌ မီးရောင်က တောက်ပစွာ လင်း၍လာ၏။

ယဉ်မင်းသူ၏ ရှေ့တည့်တည့်၌ လွန်စွာ ရုပ်ဆိုး၍ အကျည်းတန်သော သင်္ချိုင်းတစ်ခုက ပြုံးပြနေသည်ကို မြင်လိုက်ရသည်။ သူမ ချက်ချင်းပင် နောက်ဆုတ်လိုက်မိသည်။

ဖယောင်းသားဖြင့် ပြုလုပ်ထားသော လူပုံသင်္ချိုင်း ဖယောင်းရုပ်တု၏ မျက်လုံးများက ပြောင်လက်တောက်ပ၍ နေ၏။ ထိုဖယောင်းရုပ်တု၏ ဖန်သားမျက်လုံးအစုံက သူမကို သရော်လှောင်ပြောင်၍ ပြနေသည်ဟု ထင်မှတ်ရသည်။

ယဉ်မင်းသူမှ ဖယောင်းရုပ်တုကိုကြည့်၍ အသက်ရှူ



မှားတော့မတတ် ဖြစ်သွားရသည်။

ဘဆန်းချစ်က သူမ၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်၍ ပြောသည်။

"မကြောက်နဲ့။ ဒါတွေအားလုံး ဖယောင်းရုပ်တုတွေချည်းပဲ"

ယဉ်မင်းသူသည် ထိတ်လန့်တုန်လှုပ်သောမျက်လုံး အစုံဖြင့် ကြည့်သည်။ လွန်စွာ ကျယ်ဝန်း၊ ကျယ်ပြန့်သည့် မြေအောက်ခန်းကြီးတစ်ခန်းကို သူမ မြင်တွေ့လိုက်ရသည်။

မြေအောက်ခန်းကြီးတစ်ခုလုံးအတွင်း၌ ဖယောင်း ရုပ်တုများ ပြည့်နှက်၍နေ၏။

အချို့သောအရုပ်များမှာ မတ်တတ်ရပ်လျက်၊ အချို့မှာ ထိုင်လျက်၊ ယဉ်မင်းသူ လုံးဝမကြည့်ရဲ။ အရုပ်များအားလုံးမှာ ထိတ်လန့်တုန်လှုပ်စရာကောင်းလှပေသည်။

"ငါ့မိတ်ဆွေ ဘော်ဒင်က ထိတ်လန့်တုန်လှုပ်စရာ ဝိညာဉ်ပြတိုက်အတွက် ဖယောင်းရုပ်တုတွေ ထွင်းနေတယ်လေ။ သူ့လက်ရာတွေက တော်တော် ကောင်းတယ် မဟုတ်လား"

ပြောရင်းနှင့် ဘဆန်းချစ်က အားရပါးရ ရယ်မောလိုက်သည်။

"ဒီဖယောင်းရုပ်တုတွေကြားထဲမှာ အလောင်း တစ်

လောင်းကို လာရှာဖို့ ဘယ်သူက စဉ်းစားမိမှာလဲ။ ကဲ ငါ့ စိတ်ကူး ဘယ်လောက်ကောင်းသလဲ”

ယဉ်မင်းသူမှာ တစ်ကိုယ်လုံး တုန်ခါ၍နေ၏။

ငြိမ်သက်နေသော အရုပ်များကို သူမ လုံးဝ မကြည့်ရဲ။ ကြည့်မိသည်နှင့် ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်မိပေလိမ့်မည်။ ထိုအခါတွင် ဘဆန်းချစ်က သူမအား အန္တရာယ်ပေးလာနိုင်ပေသည်။

သူက စိတ်ကိုထိန်းလျက်. . .

“ကျွန်မတို့ ဘာဆက်လုပ်ဦးမှာလဲ”

ဘဆန်းချစ်က သေတ္တာကြီးကို လက်ညှိုးဖြင့် ထိုး၍ ပြောသည်။

“ဒီအထဲက အလောင်းရဲ့ မျက်နှာတွေ၊ လက်တွေ၊ ခြေတွေပေါ်မှာ ဖယောင်းရည် လောင်းပေးရမယ်။ ဒါမှ သူလဲ ဖယောင်းရုပ်တုကြီးတစ်ခု ဖြစ်သွားမှာပေါ့။ ဒီဖယောင်းရုပ်တတွေကြားမှာ သူ့ကို ပန်းပုဆရာတောင်မှတ်မိနိုင်တော့မှာ မဟုတ်ဘူး”

ယဉ်မင်းသူက အေးစက်သောလေသံဖြင့်. . .

“ဖယောင်းရည်လောင်းမယ် ဟုတ်လား”

“ဒီအလုပ်က လွယ်ပါတယ်။ ဖယောင်းကိုအရည်ဖျော်ပြီး လိုတဲ့နေရာတွေမှာ လိုက်လောင်းလိုက်ရုံပဲ။ ဖယောင်းရည်က အပေါ်ယံမျက်နှာဖုံးအခွံလို ဖြစ်သွားလိမ့်မယ်။ ဒါပေမယ့် ငါ့ကို မင်း ကူညီဖို့တော့ လိုတယ်”

ယဉ်မင်းသူက အသံကုန်အော်ဟစ်လိုက်၏။

“ကျွန်မ မကူနိုင်ဘူး”

သူမ၏ ခြေလှမ်းများ လှေကားဘက်သို့ ဆုတ်၍သွားသည်။

“ကျွန်မ လုံးဝမကူနိုင်တော့ဘူး။ ဒီကိစ္စတွေကို ကျွန်မ ဆက်မလုပ်နိုင်တော့ဘူး”

ဘဆန်းချစ်က လေသံမာမာဖြင့်. . .

“မင်းကိုယ်မင်း ထိန်းစမ်းပါ။ ဒါ ဘာမှ မခက်ခဲတဲ့ အလုပ်တစ်ခုပဲ”

ဘဆန်းချစ်က ရှေ့သို့တိုးလာသည်။

ယဉ်မင်းသူမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေပြီဖြစ်၍ လှေကားဆီသို့ လှည့်၍ပြေးသည်။

ဘဆန်းချစ်က. . .

“ဟေ့ ယဉ်မင်းသူ ပြန်လာစမ်း”

လှေကားအတိုင်း သူမပြေး၍ တက်သွားသည်။ မှောင်နေသော စင်္ကြံလမ်းအတိုင်းပြေးသွားပြီး လမ်းမသို့ ထွက်သည့်

တံခါးကို ဖွင့်လိုက်သည်။

ဘဆန်းချစ်မှာ လေကားထိပ်သို့ ရောက်လာသည်။ ယဉ်မင်းသူအား ဖမ်းမိနိုင်ရန်အတွက် သူ့အနေဖြင့် နောက်ကျသွားပြီ ဖြစ်သည်။

မှောင်မည်းနေသော လမ်းကြားကလေးအတိုင်း ယဉ်မင်းသူ ပြေးထွက်သွားသည်။

ဘဆန်းချစ်မှာ မည်သို့မျှ လိုက်၍မမီနိုင်တော့မှန်း သိသဖြင့် ငြိမ်သက်စွာ ရပ်၍ ကျန်ရစ်ခဲ့ပေတော့သည်။

***

## အခန်း (၂၂)

ဒေါက်တာပြည့်စုံ၏ အိမ်ရှေ့၌ လိမ္မော်ရောင် ပစ်ကပ်ကားတစ်စီး ထိုး၍ရပ်လိုက်၏။

ကားထဲမှ ဒိဗ္ဗထွက်လာပြီး. . .

"ခဏလောက် စောင့်ဦး"

ကားမောင်းသူ ဦးစန်းမောင်က. . .

"ကောင်းပါပြီ ဆရာ"

ဒိဗ္ဗက ဒေါက်တာပြည့်စုံ၏ အိမ်ရှေ့တံခါးကို သော့တွဲတစ်တွဲဖြင့် ဖွင့်သည်။ ခေတ္တမျှအကြာ၌ တံခါးပွင့်၍ သွားသည်။

အခန်းထဲသို့ ဝင်၍ သူလိုချင်သည်ကို ရှာဖွေသည်။

ဒေါက်တာပြည့်စုံ၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို ရှာခြင်း ဖြစ်သည်။ နေ့စဉ်မှတ်တမ်းစာအုပ်ကို ရှာ၍တွေ့လျှင် တံခါးကို ပြန်ပိတ်၍ သော့ခတ်လိုက်သည်။ ထို့နောက် ကားထဲသို့ ဝင် လိုက်သည်။

ကားမောင်းထွက်လာလျှင် ဒိဗ္ဗက. . .

"ကားကို ခပ်ဖြည်းဖြည်း မောင်း။ နောက်မှ ဘယ်နေရာ ကို မောင်းရမယ်ဆိုတာ ငါ ပြောမယ်"

ဒိဗ္ဗသည် နေ့စဉ်မှတ်တမ်းစာအုပ်ကို တစ်ရွက်ပြီး တစ် ရွက်လှန်၍ ကြည့်သည်။

နောက်ဆုံး စာမျက်နှာ. . .။

ဒေါက်တာပြည့်စုံရေးထားသည်ကို တွေ့လိုက်ရသည်

---------

ယနေ့ည ဂျူးဂျူးထံသို့သွားမည်။ ယခုည မသွား၍ လုံး မဖြစ်။ ယခု မသွားဖြစ်လျှင် နောက်မည်သည့်အခါမှသွားရန် မစဉ်းစားနှင့်တော့။

ဒိဗ္ဗထံမှ ဝေစုငွေအတော်များများ သူမရမည်။

ဂျူးဂျူးနှင့် ဒီဂျမ်းတို့ချစ်သူများဖြစ်ကြောင်း ဒိဗ္ဗ သိသွား လျှင် ဂျူးဂျူးတစ်ပြားတစ်ချပ်မှ ရလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်၏ ပါးစပ်ကို ပိတ်ထားနိုင်ရန်အတွက် သူမက ဝမ်းမြောက် ကျေနပ်



စွာဖြင့် ကျွန်ုပ်တောင်းသောငွေကိုပေးပေလိမ့်မည်။

ယနေ့ညအစည်းအဝေးအပြီး၌ သူမအိမ်သို့သွားမည်။ သူမ အကြီးအကျယ် အံ့အားသင့်သွားမည်မှာသေချာသည်။

----------

ဒိဗ္ဗ၏ မျက်လုံးများ ဒေါသအရိပ်အငွေ့များဖြင့် နီရဲ၍ လာသည်။ နေ့စဉ်မှတ်တမ်းစာအုပ်ကို ပိတ်လျက် အိတ်ထဲသို့ ထည့်လိုက်သည်။

ဒီဂျမ်းနှင့်ဂျူးဂျူးတို့သည် ချစ်သူများ. . .။

ဤအချက်ကို သူ့အနေနှင့် ယခုမှပင် သိရတော့သည်။

ဒိဗ္ဗသည် အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး ကြီးမား သော သူ၏ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ထိုနေ့ညက ဂျူးဂျူးထံသို့ ဒေါက်တာပြည့်စုံသွားပေလိမ့် မည်။ ထိုအချိန်၌ ဂျူးဂျူးထံတွင် ဒီဂျမ်းရောက်နေပေမည်။ ဒေါက်တာပြည့်စုံက သူ သိထားသော အချက်ကို ထုတ်ပြော ၍ ဒီဂျမ်းက ဒေါက်တာပြည့်စုံကို သတ်ပစ်လိုက်ခြင်းပင် ဖြစ် ရမည်။

ထို့အတွက်ကြောင့် ဂျူးဂျူးတစ်ယောက် မျက်စိပျက် မျက်နှာပျက် ဖြစ်နေခြင်းပင် ဖြစ်ပေလိမ့်မည်။

ဦးလှိုင်ဘွားဝံထံမှ ရနိုင်သည့်ငွေမှာ ကုဋေနှင့်ချီ၍ များ

ပြားလှသည်။ မယုံကြည်နိုင်လောက်အောင် များပြားလွန်းသည့် ငွေပင် ဖြစ်၏။ ထို့အတွက် သူ၏ အစ်ကိုဦးလှိုင်ဌေးဖ၏ အလောင်းကိုတွေ့ဖို့ အမြန်လိုသည်။

ဤကိစ္စကို ပထမဦးစွာ လုပ်ရမည်။

နောက်မှ ဂျူးဂျူးနှင့် ဒီဂျမ်းတို့ကို လက်တုံ့ပြန်ရန် သေချာစဉ်းစားမည်။

ယခုအချိန်၌ ဒီဂျမ်းကို အသုံးချစရာများ ရှိနေသေးသည်။

ဒိဗ္ဗသည် သူ၏ ဒေါသကို ထိန်းချုပ်လိုက်သည်။

ယဉ်မင်းသူဆိုသော ကောင်မလေးကိုလည်း တွေ့ရန် အရေးကြီးသည်။ ဤမြို့ကြီးပေါ်၌ လိုက်၍ရှာရန်မှာ မလွယ်ကူလှပေ။ အချိန်ကြာနိုင်ပေသည်။

"ထွန်းထက်ရဲ့အိမ်ကိုမောင်း"

ဒိဗ္ဗက ပြောလိုက်သဖြင့် ဦးစန်းမောင် ခေါင်းညိတ်သည်။

မိနစ်ပိုင်းအတွင်းမှာပင် ထွန်းထက်၏ အိမ်ရှေ့သို့ ရောက်၍ လာသည်။

"ခဏစောင့်နေ"

ဒိဗ္ဗက ခြံဝင်းထဲသို့ ခပ်သွက်သွက်ဝင်သွားသည်။

လူခေါ်ခေါင်းလောင်းကို ဖိ၍နှိပ်လိုက်၏။ ချက်ချင်း



ပင် တံခါးပွင့်၍လာ၏။

ထွန်းထက်က အံ့အားသင့်စွာဖြင့် ဒိဗ္ဗကို ကြည့်နေသည်။

"ဘာဖြစ်လာလို့လဲ ဆရာဒိဗ္ဗ"

ဒိဗ္ဗက အခန်းတွင်းသို့ဝင်သည်။

"ဦးလှိုင်ဌေးဖရဲ့အလောင်းကို ငါတို့အမြန်တွေ့မှ ဖြစ်မယ် ထွန်းထက်"

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"မင်းအနေနဲ့ အဲဒီအလောင်းကို တွေ့အောင်ရှာနိုင်မယ်လို့ ငါထင်တယ်။ ငါ့ကို အမြန်ဆုံး ရှာပေးပါ"

ထွန်းထက်က ဗီရိုတစ်ခုဆီသို့ လျှောက်၍သွားသည်။ ဗီရိုအတွင်းမှ အရုပ်တစ်ခုကို ထုတ်ယူလိုက်သည်။ အရုပ်ကလေးမှာ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်နှင့် မိန်းကလေးအရုပ်တစ်ခု ဖြစ်သည်။ ဦးခေါင်းပေါ်၌ ရွှေဝါရောင် ပိုးချည်များကို ဆံပင်အဖြစ် တပ်ဆင်ထားသည်။

ထွန်းထက်က မိန်းကလေးရုပ်၏ ဦးခေါင်းမှ ရွှေဝါရောင် ဆံပင်များကို အသာအယာပွတ်သပ်လိုက်သည်။

"ဆရာဒိဗ္ဗ ဒီ မိန်းကလေးအရုပ်က ကျွန်တော်တို့ကို အကူအညီပေးလိမ့်မယ်"

"ယဉ်မင်းသူကို ဒီဂျမ်းကလဲ လိုက်ရှာနေတယ်။ ဘယ်လောက်ထိ ကြာဦးမယ်မသိဘူး။ ငါ့အနေနဲ့ မစောင့်နိုင်တော့ဘူး"

ထွန်းထက်က မျက်စိကိုမှိတ်၍ ငြိမ်သက်စွာ စဉ်းစားလိုက်သည်။

ခေတ္တမျှကြာမှ ဖြည်းလေးစွာ တစ်လုံးချင်း ပြောသည်။

"ယဉ်မင်းသူ တစ်နေရာရာမှာ ရှိနေတယ်။ ကျွန်တော်တို့ သူ့ကိုရှာတွေ့ဖို့ တစ်နာရီကျော်ကျော်လောက် စောင့်ရလိမ့်မယ်။ ဆရာဒိဗ္ဗက ကန်သာယာပန်းခြံထောင့် တစ်နေရာမှာ ယဉ်မင်းသူကို တွေ့ရလိမ့်မယ်။အဲဒီနေရာမှာ ဆရာဒိဗ္ဗသွားပြီး စောင့်နေပါ။ ကောင်မလေး ရောက်လာမှာ သေချာတယ်"

ဒိဗ္ဗက နှုတ်ခမ်းကိုမဲ့လိုက်သည်။

မယုံကြည်နိုင်သော လေသံဖြင့်. . .

"ထွန်းထက် မင်း ဘာတွေ ပြောနေတာလဲ။ ငါက ဘယ်လိုယုံရမှာလဲ"

ထွန်းထက်က မိန်းကလေးရုပ်လေးကို ကြမ်းပြင်ကော်ဇောပေါ် သို့ပစ်ချလိုက်၏။ အရုပ်ကလေးမှာ ကော်ဇောပေါ်ရှိ အဝါရောင်လေးထောင့်ကွက်၏ ထောင့်တစ်နေရာ၌ ကျ၍နေသည်။



ထွန်းထက်က လက်ညှိုးညွှန်လျက်. . .

"ဟောဒီနေရာဟာ ကန်သာယာပန်းခြံထောင့်ပဲ။ ဒီ အရုပ်ကလေး ဟောဒီအဝါရောင်လေးထောင့်ကွက်ထဲရောက်သွားရင် ယဉ်မင်းသူ ပန်းခြံထောင့်ကို ရောက်လာလိမ့်မယ်။ စိတ်မာတ်အားချင်း ပြိုင်ကြည့်ကြတာပေါ့။ ဆရာဒိဗ္ဗအနေနဲ့ ယဉ်မင်းသူကိုတွေ့ရင် လုံးဝ စကားမပြောမိပါစေနဲ့။ သူ့နောက်ကပဲ လိုက်သွားပါ။ ဦးလှိုင်ငွေဇံရဲ့အလောင်းဘယ်မှာ ရှိတယ်ဆိုတာ သူက လမ်းပြသွားပါလိမ့်မယ်။ ကျွန်တော်ပြောတာ နားလည်ပါတယ်နော်။ ဆရာဒိဗ္ဗအနေနဲ့ စကားလုံးဝ မပြောပါနဲ့၊ ဆရာဒိဗ္ဗကိုလဲ သူ မမြင်ပါစေနဲ့"

ဒိဗ္ဗက ကော်ဇောပေါ်မှ မိန်းကလေးရုပ်လေးကို စိုက်၍ကြည့်လိုက်သည်။

ထို့နောက် စိတ်မပါသောလေသံဖြင့်. . .

"ကောင်းပြီလေ။ ငါ မင်းပြောတဲ့အတိုင်း ပန်းခြံထောင့်မှာ သွားစောင့်မယ်။ ငါ့ရဲ့ အဖိုးတန်တဲ့အချိန်တွေကိုတော့ မဖြုန်းပစ်ပါနဲ့"

ထွန်းထက်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဆရာဒိဗ္ဗအနေနဲ့ ကြာကြာစောင့်ချင်စောင့်ရမယ်။ ယဉ်မင်းသူ အဲဒီနေရာကို သေချာပေါက် ရောက်လာမှာပါ"

ဒိဗ္ဗ အခန်းထဲမှ ထွက်လိုက်သည်။

လမ်းပေါ်၌ ခေတ္တရပ်လိုက်သည်။

အဝေးဆီမှ မိုးထစ်ချုန်းသံကို ကြားလိုက်ရသည်ဟု ထင်မိသည်။

ထွန်းထက် နေထိုင်ရာ အပေါ်ထပ်ဆီမှာ ဒရမ်တီးသံကို ကြားလိုက်ရသည်။

ဒရမ်တီးခတ်သံမှာ အချက်ကျကျ မြည်ဟီး၍နေ၏။

သူ၏ အာရုံကြောများအတွင်းသို့ပြင်းထန်သောမုန်တိုင်းတစ်ခု တိုးဝင်တိုက်ခတ်လာသည့်နှယ် ခံစားလိုက်ရသည်။

ကြီးမားပြင်းထန်သော ဒီလှိုင်းလုံးကြီးများ၊ အရှိန်အဟုန်မြင့်မားစွာ ထိုး၍ တက်လာသကဲ့သို့ ခံစားနေရသည်။ ဒရမ်တီးသံတွင် ထူးခြားဆန်းပြားသော တန်ခိုးအာနိသင်များ ပါဝင်သည်ဟု မှတ်ထင်ရလေသည်။

ဒိဗ္ဗက ကားဆီသို့ ခပ်သွက်သွက်လျှောက်သွားသည်။

ကားမောင်းသူ ဦးစန်းမောင်က ချောက်ချားသော အသံဖြင့်

"ဆရာဒိဗ္ဗ ဘာသံလဲ မသိဘူး။ အသံကြားတာနဲ့ ကျွန်တော်တော့ ကြောက်နေတယ်။ ဆရာ သေသေချာချာ နားထောင်ကြည့်ပါလား"



ဒိဗ္ဗက ကားထဲသို့ ဝင်ထိုင်လိုက်ပြီး. . .

"ဘာသံမှ မဟုတ်ပါဘူး။ ထွန်းထက် ဒရမ်တီးနေတာပါ"

ဦးစန်းမောင်က စိတ်မသက်သာသောအမူအရာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

ဒိဗ္ဗက မျက်နှာကိုလက်ဝါးဖြင့် တစ်ချက်ပွတ်သပ်လိုက်ပြီး. . .

"ကန်သာယာ ပန်းခြံထောင့်ကို မောင်း။ အဲဒီမှာ ကောင်မလေးတစ်ယောက်နဲ့ ငါတို့တွေ့ကြရအောင်"

. . . . . . . . . .

***

အခန်း(၂၃)

တက္ကစီကားပေါ်မှ စဝ်ရန်နိုင် ဆင်းလိုက်သည်။

ဦးမိုးကောင်း၏ အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

ချက်ချင်းပင် ဦးမိုးကောင်းက တံခါးဖွင့်ပေးသည်။

"လာ စဝ်ရန်နိုင်"

အခန်းတွင်းရောက်လျှင် ဦးမိုးကောင်းက. . .

"မင်းကို ကြည့်ရတာ ပင်ပန်းနေပုံပဲ။ အေးအေးဆေးဆေး ထိုင်ပါဦး။ မင်းကို ငါ ပြောစရာတွေ ရှိတယ်။ ကဲ အခု ဘာသောက်မလဲ"



စဝ်ရန်နိုင်က ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်သည်။

"အဆင်ပြေတာ တစ်ခုခုပေါ့။ ကဲ ခင်ဗျားပြောစရာ ရှိတာတွေ မြန်မြန်ပြော"

ဦးမိုးကောင်းက ဘလက်ခ်လေဘယ်လ် အသစ်တစ်လုံးနှင့်ဖန်ခွက်နှစ်လုံးယူ၍ စားပွဲပေါ်တင်သည်။ ရေခဲသေတ္တာထဲမှ ရေခဲတုံးလေးများကို ခွက်တစ်ခုထဲ၌ ထည့်၍ ယူလာသည်။

ဝီစကီနှင့်ရေခဲရောစပ်ပြီး စဝ်ရန်နိုင်ဘက်သို့ ဖန်ခွက်တစ်ခွက် တွန်းပေးလိုက်သည်။

ဦးမိုးကောင်းက. . .

"ငါ အစကနေ ပြောမှ ဖြစ်မယ်။ ဒါမှ မင်းနားလည်သွားမယ်။ ငါ့ရဲ့အိမ်ငှား ယဉ်မင်းသူဆိုတဲ့ကောင်မလေးအတွက် ငါ အတော်လေး စိတ်ပူနေတယ်"

ဦးမိုးကောင်းက ယဉ်မင်းသူထံသို့လာသည့် 'တိုးမြင့်' ဆိုသူအကြောင်းမှစ၍ ပြောသည်။ ထို့နောက် "ဘဆန်းချစ် အေဂျင်စီ"ထံသို့ အလုပ်ရရန်အတွက် သွားရန် စာအကြောင်း ပြောသည်။

စဝ်ရန်နိုင်က ဝီစကီအနည်းငယ်မျှ သောက်လိုက်ပြီး

"ဘဆန်းချစ် အေဂျင်စီရဲ့ လိပ်စာက သေချာရဲ့လား"

"သေချာတယ်။ သူ့ကိုကော မင်းသိရဲ့လား"

စဝ်ရန်နိုင်က မတင်မကျ ပြောသည်။

"အင်း. . . သူ့ရဲ့ အေဂျင်စီကိုတော့ ကြားဖူးပါတယ်"

ဘဆန်းချစ်၏နောက်သို့ မိမိ၏အဖွဲ့မှ တိတ်တဆိတ် လိုက်ပါစုံစမ်း၍ နေသည်။ ကုန်တိုက်တစ်ခု၌ ဖက်ရှင်ဝတ်စုံများ ဝတ်ဆင်ပြသရသူ 'နီလာချို'ဆိုသည့် မိန်းမပျိုတစ်ဦး ထူးဆန်းစွာ ပျောက်ဆုံးနေသည့်ကိစ္စနှင့်ပတ်သက်ပြီး ဘဆန်းချစ် အပေါ်၌ သင်္ကာမကင်း ဖြစ်၍နေသည်။

ရာဇဝတ်မှုနှိမ်နင်းရေးအထူးအဖွဲ့မှ ဘဆန်းချစ်၏ အခြေအနေကို စောင့်၍ ကြည့်နေသည်မှာ အတော်ကြာပြီ ဖြစ်သည်။ ဘဆန်းချစ်သည် မိန်းမပျိုကလေးများအတွက် အလုပ်အကိုင် ရှာဖွေပေးသူတစ်ဦး ဖြစ်သည်။ သူ၏လုပ်ငန်းရှာဖွေရေးအေဂျင်စီနှင့်အခန်းငှားစားသည့်လုပ်ငန်းမှ ပုံမှန်ဝင်ငွေရနေသူ ဖြစ်သည်။

ထို့နောက် ဦးမိုးကောင်းက ယဉ်မင်းသူထံသို့ သေတ္တာကြီးတစ်လုံး ရောက်ရှိလာကြောင်း၊ ယဉ်မင်းသူ တုန်လှုပ်ချောက်ချားသွားကြောင်း၊ နောက်တစ်နေ့ည၌ လူတစ်ဦးနှင့်အတူ သူမ ရောက်လာပြီး သေတ္တာကြီးကို ယူသွားကြောင်း ပြောသည်။ ယဉ်မင်းသူနှင့်အတူပါလာသူ၏ ပုံသဏ္ဌာန်ကို ဦးမိုးကောင်းက သေချာစွာ ပြောပြသည်။



စဝ်ရန်နိုင်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"အဲဒီလူဟာ ဘဆန်းချစ်ဖြစ်ဖို့များတယ်"

. . . . . . . . .

ထို့နောက် ဦးမိုးကောင်းက သေတ္တာမှ အနံ့တစ်မျိုးထွက်နေကြောင်း ပြောသည်။ သေတ္တာကြီးထဲ၌ အလောင်းတစ်လောင်း ရှိနေနိုင်ကြောင်းကိုပါ ပြောသည်။

စဝ်ရန်နိုင် ငြိမ်သက်စွာ စဉ်းစားကြည့်သည်။

နီလာချိုဆိုသည့် မိန်းမပျိုတစ်ဦး ပျောက်နေသည်။ သူမ၏ မိဘများက တိုင်ချက်ဖွင့်ထားသည်။ မည်သို့မျှ ရှာ၍ မတွေ့နိုင်ဘဲ ဖြစ်နေသဖြင့် အသတ်ခံရခြင်းဖြစ်နိုင်သည်။ နီလာချိုနှင့်ပတ်သက်၍ ဘဆန်းချစ်အပေါ်၌ သင်္ကာမကင်းဖြစ်ထားသည်။ ယခု ဘဆန်းချစ်နှင့် ယဉ်မင်းသူတို့က သေတ္တာကြီး တစ်လုံး ယူသွားကြသည်။

ဦးမိုးကောင်းက. . .

"အဲဒီသေတ္တာကြီးထဲမှာ အလောင်းတစ်လောင်း ရှိနေမှာ သေချာတယ်"

"အချက်တစ်ခုရရုံလောက်နဲ့ အဖြေထုတ်လို့ မရသေးဘူး ဦးမိုးကောင်းရဲ့။ ကျွန်တော် ယဉ်မင်းသူနဲ့တွေ့ပြီး နည်းနည်းပါးပါးလောက် မေးကြည့်မယ်။ ဒါပေမယ့် သူ့ကို ကြောက်

လန့်သွားတာမျိုး မဖြစ်စေချင်ဘူး။ သူ့ဆီမှာ ဖြေရှင်းချက်တော့ ရှိမှာပဲ"

ထိုစဉ်မှာပင်. . .

အပြင်ဘက်တံခါးပြန်၍ပိတ်သံ၊ လှေကားမှ တစ်စုံတစ်ဦး ပြေးတက်သွားသံတို့ကို ကြားလိုက်ရသည်။

ဦးမိုးကောင်းက လက်တစ်ဖက်ကိုမြှောက်လိုက်ပြီး. . .

"အဲဒါ ယဉ်မင်းသူပဲ"

"သူနဲ့စကားပြောရအောင် အောက်ထပ်ကို ခေါ်လိုက်ပါလား။ မိတ်ဆွေဟောင်းတစ်ယောက်က တွေ့ချင်တယ်လို့ ပြောပါ"

ဦးမိုးကောင်းက ခေါင်းခါလိုက်၏။

"ဟာ မဖြစ်ဘူး။ သူက ဘယ်သူနဲ့မှ အရောတဝင် နေတာမျိုး မရှိဘူး။ လာမယ်လို့မထင်ဘူး"

စစ်ရန်နိုင်က ခေတ္တမျှ စဉ်းစားနေသည်။

"လွယ်ပါတယ်။'တိုးမြင့်' ဆီက လူတစ်ယောက် အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ လာတယ်လို့ ပြောလိုက်ပါ။ ဒါဆို သူ ဆင်းလာမှာပဲ"

"ကောင်းပြီ။ အောက်ကိုရောက်ရင် မင်း ဘယ်လို ပြောမလဲ"



"ဒါ. . . ကျွန်တော့်အလုပ်ပါ။ ခင်ဗျားသာ အခုချက်ချင်း သွားပြောပါ"

ဦးမိုးကောင်း လှေကားထစ်များအတိုင်း အပေါ်သို့ တက်၍သွားသည်။

ငါးမိနစ်မျှအကြာတွင် ဦးမိုးကောင်းနှင့် ယဉ်မင်းသူတို့ အခန်းထဲရောက်လာကြသည်။

ဦးမိုးကောင်းက-

"ဒါ ယဉ်မင်းသူပါ"

ဦးမိုးကောင်းက တံခါးပိတ်လိုက်ပြီး. . .

"ယဉ်မင်းသူ။ဟောဒါ မင်းကိုတွေ့ချင်တယ်လို့ ပြောတဲ့လူ။ သူ့ရဲ့နာမည်က 'စစ်ရန်နိုင်'လို့ ခေါ်တယ်"

စစ်ရန်နိုင်က နူးညံ့စွာ ပြုံးလိုက်သည်။

"အခုလိုအချိန်မျိုးမှာ တွေ့ရတာမို့ အနှောင့်အယှက်ပေးသလိုဖြစ်ရင် ခွင့်လွှတ်ပါ ယဉ်မင်းသူ။ ခဏလောက် ထိုင်ပါဦး"

ယဉ်မင်းသူက မျက်မှောင်လေးကြုတ်၍ စစ်ရန်နိုင်ကို ကြည့်နေပေသည်။ ခေတ္တမျှ ငြိမ်၍နေပြီးမှ ထိုင်ခုံတစ်လုံး၌ ဝင်၍ ထိုင်လိုက်သည်။

ဦးမိုးကောင်းက. . .

"ငါ လက်ဖက်ရည်သွားဖျော်လိုက်ဦးမယ်"

"ကျွန်တော် စကားပြောပြီးရင် ခင်ဗျားကို လှမ်းခေါ် လိုက်မယ်"

ဦးမိုးကောင်း ထွက်သွားလျှင် စဝ်ရန်နိုင်က. . .

"တိုးမြင့်နဲ့ခင်ဗျား သိကြတယ်လို့ ဦးမိုးကောင်းက ပြော ထားတယ်"

ယဉ်မင်းသူ၏ ခန္ဓာကိုယ် အေးစက်တောင့်တင်းသွား သည်။

သူမ၏စိတ်ထဲ၌ တုန်လှုပ်၍လာသည်။

"တိုးမြင့်ကို ကျွန်မ ရင်းရင်းနှီးနှီး မသိပါဘူး"

စဝ်ရန်နိုင်က တည်ငြိမ်အေးဆေးစွာ ပြောသည်။

"ကျွန်တော်နဲ့သူက သူငယ်ချင်းတွေပါ။ဒါပေမယ့် သူနဲ့ မတွေ့တာ အတော်လေးကြာသွားပြီ။ အခု သူ ဒီကို လာတယ် ကြားလို့ သူ့ကို ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ ခင်ဗျား သိ မယ်ထင်ပါတယ်"

ယဉ်မင်းသူ၏ ရင်ထဲ၌ အေးစိမ့်စွာ ခံစားနေရသည်။ စဝ်ရန်နိုင်၏ စကားများ မမှန်ကြောင်း သူမ ကောင်းစွာသိ၍ နေသည်။ တိုးမြင့်၌ ခင်မင်ရင်းနှီးသည့် အခြားမိတ်ဆွေဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တိုးမြင့်က တိကျစွာ ပြော



ထားသည်။

ယဉ်မင်းသူက. . .

"ကိုတိုးမြင့် ဘယ်မှာနေတယ်ဆိုတာ ကျွန်မ လုံးဝ မသိ ဘူး။ သူ့ကိုလဲ ကျွန်မ သေသေချာချာ မသိဘူး"

"ကျွန်တော်ကတော့ ခင်ဗျားသိမယ်လို့ ထင်နေတယ်။ ခင်ဗျားဘက်က မသိရင်တော့ တခြားနည်းလမ်းတစ်ခု ရှာရလိမ့် မယ်"

"အဲဒါ ပို အဆင်ပြေပါလိမ့်မယ်"

ယဉ်မင်းသူ ထိုင်ရာမှ ထ၍ ရပ်လိုက်ပြီး. . .

"ကျွန်မ အရမ်းပင်ပန်းနေတယ်။ အနားယူချင်နေပြီ"

ယဉ်မင်းသူက သူမ၏ နဖူးပြင်ပေါ်၌ လက်တင်၍ ခေတ္တမျှ ရပ်နေသည်။ သူမ၏ မျက်လုံးများ လေးလံထိုင်းမှိုင်း၍ ကြောက်ရွံ့နေကြောင်း ပေါ်လွင်၍နေသည်။

စဝ်ရန်နိုင်က သူမကိုကြည့်လိုက်သည်။ သူမ အမှန်တ ကယ် အားအင်ဆုတ်ယုတ်ပင်ပန်းနွမ်းနယ်၍ နေပေသည်။ မျက် နှာပြင်တစ်ခုလုံး ဖြူဖွေး၍နေပြီး သူရှိနေသည်ကိုပင် ဂရုမပြု နိုင်သကဲ့သို့ ဖြစ်၍နေသည်။

ယဉ်မင်းသူသည် သူမ၏ နားထင်ကိုလက်ဖြင့် ဖိနှိပ် လျက် ရှေ့တိုးနောက်ငင် ယိမ်းယိုင်၍နေ၏။

စဝ်ရန်နိုင်က သူမအနီးသို့သွားပြီး. . .

"မယဉ်မင်းသူ ခင်ဗျား နေမကောင်းဘူးလား"

စဝ်ရန်နိုင် ပြောသည်ကို သူမ ကြားမိပုံမပေါ် ပေ။

စဝ်ရန်နိုင်က သူမ၏ လက်မောင်းကို ညင်သာစွာ ကိုင်၍ လှုပ်ပြီးပြောသည်။

"မယဉ်မင်းသူ ခင်ဗျား ဘာဖြစ်နေတာလဲ"

သူမက ညည်းညူသောအသံတိုးတိုးဖြင့် ပြောသည်။

"ဘယ်သူလဲ မသိဘူး။ ဒရမ်တီးနေတယ်။ ရှင် သေသေချာချာ နားထောင်ကြည့်။ တစ်ယောက်ယောက် ဒရမ်တီးနေတယ်။ ရှင် မကြားမိဘူးလား"

စဝ်ရန်နိုင်နားစွင့်၍ ကြည့်သည်။

မည်သည့်အသံမျှ မကြားရ။

"ကျွန်တော် ဘာသံမှ မကြားရဘူး"

ယဉ်မင်းသူက ထိတ်လန့်တုန်လှုပ်စွာဖြင့် စဝ်ရန်နိုင်ကို စိုက်၍ကြည့်သည်။

"ဟော ရှင် သေသေချာချာ နားထောင်။ ဒရမ် ဆက်တီးနေတယ်။ ကျွန်မရဲ့ခေါင်းထဲဝင်ပြီး တီးနေသလိုပဲ"

ယဉ်မင်းသူမှာ ငိုတော့မလို၊ ရယ်တော့မလိုဖြစ်နေပြီး ပေါက်ကွဲစွာ အော်ဟစ်လိုက်သည်။



"အို. . . ဒရမ်တီးတဲ့အသံက ပိုပြီးကျယ်လာတယ်။ ရှင် မကြားဘူးလား။ အခု ဆက်ပြီးတော့ ဒရမ်ကို တီးနေတယ်"

စဝ်ရန်နိုင်က မျက်မှောင်ကြုတ်လျက်. . .

"ဟာ ဘာမှမကြားရဘူး။ မဖြစ်နိုင်တာတွေ"

ယဉ်မင်းသူ အမှန်တကယ် ထိတ်လန့်တုန်လှုပ်နေကြောင်း သိလိုက်ရသဖြင့် စဝ်ရန်နိုင်၏ တစ်ကိုယ်လုံး အေးစိမ့်၍သွားမိသည်။

တစ်ခုခုဖြစ်လာတော့မည်ဟု အလိုလိုသိ၍လာသည်။

"သတိထားစမ်းပါ ယဉ်မင်းသူ။ ခင်ဗျားစိတ်က ထင်နေတာပါ။ ဘယ်သူကမှ ကျယ်ကျယ်လောင်လောင်နဲ့ ဒရမ်တီးမနေပါဘူး"

ယဉ်မင်းသူက နားနှစ်ဖက်ကို လက်ဖြင့် တင်းကျပ်စွာ ပိတ်လျက်အော်သည်။

"ကျွန်မရဲ့ ဦးနှောက်ထဲမှာ ဒရမ်သံတွေ မြည်နေတယ်။ ရပ်. . . ရပ်လိုက်စမ်း။ ရပ်လိုက်ပါ"

သူမကိုကြည့်၍ စဝ်ရန်နိုင် ကိုယ်တိုင်ပင်လျှင် ထိတ်လန့်သွားသည်။ အခြေအနေက ပုံမှန်အခြေအနေ မဟုတ်။ တစ်စုံတစ်ရာ ထူးခြားစွာ မှားယွင်း၍နေပေပြီ။

"ဘာသံမှမကြားရပါဘူး။ ဘာ ဒရမ်မှလဲ မရှိပါဘူး"

ယဉ်မင်းသူမှာ နောက်ဘက်သို့ တဖြည်းဖြည်း ဆုတ်သွားသည်။ တံခါးကို ဆွဲဖွင့်၍ လှေကားအတိုင်း ပြေးတက်သွားသည်။

ယဉ်မင်းသူထံမှ ငိုသံ လွင့်ပျံ့၍ ပေါ်လာသည်။

ဦးမိုးကောင်း မီးဖိုဆောင်မှ ပြေးထွက်လာသည်။

"မင်း သူစိတ်ဆင်းရဲအောင် ဘာတွေ ပြောလိုက်တာလဲ"

"ကျွန်တော် ဘာမှမပြောလိုက်ရပါဘူး။ သူ့ကိုကြည့်ရတာ တစ်ခုခု မှားနေပြီနဲ့တူတယ်။ သူ စိတ်ထိခိုက်နေတာတော့ အမှန်ပဲ။ သူခေါင်းထဲမှာ ဒရမ်တီးသံကြားနေရတယ်လို့ ပြောတယ်"

ဦးမိုးကောင်းက အံ့သြစွာဖြင့်. . .

"ဘာ ဒရမ် ဟုတ်လား။ ဘယ်က ဒရမ်လဲ"

"ဒါတော့ ကျွန်တော်လဲ မသိဘူး။ တစ်ယောက်ယောက်က သူ့ရဲ့စိတ် ချောက်ချားအောင် လုပ်လိုက်တာပဲ ဖြစ်မယ်။ သူ ဘာပြောချင်တာလဲ။ သူပြောသလို တစ်ယောက်ယောက်က တကယ်ပဲ ဒရမ်တီးနေတာလား"

ဦးမိုးကောင်း၏ မျက်လုံးအစုံ ပြူးကျယ်၍သွားသည်။ စိုးရိမ်သော လေသံဖြင့်. . .



"ဒါဆို ကောင်မလေးအတွက် ဆရာဝန်ခေါ်ရင် ကောင်းမယ်ထင်တယ်"

စဝ်ရန်နိုင် လက်ကာပြလိုက်ပြီး. . .

"ခဏ သေသေချာချာ နားထောင်ကြည့်"

အပေါ်ထပ်ဆီမှ အသံတစ်သံကို ကြားလိုက်ရသည်။

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း"

စည်းချက်မှန်မှန်ဖြင့် ထွက်ပေါ်နေသည့်အသံ။

စဝ်ရန်နိုင်က လှေကားအတိုင်း ပြေးတက်သွားသည်။ ဦးမိုးကောင်းက တုန်ချည့်တုန်ချည့်ဖြင့် လိုက်လာသည်။

တံခါးအပြင်၌ ရပ်၍ နားထောင်လိုက်၏။

စဝ်ရန်နိုင်က ခေါင်းခါလိုက်ပြီး. . .

"စားပွဲကို လက်သီးနဲ့ ထုနေတဲ့အသံပဲ။ သူပြောတဲ့ ဒရမ်တီးသံမျိုးပဲ ဖြစ်မယ်ထင်တယ်"

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း. . . "

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . "

စားပွဲကို ထုနေသည့်အသံက ဆက်၍ ထွက်ပေါ်နေသည်။

ထိုအသံက ထိတ်လန့်ချောက်ချားစရာကောင်း၍ နေ၏။

ရုတ်တရက်. . .

အသံရပ်၍သွားသည်။

ဖြတ်၍ လျှောက်လာသည့် ခြေသံကို ကြားလိုက်ရပြီး တံခါးပွင့်၍ သွားသည်။

ယဉ်မင်းသူ အပြင်သို့ ထွက်လာသည်။

သူမ၏ မျက်နှာမှာ ဖြူဖွေး၍နေပြီး မျက်လုံးများမှာ ဘာမျှမမြင်ရသကဲ့သို့ ကြောင်၍နေ၏။ စဝ်ရန်နိုင်နှင့် ဦးမိုးကောင်းတို့နှစ်ဦးအား မမြင်သကဲ့သို့ ဘေးမှ ကျော်ဖြတ်၍ လှေကားထိပ်သို့ လျှောက်၍သွားသည်။

စဝ်ရန်နိုင်က သူမအနီးကပ်၍. . .

"ယဉ်မင်းသူ"

သူမက လုံးဝလှည့်မကြည့်ပေ။ ကြားမိပုံလည်း မရပေ။

ယဉ်မင်းသူက စက်ရုပ်တစ်ခုကဲ့သို့ တောင့်၍ ရွေ့လျားနေပေသည်။ မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်နေပြီး ဘာမျှမမြင်ရသကဲ့သို့ ရှိနေသည်။ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ကပ်၍ တင်ထားပြီး လှေကားအတိုင်း တရွေ့ရွေ့ဖြင့် အောက်ဘက်သို့ ဆင်းသွားသည်။

"အိပ်မက်ထဲမှာ ထပြီး လမ်းလျှောက်နေတဲ့ အတိုင်းပဲ"

စဝ်ရန်နိုင်က သူမနောက်မှ ပြေး၍လိုက်သွားသည်။



ယဉ်မင်းသူက အိမ်ရှေ့တံခါးကိုဖွင့်၍ လမ်းပေါ်သို့ ထွက်လိုက်သည်။

စဝ်ရန်နိုင်က. . .

"ဦးမိုးကောင်း ဘာမှစိတ်မပူနဲ့။ သူ့နောက်က ကျွန်တော်လိုက်သွားမယ်။ တစ်ခုခု မှားနေတာတော့သေချာတယ်"

လမ်းပေါ်၌ လျှောက်၍သွားသည့် ယဉ်မင်းသူ၏ သေသွယ်သော အရိပ်နောက်သို့ စဝ်ရန်နိုင်က သွက်လက်စွာ လိုက်ပါ၍ သွားလေသည်။

***

## အခန်း (၂၄)

ဒေါက်တာပြည့်စုံထံ၌ နေ့စဉ်မှတ်တမ်းစာအုပ်ထားရှိကြောင်း သိထားသည်မှာ ဒိုဗွအပြင် ဒီဂျမ်းပါ သိထားသည်။

ထိုနေ့စဉ်မှတ်တမ်း၏ အန္တရာယ်ကြီးမားမှုကို ဒီဂျမ်းကောင်းစွာ သိထားသည်။ ထို့ကြောင့် ဒေါက်တာပြည့်စုံ၏ အိမ်သို့ ကားဖြင့်အမြန်လာခဲ့သည်။

သို့သော် သူသည် ဒိုဗွထက် နှစ်မိနစ်သာသာခန့် နောက်ကျပြီးမှ ဒေါက်တာပြည့်စုံ၏ အိမ်ရှေ့သို့ ရောက်သည်။

လက်ထဲ၌ သေနတ်ကိုင်လျက် မည်သို့ပြုလုပ်ရမည်ကို ဒီဂျမ်း မဝေခွဲနိုင်အောင် ဖြစ်နေသည်။



ဒိုဗွထံမှ နေ့စဉ်မှတ်တမ်းကို လုယူရန် စဉ်းစားသည်။ ဒိုဗွကလည်း လွယ်လင့်တကူ ပေးမည်မဟုတ်။

ဤသို့ဆိုလျှင် ဒိုဗွကို သတ်ပစ်မှ ဖြစ်ပေမည်။ ဒိုဗွကို သတ်လျှင် သူ၏ ကားမောင်းသူ ဦးစန်းမောင်ကိုပါ သတ်ရပေတော့မည်။ ဦးစန်းမောင်ကား ခပ်ညံ့ညံ့ထဲမှ မဟုတ်။ ဦးစန်းမောင်ထံ၌ သေနတ်တစ်လက်အမြဲရှိသည်။ ဒိုဗွကို သတ်ရန်ကြိုးစားသည်နှင့် ဦးစန်းမောင်ကလည်း သူ့ကို သတ်ပေလိမ့်မည်။

တွေဝေစွာ စဉ်းစားနေစဉ် အိမ်ထဲမှ ဒိုဗွထွက်လာသည်။ ကားထဲသို့ ဝင်ထိုင်လိုက်စဉ် ဒီဂျမ်းရှေ့သို့ တိုးထွက်သည်။ သို့သော် သူနောက်ကျသွားပေပြီ။ ဒိုဗွ၏ကားမှာ လမ်းမကြီးပေါ်၌ မောင်းနှင်ထွက်သွားပြီ ဖြစ်သည်။

ဒီဂျမ်းက ချောင်းကြည့်သော နေရာမှ အမြန်ထွက်သည်။ သူ၏ကားဆီသို့ပြေးသွားပြီး ဒိုဗွ၏ ကားနောက်မှ လိုက်သွားသည်။

ကားမောင်း၍ မိနစ်အနည်းငယ်မျှ ကြာချိန်၌ ဒိုဗွသည် ထွန်းထက်၏ နေအိမ်သို့ သွားနေကြောင်း သိလိုက်သည်။ ထွန်းထက်၏ အိမ်သို့အဘယ်ကြောင့်သွားသည်ကို ဒီဂျမ်း စဉ်းစား၍ မရနိုင်ဘဲ ဖြစ်နေမိသည်။

ထွန်းထက်၏ အိမ်နှင့် ကိုက်တစ်ရာခန့်ကွာသောနေရာ၌ ကားကိုရပ်သည်။ ထွန်းထက်၏အိမ်ထဲသို့ ဝင်သွားသည့် ဒိဗ္ဗကို လှမ်း၍မြင်လိုက်ရသည်။ ဒီဂျမ်းသည် အိမ်တစ်အိမ်၏ ဆင်ဝင်ပေါက်အဝအမှောင်ရိပ်၌ ဝင်၍ခိုပြီး ရပ်လိုက်သည်။

ဒိဗ္ဗကို မျက်ခြည်ပြတ်ခံ၍ မဖြစ်တော့။

ဒိဗ္ဗသည် ဦးလှိုင်ဘွားဖဲထံမှ ငွေများအားလုံးရရန် မဖြစ်မနေ ကြိုးစားပေတော့မည်။ ဒိဗ္ဗကိုတား၍ ရတော့မည် မဟုတ်ကြောင်း သူ သိသည်။ ဒိဗ္ဗသည် ကြောက်စရာကောင်းသူ ဖြစ်သည်။ သူ့ကိုအခွင့်အရေးတစ်ချက်မျှပေး၍ မဖြစ်။

ဒိဗ္ဗ ငွေများရသည်ဟု သိရသည်နှင့် ဒိဗ္ဗကို ရှင်းပစ်ရန် ဆုံးဖြတ်လိုက်သည်။

ကားဘေး၌ ဦးစန်းမောင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍နေသည်။ ဒီဂျမ်းသည် အမှောင်ထုထဲ တိုးဝင်၍ ငြိမ်သက်စွာ စောင့်ဆိုင်းကြည့်ရှုနေပေသည်။

မိနစ်နှစ်ဆယ်ကျော်အကြာ၌ ဒိဗ္ဗထွက်လာသည်။

ဦးစန်းမောင်နှင့် ရပ်၍ စကားပြောပြီး ကားထဲဝင်သွားသည်။

ဒီဂျမ်းက သူ၏ကားဆီသို့ပြေးသွားရပြန်သည်။ ဒိဗ္ဗ၏ ကားနောက်မှလိုက်၍လာသည်။ ဒိဗ္ဗသည် မည်သည့်နေရာသို့



သွားမည်နည်း။ ဂျူဂျူထံသို့လော။ ဦးလှိုင်ဌေးဖဲ၏ အလောင်းနောက်သို့လိုက်ခြင်းပင်လော. . . ။

ဒီဂျမ်း ဒေါသဖြစ်၍လာသည်။

ဦးလှိုင်ဌေးဖဲ၏ အလောင်းကိုတွေ့အောင် မည်သို့ ရှာရမှန်း ဒီဂျမ်းမသိပေ။ သို့သော် ဒိဗ္ဗအနေဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ စဉ်းစားဆုံးဖြတ်သိရှိထားပြီးပြီ ဖြစ်ကြောင်း သေချာစွာ သိလိုက်သည်။

ဒိဗ္ဗ၏ကားသည် ဂျူဂျူထံသို့ သွားခြင်းမဟုတ်ပေ။ မော်တော်ကားသည် နန်းမြင့်ဗဟိုရ်ဟိုတယ်ကို ကျော်ဖြတ်၍ သွားသည်။

ဒိဗ္ဗ၏ ကားသည် ကန်သာယာပန်းခြံအတွင်းသို့ ကွေ့၍ ဝင်သွားပြီးမှ ရပ်လိုက်သည်။ ဒီဂျမ်းက ကားကို ပန်းခြံ ဝင်ပေါက်နှင့် မလှမ်းမကမ်း၌ ရပ်တန့်လိုက်သည်။ ဒီဂျမ်း သူ၏ ကားကိုထားပြီး ဒိဗ္ဗ၏ ကားရှိရာသို့ ဆက်ပြေးလာသည်။

ဒိဗ္ဗနှင့်ဦးစန်းမောင်တို့နှစ်ဦးလုံး ကားထဲ၌ပင် ထိုင်နေကြသည်။ ဒိဗ္ဗက ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ၍ သောက်နေသည်။ မိနစ်ပေါင်းအတော်ကြာသည်အထိ ဒိဗ္ဗတို့နှစ်ဦး မလှုပ်ရှားဘဲ ငြိမ်၍နေကြသည်။ ဒီဂျမ်း စိတ်မရှည်နိုင်အောင် ဖြစ်လာရသည်။ ဒီဂျမ်းသည် သူတို့နှစ်ဦး မမြင်အောင် ပုန်းအောင်း

၍ ကြည့်ရှုနေရသည်။

ဒီဂျမ်းမှာ စိတ်ပျက်လက်ပျက်ဖြင့် ပျင်းရိစွာ စောင့်ကြည့်နေရပေသည်။ ဒိဗ္ဗသည် မည်သည့်အရာကို ငြိမ်သက်စွာ စောင့်ဆိုင်းနေသနည်း။ ဤအချက်သည် အရေးကြီးသော အချက်တစ်ခုဖြစ်နိုင်သည်ဟု ဒီဂျမ်းတွေးမိသည်။

မိနစ်ပေါင်းများစွာ ရွေ့လျား၍လာသည်။

ဒိဗ္ဗသည် ကားတံခါးကိုဖွင့်၍ အပြင်သို့ထွက်လိုက်၏။ လရောင်အောက်၌ လင်းနေသည့်လမ်းမကြီးကို ငေးမျှော်၍ ကြည့်နေပေသည်။

ဒိဗ္ဗမှာ စိတ်လှုပ်ရှား၍နေ၏။

လတ်တလော အခြေအနေ၌ သူသည် ဂျူးဂျူး၏ အိမ်သို့သွားချင်သည်။ သူမအား ရိုက်၍ဆုံးမချင်နေသည်။ သူ၏ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ဂျူးဂျူးကို သူ ဒေါသအလျောက် ရိုက်မိလျှင် အဆုံးထိရိုက်နှက်မိမည်မှာ သေချာသည်။ ချက်ချင်းပင် ထိုအတွေးကို ဖယ်ထုတ်လိုက်သည်။ ထိုသို့ပြုလုပ်ခြင်းသည် သူ့အတွက် စိတ်ချလုံခြုံမှု မရှိမှန်း သိသည်။ ဂျူးဂျူးနှင့် ဒီဂျမ်းကို အကောင်းဆုံး လက်တုံ့ပြန်ရန် စဉ်းစားမိပြန်သည်။ သူတို့နှစ်ဦးကို သတ်၍ သူကိုယ်တိုင်က သံတိုင်များကြားမှတစ်ဆင့် ကြိုးစင်ပေါ်သို့ မတက်နိုင်ပေ။



ဒိဗ္ဗသည် မျက်နှာကို မဲ့ပစ်လိုက်သည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ဒိဗ္ဗ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

ဒီဂျမ်းမှာ အိပ်ချင်နေပြီ ဖြစ်၏။ အကြိမ်ကြိမ်သမ်းဝေ၍ နေမိသော်လည်း ဒိဗ္ဗကို လုံးဝ အလစ်မပေးရဲပေ။ ဒိဗ္ဗ၏ လှုပ်ရှားမှုမှန်သမျှကို စက္ကန့်ပိုင်းနှင့်အမျှ စောင့်ကြည့်ရန် လိုနေပေသည်။

ဒိဗ္ဗသည် လေးလံထိုင်းမှိုင်း၍ အိပ်ချင်လာ၏။ ကားထဲသို့ ပြန်ဝင်၍ ထိုင်ချလိုက်သည်။ အိပ်ငိုက်၍ လုံးဝမဖြစ်ကြောင်း သိသည်။ ထွန်းထက်က ယဉ်မင်းသူ ရောက်လာမည်ဟု သေချာစွာ ပြောထားသည်။ လွဲသွား၍ လုံးဝ မဖြစ်ချေ။

ပန်းခြံအတွင်းသို့ သေးသွယ်သောအရိပ်တစ်ခု ဝင်၍လာသည်။

အချိန်မှာ နှစ်နာရီနှင့် ငါးမိနစ်. . .

စက်ရုပ်တစ်ခုကဲ့သို့ တောင့်တောင့်ကြီး ဖြစ်နေသော အနေအထားဖြင့် 'ယဉ်မင်းသူ' ပန်းခြံထဲသို့ လျှောက်၍ ဝင်လာသည်။

သူမကို မြင်လိုက်မိသော ဒီဂျမ်းမှာ ထ,ခုန်လုမိမတတ် ဖြစ်သွားသည်။

ဒိဗ္ဗမှာ စိတ်လှုပ်ရှားစွာဖြင့် ကားတံခါးကိုဖွင့်၍ အပြင်သို့ ထွက်လိုက်သည်။

သူမကို ဒိဗ္ဗ၊ ဦးစန်းမောင်နှင့် ဒီဂျမ်းတို့က ငြိမ်သက်စွာဖြင့် စူးစိုက်၍ ကြည့်နေကြသည်။

စက်ရုပ်တစ်ခုကဲ့သို့ ရွေ့လျားနေသော 'ယဉ်မင်းသူ' သည် ဒိဗ္ဗ၏ကားအနီးသို့ ရောက်လာသည်။ လရောင်အောက်၌ သူမ၏မျက်နှာကို ဒိဗ္ဗ သေချာစွာ မြင်တွေ့လိုက်ရသည်။ သူမ၏ မျက်လုံးအစုံမှာ လှုပ်ရှားမှု အလျှင်းမရှိဘဲ ကြောင်၍ နေ၏။ မည်သည့်အရာကိုမျှ တွေ့မြင်ပုံမရပေ။ မျက်နှာပြင်ပေါ်၌လည်း မည်သည့်ခံစားချက်မျှ မရှိပေ။

ရုတ်တရက်။

ယဉ်မင်းသူက ဒိဗ္ဗဘက်သို့လှည့်၍ စူးစိုက်စွာ ကြည့်သည်။ ခေတ္တမျှ ဒိဗ္ဗ၏ တစ်ကိုယ်လုံး အေးစိမ့်၍ သွားသည်။ သို့သော် သူမ မြင်မည်မဟုတ်ကြောင်း ချက်ချင်းပင် သိလိုက်သည်။

ဒိဗ္ဗက ဦးစန်းမောင်ကို လေသံခပ်တိုးတိုးဖြင့်. . .

"အိပ်မက် မက်နေရာကနေ ထပြီး လျှောက်လာတာပဲ ဖြစ်မယ်"

ဦးစန်းမောင်က ကားထဲမှ ထွက်လိုက်သည်။



"ဘုရား. . . ဘုရား။ ဒီကောင်မလေးဘယ်လိုဖြစ်ရတာလဲ"

ဒိဗ္ဗမှာ စိတ်လှုပ်ရှား၍ နေသည်။

ထွန်းထက်၏ အစွမ်းကို ယခုမှပင် သူ သတိပြုမိတော့သည်။ ထွန်းထက်က ယဉ်မင်းသူအား ဤနေရာသို့ ရောက်လာစေရန် စိတ်စွမ်းအင်ဖြင့် စေခိုင်းလိုက်ခြင်းပင်လော။ သို့တည်းမဟုတ် တိုက်ဆိုင်မှုပင်လော။ ထိုအတွေးဖြင့် ဒိဗ္ဗကိုယ်တိုင်ပင် တုန်လှုပ်၍ သွားမိသည်။

ယဉ်မင်းသူသည် ကားအနီး၌ ခေတ္တမျှ ရပ်သည်။

ထို့နောက် ပန်းခြံ တံခါးပေါက်ဆီသို့ လျင်မြန်စွာ လျှောက်၍ သွားသည်။

ဒိဗ္ဗက. . .

"မြန်မြန်လုပ်စမ်း။ သူ့နောက်က လိုက်ကြရအောင်"

ချက်ချင်းပင် ဒိဗ္ဗက ယဉ်မင်းသူ၏ နောက်မှ လိုက်ပါသွားသည်။ ထွန်းထက်ပြောလိုက်သည့်အတိုင်း ဖြစ်လာပြီ ဖြစ်ကြောင်း ဒိဗ္ဗ သိလိုက်သည်။ ယဉ်မင်းသူသည် ဦးလှိုင်ဒွေးဖ၏ အလောင်းရှိရာနေရာဆီသို့ လမ်းပြခေါ်ဆောင်သွားပေတော့မည်။

ဒီဂျမ်းမှာမူ အခြေအနေမှန်ကို မသိပေ။

ဦးလှိုင်ဒွေးဇံ၏ အလောင်းကိုတွေ့တော့မည်ဖြစ်ကြောင်း ဒီဂျမ်း မသိသေးပေ။

ရှေ့ဘက်၌. . . ။

လမ်းလျှောက်၍ သွားနေသော ယဥ်မင်းသူ၏ သေးသွယ်သော ခန္ဓာကိုယ်ကို မြင်နေရသည်။ သူမ၏နောက်မှ ဒိဗ္ဗနှင့် ဦးစန်းမောင်က ကိုက်အနည်းငယ်မျှ ခွာလျက် လိုက်ပါနေကြသည်။

တစ်ဖက်သော အမှောင်ရိပ်အတွင်းမှ လိုက်ပါနေသော နောက်ထပ်အရိပ်တစ်ခုကို ဒီဂျမ်းမြင်လိုက်ရသဖြင့် ကျောထဲ၌ စိမ့်ခနဲဖြစ်သွားသည်။

အရပ်မြင့်မြင့်နှင့် ခန္ဓာကိုယ် ကျစ်လျစ်တောင့်တင်းသည့် ရာဇဝတ်မှုနှိမ်နင်းရေး အထူးအဖွဲ့မှ ရဲအရာရှိ စဝ်ရန်နိုင် ဖြစ်ကြောင်းသိလိုက်သည်။ ဒီဂျမ်းသည် သေနတ်ပေါ်သို့ သူ၏ လက်ချောင်းများကို တင်လိုက်မိသည်။ သို့သော် မည်သို့မျှအကျိုးမရှိနိုင်ကြောင်းနှင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို တွက်ဆလိုက်သည်။

ထို့ကြောင့် ဒီဂျမ်းသည် စဝ်ရန်နိုင်၏ နောက်မှ ပုန်းလျှိုးကွယ်လျှိုးနှင့် အမှောင်ရိပ်ခို၍ လိုက်ပါလာခဲ့သည်။

***

## အခန်း(၂၅)

ယဥ်မင်းသူသည် စက်ရုပ်တစ်ရုပ်ကဲ့သို့ မနားတမ်းဆက်၍ လျှောက်နေပေသည်။ နောက်မှ လိုက်ပါလာသည့် ဒိဗ္ဗမှာ လွန်စွာမောပန်း၍ နေ၏။ တစ်ကိုယ်လုံး ချွေးများထွက်နေသည်။ သူသည် ဤမျှအထိ ခရီးဝေးဝေးကို လျှောက်၍ မသွားဖူးပေ။

ရုတ်တရက်

ယဥ်မင်းသူ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

သူမသည် မှောင်နေသောလမ်းကြားတစ်ခုထဲသို့ တိုးဝင်၍ ပျောက်ကွယ်သွားသည်။

ဒိဗ္ဗက-

"ဒီနေရာ ဖြစ်မှာသေချာတယ်"

ပြောပြောဆိုဆိုနှင့် ရှေ့ဘက်သို့တိုးသွားသည်။ တစ်ဖက်ပိတ်နေသော လမ်းဖြစ်ကြောင်း တွေ့လိုက်ရလျှင် ဒိဗ္ဗက ဦးစန်းမောင်ဘက်သို့လှည့်လိုက်ပြီး အမြန်ပြောလိုက်သည်။

"ခပ်မြန်မြန်ပြန်သွား၊ ဒီနေရာအထိ ကားကို ယူလာခဲ့။ ငါ ကောင်မလေးကို စောင့်ကြည့်နေမယ်"

ဦးစန်းမောင် နောက်သို့ပြန်လှည့်သွားသည်။

ဒီဂျမ်းက မှောင်ရိပ်အတွင်းမှ စောင့်ကြည့်နေသည်။

ဒိဗ္ဗနှင့်စဝ်ရန်နိုင်တို့ လမ်းကြားထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြပေပြီ။ သူသည် လမ်းကြားထိပ်ဘက်သို့ ပြေး၍ သွားသည်။

မှောင်မည်းတိတ်ဆိတ်နေသော လမ်းကြားထဲသို့ သတိထား၍ ဝင်လာသည်။

ပွင့်ဟနေသည့် တံခါးပေါက်တစ်ခုအနီး၌ ရပ်၍ နားထောင်သည်။ မည်သည့်အသံမျှ မကြားရပေ။ ဖြည်းညင်းစွာ တွန်းဖွင့် ၍ အတွင်းသို့ ဝင်သည်။

အိတ်ထဲမှ သေနတ်ကို ထုတ်ယူလိုက်သည်။

အပေါ်ထပ်မှ နင်းလျှောက်သွားသော ခြေသံ ခပ်ပြင်းပြင်းကို ကြားလိုက်ရသည်။



ဒိဗ္ဗ၏ ခြေသံပင် ဖြစ်မည်။

စဝ်ရန်နိုင် မည်သည့်နေရာကို ရောက်နေလေသနည်း။

ဆက်၍ နားစွင့်ကြည့်သည်။ မည်သည့်အသံမျှ မကြားရပေ။ ဒီဂျမ်းသည် တစ်လှမ်းချင်း ရှေ့သို့ တိုး၍လျှောက်သွားသည်။

အရှေ့ဘက်ဆီ၌ အမှောင်ထုက သိပ်သည်းစွာ ဖုံးအုပ်လွှမ်းခြုံ၍ ဒီဂျမ်းအား ကြိုဆိုနေပေသည်။

***

----------

လှေကားပေါ်သို့ ဒိဗ္ဗက သတိထား၍ လှမ်းတက်နေသည်။

စဝ်ရန်နိုင်က ငြိမ်သက်စွာ စောင့်ကြည့်နေ၏။

ဒိဗ္ဗ လှေကားအကွေ့သို့ ရောက်သွားသည်။

အမျိုးသမီးတစ်ဦး၏ နှာချေဆတ်သံကိုကြားလိုက်ရသည်။ အသံမှာ လှေကားနှင့်ဝေးသောနေရာမှ ဖြစ်သည်ဟု ခန့်မှန်းလိုက်မိသည်။

ယဉ်မင်းသူသည် အပေါ်ထပ်သို့တက်သွားခြင်း မဖြစ်နိုင်။

စဝ်ရန်နိုင်သည် မြေအောက်ထပ်သို့ဆင်းသည့် တံခါးရှိရာသို့ ပြန်၍ လျှောက်လာသည်။

ရပ်၍ နားထောင်လိုက်၏။

အောက်ထပ်မှ လှုပ်ရှားသံများကို ကြားနေရသည်။

လှေကားမှ အောက်ဘက်သို့ သတိဖြင့် ဆင်းသည်။

မီးရောင်ကို မြင်တွေ့လိုက်ရသည်။

လွန်စွာ ကြီးမား၊ ကျယ်ပြန့်သော အခန်းကြီးအတွင်း၌ ထိုင်လန့်တုန်လှုပ်စရာကောင်းသူများ၊ ကြောက်ရွံ့စရာကောင်းသူများ ပုံစံမျိုးစုံနှင့် ရှိနေကြသည်ဟု မြင်လိုက်ရသည်။ စဝ်ရန်နိုင်သည် ငြိမ်သက်စွာဖြင့် ရပ်၍ စူးစိုက်ကြည့်နေမိသည်။

သေချာစွာ သတိထား၍ ကြည့်လိုက်မိသောအခါမှပင် ဖယောင်းရုပ်တုများဖြစ်နေကြောင်း သိလိုက်ရသည်။

ထိုသို့ သိလိုက်ရသော်လည်း . . .

မီးရောင်အောက်၌ မြင်တွေ့နေရသော မျက်နှာများမှာ ထိတ်လန့်ချောက်ချားစရာကောင်းအောင် တောက်ပြောင်၍ နေသည်။ ထိုမျက်နှာများအားလုံးသည် မကောင်းဆိုးဝါးများ၏ မျက်နှာများနှင့် တူလှပေသည်။

အခန်း၏အလယ်၌ ယဉ်မင်းသူ ရပ်၍နေပေသည်။

သူမသည် အသက်ရှူမြန်၍ နေ၏။ သူမ၏ မျက်လုံးအစုံကမူ မည်သည့်အရာကိုမျှ မြင်ပုံမရပေ။

အပေါ်ထပ်မှ နင်းလျှောက်လာသည့် ဒိဗ္ဗ၏ ခြေသံများကို ကြားရသည်။



အောက်ထပ်သို့ ဒိဗ္ဗ ဆင်းလာနေပေပြီ။

စဝ်ရန်နိုင်သည် မှောင်ရိပ်ကျသောအခန်း၏ ထောင့်ဘက်သို့ တိတ်ဆိတ်စွာ လျှောက်သွားသည်။ ဖယောင်းရုပ်တုများ၏ နောက်၌ ရပ်လိုက်သည်။ ဦးထုပ်တစ်လုံးကို ဆွဲယူလျက် မျက်လုံးအုပ်သွားအောင် ဆွဲချလိုက်သည်။ လက်နှစ်ဖက်ကအင်္ကျီအိတ်အတွင်း၌နှိုက်၍ မတ်တတ်ရပ်၍ နေလိုက်သည်။ အကယ်၍ ဒိဗ္ဗက မီးဖြင့်ထိုးကြည့်သည့်တိုင် ဖယောင်းရုပ်တစ်ခုဟုပင် ထင်ပေလိမ့်မည်။

ယဉ်မင်းသူသည် အခန်းတွင်း၌ ဖြည်းညင်းစွာ လျှောက်၍သွားသည်။

စဝ်ရန်နိုင်ရှိရာနေရာနှင့် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းထောင့်တစ်နေရာရှိ ဖယောင်းရုပ်တုတစ်ခုအနီးသို့ လျှောက်၍သွားသည်။

ဒိဗ္ဗက လှေကားမှ ဆင်း၍လာသည်။

ဒိဗ္ဗလည်း အခန်းထဲရှိအရာများမှာ ဖယောင်းရုပ်တုများဖြစ်ကြောင်း နောက်မှ သိသွားသည်။

ယဉ်မင်းသူသည် ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေသော ဖယောင်းရုပ်တုတစ်ခုအနီး၌ ရပ်လိုက်သည်။ ထိုရုပ်တု၏ အသွင်

သင်္ချာန်မှာ မီးရောင်အောက်၌ တောက်ပြောင်၍ နေ၏။ အခြားသော ရုပ်တုများထက်ပင် ပို၍ ကြောက်စရာကောင်းနေသည် ဟု ဒိဗ္ဗ တွေးမိသည်။

ယဉ်မင်းသူက သူမ၏လက်ကို ဖြည်းညင်းစွာ မြှောက်လိုက်သည်။

ဖယောင်းရုပ်တု၏ နဖူးပြင်ကို အသာအယာထိတို့လိုက်သည်။ သူမသည် ချက်ချင်း နောက်ဆုတ်၍သွားပြီး ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်သည်။

စဝ်ရန်နိုင်နှင့် ဒီဂျမ်းတို့နှစ်ဦးလုံး ထ၍ ခုန်မိမတတ်ဖြစ်သွားသည်။

ယဉ်မင်းသူ တစ်ဖက်သို့ ပြန်လှည့်လိုက်၏။

သူမ၏ မျက်လုံးများမှာ ပုံမှန်အတိုင်း ကြည်လင်၍သွားပြီ ဖြစ်သည်။ ပထမဦးဆုံး သူမ မြင်လိုက်မိသူမှာ 'ဒိဗ္ဗ'ပင် ဖြစ်သည်။

"ဟင်. . ."

သူမ ချက်ချင်းနောက်ဆုတ်၍ သွားသည်။

"ရှင်. . . ရှင် ကျွန်မ‌ဒီနေရာကနေ သွားပါရစေ"

ဒိဗ္ဗက သူမအနီး လျင်မြန်စွာ တိုးကပ်၍ သွားသည်။

"ဘာမှ မကြောက်ပါနဲ့ ယဉ်မင်းသူ။ မင်း. . ."



ယဉ်မင်းသူ၏ မျက်လုံးများလည်၍သွားပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ဒိဗ္ဗက ဒူးထောက်လျက် သူမကိုကြည့်လိုက်သည်။ ပြင်းပြသော စိတ်လှုပ်ရှား တုန်လှုပ်မှုကြောင့် သတိမေ့သွားခြင်း ဖြစ်ကြောင်း သိလိုက်သည်။

ဒိဗ္ဗသည် ထိုင်ခုံပေါ်၌ထိုင်နေသည့် ဖယောင်းရုပ်တုကို သေချာစွာ ကြည့်လိုက်သည်။

ဤရုပ်တုကို ယဉ်မင်းသူက လက်ဖြင့်ညွှန်၍ ပြသပြီးသွားပြီ ဖြစ်သည်။

ထိုအရုပ်၏ မျက်နှာပြင်ပေါ်မှ ဖယောင်းသားများသည် အခြားသော အရုပ်များထက် ပို၍တောက်ပြောင်နေ၏။ ဖယောင်းသားအသစ်များ ဖြစ်၍နေသည်။ ဒိဗ္ဗက အနီးသို့ ထပ်မံကပ်သွားပြီး ထိုရုပ်တု၏ မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

ထိုရုပ်တု၏ မျက်လုံးများကို မြင်ရုံနှင့် ဒိဗ္ဗ၏ ကျောရိုးတစ်လျှောက် စိမ့်၍ တက်သွားပေသည်။

သူ့ရှေ့မှရုပ်တုသည် 'ဦးလှိုင်ဌေး'ဖြစ်ကြောင်း သေချာစွာ သိလိုက်ပေပြီ။

ဒိဗ္ဗက အခန်းတွင်းသို့ လှည့်ပတ်၍ ကြည့်သည်။ အခန်း

တွင်း၌ ရှိနေသော ဖယောင်းရုပ်တုများက ဝိုင်းဝန်း၍ ခြိမ်းခြောက်နေသကဲ့သို့ စိတ်ထဲမှ ခံစားနေရသည်။

ဒိဗ္ဗသည် သူ့ကိုယ်သူ အားပေး၍ စိတ်ကိုတင်းလိုက်၏။

သူနောက်ဆုတ်၍ လုံးဝ မဖြစ်တော့ပေ။

ဒိဗ္ဗသည် ဦးလှိုင်ဌေးဇံဘက်သို့ လှည့်သည်။ သူ၏ စိတ်ထဲ၌ တစ်စုံတစ်ခုကို စိုးရွံ့နေမိသည်။

ဒီဂျမ်းသည် ဖယောင်းရုပ်တုတစ်ခု၏ နောက်၌ ပုန်းကွယ်၍ နေသည်။ ဒိဗ္ဗနှင့် နီးကပ်သောနေရာ၌ ရောက်နေပြီး ဒိဗ္ဗ၏ လှုပ်ရှားမှုမှန်သမျှကို ကောင်းစွာ မြင်တွေ့နေရသည်။

အခန်း၏ တစ်ဖက်၌ရှိနေသည့် စဝ်ရန်နိုင်ဘက်သို့ပါ လှမ်း၍ကြည့်သည်။ အခန်းထဲသို့ စဝ်ရန်နိုင် ဝင်လာသည်ကို လှမ်း၍ မြင်ထားသည်။ သူ တွက်ဆထားသည့်အတိုင်း လုပ်ရန် မလွယ်ကူတော့ပေ။

စဝ်ရန်နိုင်ရှိသည့်နေရာမှာ ထွက်ပေါက်နေရာဖြစ်၍ နေပေသည်။ ပထမဦးစွာ ဒိဗ္ဗကို ရှင်းပစ်မည်။ ထို့နောက် စဝ်ရန်နိုင် ရှိနေသည့် လှေကားမှ ပြေးထွက်ရပေမည်။ သူ့အတွက် အခြေအနေက မကောင်းမှန်းသိနေသည်။ ဒိဗ္ဗကို ရှင်းပြီးလျှင် လင်းနေသော မီးလုံးကို ပစ်ခွဲမည်ဟု ဆုံးဖြတ်လိုက်သည်။



ဒိဗ္ဗကို လှမ်းကြည့်လိုက်သည်။

ဒိဗ္ဗ၏ တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်၍နေသည်။

သူသည် ဦးလှိုင်ဌေးဇံ၏အလောင်းကို ကိုင်တွယ်ရန် ရွံမုန်း၍ နောက်တွန့်နေမိသည်။ သို့သော် ပမာဏကြီးမားလွန်းလှသော ငွေကြေးများရရှိပိုင်ဆိုင်နိုင်မည့်အတွေးကြောင့် သူသည် ထိုအလောင်းကောင်ကြီးကို ကိုင်တွယ်စမ်းသပ်နေရခြင်းဖြစ်သည်။

ဦးလှိုင်ဌေးဇံ၏ ခါး၌ ကြီးမားသော ခါးပတ်ပြားကြီးတစ်ခုပတ်၍ထားသည်။ ထိုခါးပတ်ပြားတွင် သားရေအိတ်များပါပြီး အိတ်များမှာ ပြည့်ဖောင်းလျက် ရှိနေ၏။

ဒိဗ္ဗက တုန်ရီနေသည့်လက်များဖြင့် ခါးပတ်ကို ဆွဲဖြုတ်လိုက်သည်။ သို့သော် လွယ်ကူစွာ လျှော၍ထွက်မလာပေ။ ဒိဗ္ဗက ဆဲဆိုရေရွတ်လိုက်ပြီး ကြမ်းတမ်းစွာ ဆောင့်ဆွဲလိုက်၏။ ဦးလှိုင်ဌေးဇံ၏ ရုပ်အလောင်းမှာ ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားသည်။

ဒိဗ္ဗမှာ အသက်ရှူများမတတ်ဖြစ်သွားပြီး နောက်သို့ ဆုတ်လိုက်သ်။ အခန်းတွင်းသို့ တစ်ချက်လှည့်ပတ်ကြည့်လိုက်သည်။ ခါးကိုကိုင်းလျက် ခါးပတ်ကို ဆွဲယူလိုက်သည်။

ဒီဂျမ်းက သေနတ်ကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်

သည်။

ဒိပ္ပ၏ မျက်နှာတစ်ပြင်လုံး ခါးပတ်ကြီးကို ကြည့်၍ အားရကျေနပ်နေပေသည်။ သူသည် တုန်ရီသော လက်ချောင်းများဖြင့် သားရေအိတ်တစ်လုံးကို ဖွင့်ကြည့်လိုက်သည်။

ဦးလှိုင်ဘွား၏ အမှန်တိုင်းပြောခြင်းပင်။

ထိုအိတ်ထဲ၌ စာချုပ်စာတမ်းများအပြည့်အကျပ် ထည့်၍ ထားသည်ကို တွေ့လိုက်ရသည်။ နောက်ထပ် သားရေအိတ်တစ်လုံးကို ဖွင့်လိုက်ပြန်သည်။ အတွင်း၌ တောက်ပသော စိန်ပွင့်များကို တွေ့လိုက်ရသည်။

ဒိပ္ပ အကြီးအကျယ် ဝမ်းမြောက်သွားသည်။

သူ့ဘဝအတွက် အကြီးမားဆုံးသော အောင်မြင်မှု တစ်ရပ်ပင် ဖြစ်သည်။

ရုတ်တရက် . . .

ဒီဂျမ်းက လက်ထဲမှ သေနတ်ကို မြှောက်လိုက်သည်။

ဖယောင်းရုပ်တစ်ခု အသက်ဝင်လှုပ်ရှားသကဲ့သို့ ဖြစ်သွားပေသည်။

ဒိပ္ပကလည်း ထိုလှုပ်ရှားမှုကို ကောင်းစွာ မြင်သည်။

လက်ထဲမှ ခါးပတ်ကို လွှတ်ချလိုက်ပြီး ကိုယ်ကိုတစ်ချက်လှည့်လိုက်၏။ ထိတ်လန့်တုန်လှုပ်မှုကြောင့် သူသည် အ



သက်ရှူ၍မရနိုင်ဘဲ လည်ချောင်းထဲ၌ တစ်ဆို့စွာ ခံစားလိုက်ရသည်။

စက္ကန့်ပိုင်းမျှ အချိန်အတွင်း. . .

ဒိပ္ပနှင့် ဒီဂျမ်းတစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင်၍ ကြည့်နေကြသည်။

ဒီဂျမ်းက ကောက်ကျစ်စွာ တစ်ချက်ပြုံးသည်။

ဒီဂျမ်း သေနတ်မောင်းကို ဆွဲညှစ်ချလိုက်၏။

တိတ်ဆိတ်ငြိမ်သက်နေသော အခန်းအတွင်း၌ သေနတ်သံက ကျယ်လောင်စွာ မြည်ဟီး၍ သွားသည်။

ဒိပ္ပ၏ ကြီးမားကျယ်ပြန့်သော နဖူးပြင်အလယ်တည့်တည့်သို့ ကျည်ဆန်က ဖောက်ထွင်း ဝင်ရောက်သွားသည်။

ဒိပ္ပ၏ မျက်လုံးများပိတ်၍သွားသည်။

နဖူးပြင်ပေါ်၌ အနီစက်ကလေးတစ်စက် ထင်၍လာသည်။ ဒီဂျမ်းရှိရာဘက်သို့ ခြေလှမ်းအနည်းငယ်မျှ တိုး၍သွားသည်။

ခြေလှမ်းနှစ်လှမ်းခန့် တိုးလိုက်မိလျှင်ပင်

ဒိပ္ပသည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

ဒီဂျမ်း ခုန်ထွက်၍ ခါးပတ်ကို ကောက်သည်။ ကိုယ်ကို

ဆန့်လျက် လင်းနေသည့် လျှပ်စစ်မီးသီးကို သေနတ်ဖြင့် ပစ်ခွဲလိုက်သည်။

တစ်ခန်းလုံးမှောင်မည်း၍သွားသည်။

အမှောင်ထုထဲ၌ စဝ်ရန်နိုင်က လှေကားထိပ်ဘက်သို့ လျှောက်၍သွားသည်။ ဒီဂျမ်း၏ ထွက်ပေါက် ဤတစ်နေရာတည်း ရှိကြောင်း သူသိထားသည်။

စဝ်ရန်နိုင်၏ ခြေသံကို ကြားလိုက်ရလျှင် ဒီဂျမ်းက ကိုယ်ကိုကိုင်း၍ အော်ပြောလိုက်သည်။

"ဟေ့ကောင် စဝ်ရန်နိုင်။ ငါသွားမယ့်လမ်းကို ဖယ်ပေး၊ ငါ့ကို အနှောင့်အယှက်မပေးနဲ့"

စစ်ရန်နိုက မည်သည့်အသံမျှ မပြု။

ဒီဂျမ်းက လှောင်ရယ် ရယ်လိုက်သည်။

"မင်းအနေနဲ့ ငါ့ကို ဘယ်လိုမှ တားလို့ရမှာ မဟုတ်ဘူး စဝ်ရန်နိုင်"

စဝ်ရန်နိုင်က အေးစက်မာကျောသောအသံဖြင့်

"ငါကတော့ မရ,ရတဲ့နည်းနဲ့ ကြိုးစားရမှာပဲ"

ဒီဂျမ်းက-

"မင်းကို ငါ သတိပေးတယ်။ ငါသွားမယ့်လမ်းကို ဖယ်ပေးပါ။ မင်း မဖယ်ပေးရင်တော့ မင်းကို ပစ်ရလိမ့်မယ်"



ဒီဂျမ်းက ကျယ်လောင်စွာ အော်ဟစ်ပြောဆိုနေစဉ်

စဝ်ရန်နိုင်က အမှောင်ထဲ၌ဝပ်နေရင်း အနီးရှိ ဖယောင်းရုပ်တုတစ်ခုကို သူ့ဘက်သို့ ဆွဲယူလိုက်သည်။

စဝ်ရန်နိုင်က. . .

"မင်း လက်နက်ချလိုက်တာအကောင်းဆုံးပဲ ဒီဂျမ်း၊ မင်း ထွက်ပြေးလို့ မလွတ်နိုင်ပါဘူး"

ဒီဂျမ်းက သေနတ်ကို မြှောက်၍ စဝ်ရန်နိုင်ရှိရာဘက်သို့ လှမ်း၍ပစ်သည်။

ကျည်ဆန်က ဖယောင်းရုပ်တုကို ဖောက်၍ဝင်သွားသည်။

စဝ်ရန်နိုင်က ကြမ်းပြင်ပေါ်၌ ကပ်၍ ဝပ်နေလိုက်သည်။

ရှေ့သို့ တဖြည်းဖြည်း တိုးလာသည့် ဒီဂျမ်း၏ ခြေသံကို ကြားရသည်။ စဝ်ရန်နိုင်က ဖယောင်းရုပ်တုကို ဒီဂျမ်းရှိရာဘက်သို့ ဦးတည်၍ ဆောင့်တွန်းထုတ်လိုက်သည်။

ဖယောင်းရုပ်တုက ဒီဂျမ်းအား အရှိန်ပြင်းစွာ ဆောင့်၍ တိုက်မိသည်။ ဒီဂျမ်း အလန့်တကြား ထခုန်လိုက်ပြီး ကျိန်ဆဲရေရွတ်လိုက်သည်။ ဒီဂျမ်းက တွေ့ရာမြင်ရာကို လှမ်း၍ သေနတ်ဖြင့် အဆက်မပြတ် ပစ်သည်။ မျက်နှာကြက်မှ အင်္ဂတေများ

ကြမ်းပြင်းပေါ်သို့ ကွာ၍ကျလာသည်။

ဒီဂျမ်း၏ သေနတ်မှ မီးပွင့်များသည် သူရှိသည့် နေရာကို အမှောင်ထုအောက်၌ ဖော်ပြသကဲ့သို့ ဖြစ်၍နေပေသည်။

ထိုအချိန်၌. . . ။

ဒီဂျမ်းမှာ စဝ်ရန်နိုင်နှင့် နီးကပ်၍လာနေပြီ ဖြစ်သည်။

ရုတ်တရက်. . .

စဝ်ရန်နိုင်က ဒီဂျမ်း၏ ခန္ဓာကိုယ်ပေါ်သို့ ခုန်အုပ်လိုက်သည်။

***

## အခန်း(၂၆)

စဝ်ရန်နိုင်နှင့် ဒီဂျမ်းတို့ လုံးထွေး၍သွားသည်။

ပြင်းထန်စွာ တွန်းထိုး ကန်ကျောက် ထိုးကြိတ်ကြသည်။

အမှောင်ထုထဲ၌. . . ။

အသက်ရှူသံပြင်းပြင်း၊ လှုပ်ရှားသံများ ဆက်တိုက်ပေါ်ထွက်၍နေသည်။

ရုတ်တရက်. . .

အပေါ်ဘက်မှ မီးရောင်တစ်ခု ထိုး၍ ကျဆင်းလာသည်။

ကြမ်းပြင်ပေါ်၌ ကျနေသည့် သူ၏ သေနတ်ကို ဒီဂျမ်း

မြင်လိုက်ရသည်။

မလှမ်းမကမ်းတွင် မင်းသူ ခွေခွေလေး လဲကျနေသည်။ သူမ၏ အနီး၌ ခါးပ ရှိနေသည်။

ထိုအရာအားလုံးကို မြင်တွေ့ရန် စက္ကန့်ပိုင်းမျှသာ ကြာသည်။

ဒီဂျမ်းသည် သူ၏ ခြေထောက်အနီး၌ ရှိနေသော သေနတ်ကို ကောက်ယူ၍ ခါးပတ်ဆီသို့ ပြေးဝင်သွားသည်။

ခါးပတ်ကို လျှင်မြန်စွာ ကောက်ယူလိုက်သည်။

တစ်ဖက်သို့ ပြန်လှည့်လိုက်သည်။

စဝ်ရန်နိုင်၏ ခန္ဓာကိုယ်က လေထဲ၌ မြောက်တက်၍ လာသည်။ ဒီဂျမ်း၏ ပခုံးကို ခြေဖြင့် ပြင်းစွာ ကန်လိုက်သည်။

ဒီဂျမ်း မရှောင်နိုင်ဘဲ တစ်ပတ်လည်၍ သွားပြီး လက်ထဲမှ သေနတ်လွင့်ကျသွားသည်။

သူ့အတွက် အခြေအနေ လုံးဝ မကောင်းနိုင်တော့ကြောင်း ဒီဂျမ်း သိလိုက်သည်။

သူ အလွန်အားကိုးရသော သေနတ်ကို ကြမ်းပြင်ပေါ်၌ စမ်း၍ကြည့်သည်။ သေနတ် မည်သည့်နေရာသို့ လွင့်ထွက်သွားလေသနည်း။

ဒူးထောက်လျက်သား အနေအထားမှ သူ၏လွတ်



မြောက်ရေးကို တွက်ဆကြည့်သည်။

သူသည် အမှောင်ရိပ်အတွင်းသို့ တိုးဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင်. . . ။

သူ၏ သေနတ်ကို မြင်လိုက်ရသည်။

သို့သော်. . . ။

သူ၏ သေနတ်မှာ ယဉ်မင်းသူ လက်ထဲ၌ ရောက်နေသည်။

ယဉ်မင်းသူက သေနတ်ကိုလက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်လျက် ဒီဂျမ်းကိုတည့်မတ်စွာ ချိန်ရွယ်ထားသည်။

ယဉ်မင်းသူက တင်းမာခက်ထန်စွာဖြင့် ပြောသည်။

"မလှုပ်လိုက်နဲ့ လှုပ်တာနဲ့ ရှင့်ကို ကျွန်မ ပစ်လိုက်ရလိမ့်မယ်"

ဒီဂျမ်း ဘာမျှ မတတ်နိုင်တော့။

ထိုအချိန်မှာပင်. . .

ဒီဂျမ်း၏ အနီးသို့ စဝ်ရန်နိုင်ရောက်လာသည်။

ဒီဂျမ်း၏ လက်နှစ်ဖက်ကို ဆွဲ၍ သံမဏိလက်ထိတ်တစ်စုံဖြင့် ခတ်လိုက်သည်။

ဒီဂျမ်း၏ မျှော်လင့်ချက် အတွေးအိပ်မက်များ လွင့်ပါး

ပျောက်ကွယ်သွားပြီ ဖြစ်ပေတော့သည်။ ။

* * *

ဖော်ထက်အောင်